
www.burmeseclassic.com

# ရင်မိုး

ဆေးတက္ကသိုလ်





အဆိပ်ဖြင့်မှုနှောင်ဖွဲ့ခြင်း

www.burmeseclassic.com

www.burmeseclassic.com







# ရှင်မိုး
## (ဆေးတက္ကသိုလ်)





စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com



(က)

အဆိပ် ဟုတ်တယ်၊ ဒီအဆိပ်နဲ့ စတင် နှောင်ဖွဲ့တာကို ကျေကျေနပ်နပ် လက်ခံပြီးပြီပဲ။ ဒီအဆိပ်ဟာ ပျံ့နှံ့နေခဲ့ပြီပေါ့၊ ဒါကို ဘာလို့များ အလန့်တကြား ဖြစ်သွားရတာလဲ၊ ကျွတ် ... မဟုတ်သေးပါဘူး၊ တစ်ခုခုများ မှားယွင်းခဲ့လို့လား။ အဆိပ်သင့်မယ်မှန်း သိနှင့်တာကို အခုမှ ကြောက်လန့်တာတော့ ဘယ်ကောင်းမလဲ။ အစတည်းက ကြောက်လန့်ပြီး ရှောင်ခဲ့ဖို့ သင့်တယ်။ နေစမ်းပါဦး၊ ဘာလို့ အခုမှ ကြောက်လန့်မိတာပါလိမ့်။

သိပြီ သိပြီ၊ မောင့်ကို ချစ်လို့ ဟုတ်တယ် မောင့်ကို ချစ်လို့ဟု ရေရွတ်သော်ငြား ဟုတ်ရော ဟုတ်ပါ့မလား ဆိုသော အတွေးက လှုံ့ဆော်နေဆဲ ဖြစ်နေသားပင်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တာ မဟုတ်တာထားတော့။ လောလောဆယ် ကေ အဆိပ်သင့်နေတာတော့ တကယ်ပဲ မောင်ရယ်။ ဒါပေမဲ့ မောင် မသိစေရ။ အဆိပ်သင့်ခြင်းကို ကေသည် ဘဝတစ်ခု လုံးအတွက် လက်ခံလိုက်ရသူ ဖြစ်သည်။

ဩော် ... မိုက်မဲလေစွ။

* ◎ *





(၁)

"တကယ်တော့ ကေဟာ အစကတည်းက မှားနေ မှန်းသိတဲ့ ပုစ္ဆာတစ်ပုဒ်ကို အဖြေရအောင်အထိ မိုက်မိုက်ကန်းကန်း ကြိုးစားတွက်ချက်မိခဲ့တဲ့ လူတစ်ယောက်ပါ။ ဒါပေမဲ့ ဒီပုစ္ဆာကြီးကို ထိတွေ့ဖြေရှင်းခဲ့ရလို့ ကိုယ့်ကိုယ်ကိုယ် အပြစ်မတင်တဲ့အပြင် ကိုယ်ရဲ့လုပ်ရပ်အတွက် ကျေနပ်ပီတိ ဖြစ်နေမိတယ်ဆိုတာကတော့ ကေ့ရဲ့ အတ္တဆန်သော ရူးသွပ်မှုပေါ့ မောင်၊ ကဲ ... မောင်ကရော ကေ့ကို အပြစ်ရှိသူလို့ သတ်မှတ်ဦးမှာလား"

(ကေ)

* ◎ *



www.burmeseclassic.com

www.burmeseclassic.com



(ဂ)

"မင်းဆီက မျက်ဝန်းအကြည့်တစ်ချက်နဲ့ ပထမဆုံး ဆုံခဲ့ရချိန်မှာ ကိုယ်ရဲ့နှလုံးသားဟာ လျှပ်စစ်ဓာတ်တစ်ခုနဲ့ပဲ ထိတွေ့လိုက်ရသလို၊ ဒါမှမဟုတ် အပူစီးကြောင်းတစ်ခုကပဲ စီးဝင်လာသလို၊ ဒါမှမဟုတ် ပြန်၍လည်း အေးစက်ကျင်ခဲသွားသလို ဝေခွဲလို့မရ၊ ခွဲခြားလို့မရတဲ့ မရေမရာ ခံစားချက်တစ်ခုနဲ့ စတင်မိတ်ဆက်ခြင်း ခံလိုက်ရတော့တာပါပဲ၊ မင်းဟာ ကိုယ့်ကို ကောင်းကောင်းကြီး ဒုက္ခပေးနိုင်မဲ့ မိန်းမတစ်ယောက်ဆိုတာ အဲဒီ့တည်းက သိခဲ့ဖို့ ကောင်းတယ်"

(အဓိပတိ)

* ◎ *





(ဃ)

"မကြာခင်မှာ ကိုယ်နဲ့ လက်ထပ်ရတော့မဲ့ ယောကျ်ားတစ်ယောက်ဆီမှာ ကိုယ့်အတွက် ချစ်ခင်မှု၊ မြတ်နိုးမှု၊ နှစ်သက်မှုဆိုပြီး လှပဆန်းကြယ်အောင် ဖွဲ့ဆိုထားတဲ့ စကားလုံးတွေနဲ့ ထုံလွှမ်းတဲ့ ချစ်ခြင်းမေတ္တာတစ်ခုက အႏ [illegible]သင့်မှ ရှိမနေခဲ့တာ၊ ဒါဆိုရင် စွဲရဲ့ လက်ထပ်ခြင်းဆိုတာကြီးက ဘယ်လိုလုပ် အဓိပ္ပာယ်ရှိနိုင်ပါ့မလဲ၊ စွဲက စိတ်ကူးယဉ်တဲ့ မိန်းမတစ်ယောက်လို့ ဝေဖန်ချင် ဝေဖန်တော့ စွဲရဲ့ အမိက ခံယူချက်က 'ချစ်ခြင်း'နဲ့ 'လက်ထပ်ခြင်း'ကို ဒွန်တွဲနေချင်တဲ့ ခံယူချက်ပဲ"

(အသည်းစွဲ)

* ◎ *



www.burmeseclassic.com

www.burmeseclassic.com







# အပိုင်း(၁)

## ကော

www.burmeseclassic.com

www.burmeseclassic.com



## ၁

ကေသည် ဒေါသထွက်ထွက်ဖြင့် ပါးစပ်မှ အနည်းငယ် ဆဲရေးလိုက်သေးသည်။ သို့သော် ထိုသူငယ်က နည်းနည်းလေးမှ နှာကျင်ဟန် မပြချေ။ အထာလိုလို၊ ပြီတီတီလိုလိုတွေနှင့် ရောပြွမ်းသော မျက်နှာပေးဖြင့် ကေ့အား မျက်လုံးမှေးလျက်နှင့်တောင် ကြည့်နေသေးသည်။ အင်း၊ စိတ်ညစ်စရာပင် ကောင်းသေးတော့။ ဗွဲသာမြင်လျှင် ကေ့ကို ဆူပူသမျှ၊ ဆုံးမသမျှ၊ နောက်ထပ်တစ်ဖန် သည်လိုမျိုး လျှောက်မသွားဖို့ တားမြစ်သမျှတွေနှင့် နားထဲက အရည်ထွက်အောင် မြည်တွန်ဦးမည်။ ကေသည် နေရင်းထိုင်ရင်း ပစ္စုပ္ပန်ကို ခဏလေး မေ့လျော့ကာ ဗွဲအား သတိရလိုက်ခြင်းကတော့ ကေ့ရဲ့ ဗွဲအပေါ် တုန့်နှိုင်းမပြနိုင်သည့် ချစ်ခင်မှုကလေးပင်တည့်။





"ကဲ ... ကိုယ်တော်၊ ဒီလမ်းကွေ့ရောက်ရင် လှည့်ပြန်ဖို့ စဉ်းစားချေတော့၊ ကျုပ် ဒီလမ်းထဲ ဝင်လိုက်တာနဲ့ ဒီပိုင်နက်ဟာ ကျုပ်ပိုင်နက် ဖြစ်သွားပြီ၊ ကျုပ် တစ်ချက်အော်လိုက်တာနဲ့ ခင်ဗျား ဘာဖြစ်သွားမယ်ဆိုတာ စဉ်းစားမြင်ယောင်ကြည့်"

ကေ့ထံမှ စကားစုကို ထိုသူငယ်က အဓိပ္ပာယ်ပေါက်ဟန် ပြသော်လည်း အင်မတန်မှ ဗိုက်နိုပ် ရယ်ချင်စရာကောင်းလောက်အောင် မျက်နှာပြင်မှာ တမ်းတရိပ်ဘာညာ ဖွဲ့ဆိုပြလို့ရသော ဟန်ပန်နှင့် ငေးကြည့်သည်။

သည်အချိန်မှာ ကေ့အတွက် ကံကောင်းတာလား၊ ကံဆိုးတာလား မပြောပြနိုင်သော ဖြစ်ရပ်တစ်ခု ထမ်မံရောက်ရှိလာပြန်သည်။ ထိုဖြစ်ရပ်ကတော့ ကေက ထိုသူငယ်အား စကားလှည့်အပြော၊ ထိုသူငယ်က ပြန်ငုံ့အကြည့်မှာ ကေတို့နှစ်ယောက်နောက်မှ ကားဟွန်းသံ အကျယ်ကြီးကို ကြားလိုက်ရခြင်းပင်။ ပိုပြီး ဆိုးတာက ထိုသို့ အတော်လေး နားမခံသာသော ကားဟွန်းသံပြုသူမှာ ကေ့ရဲ့ ဗွဲကလေး ဖြစ်နေခြင်းတည်း။

"ဘာဖြစ်နေတာလဲ ကေ၊ ငါ နှစ်ယောက်စလုံးကို သိမ်းကျုံးတိုက်ပစ်လိုက်ရမလား"



www.burmeseclassic.com

www.burmeseclassic.com



ကေသည် စွဲ့၏ ခေါင်းကလေး ထွက်လာသော အခါ ရယ်ဟာဟ သဏ္ဌာန်လေးကို ပြန်ဆင်ထားခဲ့ပြီ။ စွဲရယ် သဝန်ကလည်း တိုပါ့ကွယ်၊ ပါးစပ်မှ 'ဟိ'ခနဲ အစိပ္ပာယ်မဲ့ ရယ်မိပြီးမှ စွဲ မကြိုက်သော အမူအရာဟု ချက်ချင်း သတိရကာ လက်က ပါးစပ်ကိုပိတ်ပြီးဖြစ်၏၊ ပြီးတော့ တစ်ဖန် စွဲဆီလည်း ခပ်သွက်သွက်လေး လျှောက်လာပြီးဖြစ်၏။ သို့သော် ကေ့ရဲ့ စွဲကလေးသည် စက္ကန့်ပိုင်းလောက်သာ ချွတ်ယွင်းသွားသော ကေ့ အမူအရာကို မြင်ဖြစ်အောင် မြင်လိုက်သေးသည်မို့ ဆူပူငေါက်ငမ်းဖို့ ပြင်ဆင်နေခြင်းကတော့ အင်မတန်မှ စိတ်ပျက်ဖို့ ပင် ကောင်းတော့သည်။

"ဟဲ့ ဟဲ့ ... ဖြည်းဖြည်းမောင်းပါဟဲ့၊ ဆယ်သိန်းကျော်တန် ကားကြီး နှမြောစရာကွယ်၊ ဒီကလေးနှယ် ပစ္စည်းမရှိသေ ပြန်ဘူး"

"တော်စမ်း ကေ၊ ဘာတွေ လျှောက်ပြောနေတာလဲ၊ အဲဒီလို ပြောတာလည်း စွဲ မကြိုက်ဘူး၊ ခုနကလို လမ်းပေါ်မှာ တွေ့သမျှစကာင်နဲ့ စကားရပ်ပြောတာလည်း စွဲ မကြိုက်ဘူး၊ ပြီးတော့ ဒီလိုအဖြစ်အပျက်တွေ ဖြစ်ရအောင် လမ်းမပေါ် တစ်ယောက်တည်း လျှောက်သွားနေတာလည်း စွဲမကြိုက်ဘူး သိရဲ့လား ကေ၊ ကေရယ် နင်ဟာ စွဲကို ချစ်တယ်ချစ်တယ်





နဲ့ ပါးစပ်များက မချပေမဲ့ စွဲ ပြောတာကျ နည်းနည်းမှ တောင် နားမထောင်ချင်ဘူး၊ ကေက စွဲရဲ့စကားကို နားမထောင်တာဟာ စွဲကို စိတ်မချမ်းသာအောင် လုပ်ရာရောက်တာပဲ၊ ကဲ ... ကေ ချစ်တယ်ဆိုတဲ့ စွဲ စိတ်မချမ်းသာတာ ကေ မြင်ချင်တာဟာ စွဲကို ချစ်တာလား၊ ပြောပါဦး ဒေါ်ကေရဲ့"

စိတ်ညစ်တယ် စိတ်ညစ်တယ်ဟု ကေ၏ နှုတ်များက မညည်းညူ။ သို့သော် ကေသည် မျက်နှာအမူအရာဖြင့် ရှုံ့မဲ့ပြလေသည်။ စွဲကတော့ သိလိမ့်မည်။ ကေသည် အမှန်တကယ် စိတ်ညစ် မနေဘူး ဆိုတာပဲ ဖြစ်သည်။ ကေသည် တခြား ဘယ်သူမှမရှိချိန် စွဲ တစ်ယောက်တည်းနဲ့သာ ရှိချိန်ကျမှ ရယ်ခွင့်ပေးသော တဟိဟိရယ်ခြင်းသမ္မကိုလည်း ပြသသေးသည်။ သည်အဖြစ်မျိုးပေါင်း များစွာတို့သည် ကေနဲ့ အသည်းစွဲ ဆိုသော သူငယ်ချင်းလေးတို့နှစ်ယောက်ကြားမှာ ဖြစ်ပျက်လေ့ရှိသော မရိုးနိုင်သည့် အဖြစ်ကလေးများသာတည်း။

ကေသည် စွဲကို ချစ်သည်။ စွဲသည် ကေ့ကို ချစ်သည်။ ကေနဲ့ စွဲတို့သည် မွေးကင်းစဆိုသော အရွယ်တည်းက စတင်သိကျွမ်းလာကြသည်ဟု ပြောလို့တောင် ရနိုင်သည်။ လူကြီးတွေပြောတော့ ကေ့ကို မွေးသည့် တနင်္လာနေ့ နံနက်ခင်းပြီးသော



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့၏ နံနက်ခင်းတွင် စွဲကို မွေးသည်ဟု ပြောကြသည်။ တစ်ဦးတည်းသော သမီး ဖြစ်ပုံချင်လည်းတူသော ကေနဲ့ စွဲတို့ ခင်တာ ချစ်တာ ဘယ်ဆန်းတော့မလဲနော်။ မွေးရက်ချင်းမကွာ၊ ခြံချင်းကပ်ရပ် အိမ်ချင်းကပ်ရပ် ဖြစ်သော ကေနဲ့စွဲ မခင်ကြရင်၊ ကေ တစ်ခါတစ်ရံ တွေးကြည့်သလို ပြောရရင် လောကကြီးဟာ ပျင်းစရာကြီးပါဟု ညည်းတွားဖို့တောင် ကောင်းလိမ့်မည်။

"ကေ ဘာလို့ ငြိမ်သွားရပြန်တာလဲ၊ စွဲမှာ စိတ်ရှုပ်စိတ်ညစ်စရာတွေ ကြုံလာရတဲ့အထိ ကေ့ကို ဒီလို တွေ့လိုက်ရလို့ စိတ်ပိုညစ်ပြီး အော်မိတာပါ၊ စွဲကို စိတ်မကောက်သွားပါနဲ့နော်၊ ကေ စိတ်ကောက်ရင် စွဲ မနေတတ်ဘူး ကေရဲ့"

စွဲသည် အိမ်တံခါးကို တွန်းဖွင့်ရင်း ခပ်လေးလေးအသံဖြင့် တတွတ်တွတ် ပြောသည်။ ကေက သိပ်စိတ်ကောက်၏။ ရှာကြံပြီး ကောက်တတ်တာကို စွဲ သိလိမ့်မည်။ အခုလောလောဆယ်မှာ ကေ့မှာ စိတ်ကောက်ဖို့ ရည်ရွယ်ချက် မရှိချေ။ ကေ သိချင်တာက စွဲ စိတ်ညစ်လာရသည် ဆိုတာကို ဖြစ်သည်။ စွဲနဲ့ ကေမှာ စရိုက်မတူတာတွေ တော်တော်များသည်။ အင်း ... အဲဒါနောက်မှ ပြောပြရဦးမည်။ ခုတော့ ကေ့ရဲ့ စွဲကလေး စိတ်ညစ်နေခြင်းက အဓိကပင်တည်း။





"ဘာတွေ စိတ်ညစ်နေရလို့လဲ၊ ဘယ်သူ စွဲကို ရန်တွေ့လိုက်သလဲ ဟင်၊ ကေနဲ့တွေ့မယ်"

"ကျွတ် ... မိကေ ပေါက်ကရတွေ လျှောက်ရန်လိုမနေနဲ့၊ စွဲပြောတာ တခြားပါဟဲ့၊ ကေ့နှယ် ကျုပ် နည်းနည်းမှ မညည်းညူရဲအောင်ပဲတော်"

ကဲ ... ကြည့်စမ်း၊ စွဲ ပြောဟန်ကလေး ဘယ်လောက်ချစ်စရာကောင်းလိုက်သလဲဟင်။ အဲဒါလည်း ကေတို့နှစ်ယောက်စလုံး သုံးနှုန်းသော စကားလုံးကလေးများပင်။ 'ကျုပ်'တွေ 'တော်'တွေ ထည်လဲသုံးကာ ပြောတတ်သော ကေနဲ့ စွဲသည် စရိုက်သာ မတူရင် မတူမည်၊ စကားပြောဟန် တထေရာတည်းဖြစ်လေသည်။

ကေက အရာရာကို ခပ်ပျော့ပျော့ ခပ်ပေါ့ပေါ့ တွေးတတ်သလောက် စွဲက အလေးအနက် ထားတတ်သည်။ စိတ်ညစ်တတ်သည်။ ရိုးရိုး သာမန်ကလေးကိုပင် စိတ်ညစ်လွယ်တတ်သည်။ ဥပမာပေါ့ ... စွဲချစ်သော ဘီးကလေးတစ်ချောင်းပဲ့သွားတာကအစ အယူသီးတတ် စိတ်ညစ်တတ်သည်။ အင်း ... စွဲလည်း စိတ်ညစ်စရာ ကြုံလာရတယ် ဆိုပြန်လျှင် ကားရပ်ထားရာမှာ ပတ်ကင်ဝင်ရတာ ခက်ခဲတာပဲဖြစ်ဖြစ်၊ လမ်းမှာ မီးပွိုင့်သုံးခါလောက် ဆက်တိုက် မိတာပဲဖြစ်ဖြစ်၊ ကလေးတွေများသော



www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ်ခုထဲ မတော်တဆ ဖြတ်မောင်းမိ၍ပဲဖြစ်ဖြစ် တစ်ခုခု ပါပဲ။ ပိုပြီး ဖြစ်နိုင်ချေရှိတာက လမ်းဘေးမှာ လိုက်ယှဉ်မောင်း၍ ရည်းစားစကား ပြောခံရတာက ပိုဖြစ်နိုင်လိမ့်မည်။ ဘာဖြစ်လို့လဲ ဆိုသော် ကေ့ရဲ့ စွဲကလေးက ချောသည် လှသည်ဟု တင်စားလို့ရသော မိန်းမချောကလေး ဖြစ်နေ၍ပင်။

"စွဲ အခု ဘွားဘွားအိမ်က ပြန်လာတာ ကေရဲ့၊ အစက ဘာဖြစ်လို့ တွေ့ချင်မှန်းမသိဘဲ သွားရတာ၊ ဘွားဘွားက တွေ့ချင်တယ် ခဏလာခဲ့ဆိုလို့ ခါတိုင်းလိုပဲ အောက်မေ့ပြီး သွားလိုက်တာပါ ကေရယ်၊ တွေ့ချင်ရခြင်းရဲ့ အကြောင်းရင်းကို စွဲ အခု သိခဲ့ရလို့ အရမ်း စိတ်ညစ်လာတယ် ကေ"

ကေသည် စကားအဆန်းကို အတော်လေး စိတ်ဝင်စားသွား၍ ခပ်ပေါ့ပေါ့တွေ လျှောက်တွေးမနေတော့ဘဲ စွဲ၏ စကားကို သေသေချာချာ အာရုံစိုက်လိုက်သည်။

"စွဲတို့ အသက်ဘယ်လောက်ရှိပြီလဲ ကေ"

"ဟင် ... အူကြောင်ကြောင်ကြီးပါလား စွဲရယ်၊ စွဲနဲ့ ကေတို့က အသက်အတူတူတွေလေ၊ ကေလည်း အသက်နှစ်ဆယ်ဆိုရင် စွဲလည်း အသက်နှစ်ဆယ်ပေါ့၊ ဘွားဘွား ပြောတာက စွဲ အသက်နှစ်ဆယ်ပြည့်ပြီ ဆိုတာလား၊ အဲဒါ စွဲ စိတ်ညစ်တာလား၊ ဟိ ... ဟိ အံ့သြစရာကြီးကွယ်"





"နင် မသိဘူး ကေ၊ အသက်နှစ်ဆယ် ပြည့်တာပဲ စိတ်ညစ်ရမလို ဖြစ်နေတဲ့အကြောင်းက စွဲမှာ ရှိလာပြီလေ ကေရဲ့"

အမှန်တော့ ကေက ရွှတ်နောက်နောက်လုပ်ကာ လျှောင်လိုက်တာပဲ ဖြစ်သည်။ သို့သော် သည်လို လျှောင်လိုက်သော စကားကပဲ စွဲ၏ စိတ်ညစ်ခြင်းအကြောင်းနဲ့ သက်ဆိုင်နေသတဲ့။ သည်လိုဆိုတော့လည်း ကေက တော်သားနော်ဟု ကိုယ့်ကိုယ်ကိုယ် အမှတ်တွေ ထပ်တိုးပေးနေပြန်သေးသော ကေသည် အဲသည်အချိန်ထိ မကြာခင်မှာ စွဲပြောပြမည့် အကြောင်းအရာကို မသိသေး၍ ဖြစ်လိမ့်မည်။ ထို... ကြောင်းအရာကိုသာ သိခဲ့ပါက ကေသည်လည်း စွဲနည်းတူ စိတ်ညစ်နေမိလိမ့်မည်။

"စွဲကို သဘောတူထားလူနဲ့ စေ့စပ်ပေးတော့မယ်တဲ့ ကေရယ်၊ အဲဒါ အခု စွဲကို ဘွားဘွားက ခေါ်ပြောတာ၊ စွဲ တောင် လုံးဝမမြင်ဖူးတဲ့ သိလည်းမသိတဲ့ လူတစ်ယောက်နဲ့ စွဲက လက်တွဲရမှာတဲ့ ကေ၊ စွဲတို့ မောင်နှမဝမ်းကွဲတွေ အစဉ်အတိုင်း ဘွားဘွား စီမံပေးသမျှ နာခံလာရတာ၊ အခု စွဲအလှည့် ရောက်ပြီ၊ စွဲက အသက်နှစ်ဆယ်လည်း ပြည့်ပြီး ပြီဆိုတော့ ဘွားဘွားက ခေါ်ပြောတာ၊ ... မေမေ တုန်းကလည်း ဘွားဘွားပဲ စီမံပေးတာဆိုတော့ စွဲ... ငြင်း ရင် စွဲက ထုံတမ်းစဉ်လာ ဖျက်သူအဖြစ် အားလုံးက အပြစ် တင်ကြတော့မှာ သိလား ကေရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ ... ကောနဲ့ စွဲတို့ တစ်ခါမှတောင် စိတ်ကူးမယဉ်မှု·တဲ့ အဖြစ်အပျက်ပါလား။ ကောနဲ့ စွဲသည် ပျော်ရင်းပါးရင်း ကျောင်းတက်ရင်း လည်ပတ်လို့ကောင်းရင်း မေ့လျော့ထားခဲ့သော ကိစ္စတစ်ခု။ ကိုယ်တိုင်မရှာဖွေပြန်တော့ သူ့အလိုလိုကို ရောက်လာတော့သည်။ ကောသည် သည်စကားကို စိတ်ညစ်သည်ဆိုသော စွဲကို ကိုယ်ချင်းစာရသည်။ ကော ကိုယ်တိုင်ကတောင် စိတ်ညစ်သွားမှတော့ စွဲသာဆို ပိုပြီးတောင် စိတ်ညစ်ဦးမည်။

"ရည်းစားရှိရင်လည်း ပြောတဲ့၊ သူတို့ လေ့လာပြီး သင့်တော်ရင် စီစဉ်ပေးမတဲ့လေ၊ စွဲမှာ ရည်းစားလည်း မရှိသေးဘူးဆိုတော့ ဘွားဘွားက သူ့အစီအစဉ်ကြီး ပြောတော့တာပါပဲ ကောရယ်၊ စွဲက အရမ်း အော်ငိုပစ်ချင်တာကို မနည်းထိန်းလာရတယ် သိလား၊ ဘယ်လိုလုပ်ကြမလဲ ကော၊ ပြောပါဦး"

"မသိတော့ပါဘူး စွဲရယ်၊ လူကြီးတွေက ဘာလို့ ဒီကိစ္စကြီးကို စိတ်ဝင်စားကြတာလဲ မသိဘူးကွာ၊ စွဲ လူကြီးကတော်ကြာ ရောက်လာတော့မှာနော်၊ ကောနဲ့ စွဲတို့ကြားမှာ ကန့်လန့်ကန့်လန့် ပါဦးမယ်၊ ရှုပ်ဦးမယ်၊ မုန်းစရာ ကုတ်ဖဲ့ချင်စရာ စကားတွေ ပြောဦးမယ်၊ ပြီးတော့ စွဲကို ကော့ဘဝထဲကနေ ခေါ်ထုတ်သွားဦးမယ်၊ ဟင်း ... ပြောရင်းနဲ့တောင် လူသတ်ချင်စိတ် ပေါက်လာပြီ"





သည်မိန်းမကလည်း တစ်မျိုး။ တအိအိ ငိုနေရင်းမှ "စွဲ လူကြီး မဟုတ်ပါဘူး"ဟု စကားတွေ အထအနကောက်ကာ ငြင်းဆန်နေပြန်သည်။ ထိုနေ့ကလေးမှာ နှစ်ယောက်သား စိတ်ညစ်ရင်း မမြင်ဘူးသေးသော စွဲလူကြီးဟု ကောက အမည်တပ်သော ယောကျ်ားတစ်ယောက်အား ကျိန်ဆဲရခြင်းဖြင့် ကောတို့နှစ်ယောက်ရဲ့ နေ့ကလေးက ပြီးဆုံးသွားခဲ့သည်။ သို့သော် ဒါဟာ ခဏတာ ပြီးဆုံးခြင်း ဖြစ်ပြီး နေ့စဉ်နံနက် အသစ်စတိုင်း ပြန်လည်သတိရကာ စိတ်ညစ်ရဦးမည်။ တစ်နေ့ပြီးတစ်နေ့ ပြောင်းသွားတိုင်း စွဲကို ခွဲရတော့မည့်အချိန်၊ ကောနဲ့စွဲရဲ့ ကိုယ်ပိုင်ကမ္ဘာကလေး ပျောက်ဆုံးရတော့မည့်အချိန် နီးလာပြီဟု ကြေကွဲကြရဦးမည်။ စွဲ လူကြီးကို မုန်းတီးရဦးမည်။

ကောသည် ထိုအခိုက်အတန့်များတုန်းကတော့ ကောရဲ့ ကံကြမ္မာကို မမြင်ရသေး၍ စွဲလူကြီးကို အသားလွှတ် မုန်းတီးမိတာပင် ဖြစ်သည်။ အမှန်စင်စစ်တော့ ကောတို့ လူသားအားလုံးဟာ အနာဂတ်ကို ဘယ်သူများ ကြိုသိနိုင်တာမှ မဟုတ်ခဲ့တာဘဲ။ ကောသည် အကယ်၍ အနာဂတ်ကိုများ သိနေနှင့်ရင် ဘယ်လိုများ ဆုံးဖြတ်ဖြစ်ခဲ့မည်လဲဆိုတာ ခုချိန်ထိ သိချင်ဆဲ ဖြစ်သည်။

စွဲသည် အသည်းစွဲ ဆိုသော နာမည်ကလေးနှင့် လိုက်ဖက်လှစွာ မြင်သူတကာ အသည်းစွဲသွားရလောက်အောင် လှပသူကလေး ဖြစ်သည်။ စွဲသည် ခပ်အေးအေး၊ ဣန္ဒြေရှိရှိနှင့်



www.burmeseclassic.com

www.burmeseclassic.com



မိန်းမပီပီသသ လှပသူလည်း ဖြစ်သည်။ ကေသည် စွဲနှင့် မတွေ့တာက အဲသည့်အချက်တွေ ဖြစ်သည်။ ကေက ရှုပ်ရှုပ်ပွေပွေ နေတတ်သူမဟုတ်သော်လည်း ဣန္ဒြေရတယ်လို့ ပြောလို့မရသော မိန်းကလေး ဖြစ်လေသည်။ ကေက ဘယ်သူ့ကိုမဆို ဖော်ဖော်ရွေရွေ စကားပြောတတ်ခြင်း ရှိသလောက် စွဲက မိတ္တဗလ မကြွယ်ဝခဲ့ပါ။ သို့သော် တစ်ခုတော့ ကြွားရဦးမည်။ အဲဒါကတော့ စွဲက ကေ့ တစ်ယောက်တည်းကိုသာ အခင်ဆုံး ဖြစ်ခြင်းပင်တည်း။

ကဲ ... ကေတို့ရဲ့ ဘဝကလေး ဘယ်လောက် အေးချမ်းခဲ့သလဲ။

"ဒါနဲ့ နေစမ်းပါဦး၊ မနေ့တုန်းက လမ်းမအလယ်မှာ ရပ်စကားပြောနေတဲ့ ကောင်က ဘယ်သူလဲ၊ စွဲ မကြိုက်တဲ့ ပုံပုံကြီးနဲ့ အဲဒီကောင်ရှေ့မှာ ဘာလို့ ကေက ရယ်ရတာလဲ၊ ကေကလည်းနော် ဒီမှာ စိတ်ညစ်လာရတဲ့အထဲ စွဲ မကြိုက်တာတွေ လျှောက်လုပ်နေတယ်"

အံ့ဩပါ ... အံ့ဩပါ့ကွယ်၊ စွဲဆိုတဲ့ မိန်းမဟာ ဒုက္ခကိုယ် စိတ်ညစ်နေရတာတောင် ကေ့ကို စစ်ဆေးဖို့တော့ မမေ့မလျော့ချေ။ ဟုတ့်သည်။ စွဲသည် ကေနဲ့ ပတ်သက်လျှင် ဘာမှ မမေ့မလျော့တတ်ချေ။ အဲသည်အကျင့်လေးကတော့ စွဲဆီမှ အင်မတန် မြတ်နိုးဖို့ကောင်းသော အကျင့်ကလေးဟုတော့ ကေက သတ်မှတ်ထားသည်။





"အလကားပါ၊ ထုံးစံအတိုင်း လိုက်ပြီတီအီတီကြီး လုပ်နေတာပေါ့၊ အဲဒီသူငယ်ရဲ့ စကားတွေက ပြဇာတ်ဆန်တယ်၊ ရယ်စရာကြီး သိလား၊ စွဲနဲ့သာ မတွေ့ရင် ကေတော့ နောက်ထပ် စက္ကန့်အနည်းငယ်မှာ ရယ်မိလိမ့်မယ် ထင်တယ်"

"အဲဒါ တော့်အပြစ်တွေပဲ၊ ကိုယ့်ကိုယ်ကိုယ် လှတပတလေးမှန်း သိလျက်သားနဲ့ တစ်ယောက်တည်း လမ်းမပေါ် လျှောက်သွားနေတာက တကယ့်အပြစ်ကြီး၊ ကေရယ် ကျူပ်စကား နားထောင်ပါဟာ၊ မိန်းမဆိုတာ"

စွဲ၏ငိုကာကြီး မစခင် ကေက တဟိဟိရယ်ချကာ လှောင်လိုက်၍ စွဲသည် အီလည်လည်မျက်နှာကြီးဖြင့် ဟော ... ပြီးတော့တစ်ဖန် ခုနကကိစ္စကြီး ပြန်သတိရကာ ငြိမ်သက်ငေးငိုင်သွားရပြန်သတဲ့။ ကဲ ... စိတ်ညစ်စရာပဲ ကောင်းသေးတော့။ စွဲရဲ့ လူကြီးသည် ကေတို့အား လူမမြင်ဖူးခင် သတင်းကြားရတာနဲ့တောင် အတော်ကလေး ဒုက္ခပေးနိုင်သူ ဖြစ်သည်။

ကေသည် စွဲ၏ စိတ်မကြည်မလင် ဖြစ်မှုကလေးကို မသိချင်ယောင်ဆောင်လျက် တခြား အကြောင်းအရာတစ်ခုသို့ ခေါင်းစဉ်ပြောင်းလိုက်သည်။ ကေ့ရဲ့ စွဲကလေး စိတ်ပါဝင်စားလာသည်အထိတော့ ကေက စွမ်းဆောင်နိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်နေရာမှာလည်း ကေနဲ့ စွဲသည် မတူပြန်ပါ။ စွဲက အရာရာကို အလွယ်တကူပင် မေ့ထားလိုက်နိုင်သည်။(သို့သော် ကေနဲ့ ပတ်သက်သော ကိစ္စကလွဲရင်သာ ဖြစ်သည်။) ကေက သည်လို မဟုတ်ချေ။ အပြင်ပန်းမှ မေ့ပျောက်ဟန်ဆောင်သော်လည်း အတွင်းစိတ်မှာ ကျိတ်ခံစားနေတတ်သူ ဖြစ်သည်။ ငယ်ငယ်ကဆို တစ်ခုခု ဝမ်းနည်းစရာရှိလျှင် စွဲက အော်ဟစ်ငိုယိုပစ်လိုက်ပြီး မကြာမီ ပြန်လည် ရွှင်ပြသွားတတ်သလောက် ကေက ငိုခြင်းလည်း မရှိ၊ မျက်နှာပျက်ခြင်းလည်း မရှိ။ သို့သော် ကေသည် တနုံ့နုံ့ အချိန်အတော်ကြာကြီး ခံစားနေတတ်ပြီး မနည်းပင် မေ့ဖျောက်နေရသူ ဖြစ်သည်။

❊ ۞ ❊





## အခန်း ၂

နှုးညံ့လှပသော ဆောင်းရာသီ၏ နေ့တစ်နေ့တွင် ကျော့ဘဝ တစ်နည်းဆိုရသော် ကေနဲ့ စွဲတို့ရဲ့ ဘဝကလေးထဲသို့ အဓိပတိသည် ချဉ်းနင်းဝင်ရောက်လာခဲ့သည်။ ထိုနေ့က ကေတို့ကြိုတင် သတင်းရထားသောနေ့ ဖြစ်လေသည်။ စွဲ၏ အင်မတန်စိတ်လှုပ်ရှားဟန်ဖြင့် စောင့်မျှော်နေခဲ့သော်လည်း ဂကတော့ မလိုမုန်းထားဟန်ဖြင့် ဆူပူဆောင့်အောင့်ချင်နေခဲ့သေးသည်။

"ကေကလေး ရှိနေပေးတော့ ပိုကောင်းတာပေါ့၊ သမီးသည်းက တစ်ယောက်တည်းဆို ရှက်နေမှာ"

လို့တောင် စွဲ မေမေက သဘောကျနေသတဲ့။ အမှန်က ကေသည် ကေပိုင်ဆိုင်သော စွဲကလေးကို လုယူသွားတော့မည့် မကောင်းဆိုးဝါးဖြစ်သော အဓိပတိအား တစ်နည်းတစ်ဖုံဖြင့် တိုက်စစ်ဆင်လို၍ စွဲအနားမှာ မခွာစတမ်း နေခဲ့တာပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကေသည် ကော်ဖီခွက်တွေကို ဇွန်းနဲ့အတူ ပြင်ဆင်ရင်း ရပ်ရှင်ထဲကလိုမျိုး ကော်ဖီခွက်ထဲ ဒမ်းနုတ်ဆေးဖြစ်ဖြစ်၊ အိပ်ဆေးတချို့ဖြစ်ဖြစ် အဓိပတိသောက်မည့် ကော်ဖီခွက်ကို သတ်မှတ်ပြီးထည့်ရင် ကောင်းမလားဟု ခပ်ကြောင်ကြောင်းစဉ်းစားနေမိသေးသည်။ ကဲ ... ကေက ဘယ်လောက် ကလေးဆန်တဲ့ အတွေးတွေ တွေးတတ်တဲ့ မိန်းမလဲနော်။ အကယ်၍ ကေသည် ကေ့ဘဝတစ်ခုလုံး ကျွမ်းထိုးမှောက်ခုံ ဖြစ်ရလောက်အောင် စေစားပေးနိုင်မည့်သူကိုသာ တွေ့ခဲ့ရမည်ဆိုပါက သည်ကော်ဖီခွက်တွေကို ဇွန်းနဲ့အတူ လိုက်ချပေးဖြစ်မည် မထင်ပါ။

တစ်ဖန် ကော်ဖီခွက်ချပေးပြီးသည့်တိုင် ဇွန်း နံဘေးမှာ အတူလိုက်တိုင်ပေးလိမ့်မည် မထင်ပါ။ နောက်ပြီး ထိုသူအားလည်း ရှူးရှူးရဲရဲ စိုက်ကြည့်မိလိမ့်မည် မဟုတ်ပါ။ ကေသည် စကတည်းကပင် အမှားတွေ ဆက်တိုက်လုပ်ခဲ့နိုင်လွန်းသော မိန်းမပင်တည်း။

"အဲဒါ အသည်းစွဲပေါ့ သားရဲ့၊ ခုတ်ပုံထဲမှာတော့ သား မြင်ဖူးနှင့်မှာပါ၊ သည်ကလေးကသာ မမြင်သေးတာ၊ သည်ဘေးက သမီးလေးကတော့ ကေတဲ့၊ သူတို့နှစ်ယောက်ဟာ မွေးရက် တစ်ရက်ခြားတာကလွဲရင် နှစ်တူ၊ လတူ၊ အချိန်တူ မွေးခဲ့တဲ့ နှစ်ယောက်ပေါ့၊ ကေက တနင်္လာနေ့ မနက် ခုနစ်နာရီ မွေးပြီး သည်းက အင်္ဂါနေ့ နံနက် ခုနစ်



နာရီ မွေးခဲ့တာလေ၊ နှစ်ယောက်စလုံးကတော့ တစ်ယောက်နဲ့တစ်ယောက် ခွဲတွေ့ရချိန်ရှားလောက်အောင် ချစ်ကြလေရဲ့၊ သားက သည်းရဲ့ ကေနဲ့ ပတ်သက်တဲ့ ချစ်ခင်မှုကလေးတွေ မကြာခင် သိလာမှာပါ"

ကေသည် တိမ်စိုင်တွေလို လွင့်မျောနေခဲ့သည်။ ကေ့ နှလုံးခုန်သံ ကျယ်လောင်မြည်ဟည်းမှုကိုလည်း ရှက်ရွံ့နေခဲ့သည်။ ကေ့ဘာသာ သည်နေရာမှာ လာထိုင်နေပြီး ထိုသူအား ကြည့်မိသည့်အတွက် နောင်တ ရမိနေခဲ့သည်။ ပြီးတော့ ကေသည် အဝေးကြီးကို ထွက်ပြေးချင်နေပြန်သည်။ သို့သော် ထိုဆန္ဒကလည်း သိပ်မသေချာပြန်ပါ။ သည်အနီးအနားမှာပဲ ကေ ရှိနေချင်ပြန်သေးသည်။ ဒါပေမဲ့ ထိုသူ မြင်ကွင်းအောက်က ပျောက်ပျ သော ဝိညာဉ်တစ်ခု အဖြစ်နှင့်သာ ရှိနေချင်သော ဆန္ဒ ဖြစ်သည်။

ကေ မှားပြီ။ မှားသွားခဲ့ပြီ။

အစတည်းက ကိုယ်နှင့်မဆိုင်တဲ့ ကိစ္စတစ်ခုကို ဝင်ပတ်သက်မိဖို့ မသင့်ချေ။ ထိုသူကို မလိုမုန်းထားသော အကြည့် ရှူးရှူးဖြင့် တမင်ကြည့်မိဖို့ မသင့်ချေ။ နောက်ထပ် တစ်ခုလည်း ရှိသေးသည်။ အဲဒါကတော့ ထိုသူဆီက သာမာန်ကာလျှံကာ အကြည့်ကို ရှောင်လွှဲရမည့်အစား တုံ့ပြန်စိုက်ကြည့်ပြီးနောက် ရင်ခုန်တတ်ခဲ့ဖို့ မသိသင့်ချေ။

www.burmeseclassic.com

www.burmeseclassic.com



"အဓိပတိ"တဲ့။

သူဟာ ကော့ဘဝထဲကို မထင်မှတ်ဘဲ ဝင်ရောက်လာကတည်းကိုက ကော့ရဲ့ ပျော်ဝင်ခြင်းတချို့ကို ဝါးမျိုခဲ့တာကို ကေ သတိထားမိဖို့ ကောင်းသည်။ ခုတော့ ကေသည် သူ့ဆီက အကြည့်တစ်ခုအား ထပ်မံရှုံးနိမ့်ကာ ကော့ကို တွေဝေကြေကွဲစေတော့သည်။

ကေ သိလိုက်ပြီ။ ကေသည် မရနိုင်တော့သော ပိုင်ဆိုင်ခွင့်တစ်ခုနဲ့ စတင်မိတ်ဆက်ခံလိုက်ရတာပင် ဖြစ်သည်။

"သားက ငယ်ငယ်တည်းက ဟိုမှာ သွားနေခဲ့တော့ ဒီမြေပေါ်မှာ အပြီးအပိုင် ခြေချရမယ်ဆိုရင် နေတတ်ပါ့မလား"

"ကျွန်တော့်ကို မွေးခဲ့တဲ့မြေပြင်ပဲ၊ ကျွန်တော် နေတတ်ရမှာပေါ့၊ နောက်ပြီး ဒီမြေ ဒီရေနဲ့က လုံးဝကင်းကွာနေခဲ့တာမှ မဟုတ်တာ၊ မကြာခဏ သွားလိုက်ပြန်လိုက်လုပ်နေကတည်းက ဒီမှာ ဘယ်တော့များ ပြန်နေခွင့်ရမလဲဆိုပြီး စိတ်ကူးယဉ်ခဲ့ရတယ်၊ အခုတော့ ကျွန်တော့် ဆန္ဒပြည့်ရပြီလေ၊ အဲဒါ ဒယ်ဒီကြောင့်လို့ ကျေးဇူးတင်ရင်ကောင်းမလားလို့၊ ဒယ်ဒီက အသက်ကြီးပြီ၊ ကိုယ့်မြေမှာ ပြန်အခြေချရင် ကောင်းမယ် ထင်တယ်လို့ မာမီကို တိုင်ပင်ကတည်းက ကျွန်တော် ရင်ခုန်နေခဲ့တာ"





"သည်းကလည်း သားရဲ့ အဖော်ကောင်လေးအဖြစ် အသင့်ရှိနေပြီဆိုတာလည်း ထည့်ပြောဦးလေ သားရဲ့"

အဓိပတိသည် သူ့မာမီ၏ စကားအဆုံးတွင် ဖွဲ့ထံဝေ့ခနဲ လှမ်းကြည့်ကာ ခပ်ရှက်ရှက်ကလေး ရယ်၏။ အိုး သိပ်အပြစ်ကင်းစင်တဲ့ ရယ်ဟန်ကလေးပေါ့။ ကေဟာ ကိုယ့်အတွက် ကြည့်ခြင်း မဟုတ်ခဲ့တာတောင် ယိုင်နဲ့သွားတာသာကြည့်၊ ကေသည် မိုက်မဲစွာ ရူးသွပ်ရင်း ကေ၏ အသည်းနှလုံးများ တစ်စခြင်း ခြွေချခံနေရခြင်းအား ကြိတ်မှိတ်ခံစားရပြန်သည်။

မလွယ်ဘူး၊ မလွယ်ဘူး။ ကေ သည်နေရာမှာ ကြာကြာသာ ထိုင်မိ၊ သူ့စကားတွေမှာ လိုက်နာပျော်ဝင်မိနေမယ်ဆိုရင် ကေတစ်ယောက် လုံးပါးပါးသွားနိုင်မည် ထင်ရဲ့။

ဖွဲ့ကရော ဟင် ... ဖွဲ့ဟာ ... ဖွဲ့ဟာ ကော့ကို ကြည့်လေ့ရှိတဲ့ အကြည့်ကလေးနဲ့ ကွာခြားတဲ့ ချစ်ခြင်းအတိပြီးတဲ့ အကြည့်ကလေးနဲ့ ငေးကြည့်နေလိုက်တာ။ ဖွဲ့၏တစ်ကိုယ်လုံးကို မဟူရာရောင် ပိုးသား ဆံပင်တို့က လှပစွာ လွှမ်းခြုံလို့။ ဖွဲ့ အသားအရေဖြူဖြူစင်စင်ကလေးသည် အင်မတန့်ကို ဖြူသန့်လို့။ ဖွဲ့၏ ကိုယ်နေဟန်ကလေးက ကြော့ကော့လို့။ အို ... နောက်ပြီး ဖွဲ့ဆီက တစ်ချက် တစ်ချက် ခိုးကြည့်တဲ့ အကြည့်ကလေးတွေက အရည်လဲ့လဲ့ကလေးတွေ ပြည့်လို့။



www.burmeseclassic.com

www.burmeseclassic.com



စွဲသည် ပန်းပုရုပ်ကလေးလို လှပလွန်းနေ၍ အဓိပတိဟာ သူ့ကိုယ်သူ ကံကောင်းတယ်ဟု ဂုဏ်ယူသွားချင်သွားရတော့မည်။ အဓိပတိသည် ဘယ်လိုလူစားမှန်းတော့ မသိနိုင်သေးပေမဲ့ အကြည့်တစ်ချက်၊ ဒါမှမဟုတ် စကားတစ်ခွန်းနဲ့တင် ကေနဲ့ စွဲတို့ နှစ်ယောက်စလုံးအား သိမ်းကျုံး ညှို့ငင်သွားစေခဲ့သည်။

* * *





တကယ်တော့ လူကြီးတွေ ဖန်တီးသော ရုပ်ရှင်ထဲက အကွက်မျိုးဖြစ်သည့် သားက ပန်းပင်တွေ ဝါသနာပါတယ် မဟုတ်လား။ "သမီးရေ ခြံထဲလိုက်ပြလိုက်ပါဦး" ဆိုသော အခြေအနေတစ်ခုမှာ ကေ လိုက်ပါဖို့ လုံးဝ မစဉ်းစားထားပါ။ လောလောဆယ် ကေသည် အိမ်ပြန်ပြေးပြီး အိပ်ခန်းတံခါးပိတ်ကာ ငိုချင်တာပဲ ရှိခဲ့သည်။ သို့သော် အလိုက်မသိသော စွဲသည် ကေ့ကို ...

"ကေ ကျုပ်တို့နဲ့ ခဏလိုက်ခဲ့ပေးကွာ၊ ကျုပ်ကို ပစ်မထားခဲ့နဲ့နော်၊ ကျုပ် အရမ်းရှက်နေတယ်တော့်၊ ပြီးမှ ကေ့ကို ပြောပြရဦးမယ် သိလား၊ အခုတော့ လိုက်ခဲ့နော်"

ဟု တတွတ်တွတ် ကပ်ပြောခဲ့။ ခါတိုင်းတော့ လိုက်ပေးဖို့ခေါ်လျှင် ဘာကိစ္စပဲဖြစ်ဖြစ် မငြင်းတတ်သော ကေကသည်တစ်ခါတော့ အကြောက်အကန်ငြင်းလျှင် တစ်မျိုးထင်သွားမှာ စိုးရိမ်ခဲ့၊ ဒါကြောင့် ကေသည် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မလိုက်တော့ပါဘူး"

ဟူ၍ တစ်ခွန်းငြင်းကြည့်သေးသည်။ သို့သော် စွဲက ကေ့လက်ကို တွယ်ချိတ်ကပ်သပ်ကာ တောင်းပန်ဟန်တွေ ပြနေ၍ ကေသည် အဓိပတိဆိုသော၊ ကေ့ကို ဒုက္ခများစွာ ပေးနိုင်မည့် အကြည့်တစ်ခု၊ စကားအပြောအဆို စသည်များ ပိုင်ဆိုင်သော လူတစ်ယောက်နားမှာ နောက်ထပ် မိနစ်များစွာ ရှိနေခဲ့ရပြန်သည်။

ရယ်စရာလည်း ကောင်းသေးသည်။ အိမ်ရှင်ဖြစ်သော စွဲက ရှေ့ကသွားဖို့မလိုဘဲ အဓိပတိက ရှေ့က ကြိုလျှောက်နှင့်နေတာပဲ ဖြစ်သည်။ စွဲသည် နေးတုံ့ရှက်ရွံ့သော ခြေလှမ်းကလေးဖြင့် ကေ့ လက်ဖဝါးကို ဆုပ်ကိုင်ကာ အို ... စွဲ လက်ကလေးတွေက အေးစက်လေစွ၊ ကေကရော ... အင်း ... ကေကတော့ ယိုင်နဲ့သော ခြေလှမ်းများဖြင့် ကေ ့ကို ဖေးမဆွဲခေါ်သော လက်ဖဝါးကလေး အေးစက်မနေစေဖို့ ဆုတောင်းနေခဲ့သေးသည်။

"ကို ... ကို အဓိပတိ ဒါ စွဲ သူငယ်ချင်းလေ၊ အချစ်ဆုံး သူငယ်ချင်းပေါ့၊ ကေလို့ ခေါ်တယ်"

"နာမည်က ဘယ်လို"

ဒါဟာ ရိုးရိုးသားသား မေးတာလား၊ ဆန်းဆန်းပြားပြား မေးခဲ့တာလား မသိချေ။ ဒါပေမဲ့ ကေသည် ဟန်ဆောင်ရဲတင်းဟန်ပြကာ 'ကေ'ဟု ခပ်ရဲရဲကလေး ပြန်ဖြေလိုက်သည်။





အဓိပတိကလည်း မျက်မှောင်ကြီးကြုတ်ကာ ကေ့နာမည်ကို အသည်းအသန် စဉ်းစားပေးနေပုံပြခြင်းကတော့ မတရားဘူး ထင်ရဲ့နော်။ တကယ်တော့ စွဲရဲ့နာမည်ကိုသာ စိတ်ဝင်စားသင့်သည်။

"ကေသီလား၊ ကေခိုင်လား၊ ကေသွယ်လား၊ နာမည် အပြည့်အစုံတွေထဲက ဒါပဲ ဖြစ်နိုင်တယ်၊ အဲဒီ နာမည်ရဲ့ အစကို အဖျားဆွတ်ခေါ်တာ မဟုတ်လား"

ကျွင် .. ဒီ ဟာက အ ားစိတ် သိချ ဘဲလျှ၊ စွဲရဲ့ မျက်နှာကိုမှ မ ကြက်။ ကေသည် စိတ် က်ပေါက်ဖြင့် ဆဲရေးပစ်မိလေသည်။

"ဟင့်အင်း တစ်ခုမှ မဟုတ်ဘူး ကဲ့ မေပတိရဲ့၊ ကေ့ နာမည်က (K)ဆိုတဲ့ အင်္ဂလိပ်အက္ခရာ (K) ပဲ၊ ဒါကြောင့် ကေ (K)ပါတဲ့ နာမည်တွေ အကုန်စဉ်းစားလို့ ရတယ်၊ ဥပမာ ခင်တို့၊ ခိုင်တို့၊ ခုန ကိုအဓိပတိပြောတဲ့ နာမည်တွဲ နောက်ပြီး Kind ဆိုတဲ့ ကြင်နာခြင်းတို့၊ ချာတိတ်လို့ အဓိပ္ပာယ်ရသည့် Kid တို့ အမျိုးမျိုး အဓိပ္ပာယ် ကောက်လို့ ရတယ်"

စွဲသည် ကေ့နာမည်အပေါ် အဓိပတိ စိတ်ဝင်စားခြင်းကို အင်မတန်မှ သဘောကျကာ စိတ်ရှည်လက်ရှည် ရှင်းပြ ဘော့ အဓိပတိသည် လက်ညှိုးတစ်ချောင်းဖြင့် မျက်ခုံးကို တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ကုတ်ကာ နောက်ထပ် နာမည်တစ်မျိုး အဓိပ္ပာယ်ပေါက်သွားဟန် ဖြင့် ရယ်သေးသည်။ ကေသည် မေးကြည့်မလို့ ကြံစည်သေး သည်။ သို့သော် ကေသည် သည်ဓာတ်လမ်း သည်လောက်နဲ့ပဲ တော်သင့်ပြီဟု ထင်မှတ်ကာ စကားများသော ကေက နှုတ်ဆိတ် နေလိုက်ဖို့ ဝန်မလေးခဲ့ချေ။

(ကဲ ... မောင် ဘာပြောဦးမလဲ၊ ကေ တတ်နိုင်သလောက် ရှောင်ခဲ့ပါတယ်၊ မောင့်ကို မသိသလို နေခဲ့ပါတယ်ဆိုတာ မောင် ယုံပြီလား။)

ဒါပေမဲ့ အဓိပတိ၏ နာမည်ကို စိတ်ဝင်စားခန်းက သည်မှာတင် မရပ်ခဲ့ပါ။ စွဲပြောသမျှ ပြသမျှ သစ်ခွပင်တွေ ကိုင် ကြည့်ရင်း မေးမြန်းရင်း ခြံထဲလျှောက်လာခိုက်မှာ ကေသည် အကြံအဖန်လုပ်၍ ခြံထဲက ဒန်းကလေးမှာ ထိုင်နေခဲ့ဖို့ စိတ်ကူး ရ၍ စွဲကို ခေါ်မိတာကြောင့်ပဲ ဖြစ်သည်။ ကေ့ထံမှ ...

"စွဲ ခဏလေး"

ဟု နာမည်ခေါ်သံအကြားမှာ အဓိပတိရဲ့ နာမည် အဖျားဆွတ် အင်တာဗျူး မပြီးဆုံးသေးကြောင်း သိခွင့်ရခဲ့သည်။ ဒါလည်း ကေရဲ့ မိုက်မဲမှု မဟုတ်ခဲ့တာ သေချာပါသည်။ ကံကြမ္မာကိုက ဖန်တီးနေခဲ့တာပဲ ဖြစ်သည်။

"ဘယ်လို ခေါ်လိုက်ပြန်တယ်"





စွဲသည် အဓိပတိ၏ စပ်စုဟန်ကို သဘောတကျရယ် ကာ 'စွဲလို့ ခေါ်တာပါ'ဟု ဖြေကြားသည်။ နောက်တော့ ဆက်လက်၍ ...

"အသည်းစွဲဆိုတဲ့ နာမည်ရဲ့ အဖျားဆွတ်ကို အားလုံးက 'သည်း'လို့ ခေါ်ကြပေမဲ့ ကေက သူ့တစ်ယောက်တည်း မူပိုင်အဖြစ် 'စွဲ'လို့ ခေါ်တာပါ၊ ကိုအဓိပတိတော့ ရယ်ချင် နေတော့မှာပဲ"

ဆိုကာ ရှင်းပြပြန်သည်။ စွဲ မရိပ်မိတာပဲလား၊ ဒါမှမဟုတ် ခင်ပွန်းလောင်းကို လေ့လာနေရ၍ပဲလား မသိချေ။ ကေ၏ ထူးထူးဆန်းဆန်း နှုတ်ဆိတ်မှုကို စွဲ လုံးဝ သံသယမရှိခဲ့ ဟန် အံ့ဩသည်။ ကေက ကိုယ့်ကိုယ်တိုင်သာ မိတ်ဆွေဖွဲ့ခြင်း နည်းရင်နည်းမည်။ စွဲ ရှာတွေ့သိကျွမ်းလာသော လူတစ်ယောက် ကိုဆိုလျှင် ကေက စကားတွေ ဖောင်ဖွဲ့ပြီး ရင်းနှီးသွားရအောင် ရောပစ်ဖို့ ဝန်မလေးချေ။ ခုတော့ ကေရဲ့ တိတ်ဆိတ်မှုကို စွဲ မေ့လျော့ခဲ့တာကပင် ကောင်းလေရဲ့။

"ကျွန်တော်လည်း အဲဒီ့လို ခေါ်ရမလား"

"ကေ ခေါ်ရမလားတဲ့၊ အဲဒါ ကေ့ကိုမေး၊ ကေက သူ့ အခေါ်မျိုး သူများခေါ်ရင် ဖြောင်ဖွင့်ပြောပြီး မခေါ်နဲ့လို့ ပြောတတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သေပဲသေဖို့ ကောင်းသေးတော့။ ဒေါ်စွဲတို့ လုပ်လိုက်ရင် အပေါက်အလမ်းကို မတည့်တော့ချေ။ ကေ စကားမပြောဖြစ်အောင် ရှင်းရှင်းပြောရရင် သူ့မျက်ဝန်းများနှင့် မဆုံအောင် ဖန်တီး တိတ်ဆိတ်ပုန်းကွယ်ခြင်းကို စွဲက ဆွဲထုတ်ခေါ်ယူခဲ့ပြီး ကေသည် သူ့မျက်နှာကို ခပ်လွဲလွဲကြည့်လျက် ဘာပြောရမလဲ စဉ်းစားနေစဉ် ...

"မကေ ကျွန်တော့်အတွက် ဒီနာမည် ခေါ်ခွင့်ရှိသလား၊ ပြောသာပြော အားမနာနဲ့နော်၊ ကျွန်တော်က ကျွန်တော့်ဇနီးလောင်းရဲ့ အချစ်ဆုံးသူငယ်ချင်းကို ကျွန်တော့်ရဲ့ မိတ်ဆွေရင်းတစ်ယောက်လို ခင်မင်ချင်ပါတယ်၊ ဒါကြောင့်ပါ"

"ကျွန်တော့် ဇနီးလောင်း"တဲ့။ အေးလေ ဒါဟာ ထူးဆန်းတဲ့စကား၊ ခုမှ မဟုတ်ခဲ့တာကွယ်။ အစကတည်းက စွဲ ပိုင်ဆိုင်ထားတဲ့ ဒီဂုဏ်ပုဒ်ကလေးဟာ ကေ့အတွက် ဘာများဆန်းမှာ မို့လဲ။ စွဲကသာ ရှက်ရွံ့ ခေါင်းငုံ့သွားခဲ့၏။ ကေကတော့ အနည်းငယ် ညိုမှိုင်းသွားနိုင်သည့် ကေ့မျက်နှာပြင်ကို ကြိုးစားထိန်းကွပ်ရလေသည်။ ဩော် ... ပင်ပန်းလေစွ။

"ကိုအဓိပတိ သဘောကျတယ်၊ နှစ်သက်တယ်၊ မြတ်နိုးတယ်ဆိုရင် စွဲရဲ့ နာမည်ထဲက ဘယ်နာမည်ကိုမဆို အဖျားဆွတ်ခေါ်ခွင့် ရှိနေတာပဲ၊ ကေက မတားမြစ်ပါဘူး"





"ဒါဆို ကျွန်တော်လည်း 'စွဲ'လို့ ခေါ်မယ်နော်၊ စွဲကရော သဘောကျရဲ့လား"

စွဲသည် ပန်းနုရောင်ကလေးပြေးသော မျက်နှာကလေးဖြင့် ခေါင်းညိတ်ပြခဲ့သည်။ ကေ ပြောလိုက်သော "မြတ်နိုးတယ်"ဆိုသော စကားတစ်ခုမှာ စွဲ မျက်နှာငုံ့လျှို ရှက်ရွံ့သွားခြင်းပင်။ စွဲအတွက် ရင်ခုန် ကြည်နူးခဲ့ရသော်လည်း ကေ့အတွက် နာကျင်ပဲ့ကြွေရခြင်းကိုတော့ ကေသည် ခံစားသိရှိလိုက်သည်။

"စွဲ ကျုပ် ဒီနားမှာ ခဏ ထိုင်နေခဲ့ချင်တယ်၊ ခွင့်ပြုနော်"

"ဟင် ... ကေကလည်း ကျုပ်တစ်ယောက်တည်း"

"ကိုအဓိပတိ ရှိနေသားပဲ"

ကေသည် ကိုယ့်အကြောင်းနဲ့ကိုယ် ဒန်းကလေးမှာ ထိုင်ကျန်နေခဲ့ချင်သော ဆန္ဒသာ ရှိခဲ့သည်။ ဒါကို ပွဲက ကေ စိတ်ကောက်သည်ထင်ကာ မျက်နှာက ပျက်ယွင်းချင်နေသတဲ့။ ကေ တုံ့ပြန်သော စကားကြောင့်လည်း ဖြစ်ချင်ဖြစ်မည်။ အဓိပတိက ရယ်ချင်ဟန်ဖြင့် ဘောင်းဘီအိတ်ထဲ လက်နှိုက်ကာ ကေတို့ နှစ်ယောက်အား ရပ်ကြည့်နေခဲ့သည်။ နောက်ဆုံးတော့ ကေသည် တစ်ခါမှ မလုပ်ဘူးသော စွဲကို အနိုင်ပိုင်းကာ ကိုယ်လုပ်ချင်တာကို လုပ်ခဲ့ခြင်းဖြင့် ပထမဆုံးအကြိမ် ကေရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးလိုက်သည်။ စွဲသည် စိတ်မချဟန်တွေဖြင့် တစ်လှည့်လှည့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေပုံက သနားစရာတော့ ကောင်းသားပင်။ သို့သော် ကေကကိုယ့်ကိုယ်ကိုယ်ပါ သနားပစ်လိုက်သည်။ ပြီးတော့ အဓိပတိအား ခိုးကြည့်တာတော့ ကေ လွန်ခဲ့လေသည်။

မြင့်မား ကြည့်ကောင်းသော အရပ်အမောင်း၊ ဖြူစင်လတ်ဆတ်သော အသားအရေ၊ ချောသည်၊ လှသည်ဟု ပြော၍ရသော ယောကျ်ားတွေလောက် ချောမောလှပခြင်း မရှိသော်ငြား သူ့မျက်နှာပြင်သည် တည်ကြည့်ခန့်ညားခြင်း အတိပြီးနေခဲ့သည်။ ပိုပြီး ဆွဲဆောင်တာက သူ့မျက်ဝန်းများပင်။ နောက် သူ့စကားသံတွေပင် သူ့အကြည့်နဲ့ စကားသံတွေက ကေ့ကို အတော်လေး နှိပ်စက်လှသည်။ ကေ ဘယ်လိုများ ဖြစ်သွားတာပါလိမ့်။ ကေ့ဘဝမှာ တစ်ခါမှ မမျှော်မှန်းခဲ့ဘူးသော 'အချစ်'သည် ကေ မထင်မှတ်သော အချိန်တွင် ဝင်ရောက် ခိုအောင်းခဲ့သော်လည်း အို ... ရင်နင့်ဖွယ် ကောင်းလေစွ။ ကေ့ အချစ်တွေက ပိုင်ဆိုင်ခွင့်ဟူသော အခွင့်အရေးနဲ့ လွဲရသည့် အချစ်တွေ ဖြစ်နေခဲ့ပြီ။

ကေသည် အဓိပတိအား ခိုးကြည့်နေခဲ့ခြင်းအား အဓိပတိ မသိခဲ့ဘူး ထင်ခဲ့သော်လည်း ကေ မှားခဲ့လေသည်။ သူ သိနှင့်နေကြောင်း နောက် ကြာတော့ သိခွင့်ရခဲ့ပါသည်။

❋ ❁ ❋





# အခန်း ၃

သည်နေ့မနက် အိပ်ရာနိုးချိန်တွင် ကေ ပထမဆုံး သတိရလိုက်သူသည် အဓိပတိ ဖြစ်နေခြင်းက စိတ်ပျက်စရာပင် ကောင်းနေတော့သည်။ မနေ့က နာရီအနည်းငယ်မျှ ကြုံလိုက်ရသော ကိုယ့်အချစ်ဆုံး သူငယ်ချင်း၏ သက်ဆိုင်သူလည်း ဖြစ်သော မကြာခင်မှာ စေ့စပ်တော့မည်ဖြစ်သော ယောကျ်ားတစ်ယောက်ကို ကေသည် ဘာဖြစ်လို့များ စွဲလမ်းမိတာပါလိမ့်။ ဟင့်အင်း... ကေ သည်အဖြစ်မျိုးကို မလိုလားခဲ့ပါ။ ကေ ဖြစ်ချင်တာက ကေ့ရဲ့ စွဲကလေးကို ကေ့ဆီက လုယူသွားမဲ့ လူတစ်ယောက်အဖြစ် မုန်းတီး ရန်လိုချင်သူ တစ်ယောက်ဖြစ်ပြီး အခု ကေ ဖြစ်နေတာက ထိုသူအား တစွဲလမ်းလမ်း ဖြစ်နေသူတစ်ယောက်ပင်။ ကေသည် ဘယ်ဘဝ ဝဋ်ကြွေးများ ပါခဲ့လို့ပါလိမ့်ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



"သွား…ကွာ"

ကေသည် ခေါင်းကို ခါယမ်းပစ်ကာ ကိုယ်ပေါ်မှ စောင်ကိုကန်၍ ခြေရင်းမှာ ပုံထားကာ အခန်းထဲမှ အခိပ္ပာယ်မဲ့ ပြေးထွက်ခဲ့သည်။

"သမီး နိုးပြီလား၊ ခုနက သည်းတောင် လာမေးသွားတယ်၊ သမီး မနိုးသေးဘူးဆိုလို့ နောက်မှ ထပ်လာခဲ့မယ်တဲ့၊ မေ့ကို မှာသွားလေရဲ့"

'စွဲ'ဟု သတိရလိုက်တာနဲ့ စွဲနဲ့အတူ ပုံရိပ်တစ်ခု ပေါ်မလာဖို့ ထပ်မံကြိုးစား ဖျောက်ဖျက်လိုက်ရသည်။ သိသားပဲ၊ စွဲ လာမေးမယ်ဆိုတာ သိနေသားပဲ။ မနေ့က ယိုယွင်းသော ရုက်ရှုံ့မှုများကို စွဲဟာ သူမရဲ့ တိုင်ပင်ဖက်ဖြစ်တဲ့ ကေ့ကိုပဲ တိုင်ပင်ဖွင့်ဟတော့မှာ။ ကဲ … ကေ့ဘဝ ဘယ်လောက် ကြေကွဲစရာကောင်းလိုက်သလဲ။ ကိုယ် ချစ်မိတဲ့ လူတစ်ယောက်ရဲ့ အကြောင်းကို ကြားချင်တာက လူတိုင်းရဲ့အတွေ့ပဲ။ သို့သော် ထိုသူအား ပိုင်ဆိုင်ခွင့်ရှိသူက ပြောပြခြင်းကို နားထောင်ရမည်ဆိုလျှင် အို … ရင်နင့်စရာကောင်းသေးတော့။

ကေ အင်မတန်မှ နှစ်သက်လှသော ကော်ဖီကို သောက်ရတာ သည်တစ်ခါ ငြီးငွေ့စရာအကောင်းဆုံးပင် ဖြစ်သည်။ ကေ့ကို မေက မုန့်ဟင်းခါး ဝယ်ထားတယ် သမီး စားမလားဟု





ဆိုတာတောင် ကေ မကြားမိ၍ နောက်တစ်ခါတောင် ထပ်မေးခဲ့ရပါသည်။ ကေသည် မနေ့ကတည်း စိတ်နဲ့ခန္ဓာ မကပ်တော့သည့် မိန်းမတစ်ယောက် ဖြစ်ခဲ့ပြီ။

"ကေ နိုးပြီလား"

စွဲသည် ကေ့ နံဘေးခုံကို ဆွဲထိုင်ရင်း ကြည်လင်သော အပြုံးဖြင့် နှုတ်ဆက်ရင်း မေး၏။ ကေသည် မျက်နှာကို အတတ်နိုင်ဆုံး ပြုပြင်ပြောင်းလဲကာ …

"ကျုပ်ကို ဘာတွေ နားဒုက္ခပေးဦးမလို့လဲ၊ ဒါကြောင့် ညက အိပ်မက်မကောင်းတာ၊ မနက်မလင်းခင်ကတည်းက ဒုက္ခပေးမဲ့လူ လာမေးနေလို့လေ"

"ကေနော် စွဲက ကေ့ကို ချစ်လို့ ဒီဒုက္ခကို ပေးတာနော်၊ တခြားသူဆို ဝေးသေး၊ ကေ့ရဲ့ ဒုက္ခအိုးလေးအ . . ဂုဏ်ယူစမ်းပါကွယ်"

ကေသည် စွဲ အမှတ်မထင် သုံးစွဲလိုက်သော "ကေ့ရဲ့ ဒုက္ခအိုးလေး" ဟူသော အသုံးအနှုန်းအား ရင်ထဲမှာ ကျင်ခနဲတောင် နေရအောင် လှုပ်ခတ်သွားခဲ့သည်။ အမှန်က ကေ့ရဲ့ ဒုက္ခအိုးလေးဟာ အဓိပတိပဲ ဖြစ်ဖို့များသည်။ စွဲတော့ လုံးဝ မဖြစ်နိုင်ခဲ့ချေ။ သို့သော် ဒါကို စွဲ တစ်သက်လုံး အဓိပတိရဲ့ တစ်သက်လုံး သိသွားဖို့ မသင့်ချေ။ ကေက မျိုသိပ်ဟန်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ရမည်။ ဖြစ်နိုင်ရင် ကေသည် စွဲနဲ့ အဓိပတိဟူသော ကမ္ဘာတစ်ခုရဲ့ ဝေးရာမှာ ရှိနေချင်သည်။

ကေ အတော့်ကို ကြိုးစားရဦးမည်။ စွဲနဲ့ အဓိပတိတို့ရဲ့ ယှဉ်တွဲမှုကို ခံနိုင်ရည်ရှိရှိ ရင်ဆိုင်နိုင်ဖို့ပင် ဖြစ်သည်။ စွဲက ကေ့ကို သတို့သမီးအရန် လုပ်ရမည်ဟု ပြောထားဖူးသည်။ ကြာတော့ ကြာခဲ့ပြီ။ ဘယ်တုန်းကလဲ မမှတ်မိပေမဲ့ တစ်ယောက်နဲ့တစ်ယောက် နောက်ပြောင်ခဲ့စဉ် အခိုက်က ဖြစ်သည်။ အဲသည်တုန်းက သည်အခြေအနေတွေကို မျှော်လင့်ထားခဲ့မိခြင်းတောင် မရှိပေမဲ့ ကေက ...

"စွဲ နင်က အရင်အိမ်ထောင်ကျမဲ့သူဟာ၊ ဘာဖြစ်လို့လဲဆိုတော့ နင်က ကျုပ်ထက်ပိုလှပြီး ပိုဣန္ဒြေရှိလို့"

ဟု မဆီမဆိုင် နောက်မိ၍ပင် ဖြစ်သည်။ စွဲက မခံချင်ဘဲ ပြန်ချေပရင်းနဲ့ သူအရင် ငါအရင်နဲ့ နောက်ပြောင်ရင်း စွဲ အမှတ်မထင် မှာထားခဲ့သော စကားဖြစ်သည်။

"အေး ... တကယ်လို့ စွဲ အရင် လက်ထပ်ရရင် ကေက သတို့သမီးအရန် လုပ်ကို လုပ်ရမှာနော်၊ မလုပ်ပေးလို့ကတော့ အပြတ်ပဲ၊ တစ်သက် တစ်သက် သိလား"

ကေက အဲသည့်အချိန်က ခပ်ပေါ့ပေါ့ပင်။ စွဲတော့ စကားနိုင်လုပွဲကို အရှုံးပေးလိုက်ပြီဟု ဝမ်းသာအားရနဲ့ ...





"စိတ်ချ စွဲရေ၊ သတို့သမီး အရန်နေရာ ပြည့်နေရင် ရှေ့က ပန်းကြဲမယ် သိလား၊ သတင်းစာထဲမှာ ပန်းကြဲသော သူငယ်ချင်း ကေ့အား လည်းကောင်း ဆိုပြီး ကျေးဇူးတင်ခြင်း ထည့်နော်"

ဆိုတာ ရယ်စရာတွေ လျှောက်ပြောနေခဲ့မိသေးသည်။ အခုတော့ ကေသည် ဘယ်လိုများ ရှောင်လွှဲရပါ့။ ဘယ်အကြောင်းပြချက်နဲ့များ ပုန်းကွယ်ရပါ့၊ ကေ့ဘက်က အမှုအရာတွေ သိပ်ပျက်နေလျှင် အားလုံးက ကေ့ကို အပြစ်တင်ကြမည် ထင်ရဲ့။

အို ... ကြေကွဲဖို့ကောင်းလေစွ။

"ဟဲ့ ... ဟဲ့ ကေ. ကျုပ် ခေါ်နေတယ် ကြားရဲ့လား၊ မျက်လုံးကြီးက ကော်ဖီခွက်ကို စိုက်ကြည့်ပြီးနေတာ ဒါကြာကြီးပဲ၊ မျက်တောင်တောင် မခတ်ဘူး"

"ဟင် ... ဘာလဲ၊ စွဲ ဘာလုပ်မလို့လဲ၊ ကေ နည်းနည်းအိပ်ငိုက်သွားသလား မသိဘူး၊ ဆောရီး စွဲရေ"

"ဖြစ်ရမယ် ကဲပါ၊ ကေ ပြီးရင် ခြံထဲဆင်း စကားပြောရအောင်နော်၊ ကေ့ကို စွဲ အများကြီး ပြောပြစရာတွေရှိတယ်၊ ကေ နားထောင်ပေးရမယ်နော်၊ စွဲမှာ ကေ့တစ်ယောက်တည်းပဲ ပြောစရာရှိတာ"

"စိတ်ညစ်ရပါတယ်ဗျို့"



www.burmeseclassic.com

www.burmeseclassic.com



ကေသည် စွဲကို နောက်ပြောင်ဟန်ဖြင့် အကျယ်ကြီး အော်ချလိုက်ခြင်းအား စွဲကလေးက ရှက်ရွံ့ရွံ့ဖြင့် ပါးစပ်လိုက်ပိတ်ရင်း နှစ်ယောက်သား ရယ်သံတွေ ညံနေတော့သည်။ မေက သဘောတကျ ခေါင်းညိတ်ပြုံးသည်။ ဖေသည် အိမ်ရှေ့ ဧည့်ခန်းမှာ သတင်းစာဖတ်ရင်း မျက်မှန်ပေါ်က ကျော်ကြည့်ရင်း ပီတိဖြစ်ဟန်ပြသည်။ ဖေနဲ့ မေတို့ရဲ့ တစ်ဦးတည်းသော သမီးလေး ကေသည် သူငယ်ချင်းဖြစ်သူနဲ့ သဘောတူ ဇာစပ်ပေးတော့မည့် ယောကျ်ားတစ်ယောက်ထံမှာ ကျဆုံးနေခဲ့ရတယ်ဆိုတာများ သိခဲ့ရင်။

အို ... သည်လိုအဖြစ်မျိုးတော့ ဘယ်အဖြစ်ခံပါ့မလဲ။ ကေဟာ အဲသည်လောက် ယုတ်ညံ့တဲ့ မိန်းမ မဖြစ်စေရ။ လူကြီးမိဘ မျက်နှာပျက်ရအောင်လုပ်တဲ့ သမီးမိုက် မဖြစ်စေရ။ ကေသည် ဝဋ်ကြွေးတစ်ခုကြောင့် ရရှိခဲ့သော သည်ဒုက္ခကို ကြိတ်မှိတ်ခံစားမည်။





"ဝန်ခံပါတယ် ကေရယ်၊ အစက ကိုယ် တစ်ခါမှ မမြင်ဖူး မသိဖူးတဲ့ ယောကျ်ားတစ်ယောက်နဲ့ တစ်သက်လုံး နေသွားရမဲ့ ဘဝတစ်ခုကို တွေးကြောက်ခဲ့မိတယ်၊ စွဲ ဘဝတစ်ခုလုံးဟာ အဲဒီလူရဲ့ ဘဝထဲမှာ ပျောက်ဆုံးသွားရမှာကို မလိုလားခဲ့ဘူး၊ သူ့ကို မမြင်ဖူးခင်ကတည်းက မုန်းခဲ့တယ်၊ ကေ့ကိုတောင် ဒီအကြောင်းတွေ ခဏခဏ ပြောပြီး ညည်းညူခဲ့မိတယ်၊ ဒါပေမဲ့ ကေရယ် စွဲ ဘဝမှာ အင်မတန် ထူဆန်းတဲ့ အဖြစ်အပျက်တစ်ခုကို ကြုံတွေ့လိုက်ရတဲ့နေ့ဟာ သူ့ကို စတွေ့လိုက်ရတဲ့ နေ့ပါပဲကွယ်၊ စွဲ ကိုယ့်ကိုယ်ကိုယ်တောင် အံ့ဩသွားရလောက်အောင် သူ့အပေါ်မှာ စွဲလမ်းရင်ခုန်သွားမိတယ်၊ စွဲ သိပါတယ်၊ ဒါဟာ အချစ်ဆိုတဲ့ အရာတစ်ခုပဲ ဖြစ်တယ်၊ အဲဒီအချစ်ကို ကေရော စွဲပါ မေ့ထားခဲ့ပေမဲ့ အခုတော့ စွဲက ကိုယ်တွေ့ ကြုံလိုက်ရတယ်၊ စွဲလေ သူနဲ့ စကားပြောရမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ရက်တယ်၊ ဒါပေမဲ့ သူ့အနားမှာ သူနဲ့ စကားလက်ဆုံ ကျချင်ပြန်တယ်၊ ပြီးတော့ ဟင်း … ဟင်း စွဲလေ သူ့ကို အချိန်တိုင်း သတိရနေမိပေါ့တယ်"

စွဲရယ် ကေလည်း မေ့ထားခဲ့မိတဲ့ အချစ်ကိုတော့ တွေ့ခဲ့ပါရဲ့။ သို့သော် ကေ့အချစ်သည် စွဲကဲ့သို့ ပွင့်ပွင့်လင်းလင်း ကြေညာခွင့်မရှိသော အချစ် ဖြစ်ခဲ့ပြီ။

ကေသည် စွဲအတွက် လုပနှစ်သိမ့် ချစ်စဖွယ်စကား တွေ ပြောသင့်သည်ဟု ကိုယ့်ကိုယ်ကိုယ် သတိပေးနေခဲ့သော်လည်း ကေရဲ့ လည်ချောင်းထဲမှာ စကားလုံးတွေ ပျောက်ဆုံးနေခဲ့ပြီ။ စွဲ သဘိမထားမိ၍ ကံကြမ္မာက သည်နေရာမှာ ကေ့ကိုများ မျက်နှာ လိုက်ခဲ့တာလား၊ ဒါမှမဟုတ် စွဲဆီမှ ဖွင့်ဟစကားတွေကို ရင်နာနာ နဲ့ နားထောင်ခွင့်ကိုပဲ ပေးခဲ့တာလား၊ စွဲသည် သူမ၏ ခံစားချက် တို့ကို ဆက်လက်၍ ပြောနေသေးမှန်း စွဲ၏ နှုတ်ခမ်းအလှုပ်ဖြင့် ကေ သိနေခဲ့သော်လည်း ကေသည် တချို့တစ်ဝက်က လွှဲရင် ကြားလိုက် မကြားလိုက် ဖြစ်နေခဲ့ပြီ။

စွဲက ကေ့ကို "မနေ့က ကေ စိတ်ကောက်နေတာ လား" ဟူ၍တော့ မေးဖြစ်အောင် မေးလိုက်သေးသည်။ ကေသည် "စိတ်မကောက်ပါဘူး" ဆိုတဲ့ စကားကိုတော့ ကြိုးစား၍ ညှစ် ထုတ်နေရသော အခြေအနေမှာ ရှိနေခဲ့သည်။





သည်အတိုင်းဆို ကြာရင် ကေတော့ မလွယ်ချေ။ စွဲအပေါ် သစ္စာဖောက်ရာကျမည်၊ မညှာတာရာကျမည်၊ အနိုင်ကျင့် ရာကျမည်။ ဖြတ်ခုတ်ရာကျမည် ဟူသော ဂုဏ်ပုဒ်တွေ ထပ်နေသည့် ကေ့ချစ်ခြင်းကို ဘယ်လိုများ ဖုံးကွယ်ရပါ့။

ကေဟာ စွဲရဲ့ စကားတိုင်းအတွက် ကြိုးစားပြုံးရယ် ရသော်လည်း သည်အပြုံးက မဲ့ပြုံးသာ ဖြစ်မည်။ သည်အချိန်မှာ ကေ့လက်ထဲ မှန်တစ်ချပ်သာ ရှိနေခဲ့ပါက ကိုယ့်မျက်နှာပြင်က အပြုံးကို ကိုယ့်ဘာသာ အဓိပ္ပာယ်ဖော်ကြည့်မိလိမ့်မည်။ စွဲကတော့ ကေ့ရဲ့ အတွင်းသဏ္ဍာန် ယိုယွင်းမှုကို သိနေသူ မဟုတ်ခဲ့၍ ကေက သူမ စကားတွေကို သဘောတကျ ပြုံးနေတယ်ပဲ ထင် လိမ့်မည်။

"ကေရဲ့ နည်းနည်းပါးပါး ဝေဖန်ပါဦး၊ ဘာလို့ အလကား နေရင်း ပြုံးနေတာလဲ၊ စွဲ မနေတတ်တော့ဘူး"

"အင်း … နေစမ်းပါဦး၊ ကေက ဘယ်သူ့ကို ဝေဖန်ရမှာ တုံး"

"စွဲရဲ့ ခံစားချက်တွေ နောက်ပြီး ကိုအဓိပတိရဲ့ သွင်ပြင် တွေပဲပေါ့၊ ကေက တစ်ချိန်လုံး ပြုံးနေမှတော့ စွဲကိုချည်း ပြုံးသလိုဖြစ်နေပြီ၊ စွဲရဲ့အပြစ်တွေ ပြုံးချင်စရာ ကောင်းနေ လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟောတော့ ပြုံးတာပဲ ခွဲခြားပြီး ပြုံးရတော့မယ် ထင်ပါရဲ စွဲရယ်၊ စွဲကိုချည်း ပြုံးတာ မဟုတ်ပါဘူး၊ စွဲတို့နှစ်ယောက်ရဲ့ ဘဝတစ်ခုကို ကြိုတွေးပြီး ပြုံးတာပါ၊ ခုတော့ ကေ့ဆီက စွဲကို လုယူသွားမဲ့ လူတစ်ယောက်ကို ကေ ရန်မလိုရဲတော့ပါဘူး၊ ကေ့ဘက်မှာ ဘယ်သူမှာမှ မရှိတော့တာဆိုတာကိုလည်း တွေးမိပြီး ပြုံးနေတာပါနော်"

"ဟာ ... ကေကလည်း နင်က စွဲရဲ့ အချစ်ဆုံးလေးတစ်ယောက် ပဲဟာ၊ စွဲက မေ့သွားပါ့မလား"

"နင် မသိပါဘူး စွဲရယ်၊ ဘယ်တူတော့မလဲ၊ ကဲပါ ... ကဲပါ၊ နှောက်များ မကြာမီကလေးကို စောင့်ကြည့်ရသေးတာပေါ့"

ကေ ထင်ပါသည်။ ထိုအချိန်က ကေ မျှော်လင့်ခဲ့သော နှောက်များမကြာမီ အဖြစ်ဟာ စွဲနဲ့ အဓိပတိတို့ရဲ့ ဘဝတစ်ခု အဖြစ်သာ။ ကေ့အတွက်တောင် စဉ်းစား မျှော်လင့်ခြင်းမပါ၊ တစ်စုံတစ်ရာ မရိုးသားမှုများမပါ၊ လှည့်စား ဟန်ဆောင်ခြင်းများမပါ။ အင်မတန်ကို ဖြူစင်သော စကားကလေးများသာတည်း။

ကေ မျှော်လင့်တာက စွဲသည် အဓိပတိ၏ မနီးဖြစ်မည်။ စွဲနဲ့ အဓိပတိတို့ရဲ့ ဘဝကလေးတစ်ခု ( ) ဆောက်ရာတွင် ကေက မိတ်ဆွေကောင်း တစ်ယောက် ဖြစ်နေခဲ့မည်။ စွဲ၏ တိုင်





ပင်ဖက် သူငယ်ချင်းလေးအဖြစ် ထာဝရ ရပ်တည်မည်။ အဓိပတိကို ယောင်လို့တောင် ဖြားယောင်းခဲ့ခြင်း မရှိသည့် စွဲ၏အချစ်ဆုံး သူငယ်ချင်း ဖြစ်မည်။ ကေသည်လည်း အရာရာကို မေ့ဖျောက်နိုင်ပြီး ကိုယ်ပိုင်ဘဝတစ်ခုကို တည်ဆောက်မည်။

ကဲ ... ကြည့်စမ်း ဘယ်လောက်တောင် ငြိမ်းချမ်းလိုက်တဲ့ ကေ့ရဲ့ စိတ်ကူးတွေလဲ။ ချစ်သူကို လူတိုင်း ပိုင်ဆိုင်ချင်ကြလိမ့်မည်။ သို့သော် ကေ၏ ချစ်သူဆိုတာက ကေ့ဘဝအတွက် ပိုင်ဆိုင်ရန် မဖြစ်နိုင်တော့သည့် အခြေအနေမို့ ကေက ဒါကို ကြေကွဲမနေသင့်ချေ။

ဒါကြောင့် ကေက ဖြစ်သင့်တာကို ကြိုတင် စိတ်ကူးခဲ့တာပဲ ဖြစ်သည်။ ကေသည် တကယ့်တကယ်ကျတော့ စွဲထက်တောင် အတွေးအခေါ် လေးနက်တတ်သူပင်။ စွဲသာဆို သည်နေရာမှာတင် ပုံလဲသွားရလောက်အောင် ထိခိုက်တတ်မည့် သူတည့်။

အရာရာက မထင်မှတ်စရာတွေချည်းသာ ဖြစ်ခဲ့ကြောင်း နှောက်များမှသာ သိခွင့်ရခဲ့ခြင်းကတော့ အမှားမဟုတ်ချေ။ သို့သော် ကေ အမှတ်မထင် ပြောခဲ့သော "နှောက်များ မကြာမီ စောင့်ကြည့်ရသေးတာပေါ့" သည် စွဲကို ခနဲ့လိုက်သလို ဖြစ်သွားမဲ့ရခြင်းက ကေ့အပြစ် မဟုတ်ချေ။ စွဲက သည်တစ်ခွန်းလေးကို ပြောလုံးသော စကားတွေထက် ပိုမိုမှတ်မိနေခြင်းကလည်း ကေ့



www.burmeseclassic.com

www.burmeseclassic.com



အပြစ် မဟုတ်ချေ။ တကယ်တော့ ကေသည် အဲသည်ထဲက တခြားစကားကို လွဲပြောမိခဲ့ရင်တော့ ကောင်းမည်ထင်ရဲ့။

“ဘာပဲဖြစ်ဖြစ် စွဲကတော့ ကေ့ကို အမြဲချစ်နေမှာပါ ကေရယ်၊ ပေါက်ကရတွေ လျှောက်တွေးပြီး ဝမ်းနည်းမနေ စမ်းပါနဲ့”

ဟူသော စွဲ၏ တုံ့ပြန်စကားက ကေ့ကို နှစ်သိမ့်စေသလားဟု ကေ တွေးကြည့်နေခဲ့သေးသည်။

❊ ❁ ❊





## အခန်း ၄

ကေ၏ ကံဆိုးမိုးမှောင်ကျသော နေ့များဟု ကေက အမည်မပေးရက်သော်လည်း အဓိပတိနှင့် တွေ့ဆုံပြီးသော နောက်ပိုင်းရက်များတွင် ကေ့အတွက် ကံဆိုးခြင်းတို့က ဆက်တိုက်ကျရောက်ခဲ့လေသည်။ အကြောင်းရင်းကတော့ စွဲဟာ အဓိပတိနှင့် ဆုံရမည့်အခါတိုင်း ကေ့ကို သူမနံဘေးမှာ ရှိနေစေခြင်းပင်။

ပထမဆုံး တွေ့ပြီးချိန်၏ ဒုတိယမြောက် တွေ့ဆုံချိန်တွင် ကေသည် စွဲအား ဂီတာတီးပြီး သီချင်းဆိုပြနေချိန်ဖြစ်သည်။ ကေတို့နှစ်ယောက်ဟာ အမြဲတမ်း အတူတူတွဲနေကျပုံစံအတိုင်းက ကေက စွဲအိမ်မှာ ရှိနေတာပဲဖြစ်ဖြစ်၊ စွဲက ကေ့အိမ်မှာ ရှိနေတာပဲဖြစ်ဖြစ်ပေါ့။ ထိုနေ့က စွဲသည် ကေ့အိမ်မှာ ရှိနေခဲ့သည်။ စွဲက အတင်းပူဆာ၍ ကေသည် စိတ်ကြည်ကြည်



www.burmeseclassic.com

www.burmeseclassic.com



လင်လင် ရှိလှသည် မဟုတ်ခဲ့ပေမဲ့ ကြိုးစားပဟန်ဆောင်ကာ စွဲ အကြိုက် သီချင်းကို ဂီတာတီးရင်း ဆိုပြနေခဲ့ချိန်တုန်းက ကေ့ အတွက် ထပ်မံ၍ ပွဲကြွေစရာအဖြစ်တစ်ခု မကြာခင် ရောက်ရှိ လာရလိမ့်မည်ဟု တွေးပင် မတွေးမိခဲ့ပါ။

ကေတို့နှစ်ယောက်သည် ထိုအချိန်က ကမ္ဘာလောက ကြီးကို ခဏ မေ့ထားခဲ့ကြသူများ ဖြစ်နေခဲ့သည်။

"အသစ်ပြန်မရတဲ့ အိပ်မက်များ ကိုယ့်အတွက် အမှတ်တရ ကျန်ခြင်းလား၊ အို ... နောက်တစ်ယောက်ကို ချစ်ဖို့ မလွယ် တော့ဘူး ... ဘယ်သူမှလဲ သူ့လောက် ကိုယ်မချစ်ဘူး"

"သိပ်ကောင်းတဲ့ သီချင်းလေးပဲ"

"ဟင်" ဟု အာမေဋိတ်သံ အကျယ်ကြီးသည် ကေနဲ့ စွဲထံမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ ကေသည် ရင်ထဲမှာ ဒိန်းခနဲ မြည်ဟည်းသွားပြီးချိန်၌ ထိုလူသည် ကေတို့အနား ရောက်ရှိနေနှင့်ပြီ။ စွဲသည် ကေနဲ့အတူ သီချင်းလိုက်ဆိုခြင်းအား အဓိပတိ သိသွားရခြင်းအတွက် ရှက်နေပုံရသည်။ ကေကရော ဟင့်အင်း ... ကေ့ ခံစားချက်ကို ကေ မပြောရဲချေ။

"ကိုအဓိပတိ ဘယ်တုန်းက ရောက်လာတာလဲ"

စွဲထံမှ တိုးလျလျမေးသံအား သူက ခေါင်းညိတ် ကုံ့ပြန်လျက် အတက်အကျညီသော အသံဖြင့် ဖြေသည်။





"သိပ်မကြာသေးပါဘူး၊ သီချင်းမဆုံးခင်လေးတင် ရောက် လာခဲ့တာ၊ စွဲဆီလာတာလေ၊ စွဲ မေမေက ဟိုဘက်အိမ် မှာတဲ့၊ ခေါ်ပေးရမလားဆိုတော့ ကျွန်တော်က တမင်မခေါ် ခိုင်းဘဲ ဒီဘက်အိမ်ကို လိုက်လာခဲ့တာ၊ အိမ်ရှင် မဖိတ်ဘဲ လာတဲ့ဧည့်သည်ကို အိမ်ရှင်က ဧည့်ခံချင်ပါ့မလား မသိဘူး"

အဓိပတိသည် ဘယ်လိုလူစားဟု ခန့်မှန်းရန် ခက် လှသည်။ သို့သော် ကေ့အား အင်မတန်ရင်းနှီး ကျွမ်းဝင်လိုဟန် ပြသည်။ ဒါဟာ စွဲရဲ့ အခင်ဆုံး သူငယ်ချင်းဖြစ်နေလို့ပဲဟု ကေက ယူဆပါသည်။ ကေသည် သိပ်ဂရုမစိုက်ဟန်ဖြင့် ...

"ကိုအဓိပတိကို ဧည့်ခံမဲ့ စွဲရှိနေသလို ကေကလည်း ကေ့ ဘက်က ဖိတ်ခေါ်ဖို့ ပျက်ကွက်နေခဲ့လို့တောင် အားနာ မိတယ်"

ဟု ကေက ခပ်တိုးတိုး တုံ့ပြန်ခဲ့သည်။

အဓိပတိသည် သည်နေ့မှာတော့ ကေ့အား ထပ်မံ ဖြားယောင်းသော အရောင်တစ်ခုကို ဝတ်ဆင်ထားခဲ့သည်။ အပြာ ရောင်ဖျော့ဖျော့ ရှပ်အင်္ကျီလက်ရှည်နှင့် ပုံကျ သပ်ရပ်သော ဘောင်းဘီအနက်တို့ဖြင့် ကြည့်ကောင်းနေခဲ့သည်။ အပြာရောင် တွေထဲမှာတောင် ဖျော့တော့သော အပြာရောင်ကိုမှ ရွေးကြိုက် တတ်သော ကေ့ကို အတော်လေး ဒုက္ခပေးတတ်သော ဝတ်စား ဆင်ယင်မှု ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ တိုကပ်တိကျသော ဆံပင်နက်တို့ကတော့ နဖူးထက်မှာ ခပ်ဝဲဝဲ ရှိလှသည်။ ဆယ်နှစ်သားအရွယ်ကတည်းက ဖလော်ရီဒါမှာ အခြေချ နေထိုင်ခဲ့သူတစ်ယောက်မို့ နိုင်ငံတကာ လှည့်လှည်နေထိုင်ခဲ့ဖူးသူမို့ သူ့အကြည့်တွေက ရဲတင်းခဲ့တာပဲ ဖြစ်မည်။ ကေ့ကိုလည်း စိုက်ကြည့်ခြင်းက သည်နိုင်ငံက ယဉ်ကျေးမှုနှင့်ဆိုလျှင်တော့ ကွာခြားနေခဲ့သည်။

သို့သော် ဒီလို စိုက်ကြည့်ခြင်းက သာမန်ကာလျှံကာ တွေပေမဲ့ ကေ့ကို ဒုက္ခကြီးကြီးမားမား ပေးနိုင်ခဲ့ကြောင်း သူ မသိချေ။ ဟုတ်သည်။ သူ တကယ်မသိချေ။

"ကိုအဓိပတိ ဧည့်ခန်းမှာ ဝင်ထိုင်ပါလား"

"နေပါစေ ရတယ်၊ ကျွန်တော့်ကို ဧည့်သည်တစ်ယောက်လို သီးသန့်ကြီး ဧည့်ခံမနေစေချင်ဘူး၊ ကျွန်တော့်ကို ဇွဲနဲ့ ကေတို့ ဆက်ဆံသလိုမျိုး ရင်းရင်းနှီးနှီးပဲ ဆက်ဆံစေချင်တာ၊ ကဲ ... ကျွန်တော် ဒီမှာပဲ ထိုင်မယ်နော် Excuse Me"

ဇွဲက သူမလည်း ဘာမှမတတ်နိုင်ဆိုသော ဟန်ဖြင့် ပခုံးတွန့်ပြလျက် ကေနဲ့ ဇွဲတို့ ထိုင်နေသော ဒန်းကလေးနဲ့ မျက်နှာချင်းဆိုင် ရှိနေသော နောက်ထပ် ဒန်းတစ်ခုမှာ ဝင်ထိုင်သည့် အဓိပတိအား လိုက်ငေးကြည့်နေခဲ့သည်။ သူ့ဟန်ပန်က သက်သောင့်သက်သာ ရှိလှသည်။





ကေသည် အဓိပ္ပာယ်မဲ့ ဂီတာကြိုးတွေ တဒင်ဒင် မြည်အောင် ယက်ချောင်းများဖြင့် တို့ထိလိုက်သည်။ ဇွဲက´ တော့ ဆံပင်ရှည်ကြီးတွေ ဘေးတစောင်း သိမ်းယူ ရှေ့ချကာ ခုနက မတ်တတ်ထရပ်နေရာမှ ကေ့နံဘေးတွင် ဝင်ထိုင်ရင်း သက်ပြင်း သဲ့သဲ့ချသည်။ စိတ်ရှုပ်သွားသလား ဇွဲ။ စိတ်ချပါ ဇွဲအတွက် အဖော် ကောင်း တစ်ယောက် အဖြစ် ကေ့က နံဘေးမှာ ရှိနေပေးပါ့ မယ်။

"ဇွဲကရော ဂီတာတီးတတ်သလား"

"ရှင် ... ဇွဲ မတီးတတ်ပါဘူး၊ ကေပဲ တီးတတ်တာပါ၊ သီချင်းတော့ ဆိုတတ်တယ်၊ ဒါပေမဲ့ ကေဆိုရင် ပိုကောင်းပါတယ်၊ ဇွဲ လိုက်ရောချတာ များတယ်"

"ဟုတ်လား ကျွန်တော်လည်း အဆိုသိပ်မရပါဘူး၊ ဒါပေမဲ့ တီးတာတော့ ဝါသနာပါတယ်၊ ဖလော်ရီဒါမှာတုန်းက မြန်မာတွေများတော့ သင်္ကြန်လို အခါမျိုးဆို ကိုယ့်ဝိုင်းနဲ့ ကိုယ် ပျော်ပြေကြရတယ်လေ၊ ကျွန်တော်လည်း ဂီတာ ပလေယာ တစ်ယောက်ပဲပေါ့"

"ကေနဲ့ ဝါသနာတူတာပေါ့နော် ကေ၊ ဂီတာတွေ့ရင် ထမင်းမေ့ ဟင်းမေ့၊ ကေနဲ့ ဂီတာအကြောင်း ဆွေးနွေး လို့ရတယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



ကေသည် ခပ်မှုန်မှုန်ပျပျကလေး ပြုံးပြကာ စွဲ၏ စကားကို ခေါင်းညိတ်ရင်း အသိအမှတ်ပြုရသည်။ သေချာတာက တော့ ကေဟာ အမိပတိနဲ့ ဘယ်တော့မှ စကားလက်ဆုံကျအောင် ဖန်တီးမည့်သူ မဟုတ်ဘူးဆိုတာပင် ဖြစ်သည်။ စွဲခမျာ ကေ့ကို အားနာနာနှင့် တမင်ပဲ သူမတို့နှစ်ယောက်၏ စကားဝိုင်းထဲ ခေါ် သွင်းနေခြင်းကတော့ သနားစရာကောင်းနေသားပင်။

အကယ်၍ ကေဟာ အမိပတိအပေါ် ရိုးသားတဲ့စိတ် ထားမိတဲ့ မိန်းမတစ်ယောက် ဖြစ်ခဲ့ရင်တော့ သည်နေရာမှာ ကေက စကားတွေ ဝေဝေဆာဆာနှင့် ဖန်တီးမိမည် ထင်ပါရဲ့။ အခုတော့ ကေက မရိုးသားသော မိန်းမ ဖြစ်ခဲ့ရပြီမို့ နှုတ်ဆိတ် နေပါရစေ စွဲရယ်။

"ခုနကဆိုတဲ့သီချင်း ကောင်းသားပဲ၊ အဲဒါ ဘယ်သူ့ သီချင်းလဲ"

"ထွန်းအိန္ဒြာဗိုရဲ့ ဘယ်သူမှ သူ့လောက် ကိုယ် မချစ်ဘူး ဆိုတဲ့ သီချင်းပါ၊ စွဲတို့နှစ်ယောက်က သူ့ရဲ့ အသံကလေး ကို ကြိုက်လို့ အမြဲ ဆိုဖြစ်ကြတယ်၊ သူ့ကို ကိုအမိပတိ သိကော သိရဲ့လား"

"သိပါတယ် ကျွန်တော့်ကို မြန်မာပြည်က ထွက်သမျှ မဂ္ဂဇင်းတွေ အကုန်ပို့ပေးတဲ့ ဆွေမျိုးတွေရှိလို့ ဖတ်ရပါ





တယ်၊ ဒီကအကြောင်းတွေ အကုန်လုံး ရင်းနှီးနေခဲ့တယ်၊ ဘာလဲ စွဲက ကျွန်တော့်ကို မသိဘူးထင်လို့လား၊ ကျွန်တော် က စွဲထက်တောင် ပိုသိပါဦးမယ်၊ အခုတော့ မဟုတ်သေး ဘူး၊ ဒီမှာ အနေကြာလာမှလေ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က ရုပ်ရှင်၊ ဂီတ၊ အကုန် ဝါသနာပါလို့"

စွဲဟာ ကိုယ့်ဘာသာ စကားလက်ဆုံကျနေရင် ပြီးလျက်သားနဲ့ ကေ့ဘက်လှည့်ကာ "ကေ့အတိုင်းပဲ"ဟု ခပ်ညှုံ့ညှုံ့ မှတ်ချက်ကြီးပေးပြန်လျှင် အမိပတိရဲ့ အာရုံက စွဲဆီမှ ကေ့ထံ ရောက်လာခဲ့ပြီပေါ့။ သူ့ဘာသာ ကေ့ကို မေ့နေလက်စနဲ့ မေ့နေ စေချင်သော ဆန္ဒတိုင်းဟာ စွဲကြောင့်ပဲ ပျက်ပြယ်ရပြန်သည်။ (ကဲ ... ကေဟာ အမှန်တကယ် အပြစ်ကင်းခဲ့ပါတယ်ဆိုတာ ယုံဖို့သင့်ပြီ မောင်။)

သည်ကြားထဲမှာ အမိပတိက "ကေက စကားနည်း တယ်နော်"ဟု ထပ်မံ၍ မှတ်ချက်ပေးပြန်တော့ စွဲက ကေ့ကို သံသယဝင်မှာ စိုးတာနှင့် ရှောယောင်၍ ပြုံးပြကာ သူတို့နှစ်ယောက် ရဲ့ စကားဝိုင်းထဲ တတ်နိုင်သလောက် ဝင်ပါဖို့ ကေက ဆုံးဖြတ် ချက် ထပ်မံချရပြန်ခဲ့ပြီ။ ကေ့ဘက်က ဘယ်လောက် ရင်နာစရာ ကောင်းလိုက်သလဲဆိုတာ။ မချစ်သင့်သော လူတစ်ယောက်ဟု သိနှင့်၍ ရှောင်ခဲ့သော်ငြား အခြေအနေတို့က သူ့အား ရှောင်မရ



www.burmeseclassic.com

www.burmeseclassic.com



အောင် ဖန်တီးပေးတတ်ခဲ့လေသည်။ အကယ်၍ ကေသာ တခြားတစ်ယောက်ကို ထပ်မံ ချစ်မိမည်ဆိုလျှင် ခုနက သီချင်းလို "ဘယ်သူမှ သူ့လောက် ကိုယ် မချစ်ဘူး" ဆိုသည့် စာကြောင်းလေးကို ရွတ်မိရလောက်အောင် ကော့အချစ်က အဓိပတိထံမှာ များပြားနှစ်ဝင်နေပြီမှန်း ကေသည် ယနေ့ ခံစားချက်နဲ့တင် သိလိုက်ခဲ့ပြီ။

ကော့နှလုံးသားက နာကျင်နေသည်။ ကော့ ခေါင်းတွေ ရီဝေမူးနောက်နေသည်။ ကော့ မျက်ဝန်းတွေ မျက်ရည်တို့က ရစ်သိုင်းချင်နေသည်။ ကော့ နှုတ်ခမ်းအတွင်းသားများကို မကြာခဏ ခိုးကိုက်ရလွန်းနေခဲ့သည်။ ဩော် ... ဟန်ဆောင်ရသော အဖြစ်က ခက်ခဲလေစွ။ ပင်ပန်းလေစွ၊ ပေါက်ကွဲငိုယိုချင်စဖွယ် ကောင်းလေစွ။

"စွဲတို့နှစ်ယောက်က မေဂျာတူ အတန်းတူတွေဆိုတော့ ကောင်းတာပေါ့၊ နောက် ကြုံရင် ကျွန်တော် လာလည်ဦးမယ်၊ ကော့ကို ကပ်ပေါင်းပြီး စွဲဆီမှာ ရည်းစားဘယ်နှစ်ယောက် ရှိဖူးလဲတို့၊ ဘယ်ကောင်လေးက အသည်းအသန် လိုက်ဖူးလဲတို့ မေးရဦးမယ်၊ ဘယ်လိုလဲ ကေ၊ ပြောပါ့မလား၊ ကေက စွဲရဲ့ ဘက်တော်သား ဖြစ်နေတော့ မေးရတာ အားမရပါဘူး"





ဒါဟာ စွဲကို ကျီစယ်စကားပေါ့နော်။ ကေက စွဲအပေါ် အဓိပတိ ချစ်ချစ်ခင်ခင်ရှိခြင်း ဝေါဟာရလေးများအဖြစ် စွဲအတွက် ဂုဏ်ယူလိုက်နိုင်ခဲ့သည်။ တကယ်ပါ ကေ တကယ်ပဲ စွဲအတွက် ဝမ်းသာပေးနိုင်ခဲ့သည်။ ဒါကို ဘယ်သူကများ ယုံကြည်ကြပါ့မလဲ။ အဓိပတိဟာ စွဲကိုတော့ ဇနီးလောင်းအဖြစ် နေရာပေး ဆက်ဆံသလို ကော့ကိုလည်း စွဲ၏ အချစ်ဆုံး သူငယ်ချင်း၊ လူကြီးတွေ အပြောအရ စွဲ လက်ထပ်မှာကို သဝန်တို စိတ်ကောက်နေသူအဖြစ် ချော့မော့ဆက်ဆံတတ်သူ ဖြစ်သည်။

အမှန်တော့ သည်ရက်ပိုင်းမှာ စကားနည်း တိတ်ဆိတ်သွားသော ကော့ကို သည်လိုပဲ အားလုံးက သတ်မှတ်ကြခြင်းကပင် ကော့အတွက် ငြိမ်သက်ခြင်းကို စပ်စုမည့်သူမရှိဘဲ အနေချောင်နေတာက ကော့ရဲ့ ကံမကောင်းမှုများထဲက ကံကောင်းမှုကလေးပင်တည်း။

"ကေက တရားမျှတတဲ့ ရှေ့နေတစ်ယောက်ပါ စွဲရယ်၊ ကိုအဓိပတိရယ်လို့ ခွဲခြားပြီး မေးမြန်း စွဲချက်တင်မှာ မဟုတ်ပါဘူး၊ ဒါပေမဲ့ တစ်ခုတော့ ပြောမယ်နော်၊ ကော့ရဲ့ စွဲကလေးဟာ အင်မတန်မှ ဖြူစင်ပြီး အပြစ်ကင်းတဲ့ မိန်းကလေး ဆိုတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"Goodသိပ်ကောင်းတဲ့ စကားလေးတွေဝဲ၊ ကျွန်တော်တော့ ကေ့ကို သူငယ်ချင်းတစ်ယောက်လို ခင်မင်မိသွားပြီ စွဲရေ၊ ညည်းကို ကျွန်တော်တော့ မနာလိုချင်တော့ဘူး၊ ဒီလောက် ခင်စရာကောင်းတဲ့ သူငယ်ချင်းတစ်ယောက် ပိုင်ဆိုင်ထား လို့လေ"

စွဲသည် ကေ့ထံမှ ပြေပြေလည်လည် ပြန်လည် ပြောဆိုတုံ့ပြန်ခြင်းအား ကျေနပ်ပီတိဝေကာ ကေ့ လက်ပဝါးအား ဆုပ်ကိုင်ဖျစ်ညှစ်သည်။ ကေ့ထံမှ သည်လောက် ရှည်ရှည်ဝေးဝေး မပြောခြင်းကို တစ်ခါတစ်ရံသာ အဓိပတိအား တုံ့ပြန်ပြောဆို ခြင်းကို ကေ့ထံမှ ကြည်ကြည်လင်လင် မရှိလှသော ဟန်ပန်ကို စွဲကလေး စိတ်မကောင်း ဖြစ်နေခဲ့ပုံ ရသည်။

ယခုလို ကေ တုံ့ပြန်တာကိုပဲ စိတ်ကောက်ပြေပြီ ဟု အထင်တွေနှင့် ကြည်နူးနေခဲ့သော သနားစရာ စွဲပင် ဖြစ် တော့သည်။ (ဒါဆိုရင် ကေ့မှာလည်း အပြစ်မရှိ၊ စွဲမှာလည်း အပြစ်မရှိ၊ အပြစ်ရှိတာက တွေဝေတတ်သော မောင်ပင် ဖြစ်လိမ့် မည် ထင်တယ် မောင်။)

⁂ ⁂





# ၅

ကေ့ကို ထပ်မံ ဖြားယောင်းသမှုပြုသော နေ့ကတော့ ကေနဲ့ စွဲတို့ အတူ အတန်းတက်နေချိန်တွင် အဓိပတိ လာရောက် လည်ပတ်သည့်နေ့ပင် ဖြစ်လေသည်။ ထိုနေ့က ကေသည် အဖြူ ရောင် အင်္ကျီလက်ရှည်ကလေးဖြင့် ဖြစ်သည်။ အင်္ကျီ၏ ပခုံးနှစ်ဖက် ဆီမှာ ကြီးမားသော ဖောင်းကြီးတွေ တပ်ဆင်လေ့ရှိသော ကေ့ ဝါသနာအတိုင်း အင်္ကျီတွင် ရှိသင့်သည့်ထက် ဖောင်းက အတော် လေး ကြီးနေ၍ ကေ့ ပခုံးနှစ်ဖက်က ကားကားကလေး ဖြစ်နေ ခဲ့သည်။ အဖြူရောင် ဇာပွင့်ကြီးတွေက အင်္ကျီ၏ လှပခြင်းကို ~ ရောင်တင်ခဲ့သလို ကေ၏ ကျောလယ်တောင် မရောက်သော ဆံပင်အား ခပ်မြင့်မြင့်ကလေး ချည်ထား၍ ကေ့ ဟန်ပန်ကလေးက ရှင်းလင်းဖြူစင်နေခဲ့သည်ဟု နောက် ကြာတော့မှ မောင်က ဖွင့် ဟဝန်ခံခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



(ထိုနေ့က ကော့ သဏ္ဍာန်လေးကလည်း မောင့်ကို စတင် ယိမ်းယိုင်တော့မတတ် ဆွဲဆောင်လှကြောင်း မောင်က ထပ်မံ ဝန်ခံခဲ့ပြန်သေးသည်။)

အမှန်ပြောရရင် ကေကတော့ ကံကြမ္မာကို မသိသေး၍ အဲသည့်နေ့က စွဲရဲ့ ဆံပင်မှာ လာစိုက်လေ့ရှိသော စက္ကူမြားတို့ကို အလုပ်မရှိ အကိုင်မရှိ ဆွဲဖြုတ်ရင်း ခိုးရယ်နေမိတာ ဖြစ်မည်။ အကယ်၍ အဓိပ္ပတိသာ ရောက်လာခဲ့တော့မည်မှန်း သိနေခဲ့လျှင် ကေ အဲသည်လောက် ပြုံးရယ်မိလိမ့်မည် မထင်ခဲ့ပါ။

"ဟောတော် လာစိုက်ပြန်ပြီ နောက်တစ်ခု၊ ဟိ ... ဟိ၊ ဗလာစာအုပ်တစ်အုပ် မကုန်သေးဘူး ထင်တယ်၊ အိမ်ရောက်ရင် ဒီစက္ကူတွေကို မီးပူအသေအချာတိုက်ပြီး ပြန်ချုပ်ရင် ကျုပ်အတွက် ဗလာစာအုပ်တစ်အုပ် အပိုထွက်နိုင်လိမ့်မယ် ထင်တယ်"

"ကေ ငြိမ်ငြိမ်နေ၊ တော် လှုပ်လှုပ်ရွရွ လုပ်နေတာများပြီ၊ ဆရာ ကြည့်နေတာလည်း ကြာပြီ၊ အဆူခံရရင် ရှက်စရာကြီး"

"အို ... အဆူခံချင်လွန်းလို့ ဆူပါ ဆရာ ဆူပါ၊ ဆရာ ၁၀၀ ဒီဂရီရောက်အောင် ဆူပါဗျို့"





ကေ နောက်ပြောင်စကားကို စွဲလည်း ဣန္ဒြေမဆောင်နိုင်ဘဲ လက်ကိုင်ပဝါဖြင့် ပါးစပ်ပိတ် ရယ်၏။ ကော့တို့နှစ်ယောက်၏ အတန်းတက်ချိန်သည် အမြဲတမ်း သည်လိုပဲ ကုန်ဆုံးရမြဲ။ နှစ်ယောက်သား ကျိတ်ကျိတ် ကျိတ်ကျိတ်နှင့် ရန်ဖြစ်လိုက်၊ စကားများလိုက်၊ များသောအားဖြင့် ကေက စကားပိုများတတ်ပြီး စွဲက ဆရာကြောက်တတ်သူပီပီ နားထောင် ခိုးရယ်တာပဲ ဖြစ်သည်။

ကေက ကော့ဆံပင်မှာ လာစိုက်သော မြားထက် စွဲ၏ မြားတွေကို ပိုသဘောကျသူ ဖြစ်တာကတော့ ကော့ရဲ့ ရှုံးသွပ်မှုပင်တည်း။ အမှန်ပြောရရင် ဒါဟာ နိမိတ်ပြတာပဲလားဟု ခုထိ သံသယဖြစ်နေဆဲ ဖြစ်သည်။

ကေဟာ စွဲလို ကျောက်သင်ပုန်းရှေ့က ဆရာ့ဆီသာ အာရုံပြန်ပို့လိုက်နိုင်မယ်ဆိုရင် ကော့ကို ငေးကြည့်နေသော မျက်ဝန်းတစ်စုံကို ယောင်လို့တောင် ဆုံဖြစ်မည် မထင်ပါ။ သို့သော် ဒါမျိုးဆိုရင် ကံဆိုးတတ်သည့် ကေသည် ကျိတ်ရယ်ပွဲလေး ပြီးချိန်မှာ အခန်းအပြင်ဘက် ကော့ရစ်တာဆီ ငေးမိသွားခဲ့သတဲ့။ ကေက အဲသည့်အခိုက်မှာ "ဘုရားရေ"ဟုတောင် တီးတိုးရေရွတ်မိခဲ့သည် ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



အို ... ကော့ကို ငေးမောစိုက်ကြည့်နေလိုက်တာကိုက သူ့ရဲ့ တွေဝေသော ယိမ်းယိုင်မှုဆိုတာ ကေ အကဲခတ်မိဖို့ သင့်သည်။ (မောင်ပြောတော့ ကော့ဆိက လွတ်လပ်ရွှင်ပျသော ရယ်မောဟန်ကလေးကို မမြင်ဖူး၍ သတိလက်လွတ် ငေးမိတာ တဲ့လေ။) တကယ်ဆို ကော့ထက် များစွာ လှပ၍ ငေးချင်စရာကောင်းသော သူ့ဇနီးလောင်း စွဲကို ငေးကြည့်နေသင့်သည်။

ထိုအခိုက်မှာ ကော့ တစ်ကိုယ်လုံး အေးစက်ကျင်ခဲသွားသည်။ ကော့ မျက်နှာပြင်တွင် ဖြန်းခနဲ ဖြတ်ပြေးသွားသော ရှက်ရိပ်တို့ ရှိလိမ့်မည်။ ကော့ နှလုံးခုန်သံက တဒိတ်ဒိတ် ဆောင့်တိုး ကျယ်လောင်ခဲ့သည်။ ကေက ချက်ချင်း မျက်နှာလွှဲပစ်ဖို့ သတိရှိခဲ့ခြင်းအတွက် ကိုယ့်ကိုယ်ကိုယ် ချီးကျူးပါရဲ့။ မဖြစ်သင့်တာကို ကြိုတင်တားဆီးလိုသော ကေသည် ဘာမှ မသိသေးရှာသော စွဲအား တမင် လက်တို့၍ ...

"စွဲရဲ့လူကြီး ရောက်နေပြီ"

ဟု တိုးတိုး ကပ်ပြောခဲ့လေသည်။

ကေနဲ့ အမိပတီသာ အချင်းချင်း သိရှိလိုက်သော ပြောင်းလဲမှု တစ်ခုအတွက် ကေက ဖုံးကွယ်ပစ်ရမည်။ ဘယ်တော့မှ သတိတရ ဆွေးမြည့်နေဖို့မသင့်။ အမိပတီလည်း ကော့ကိုမြင်တိုင်း သတိမရရလေအောင် ကေက တင်းမာပြနိုင်ရမည်။ အဲဒါ ကော့ရဲ့ သန္နိဋ္ဌာန်တစ်ခုတည်း။





"ဟင် ... ဟုတ်လား၊ ဒါဆို စွဲကို ခုန မြားတွေ ပစ်ခံရတာ သူ မြင်သွားမှာပဲနော်"

စွဲသည် ပျာပျာသလဲ ကော့ကို တိုင်ပင်လေသည်။ အို ... တက္ကသိုလ်ကျောင်းမှာ ခေါင်းကို မြားလာစိုက်တာမှာ ဘာ့ယ်သူ့ ပယောဂ ပါလို့တုန်း။ သောက်ဂရုစိုက်လို့ဟု ကေက စွဲ၏ ပျာယာခတ်မှုကို အပြစ်တင်ချင်ရက် စွဲကို ချစ်သော စိတ်ဖြင့် ဖွင့်ဟမပြောတော့ပါ။ စွဲကသာ ရိုးသားသူ တစ်ယောက်အဖြစ် ပြသချင်နေ။ အဓိပတီဟာ ကြည့်ရတာ မိန်းမကျမ်းကျေသူ ဖြစ်ပုံရသည်။ အင်းလေ သူက အမေရိကန် ပြည်ထောင်စုရဲ့ ဖလော်ရီဒါ ပြည်နယ်မှာ နှစ်ပေါင်း တိတိကျကျရေရင် (၁၅)နှစ်တောင် ခံနေခဲ့သူပဲ၊ ဘယ်ခေလိမ့်မလဲ။ ကေသည် ကိုယ်က တိတ်တခိုး ချစ်မိသူထံမှ ငေးမောခြင်းကို မပျော်မိသည့်အပြင် စွဲကို သစ္စာဖောက်သည်ဟူ၍ အပြစ်တောင် တင်နေသေးသတဲ့။

"အဲဒီအတွက် စွဲကို ဆူမယ်ဆိုရင် ကေနဲ့ တွေ့မယ်၊ ဘာမှမကြောက်နဲ့၊ မြားပစ်ခံရတာပဲ လက်ကိုင်ခံရတာ မှတ်လို့၊ ယောကျ်ားကို မယူရသေးခင်ကတည်းက ဒီလောက် ကြောက်ပြမနေနဲ့"

"မဟုတ်ပါဘူး ကေရယ်၊ စွဲက ကိုအမိပတီ ဒိတ်အငှောင့် အယှက်ဖြစ်သွားမှာ စိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



စွဲ ထင်တာက ကေသည် နဂိုအခံ မကြည်လင်သူ ဖြစ်၍ စွဲဘက်က ရပ်တည်ပြီး အမိပတိကို တစ်ဖက်သတ် ပြောသည် ထင်လိမ့်မည်။ ဒါကြောင့် ကေ့ ရန်လိုစကားအား ပျာပျာသလဲ ချေပကာ ကေနဲ့ အမိပတိတို့ စကားပြော အဆင်မပြေတော့မှာကို တွေးပူနေပုံ ရသည်။ အင်း၊ စိတ်ပျက်စရာပဲ ကောင်းသေးတော့။

အချိန်ပြောင်း ဘဲလ်သံအကြားတွင် ကေသည် သက်ပြင်းတစ်ခုကို တိတ်တိတ်ကလေး ချခဲ့လေသည်။ သည်နေ့တော့ ကေသည် အကြည့်တစ်ချက်နဲ့ ဖြားယောင်းခံလိုက်ရပြန်ပြီကွယ်။

* ❁ *





"စွဲတို့ Break time လား၊ ဒါဆို မြို့ထဲမှာ တစ်ခုခု သွားစားရအောင်လေ၊ ကျန်တော်လာတာ အတော်ပဲ ဖြစ်သွားတာပေါ့၊ စွဲတို့ အားမဲ့အချိန်နဲ့ တိုးသွားရတယ်"

ဂေသည် အဲသည့်အခိုက်အတန့်မှာ ကေ မလိုက်ဖြစ်အောင် အကြံအစည် ထုတ်နေခဲ့သည်။ စဉ်းစားကြည့်၊ ဘယ်သူမဆို ကိုယ်ချစ်မိသူ အနားမှာ မခွာစတမ်း နေချင်လိမ့်မည်။ ဒါပေမဲ့ ကေကတော့။ အင်း ... ကေကသာ နေချင်ခဲ့ရင်တောင် နေချင်တဲ့ ... ဖြစ်သော ကိုယ့်ကိုယ်ကိုယ် ဖြတ်ရိုက်ရမည့် မိန်းမ ဖြစ်လေ ... ည်။ ခုလောလောဆယ် ကေ ချန်ရစ်နေခဲ့ဖို့ စွဲကို အတော်လေး ... ုံးရုံးရမည် ထင်သည်။ အမိပတိကတော့ ကေ့အတွက် ထည့်... ်စရာ မလိုချေ။ သူလည်း သူ့မှားယွင်းသော ဖြစ်ရပ်တစ်ခု ... ွက် အင်မတန် မျက်နှာ ပူနေချင် ပူနေလိမ့်မည်။ (မောင်က ... တော့ ကေ့ကို အားနာသွားတာပါတဲ့။ နောက်များမှ ဒါတွေ ... ှင့်ရသော ကေပင် ဖြစ်သည်။)



www.burmeseclassic.com

www.burmeseclassic.com



"ကော လိုက်ခဲ့နော်"

"ဟာ ... စွဲကလည်း ကော ပြောထားတဲ့ ကိစ္စတစ်ခု မေ့နေပြီလား၊ အဲဒီကို ကော သွားရဦးမယ်လေကွာ"

"ဟင် ... ဘာလဲ၊ စွဲ မသိပါဘူး"

ကောက တမင် ကြံဖန်လိုက်သော ကိစ္စဆိုတာကြီးပင် ဖြစ်သည်။ ဘာမှ နားမလည်ရှာသော စွဲက မျက်မှောင်ကြုတ်ပြီး တောင် တွေးတောနေလေရဲ့။

"ကော့ကို မဂ္ဂဇင်းကော်မတီဝင်အဖြစ် ရွေးချင်နေတဲ့ ကိစ္စလေ စွဲရဲ့၊ အဲဒါ ကော မနေ့က သတင်းကြားလာတာ စွဲ သိပြီးပြီထင်လို့ မေ့ပြီး မပြောမိဘူး၊ အခု အဲဒီကိစ္စ ကော သွားရဦးမယ်၊ ကောမှ မလုပ်နိုင်တဲ့ Active ကိစ္စကြီး သိလား၊ ကော မလုပ်နိုင်ကြောင်း ငြင်းရဦးမယ်၊ တော်ကြာ ကိုယ့်နာမည်ကြီး ပါနေပြီးမှ မလုပ်နိုင်ပါဘူးဆိုရင် ဘယ်ကောင်းမလဲနော်၊ ကောက ဆရာမတွေနဲ့ E.Cကို သွားပြောရမယ်လေ"

အမှန်က ကော့လို အပေါင်းအသင်းဆုံသည့် မိန်းမ တစ်ယောက်အနေနဲ့ လုပ်နိုင်သောကိစ္စ ဖြစ်သည်။ သို့သော် မဂ္ဂဇင်း ကော်မတီဝင်အဖြစ် ကော့ကို ဘယ်သူကမှ မဲပေးနေခြင်း မရှိပါ။ ကောလည်း သတင်းမကြားပါ။ ခပ်အေးအေး နေတတ်သော





စွဲကို အလွယ်တကူ ညာလို့ရနိုင်သောကိစ္စကို နှုတ်တိုက် လျှောက်ပြောမိတာပင် ဖြစ်သည်။ ခွင့်လွှတ်နော် စွဲ။

စွဲသည် ဇဝေဇဝါဖြင့် ဟုတ်နိုးနိုးထင်ကာ သူမကပါ လိုက်ပြီး စပ်စုချင်ဟန်တွေ ပေါ်လာခြင်းအား ကောက ငယ်ပေါင်းပီပီ ရိပ်မိလျက် ...

"စွဲ လိုက်သွားလိုက်နော်၊ ကိုအဓိပတိကို အားနာစရာကြီး၊ ကော မပါလည်း ဘာဖြစ်လဲ နောက်တစ်ခါ ပါမှာပေါ့၊ ဒီတစ်ခါတည်းပဲဟာ"

"ကောကလည်း"

စွဲသည် အင်တင်တင်ဖြင့် ကတတ်ဖွဲ့နေချင်သေးသည်။ ကောသည် စွဲ၏ နားနားကပ်ကာ ခပ်တိုးတိုးဖြင့် ထပ်မံ နှစ်သိမ့်ရလေသည်။ ထိုစကားကို ဟန်ပန်တစ်ခွဲသားနှင့် ကောက ပြောခဲ့သည်။ ကဲ ... ကောတော့ အတော်အတန် ရင့်ကျက်နေခဲ့ပြီပေါ့နော်။

"ဟဲ့ ... ကလေးမရဲ့၊ ဟိုက နှစ်ယောက်တည်းပဲ သွားချင်မှာပေါ့၊ ကျုပ်ကတော့ နောက်က မီးရထားတွဲလို ကပ်ပါနေရင် စိတ်ညစ်မှာ သေချာတယ်၊ တော်ကြာ ကျုပ်ကို အလကားနေရင်း အတွဲ မြန်မြန်ရပါစေလို့ ဆုတောင်းနေပါ့မယ်ဟယ်"



www.burmeseclassic.com

www.burmeseclassic.com



စွဲသည် "နှစ်ယောက်တည်း" ဆိုသော စကားတစ် ကို အရှက်သည်းကာ ကော့ကို မျက်စောင်းတွေ ပစ်ထိုးချိန်မှ ကေသည် ရင်ထဲက အလုံးကြီး ကျသွားခဲ့ပေပြီ။ အင်း ... သည် တစ်ခါတော့ ကေ ရှောင်နိုင်ခဲ့ပြီ ဖြစ်သည်။ နောက်ထပ်၊ နော ထပ်များကို ကေ ပြင်ဆင်ထားရဦးမည်။ အမှန်က စွဲတစ်ယော တည်းသာ ဖြစ်နေခဲ့၍ အဓိပတိက စွဲကိုသာ ခေါ်သွားဖြစ်လိမ့်မ မို့ ကော့အတွက် သည်လောက် ပင်ပန်းလိမ့်မည် မထင်။

သို့သော် ကေနဲ့စွဲတို့သည် တစ်ယောက်နဲ့တစ်ယော ခွဲနေလေ့မှ မရှိခဲ့၍။

ကေသည် စွဲတို့ နှစ်ယောက်အား နှုတ်ဆက်ကျေ ခိုင်းလိုက်သည်။ ကော့ ခြေလှမ်းတွေက အမှန်တရားကို ရင်ဆို ကျောဖြတ်သော ခြေလှမ်းတွေပဲ ဖြစ်စေရမည်။ တစ်ခုတော့ ဝန်ခံပါသည်။ ကေသည် အဓိပတိအား တစ်ခါထက်တစ် တစ်နေ့ထက်တစ်နေ့ ပို၍ပင် ကေဟာ စွဲစွဲလမ်းလမ်းနှင့် ချ လာခြင်း ဖြစ်သည်။ ဒါကြောင့် ကေဟာ စွဲနဲ့ အဓိပတိတို့အ မြင်နိုင်သော သူတို့နှစ်ယောက်က ကော့ကို မမြင်သော နေရ ကွက်လပ်တစ်ခုကနေ ချောင်းကြည့်မိလေသည်။

"နောက်တစ်ခါဆို ကေ လိုက်ဖြစ်အောင် ကြိုတင်ချိန်း မှ ထင်တယ်၊ အခု နေ့လယ်ခင်းက ကော့ကို ကျွန်တော်





စွဲနဲ့က အမှတ်တရကျွေးတဲ့ နေ့လယ်စာလေး ဖြစ်စေ ချင်တာ"

ဟု အဓိပတိက ကော့အား ချည်နှောင်သော စကားကို ဆိုခဲ့သေးသည်။ ကေက တမင် မေ့ပစ်သော်လည်း မရနိုင်တော့ချေ။ "နောက်တစ်ခါ ကေ လိုက်ဖြစ်အောင် ကြိုတင်ချိန်းထားမှ" ဆိုသော ချည်နှောင်စကားအတွက် တွေးတောစိတ်ညစ်နေရ၍ပင်။ ကော့ကို တမင်ဆွဲခေါ်လိုသော ကမ္ဘာတစ်ခုထဲက လူသားနှစ်ယောက် ရှေ့မှာ ကေ ကြာရှည် ထိန်းချုပ်ရခြင်းကို ကြောက်နေခဲ့ပြီ။ ကော့ အမှုအရာများကို အဓိပတိသိမှာ စိုးရိမ်နေခဲ့ပြီ။

"ကေ တစ်ယောက်တည်းပါလား၊ သည်းတော့ ပါသွားတာ တွေ့လိုက်တယ်၊ အဲဒါ သည်းနဲ့ ဈေးစပ်တော့မဲ့လူလို့ ပြောသံကြားတယ်၊ ဟုတ်လားဟင်"

"ဟုတ်တယ်"

အတန်းထဲက မစပ်စုတွေသည် ကော့ အတည်ပြုချက် ကို ကျေနပ်သွားကြပြီးလည်း အေးအေးမနေ။ ကော့ကို "ကေရော ဘယ်လိုလဲ"ဟု ဆက်လက် အင်တာဗျူးပြန်လျှင် ကေသည် စိတ် ပေါက်ပေါက်ဖြင့် ...

"ကေလည်း မကြာခင် သီလရှင် ဝတ်မလားလို့"

ဟု ဘုတောပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်းထဲမှာ အပျော်အသင်း လုံးဝမရှိဘူးလို့ ပြော၍မရသော်လည်း ရင်းနှီးလွန်းသူနည်းသည့် ကေသည် ပထမဆုံးအကြိမ် တစ်ယောက်တည်း ဖြစ်ခြင်းကို ရင်ဆိုင်ရလေသည်။ ကေ ကျောင်းမတက်လျှင် စွဲပါ လိုက်မတက်သလို စွဲ ကျောင်းမတက်ရင် ကေပါ လိုက်မတက်နေကျ။ တစ်ဖန် နှစ်ယောက်အတူ စိတ်အတူ၊ ကိုယ်အတူ ကျောင်းထဲ လျှောက်လည်နေကျဖြစ်၍ ကေသည် ထိုနေ့က ကျောင်းချိန်ကို အင်မတန် ပင်ပန်းစွာ ဖြတ်သန်းရလေသည်။ နောက်ဆုံးတော့ ကေသည် အိမ်ကို စောစော ပြန်နှင့်တော့သည်။

အို … ကော့အဖြစ်က သနားဖို့ပင် ကောင်းသေးတော့။

❋ ❁ ❋





## အခန်း ၆

"ကိုအဓိပတိ ဘယ်လိုလှုစားမှန်းတော့ စွဲ အကဲမခတ်တတ်သေးဘူး၊ ဒါပေမဲ့ အခုထိ စွဲကို ချစ်တယ်ဆိုတဲ့ စကားတစ်ခွန်း မပြောသေးဘူး၊ အင်း … ကြည့်ရတာ လူကြီးမိဘတွေက သဘောတူလို့ မကြာခင်မှာ လက်ထပ်ရတော့မှာမို့ သူ့အတွက် ဒါဟာ အသေးအဖွဲ့ဆိုတဲ့ အမြင်နဲ့ မေ့ထားလိုက်ပုံ ရတယ်"

"စွဲကို ဂရုစိုက်သားပဲ၊ ဒါဟာ စွဲကိုချစ်လို့ပဲ ဖြစ်မှာပေါ့"

"ကေ မရယ်နဲ့ သိလား၊ စွဲက အချစ်ကို တစ်ခါမှ မကြုံဘူးပေမဲ့ ကိုယ် တကယ်ချစ်မိတဲ့ လူဆီက ချစ်ခွင့်စကားဖြစ်ဖြစ်တော့ ကြားချင်တယ်၊ စွဲရဲ့ ရူးသွပ်မှုကလေးပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သည်။ ဇွဲရဲ့ ရှုးသွပ်မှုက မှန်ကန်သော ရှုးသွပ်မှု ဖြစ်သည်။ ကော့ရဲ့ ရှုးသွပ်မှုကတော့ မှားယွင်းသော ရှုးသွပ်မှု ဖြစ်သည်။ ကေသည် နက်နဲသော အဓိပ္ပာယ်တွေပေးသည့် အကြည့်များ၏ ပိုင်ရှင်ထံမှ အဓိပ္ပာယ်များကို ရှာဖွေကြည့်ချင်သည်။ ကော့ကို ရင်ခုန်အောင် ပြုစားသော သူ့အကြည့်များမှာ တစ်စုံတစ်ရာဟာ လျှို့ဝှက်စွာ ကိန်းအောင်းနေလိမ့်မည်တဲ့။ ကေ အစု ယုံကြည်လာခဲ့ပေပြီ။ ဒါပေမဲ့ ကေသည် ဘယ်သူမှ မသိရလေအောင် (သူနဲ့ ကေကလွဲလျှင်) မေ့ပျောက်နေဟန်ဖြင့် ဖုံးကွယ်ဆဲပင်။

အဓိပတိသည် မိန်းမပွေသော လူတစ်ယောက်တော့ ဟုတ်ဟန်မတူချေ။ သို့သော် ဇွဲနဲ့ ပတ်သက်သော ကော့ကို ကြည့်ရှုပုံကတော့ သံသယ ဖြစ်ဖွယ်ရှိသည်။ ဘာပဲဖြစ်ဖြစ် ကေ အထင်မှားတာပဲ ဖြစ်နိုင်သည်ဟု အဓိပတိနှင့် ဆုံပြီးသည့်အခါ တိုင်း ကေက လိမ်ညာပစ်ချင်သားပင်။ နောက်ကြာရင် ဇွဲနဲ့ အဓိပတိဟာ ဘဝတစ်ခုကို တည်ဆောက်ပြီးချိန်မှာ ဒါတွေဟာ မြူမှုန်လိုပဲ ပျောက်ပျက်သွားလိမ့်မည်။ ကော့ရဲ့ ခဏတာ ရှုးသွပ်ရအောင် ဖြားယောင်းမှုတွေ ပေးနေသော အဓိပတိ ကိုတော့ မုန်းတီးသင့်ရက် မမုန်းရက်သော ကေလည်း ဖြစ်သည်။





တစ်ဖန် ကော့အဖြစ်က ဇွဲကို တိုင်တည်ပြီး ရှောင်လို့ ရသည့် အဖြစ်လည်း မဟုတ်၍ ကေသည် အဓိပတိကို မတွေ့ချင်ဘဲ တွေ့နေရသူ၊ မဆုံချင်ဘဲ ဆုံနေရသူ ဖြစ်သည်။ ပြီးတော့ အဓိပတိ၏ ညို့ငင်သော မျက်ဝန်းများအောက်တွင် ဆက်တိုက် ကျဆုံးနေရသူသည် ကေတစ်ယောက်သာလျှင် ဖြစ်တော့သည်။

"ကေရော သူ့ကို ဘယ်လိုမြင်လဲ"

ဘုရား ... ဘုရား ကော့ကို ဇွဲက မေးပြီ။ ကေ အမှန်ကို မပြောရဲချေ။ လိမ်လည်ခြင်း အထူးသဖြင့် ဇွဲအပေါ် သိပ်ကျူးလွန်လေ့မရှိသော လိမ်လည်ခြင်းအား ကေသည် အဓိပတိကြောင့် အမြဲဖန်တီးနေမိပြီ။

ကေသည် မလိုအပ်ပါဘဲ လည်ချောင်းတစ်ချက် ရှင်းလျက် လိမ်လည်မှုကို စတင်ရလေသည်။

"ကေ ထင်တာက ကိုအဓိပတိဟာ ဇွဲလို အပြစ်ကင်းစင်လှပတဲ့ မိန်းမတစ်ယောက်ကို ပိုင်ဆိုင်ရမှာမို့ သူ့ကိုယ်သူ ဂုဏ်ယူနေတယ်၊ ပြီးတော့ ဇွဲကို ကြင်နာတယ်၊ နေရာတကာ ဇွဲဆန္ဒကို အလေးထားတတ်တယ်၊ ဇွဲကိုလည်း မြတ်နိုးတယ်၊ ဒါကြောင့် ဇွဲတို့ဘဝ သာယာလိမ့်မယ်လို့ ထင်တယ်"

"ဇွဲကိုတော့ ချစ်မယ်ထင်ပါရဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ပူမနေပါနဲ့၊ တစ်နေ့ကျ 'စွဲကို ချစ်တယ်' ဆိုတာ လောက်တော့ သူ ပြောကို ပြောရမှာပါ"

မပြောလည်း ဘာဖြစ်သွားမှာမို့လဲ ကေရယ်။ ဂရုစိုက် လို့ဟု ကေက စွဲ၏ ညည်းညူမှုကို ဆူပူချင်သည်။ အေးလေ... အမှန်တော့ စွဲလို မချစ်ဖူးသူကလေးတစ်ယောက်အတွက် ဒါဟာ အရှုံးအမှုး တမ်းတချင်စရာပဲပေါ့ ဟူ၍တော့ တွေးပေးချင်သားပင်။ နေစမ်းပါဦး စွဲလို မချစ်ဖူးသူကလေး ဆိုရအောင် ကေကရော ချစ်ခဲ့ဖူးသူ ဖြစ်လို့လား။ ရယ်စရာပဲ ကောင်းသေးတော့။ ကေက ယောကျ်ားမိန်းမခွဲခြားပြီး အပေါင်းအသင်း ထားတတ်သူ မဟုတ်လို့ ယောကျ်ားလေး သူငယ်ချင်းလည်း မရှားပါဘူး။ သည်ကတည်းက ကိုယ့်ကို နှောင်တွယ်ချင်သူတွေလည်း မရှားခဲ့ချေ။ သို့သော် ကေသည် ဘယ်သူ့ကိုမှ မချစ်မိခဲ့ချေ။

တစ်ခုတော့ ပြောရဦးမည်။ ကေသည် အချစ်ကို အရှုံးအမှုး ကိုးကွယ်ချင်သော ခပ်ညံ့ညံ့မိန်းမတစ်ယောက် မဟုတ် သေးတာတော့ သေချာသည်။

ဒါဟာ အခုလောလောဆယ် အခြေအနေမှာသာ ဖြစ်ကြောင်း နောက်များမှ သိခွင့်ရခဲ့ခြင်းကတော့ ကေသည် ခပ်ညံ့ညံ့မိန်းမ ဖြစ်သွားခဲ့၍ပင်တည်း။

"နောက်တစ်လလောက်ဆိုရင် စွဲတို့ကို လူသိရှင်ကြား စေ့စပ်ပေးတော့မယ် ကေရဲ့၊ စွဲတော့ အပြည့်အဝ မပျော်





နိုင်ဘူးကွယ်၊ သူက အသိရခက်ခဲတဲ့ လူတစ်ယောက်ပဲ ကေ၊ အခုဆို သူနဲ့ ဆုံခဲ့တာ နှစ်လနီးပါးရှိတာတောင် စွဲ ခုထိ သူ့သဘောထားကို မခန့်မှန်းတတ်သေးဘူး၊ အဲဒါ စွဲ ညံ့တာလား၊ သူကပဲ သိုသိပ်လို့လားဟင်၊ စွဲ အကြောက် ဆုံးက စွဲကို မချစ်ဘဲ လက်ထပ်မှာကိုပဲ"

"ဩော် ... စွဲရယ်၊ ကိုအဓိပတိက စွဲ ဓာတ်ပုံကို အစ ကတည်းက မြင်ပြီးနှင့်သူဆိုတာ မမေ့နဲ့ဦးလေ၊ ဓာတ်ပုံထဲ က မြင်ရတဲ့ စွဲကို နှစ်သက်ခဲ့လို့ လူကြီးတွေ စကားကို နားထောင်ခဲ့တာ ဖြစ်မှာပေါ့၊ ကဲပါ ... ကဲပါ ဒီခေါင်းစဉ် ကို ပြောင်းလိုက်ကြရအောင်၊ ကေတို့ ခုန ဆွေးနွေးနေတာ လေး ဆက်ဆွေးနွေးမယ်နော်၊ ဒီခေါင်းစဉ်ရဲ့ အကြောင်း အရာတွေ ဒီနေ့အတွက် ပြီးပြီဟော့"

ကေသည် အတင်းပင် ခေါင်းစဉ်ပြောင်းပစ်လိုက် သည်။ စွဲက အင်တင်တင်ဖြင့် ကေ့ တခြားစကားတွေကို လိုက် နားထောင်ပေးရသော်လည်း စွဲသည် တွေတွေဝေဝေ ရှိလွန်းလှသည်။ မဖြစ်စေရဘူး၊ စွဲ စိတ်မချမ်းသာတာမျိုး မဖြစ်စေရဘူး။ စွဲဟာ စွဲ ချစ်မိသူနဲ့ပဲ လက်တွဲစေရမယ်။ ဒါဟာ ကေ ထားရှိတဲ့ စွဲ အပေါ် ချစ်ခင်ခြင်းများ ဖြစ်သည်ကွယ်။ အဓိပတိဟာ ဘာဖြစ် လို့များ "ချစ်တယ်" ဆိုသော စကားကို ဖွင့်ဟဖို့ တွန့်တိုနေခဲ့ တာပါလိမ့်။ ခုတော့ ကေ့ရဲ့ စွဲကလေး စိတ်ညစ်ရရှာပြီ။



www.burmeseclassic.com

www.burmeseclassic.com



စွဲဟာ ခါတိုင်းဆို အကြောင်းအရာတစ်ခုကို ခဏ လောက်သာ ခံစားတတ်ပြီး အစွဲအလမ်းကြီးသူလည်း မဟုတ်။ ချက်ချင်း မေ့ပျောက်နိုင်သူလည်းဖြစ်၊ ဒါပေမဲ့ ဒီကိစ္စမှာတော့ စွဲဟာ အစွဲအလမ်းကြီးတတ်ခဲ့ပြီ။ စိတ်ချပါ စွဲရယ် ကေက စွဲဘက်က အကောင်းဆုံးဖြစ်အောင် ကူညီမဲ့ သူငယ်ချင်းလေး ဖြစ်စေရပါ့မယ်။

ကေ့ရဲ့ အတွေးမဆုံးခင် ကေ့အတွက် ကံဆိုးမှုတစ်ခု ရောက်ရှိလာတော့သည်။ အဲဒါကတော့ ခုတလောမှာ ကေ ရှောင်နေခဲ့သော အဓိပတိကို သည်နေ့ ဆုံလိုက်ရတာပဲ ဖြစ်သည်။ ကေသည် သူ့ကို မတွေ့ရရင် အတော်အတန် မေ့ထားနိုင်သော်လည်း သူနဲ့ တစ်ခါလောက် ဆုံစည်းလိုက်ရရင် ကေ့အတွက် သေလုမြောပါး စွဲလမ်းမိတတ်၍ ကေက တမင်ရှောင်နေခဲ့ခြင်း ကြောင့်ပင်။ သည်နေ့မှ စွဲ အိမ်ရောက်တယ်၊ ရောက်လို့ မကြာခင် ဆုံရတာဟာ ကေလည်း ဘာမှ မတတ်နိုင်တော့ချေ။

အဲသည်အခိုက်မှာ ကေသည် သီချင်းတစ်ပိုင်းတစ်စ ကိုတောင် သတိရမိသေးသည်။ "ဟိုနေ့က သူ့မျက်နှာ တွေ့လိုက် ရသည် ကိုယ်လေ သေလုမြောပါးကွယ်" ဟူသော သီချင်းလေးပင် ဖြစ်လေသည်။ အဓိပတိသည် သူ့ဓနီးလောင်းကလေး စွဲရဲ့အိမ်ကို လာလည်တာ မဆန်းပါ။ ကေလည်း စွဲအိမ်ကို လာလည်နေကျ





အတိုင်း လာလည်တာလည်း မဆန်းပါ။ သည်အတွက်ကြောင့် ယခုတော့ ကေတို့ မတွေ့ရတာ အင်မတန် ကြာမြင့်ပြီးမှ ထပ်မံ ဆုံခဲ့ကြပြန်သည်။

"ဟော ... ကေ မတွေ့တာတောင် ကြာပြီ၊ ဘယ်ပျောက် နေတာလဲ"

ရှင့်ကို ရှောင်နေတာဟု ကေက စိတ်ထဲမှ အော် ဟစ်ပစ်လိုက်သည်။ တကယ်ဆို စွဲဆီလာတာ စွဲကို အရင်နှုတ်ဆက် စကားပြောသင့်လျက် ဝတ်ကျေတမ်းကျေ ပြုံးပြပြီး ကေ့ကို နှုတ်ဆက်တာတော့ မကောင်းဘူးပေါ့နော်။

"အင်း ... ဟုတ်တယ် ကေ စာမေးပွဲသင်နေလို့၊ ပြီးတော့ မြန်မာအကတွေလည်း သင်နေသေးတယ်၊ စွဲကို ခေါ်ပါ တယ်၊ စွဲက အဲဒါမျိုးကို အဖော်ညှိလို့ မရဘူးရှင့်"

ကေသည် စွဲ မျက်နှာငယ်လေးကို သနားရတာနှင့် အဓိပတိအား တုံ့ပြန်စကား ပြောဖြစ်သည်။ အမှန်တော့ ကေ့မှာ ရှောင်စရာ သည်နည်းတွေပဲရှိနေ၍ စွဲ လိုက်မတက်မှန်းသိ၍ တမင်သွားတက်တာပင် ဖြစ်သည်။

စွဲဟာ ဘယ်လိုလေးပါလိမ့်။ ခုနက သူ့တိုင်တည် စကားတွေကြောင့် ကေကပဲ အဓိပတိကို ချက်ချင်း ရန်တွေ့တော့မဲ့ အတိုင်း အစိုးရိမ်ကြီးနေပုံက အင်း ... အသိရခက်လေစွ။



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့်ကို သင်ပြီးရောပေါ့၊ ကေ တက်တာ ကြာပြီ မဟုတ်လား"

"ဒီလိုပါပဲ ကေက သိပ်ဖြစ်ဖြစ်မြောက်မြောက် မရှိလှပါဘူး၊ စိတ်ကူးပေါက်တုန်းခဏ သင်မိတာလေ"

"ဩော် ... စွဲ အားလား၊ ကျွန်တော် သွားစရာရှိလို့ လာခေါ်တာ၊ ဟိုတစ်နေ့ကတောင် ကျွန်တော် ပြောထားသေးတယ်၊ ရွှေဆိုင်သွားပြီး လက်စွပ် အပ်ရဦးမယ်လေ"

အဓိပတိသည် ကော့ဆိမှ အာရုံပြောင်းကာ စွဲအား စကားပြောဆိုပုံက နည်းနည်းတော့ သူစိမ်းဆန်နေသလားဟု ကေက ကြံဖန် အပြစ်ရှာပေးရသေးသည်။

"ဟုတ်ကဲ့ စွဲ အားပါတယ်၊ ဒါဆို စွဲ အင်္ကျီသွားလဲလိုက်ဦးမယ်၊ ခဏလေးစောင့်နော်၊ ဟဲ့ ... ကေ နင်လည်း လိုက်ခဲ့ပါဦး၊ စွဲအတွက် စေ့စပ်လက်စွပ်ရော လက်ထပ်လက်စွပ်ရော ကေပါ ဝိုင်းအကြံပေးပါဦး"

"ဟဲ့ ..."

ကေသည် အင်မတန် ရိုးလွန်းသော စွဲကို မာန်မလို့ စကားစတာကို စွဲက နားမထောင်။ ကေ့လက်ကို အတင်းဆွဲကာ သူမ၏ အခန်းထဲသို့ ခေါ်လေသည်။ ကဲ ... အခန်းထဲမှာ ကျိတ်ပြီး ဆုံးမရတော့မဲ့ ကလေးမပဲဟု ကေက ရှုတ်နောက်နောက် တွေးကာ စွဲနောက်သို့ အသာတကြည် လိုက်လာခဲ့သည်။ ကဲ့သည်





ရှင်လန်းတက်ကြွကာ ဝတ်စရာ အဝတ်အစားတွေ စိတ်ကြိုက် ရွေးချယ်နေစဉ်မှာ ကေက စကားစလိုက်သည်။

"စွဲ စကားနားထောင်ဦး၊ ငါ ပြောစရာရှိတယ်"

"ဘာလဲ ကေ၊ မလိုက်ဘူးဆိုတဲ့ စကားလား၊ ဒါဆိုရင်တော့ ဆောရီးပါပဲကွယ်"

"မဟုတ်ဘူး စွဲရယ်၊ နင် နားမလည်တဲ့အကြောင်းကို ကေပဲ ဆုံးမရတော့မယ်၊ ဒီမှာ စွဲ၊ ဒီကိစ္စဟာ စွဲရဲ့ကိစ္စပဲ၊ စွဲပဲ အဓိက သက်ဆိုင်တာ၊ အရာရာဟာ စွဲရဲ့ ဆုံးဖြတ်ချက်တွေပဲ လိုအပ်တာ၊ နောက်ပြီး မလိုအပ်တဲ့ အသေးအဖွဲလောက်မှာ ကေ့ကိုခေါ်တာ ကိစ္စမရှိဘူး၊ ဒီလိုမျိုး နှစ်ဦးသဘောတူ သွားသင့်တဲ့ နေရာတစ်ခုကိုတော့ ကေ လိုက်ဖို့မသင့်တာ အမှန်ပဲ၊ စွဲလည်း မခေါ်သင့်တာ အမှန်ပဲ၊ ကိုအဓိပတိကလည်း စွဲကို ကြာရင် အပြစ်မြင်လာလိမ့်မယ်၊ စွဲဟာ ကိုယ့်ခင်ပွန်းလောင်းနဲ့ နှစ်ယောက်အတူသွားရမှာ မသွားဘဲ ကေ့ကို အမြဲခေါ်နေခြင်းက ကိုအဓိပတိကို မသိမသာ သိက္ခာချရာလည်း ရောက်တယ်၊ စွဲက သူ့ရဲ့ ကိုယ်ကျင့်တရားကို မယုံကြည်ရာလည်း ရောက်တယ်"

"အို ... စွဲက ကေ့ကို တစ်ယောက်တည်း ချန်ခဲ့ရမှာမျိုးမှ မလိုလားတာ၊ မဆိုင်တာတွေ တွေးနေရင် ကေတော့ ရူးသွားနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ် စွဲ။ ကေဟာ မဆိုင်တော့တဲ့ လူတစ်ယောက်အကြောင်းကို တွေးနေမိတတ်လွန်းလို့ ရှုံးတော့မယ်ကွယ့်၊ ကော့ဘဝက အစကတည်းက တစ်ယောက်တည်း ကျန်ခဲ့ဖို့ စီရင်ချက်ချပြီးသားပဲ စွဲရယ်၊ ကေက နေတတ်ပါတယ်။

စွဲသည် ကော့စကားကို အတော်အတန် သဘော်ပေါက်သွားဟန်ဖြင့် ငြိမ်သက် တွေးတောနေခဲ့သေးသည်။ စွဲ မေမေက မြန်မြန်လုပ်ဖို့ အော်ခေါ်သံသည် စွဲ၏ တွေးတောခြင်းကို ဖြတ်တောက်လိုက်၍ စွဲသည် သက်ပြင်းချကာ ကော့ပါးတစ်ဖက်ကို ဖွဖွနမ်းသည်။

"ကျေးဇူးတင်ပါတယ် ကေ၊ စွဲက ကော့ကို ခင်တဲ့ စိတ်တစ်ခုတည်းနဲ့မို့ အရာရာကို တွေးမထားမိခဲ့ဘူး၊ ကေဟာ စွဲရဲ့ သူငယ်ချင်းကောင်း တစ်ယောက်ပါပဲကွယ်၊ ကဲ … သွားတော့မယ် ကေ၊ အပြင်လိုက်ခဲ့ဦးမလား"

ကေသည် ထပ်မံ၍ သေလုမြောပါး ဖြစ်ရမည့်အဖြေကို တွေးမိသည်မို့ စွဲ အခန်းထဲမှာပဲ နေခဲ့ဖို့ ဆုံးဖြတ်လိုက်သည်။ အဓိပတိထံမှ စူးစမ်းဟန် မျက်ဝန်းများကို ကေက ရင်မဆိုင်ရဲခဲ့ချေ။ ကားစက်နှိုးသံအကြားတွင် ကေသည် မျက်ဝန်းထောင့်မှ ပွတ်သုတ်၍ တိုးဖွဖွလေး ရယ်မိသည်။





ကေ ငိုတတ်ခဲ့ပြီ ထင်ပါရဲ့။ ဒါပေမဲ့ ကေက လူမသိအောင် ခိုးငိုရသူပင် ဖြစ်သည်။ လူရှေ့ သူရှေ့မှာတော့ ကေသည် ပေါ့ပေါ့ပါးပါး နေတတ်သော အရယ်အပြုံးများသော မိန်းမတစ်ယောက်အဖြစ် ဟန်ဆောင်ရသည်မှာ ကြာခဲ့ပြီ။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com



အဓိပတိနှင့် စွဲတို့ အိမ်ပြန်လာသောအချိန်တွင် ကေသည် ရေပိုက်ဖြင့် ပန်းပင် ရေဖြန်းနေခဲ့သည်။ သို့သော် ကေက အဓိပတိရဲ့ကားကို ကြိုမြင်နှင့်တာမို့ ရေပိုက်ကို အလန့်တကြား လွှတ်ချကာ အိမ်ထဲ ဝင်ပုန်းနေနှင့်ပြီး ဖြစ်သည်။ ကေ့လုပ်ရပ်က နည်းနည်းတော့ ရယ်ချင်စရာကောင်းသားနော်။ ကေလည်း ဘာဖြစ်လို့ ဒီလိုလုပ်မိမှန်း မသိချေ။ ဖြစ်နိုင်တာက ကေသည် အဓိပတိက ကေ့အား ထပ်မြင်သွားမှာ စိုးခြင်း၊ ဒါမှမဟုတ် ကေနဲ့ ထပ်မံဆုံစည်းမှာ စိုးခြင်းကြောင့် ဖြစ်မည်။

တစ်ခုတော့ရှိသည် အဲဒါက ကေသည် အိမ်ထဲမှနေ၍ အဓိပတိအား ချောင်းကြည့်ခဲ့ခြင်း ဖြစ်သည်။ သူ့ အရယ်အပြုံးများကို ကေ ချစ်သည်။ သူ့စကားပြောဟန်ကို ကေ စွဲလမ်းသည်။ သူ့ လမ်းလျှောက်ဟန်ကို ကေ နှစ်သက်သည်။ ကေရှိရာဘက် ကျောခိုင်းသွားပြန်တော့ ကေက သူ့ရဲ့ကျောပြင်ကလေးကို လွမ်းဆွတ်သည်။





ကေသည် သူ့ကို အဝေးကပဲ ငေးကြည့် ဖြေသိမ့်ခွင့်ရသော မိန်းမ ဖြစ်နေရခြင်းကို ယခုတော့ နည်းနည်းခံနိုင်ရည်ရှိလာခဲ့ပြီ။

❊ ❁ ❊



www.burmeseclassic.com

www.burmeseclassic.com



## ၇

ကေ့အား ရှုံ့မဲ့ ငိုယိုဟန်ပြနေသော ကလေးရုပ် ကလေးအား ကေသည် သဘောတကျ ကောက်ကိုင်လိုက်သည်။ ဆံပင်နီကြောင်ကြောင်ကလေးတွေ ကောက်တိကောက်ကွေး၊ လက်တွေ ခြေတွေ၊ ဖောင်းဖောင်းအစ်အစ်လေးများနှင့်မို့ ပကတိ ကလေးတစ်ယောက်ပုံကလေး ဖြစ်သည်။ ကေက ဝယ်ဖို့ စိတ်ကူး ဆုံးဖြတ်ကာ ဆိုင်ရှင်အား ဈေးမေးစဉ်အထိ ကေ့အား စောင့်ကြည့် နေသော လူတစ်ယောက်ကို သတိမထားမိသေးခြင်းက ကေ ညံ့တာပဲ ဖြစ်သည်။

"ကျွတ်ကျွတ်အိတ်အသေးနဲ့ ထည့်ပေးလိုက်မယ်နော်"

"အင်း ... အင်း ရတယ်၊ တို့က ဒီအတိုင်းတောင် ကိုင် သွားချင်တာ၊ လှမြင်မကောင်းမှာစိုးလို့"





ကေသည် လွယ်ထားသော ဟန်းဘက်ခ်အိတ် အကြီး ကြီးထဲမှ လက်ကိုင်အိတ် အလတ်စားကလေးအား လက်နှိုက်ယူ လိုက်စဉ် ...

"ဟယ် ... ကေ့ ပိုက်ဆံအိတ်၊ မဟုတ်သေးဘူး၊ အိတ်ကြီး က ပေါက်နေတာပဲ"

အလန့်တကြား ရေရွတ်လိုက်သော ကေ့ကို ဆိုင်ရှင် ကောင်မလေးက စူးစမ်းဟန်ဖြင့် ပြီးတော့ ကေ့ ဟန်းဘက်ခ် အိတ်ဆီ မျက်လုံးအရောက်တွင် ...

"ဟင် ... အစ်မအိတ် အခွဲခံထားရပြီ၊ အစ်မ မသိဘူးလား၊ ဒီမှာ ကြည့်ပါဦး၊ အဲဒါ ဓားရာပေါ့၊ ဘေးမှာ အစင်းလိုက် ကြီး၊ ဘယ်တုန်းက ခွဲလိုက်တာလဲ မသိဘူး"

"ဘတ်(စ်)ကားပေါ်မှာတုန်းကလား၊ ဟုတ်မယ် တို့က ဒီနေ့မှ ဘတ်(စ်)ကားကျပ်ကျပ်ကို စီးလာမိတယ်၊ အင်း ... ကံကလည်း ဆိုးပါ့"

ကေသည် ကိုယ့်ဘာသာ ရေရွတ်ရင်း ပြုံးမိကာ လက်ထဲက အရုပ်ကလေး ထည့်ထားသော ကြွပ်ကြွပ်အိတ်အား ဆိုင်ရှင်ကောင်မလေးအား ပြန်ပေးရင်း "ဆောရီး တို့မှာ ဝယ်စရာ ပိုက်ဆံအိတ် မပါတော့ဘူး၊ မဝယ်တော့ဘူးနော်၊ နောက်မှထပ်ပြီး လာခဲ့မယ်"ဟု ပြောမလို့ပြင်စဉ် ကေ့နံဘေးနားကို ညင်သာ စွာ ဝင်ရပ်လိုက်သော အရိပ်သည် ...

"ကေ ဘာဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးသံအပြုတွင် ကော့အတွက် နောက်ထပ် ဂံဆိုးမှုတစ်ခု စတင်လိုက်ပြီဖြစ်ကြောင်း ကေ သိရှိလိုက်တော့သည်။

ကေဟာ ဘာဖြစ်လို့ သူ့အသံကို အလွတ်မှတ်သားမိနေတာပါလိမ့်။ ကေဟာ ဘာဖြစ်လို့ ဝမ်းသာခြင်းနဲ့ ဝမ်းနည်းခြင်း ဟူသော ခံစားချက်နှစ်မျိုး တစ်ပြိုင်တည်း ပေါ်ခဲ့တာဟာ သူဟာ ကော့ နံဘေးမှာ လာရပ်လို့ဟု သတ်မှတ်ချင်နေတာပါလိမ့်။ ကေဟာ ဘာဖြစ်လို့ သူ့ကို မော်ကြည့်မိစဉ် သူ့မျက်ဝန်းများနဲ့ ဆုံမည်မှန်းသိလျက် မော်ကြည့်မိခဲ့တာပါလိမ့်။ ကေသည် အခုတော့ အင်မတန်မှ မိုက်မဲသော မိန်းမပင်တည်း။

"ကျွန်တော် ကေ ဈေးစဝယ်ကတည်းက မြင်လို့ ရပ်ကြည့်နေတာ၊ နောက်တော့ ကေ တစ်ခုခုဖြစ်နေမှန်း ရိပ်မိလိုက်လို့"

ကော့အတွက် မေးစရာ စကားမရှိအောင် အဓိပတိက ကြိုတင်ဖြေနှင့်ပြီး ဖြစ်သည်။ ကေ့က "ဟန်းဘက်ခ်အိတ် အခွဲခံရလို့" ခပ်တိုးတိုး ဖြေလိုက်မိသည် ထင်သည်။ ဘာဖြစ်လို့လဲ ဆိုရသော် ကော့ စိတ်တို့က ကော့ခန္ဓာကိုယ်မှာ ကပ်မနေတာ သေချာနေ၍ ဖြစ်သည်။

"ကေက ကိုယ့်ကားနဲ့ကိုယ် လာတာမဟုတ်ဘူးလား"

"ဟင့်အင်း ... ကေ ဘတ်(စ်)ကားနဲ့ လာတာ၊ ကားယူလာရင် အကသင်တန်းရှိတဲ့လမ်းမှာ ရပ်စရာနေရာ ခက်ခဲလွန်းလို့ မယူလာတော့ဘူး၊ ကေ အခု အကသင်တန်းက ဆက်လာတာပါ"





ကေ၏ ဖရိုဖရဲအမှုအရာတချို့ကို သူ သတိထားမိပုံမရပါ။ ကော့ အပြင်အဆင်ကိုသာ စူးစမ်းနေခဲ့၍ပင်။ ကေသည် သည်နေ့တော့ စိမ်းပြာရောင် ကုတ်အင်္ကျီကို ဝတ်ဆင်ထားပြီး ကုတ်အင်္ကျီအောက်မှာဝတ်သော လက်ပြတ်အင်္ကျီကလေးက အနီရောင်နှင့် လုံချည်ဖြောင် အနီရောင်တို့က ဆင်တူဖြစ်သည်။ ကော့ နားဆွဲက ပခုံးနားရောက်အောင် ရှည်လျားသော အဝါရောင်နားဆွဲ ဖြစ်သည်။ ကော့ ဆံပင်တို့ကို ခပ်မြင့်မြင့် ချည်ထားသော ပိုးကြိုးကလေးကတော့ အဖြူရောင် ဖြစ်သည်။ ပြီးတော့ ကြိုးသိုင်းဖိနပ် အနက်ရောင် ပင်ဆယ်လ်ဟီးနှင့် အပြာရောင်မျက်ခွံနှင့် အညိုရောင် နှုတ်ခမ်းဆိုးဆေးနှင့် အနက်ရောင် ဟန်းဘက်ခ်က ကြီးကြီးမားမားနှင့် မျက်စိနောက်ချင်စရာ ဖြစ်နေလိမ့်မည်။ (မောင်ကပြောတော့ ကေသည် ရောင်စုံပန်းချီကား ကလေးတစ်ချပ်နှင့် တူသတဲ့၊ ဒါကြောင့် ထိုနေ့က မောင်သည် ကော့ကို နှုတ်ဆက်ဖို့ သတိမရဘဲ ခပ်လှမ်းလှမ်းမှ ငေးကောင်းကောင်းနှင့် ချောင်းကြည့်နေခဲ့သတဲ့။ နောက်များမှ ကေ သိခွင့်ရသည်။)

ကေက ဆိုင်ရှင်ကောင်မလေးဘက် လှည့်၍ ...

"တို့အတွက် ဒီအရုပ်ကလေးကို ချန်ထားပေးနော်၊ အိမ်တစ်ခေါက်ပြန်ပြီး ပိုက်ဆံယူလိုက်ဦးမယ်၊ ဖြစ်မလားဟင်"

ဟု သံယောဇဉ်မကုန်စွာ ပြောတော့ ဆိုင်ရှင်ကလေးက ရယ်ရယ်မောမောဖြင့် ခေါင်းညိတ်သည်။ သို့သော် အဓိပတိ



www.burmeseclassic.com

www.burmeseclassic.com



သည် ကေ့ကို မထင်မှတ်သောအချိန်၌ အလဲထိုးသွားခဲ့ပြန်ကြောင်း မကြာခင် သိခွင့်ရသည်။ အဲဒါကတော့ ကေ့ အရုပ်ကလေးအတွက် ကေ့ကိုယ်စား သူက ငွေချေလိုက်တာပဲ ဖြစ်သည်။ ကေက ဘယ်ဖြစ်မလဲဟု တားသေးသည်။

"တစ်ခါတည်း ဝယ်လိုက်ပါ ကေရယ်၊ ကျွန်တော် ဝယ်ပေးတယ်ဆိုပြီး မယူချင်လည်း အိမ်ရောက်မှ ပိုက်ဆံပြန်ပေးပေါ့၊ အခု ခဏချေးတဲ့အနေနဲ့ ကျွန်တော့် ပိုက်ဆံကိုယူပြီး ဝယ်ပါ၊ ဓတ်ကြာ စွဲ သိရင် ကျွန်တော်နဲ့ တွေ့လျှက်သားနဲ့ ကေ ဒီလိုဖြစ်တာ မကူညီရလားဆိုပြီး ဂမ်းနည်းနေပါ့မယ်"

ကေ့အား စွဲနဲ့ ခြိမ်းခြောက်လိုက်၍ ကေ ငြင်းဖို့ မကြိုးစားတော့ချေ။ အကယ်၍ ကေက အတင်းအကျပ်ငြင်းရင် ကေပဲ မရိုးသားသည့်လူ ဖြစ်ဦးမည်။ အဓိပတိက ကေ့ရဲ့ ခံစားချက် တစ်စွန်းတစ်စကို ရိပ်မိဦးမည်။ ကေ့အတွက် အနေကျပ်ရဦးမည်။ အို ... မွန်းကျပ်ဖို့ပင် ကောင်းသေးတော့။

"အိမ်ရောက်ရင် ပိုက်ဆံပြန်ပေးမယ်နော်"

"ဪ ... ဟော် ... ပေးပါဗျာ ပေးပါ၊ ကေ စိတ်ချမ်းသာရင် ပြီးတာပါပဲ"

ဟင် ... ဘာလဲ။ ဒါဟာ ဘာသဘောကို ဆောင်တာလဲ။ သူက ရိုးရိုးသားသားခင်လို့ မင်လို့ ပြောတယ်ဆိုရင်





ကော ကေက မရိုးသားသူမို့ လိုရာဆွဲတွေးမိသလိုများ ဖြစ်နေမလား။ ကေတော့ ချာချာလည်တဲ့ အတွေးတွေနဲ့ ကြာရင် ရူးရတော့မယ် ထင်ရဲ့။ ကေသည် ယခုတော့ အရုပ်ကလေးအား ကိုင်ထားချင်စိတ်ပင် မရှိတော့ချေ။ သည်အရုပ်ကို မြင်တိုင်း ကေ့အတွက် အမှတ်ရစရာတစ်ခုက ဒွန်တွဲလာခဲ့ပြီပို့ပင်။ ကေသည် ရိုင်းတယ်ပဲပြောပြော အဓိပတိအား နှုတ်ဆက်ဖို့ မစဉ်းစားတော့ဘဲ ဆိုင်ရှေ့က လှမ်းထွက်ခဲ့သည်။ သို့သော် အဓိပတိသည် ကေ့နံဘေးတွင် ကပ်ပါလာသည်ကတော့ ကေ့အဖို့ ကယောင်ချောက်ချားဖြစ်စေလေသည်။

"ကေ ဘာဝယ်ချင်လေးလို့လဲ၊ ဝယ်ရင် ဝယ်လိုက်ပါလား၊ ကျွန်တော့် ပိုက်ဆံကို ခဏချေးပြီးတော့လေ"

ဟူသော စကားနောက်တွင် မလိုအပ်ပါပဲ "ဟင်း ... ဟင်း" ဆိုသည့် ရယ်သံသည် သူ့အတွက် စိတ်ကို ဖုံးကွယ်ချင်၍ပဲလား၊ မြူးကြွသွက်လက်တဲ့ ဟန်ပန်ကိုများ ဖော်ညွှန်းသလား ကေ မသိချေ။ ဟုတ်သည် ကေ အခုထိ အဓိပတိရဲ့ သဘောထားကို တကယ်မသိချေ။

"မဝယ်တော့ဘူး ကေ ပြန်တော့မလို့၊ ကိုအဓိပတိလည်း ပြန်ချင်ပြန်ပါ၊ ကေ့ကို ဒီလောက်အထိ ကူညီပေးတဲ့အတွက် ကေ ကျေးဇူးတင်ပါတယ်၊ စွဲကိုလည်း ပြောပြလိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကေသည် တွေဝေယိမ်းယိုင်စပြုလာသော ယောကျ်ား တစ်ယောက်အား ပစ္စုပ္ပန်တစ်ခုဆီသို့ ပြန်လည်ခေါ်ဆောင်ရန် ကြိုးစားမိသေးသည်။ အချည်းနှီး ဖြစ်ပြန်သည်။

"ကေက ဘာနဲ့ ပြန်မလို့လဲ"

"ကားငှားပြန်မှာပေါ့၊ အိမ်ရောက်မှ ပိုက်ဆံရှင်းရင် ရသားပဲ၊ အဲဒီလောက် မခက်ခဲပါဘူး"

"ဟာ ... ဘယ်ဟုတ်မလဲ၊ ကျွန်တော် လိုက်ပို့ပေးပါမယ် ဈွဲတို့အိမ်လည်းတစ်ခါတည်း ဝင်လည်လို့ရတာပေါ့၊ နို့မို့ အလုပ်တွေပိနေရတာနဲ့ သိပ်မရောက်ဖြစ်ဖူး၊ အတော်ပဲ ကေ့ကို လိုက်ပို့ရင်း ရောက်ဖြစ်သွားတာပေါ့"

ကျွတ် ... သေလိုက်ဖို့ပင် ကောင်းသေးတော့။ ဘယ်လိုမှပဲ ရှောင်လို့မရတော့ပါလား။ အကယ်၍ ကေက သူငယ်ချင်းတစ်ယောက်အိမ် သွားမယ်ဆိုရင်လည်း အတင်းလိုက်ပို့ဖို့ဖန်တီးဦးမည်။ အိမ်ပြန်ရင်လည်း ဈွဲဆီ လိုက်လည်ဖို့ အကြောင်းပြပြီး လိုက်ပို့ဦးမည်။ ကေ ဈေးလျှောက်ဝယ်ရင် တကောက်ကောက် ပါဦးမည်။ ကေသည် လူတစ်ယောက်၏စိတ်ကို မခန့်မှန်းတတ်သော်လည်း ယခုတော့ မှန်းမိသလိုလိုပင်။

အဓိပတိမှာ စေ့စပ်တော့မဲ့ဆဲဆဲ ဇနီးလောင်းရှိလျက် သားနဲ့ ကေ့ကို အရောဝင်တာ၊ ကေ့ကို ယိမ်းယိုင်တာ၊ ကေ့ ကို အပျော်တွဲသော အတွဲအဖြစ် ဖန်တီး၂င်တာဟာ ကေ့ သိက္ခာကို





စော်ကားရာ ရောက်သည်ဟု ကေ ထင်သည်။ မိန်းကလေးဘက်က စတင်ဖွင့်ပြောပြီး ရန်တွေ့ရမှာလည်း အခက်သားပင်။ ကဲ... ကေရေ ဝဋ်ရှိသမျှ ကျိတ်ခံလိုက်ဦးကွယ်ဟု ကိုယ့်ကိုယ်ကိုယ်သာ ဖြေသိမ့်ရတော့မည်။

မျက်နှာချင်းဆိုင်မှလာသော ကောင်လေးတချို့က ကေ့ ဖက်ရှင်သစ်နှင့် ဟန်ပန်ကလေးအား သဘောတကျ စိုက်ကြည့်ကြလျက် နံဘေးမှ အဖြတ်တွင် ...

"သိပ်လှတဲ့ အပြုံးရဲ့နောက်ကို ငါမလိုက်နိုင်"

ဟု သီချင်းတစ်ပိုင်းတစ်စဆိုလျက် လည်ပြန်အောင် လှည့်ကြည့်သွားကြတော့ ကေသည် ခါတိုင်းလို "ဟိ" ခနဲ ခိုးရယ်မိဖို့တောင် မေ့လျော့ခဲ့တော့သည်။

ကေသည် ချစ်မိသူထံမှ ဖြူစင်သန့်ရှင်းသော အချစ်ကိုသာ ရလိုသူ ဖြစ်သည်။ သို့သော် ကေသည် မရနိုင်ခဲ့မှန်းသိ၍ မတောင့်တခဲ့မိချေ။ ကေ မတောင့်တခဲ့ပေမဲ့ ကေ့ထံသို့ ချစ်သူထံမှ အချစ်တစ်ခုက ရောက်လာတော့သည်။ ဝမ်းနည်းစရာကောင်းတာက ထိုအချစ်သည် အဆိပ်များဖြင့် ပြည့်နှက်နေခဲ့ကြောင်း ကေ သိနှင့်နေတာပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကေက ခန့်မှန်းရ ခက်တယ်နော်"

"ရှင်"

ဟု ကေက ယောင်၍ထွက်သွားသော ပါးစပ်ကို ဖြတ်ရိုက်ပစ်ချင်သည်။ စဉ်းစားသာကြည့် အဓိပတိနဲ့ တစ်ကားတည်းမှာ နှစ်ယောက်အတူတူ တွဲစီးရမှာတော့ ကေ ဘယ်လောက် အနေရခက်မလဲ။ ဧကေက အနောက်မှာ ထိုင်ပြန်ရင် အဓိပတိကို သိက္ခာချရာ ရောက်မည်။ အရှေ့မှာ ထိုင်ရင်လည်း မသင့်တော်ဟု၍ တွေးတော ပူပန်ခဲ့သလောက် အဓိပတိက မပူပင်ခဲ့ဘဲ ရှေ့ဘက် တံခါးကို ကြိုဖွင့်ပေးထားနှင့်ပြီး ကားတံခါးဘေးက ရပ်စောင့်နေမှတော့ ကေကိုယ်တိုင် မဖြေရှင်းတတ်သော ပြဿနာတစ်ခုကို ကေက ရှင်းမနေတော့ချေ။

သို့သော် ကေသည် နှုတ်ဆိတ်ခြင်းနှင့် အဓိပတိအား တိုက်စစ်ဆင်ခဲ့သည်။ သည်ပွဲမှာ ကေက ရှုံးပြန်သည်။





"ဩော် ... ကျွန်တော့်စကား ရှုပ်သွားတယ် ထင်တယ်၊ ဒီလိုပါ ကေ့ ဝတ်စားဆင်ယင်မှု၊ အမူအရာတွေ ကြည့်လိုက်ရင် ကေ့ပုံစံက ခေတ်မီသွက်လက်တဲ့ မိန်းမတစ်ယောက်လို့ ထင်စရာရှိတယ်၊ ဒါပေမဲ့ ကေက အမြင်နဲ့ ဆန့်ကျင်ပြီး ခပ်အေးအေး ဖြစ်နေတာတော့ အံ့ဩစရာပဲပေါ့၊ နောက်ပြီး ကေက မြန်မာအကတွေ အတီးတွေကိုလည်း ဝါသနာပါသေးတာလည်း အံ့ဩစရာပဲ"

အဲဒါတွေဟာ ရှင့်ကြောင့် ကေ ပြောင်းလဲပစ်လိုက်တာ၊ အရင်က ကေနဲ့ အခု ကေဟာ အတော်လေး ကွာခြားနေတယ်ဆိုတာ ရှင်မှ မသိဘဲဟု ကေက စိတ်ထဲမှ ပြန်၍ ခံပြောမိသေးသည်။

"ဖြေပါဦး ကေရဲ့၊ ကျွန်တော် ပြောတာ မှန် မမှန်ပေါ့"

"ဖြေစရာ မလိုပါဘူး၊ ကိုအဓိပတိ မြင်နေတာတွေ မှန်သားပဲ၊ ကေက လူတစ်ယောက်ကြောင့် ပြောင်းလဲပစ်လိုက်တာ၊ အရင်က ကေ ဒီလို အေးအေးငြိမ်ငြိမ် နေလေ့မရှိဘူးဆိုတာ ဖွဲ့ အသိဆုံး"

"လူတစ်ယောက်ကြောင့်ဆိုတာ ဘယ်သူလဲ"

ကေသည် ဆင်လိုက်သောအကွက်ထဲ တန်းခနဲဝင်လာသော အဓိပတိ၏ စကားအတွက် ကျေနပ်ချင်သားပင်။ ကစ်ခါတစ်ရံ ကေလည်း ငိုင်ချင်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကေ့ ချစ်သူပေါ့"

"ဘာ ... ကေ့မှာ ချစ်သူရှိတယ်"

အဓိပတိသည် ရေရွတ်သလိုလို ကယောင်ကတမ်းလိုလိုဖြင့် အသံထွက်ပြီး ပြန်လည်တိတ်ဆိတ်ကာ တွေးတောနေပြန်သတဲ့။ ကဲ ... မှတ်ပြီလား။ ကေ့ကို ခေသူမထင်လိုက်နဲ့၊ ကေဟာ ချစ်ရသူကို ချစ်ရလွန်းလို့ အသက်သေချင် သေသွားပါစေ။ သစ္စာမဲ့သူအဖြစ်တော့ အရောက်မခံနိုင်။ ကေသည် စွဲ အပေါ် သစ္စာရှိရမည်။

လူဆိုတာ ကိုယ့်လမ်း ကိုယ်လျှောက်ရမည်ဟူ၍လည်း ကေက သတိပေးလိုက်တာပဲ ဖြစ်သည်။ အမှန်က သည်လောက် တုန်လှုပ်ဖို့ မသင့်ချေ။ ကေ့မှာ ချစ်သူရှိတာ စွဲမှာ ချစ်သူရှိတာမှ မဟုတ်တာ။ ကေ့ ဝတ်စားဆင်ယင်မှုကိုမြင်၍ ကေသည် ပေါ့ပေါ့ရမ်းရမ်း နေတတ်သော မိန်းမဟု အထင်သေးကာ လွယ်လွယ်ရမလားသဘောနဲ့ ဓာတ်လမ်းစတာတော့ ကေ ဝမ်းနည်းရသည်။ ကေသည် ဒီအတွေးနဲ့ ဝဲတက်လာစ မျက်ရည်များကို ကားအပြင်ဘက် ခေါင်းလှည့်၍ လက်ကိုင်ပဝါဖြင့် မျက်ဝန်းထောင့်ကို မသိမသာ တို့ခဲ့ရလေသည်။

"စွဲမှာတော့ ချစ်သူမရှိသေးတာ အမှန်ပဲ၊ ကေ့မှာ ချစ်သူရှိတာ၊ ကေ့ ချစ်သူက အခု မြန်မာပြည်မှာ မရှိဘူး၊





တခြားကမ္ဘာ အဲလေ တခြားနိုင်ငံမှာ ပညာတော်သင်သွားနေတယ်၊ သူ ပြန်လာမဲ့ အချိန်ကျရင် ကေတို့ လက်ထပ်ကြမှာပါ၊ အဲဒီ့အခါကျရင် ကိုအဓိပတိနဲ့ စွဲတို့မှာ တိုးလိုးတွဲလောင်းတွေတောင် ရှိနေမယ်ထင်ပါရဲ့"

တမင်ပင် ဆက်ပြောဖြစ်သော စကားများကို ကေ ပြန်တွေးတိုင်း ရယ်ချင်သေးသည်။ အမှန်က ကေသည် အဓိပတိဆိုသော ချစ်သူကို သည်ကမ္ဘာမှာ မရှိစေဘဲ ကေ့ရဲ့ ကမ္ဘာတစ်ခုမှာထားမိသည့်သဘောဖြင့် တခြားကမ္ဘာဟု မှားပြောမိတာပဲ ဖြစ်သည်။ ပြီးတော့တစ်ဖန် အဓိပတိအား "ရှင်က ဘယ်သူနဲ့ ပတ်သက်တယ်" ဆိုသော သဘောဖြင့် ပေါက်ကရစကားတွေ ရယ်စရာလုပ်ပြီး ပြောပေးလိုက်ခြင်းပင်။

"ကေက ချစ်သူအကြောင်း ပြောရလို့ ထင်တယ်၊ စကားတွေ သွက်နေလိုက်တာ၊ လက်ထပ်ရင် ဖိတ်ဖို့ မေ့မထားနဲ့ဦးနော်"

အင်မတန်မှ မွှမွှကြေသော အသံဖြစ်လိမ့်မည်။ ကေ ဖန်တီးလိမ်လည်လိုက်သော "ချစ်သူ"ဟူသော စကားတစ်ခွန်းရည် သည်နေ့အတွက် အဓိပတိအား ကေက ဆက်တိုက်ရှုံးနေမှုပါက အနိုင်တစ်ရပ်ပင်တည်း။

ကေ တကယ်ချစ်ရသော ချစ်သူသည် အခြားနိုင်ငံမှာလည်း ရောက်မနေပါ။ ပညာတော်သင်လည်း မသွားပါ။



www.burmeseclassic.com

www.burmeseclassic.com



ကေနဲ့ လက်ထပ်မည့်သူလည်း မဟုတ်ပါ ဆိုတာတွေ အဓိပတိ မသိခဲ့ချေ။ သို့သော် ထူးဆန်းတာက ကေ့ကို သူဟာ အပျော် အတွဲကလေးအဖြစ် တွဲရရုံကြံသည်ဆိုလျှင် ကေ သည်လောက် ကလေး ပြောတာကို ကြေမွမနေ၊ တိတ်ဆိတ်တွေဝေမနေ၊ သက် ပြင်းတွေ မကြာခဏချမနေ။ သက်သောင့်သက်သာဖြင့် ဘာမှ မသိလိုက်သလို နေသင့်သည်ဟု ကေက တွေးကြည့်နေသေးသည်။ သည်တစ်ယောက် မတွဲရလည်း နောက်ထပ် တွဲချင်တဲ့ မိန်းမ တွဲလို့ရတာပဲဆိုပြီး ဂရုမစိုက်ဘဲ နေသင့်သည်။ အခုတော့ အင်း... ဒါဟာ အဓိပတိထံမှ တစ်စုံတစ်ခု မှားယွင်းတာပဲ ဖြစ်မည်။

* ❀ *





# ၈

ကေသည် ညသန်းခေါင်လောက်အချိန်တွင် လက်ခံ ...ရှိသော ကေ့အတွက် ဖုန်းကိုသာ နားမထောင်ခဲ့မိဘူးဆိုလျှင် ...ည်သံသယဟာ ထပ်မံ ကြီးထွားလာနိုင်စရာ အကြောင်းမရှိ ...။ သံသယ အင်း ... အဓိပတိနဲ့ ပတ်သက်သော ကေတာ်မှ ...သယသည် ကေက မရှာဖွေခဲ့ဘဲ အဓိပတိကသာ လာရောက် ...က်နှံခဲ့တာပဲ ဖြစ်သည်။ သို့သော် ထိုသံသယကြောင့် ကေ့ဘဝ ...စ်ခုလုံး အဆိပ်ဖြင့် နှောင်ဖွဲ့ခံလိုက်ရကြောင်း နောက်တော့ ... တဖြည်းဖြည်း သိမြင်လာခဲ့ရသည်။

နေ့ခင်းက ဖြစ်ပေါ်ခဲ့သော သံသယကို အတည်ပြု ...ည်မှာ အဓိပတိက ကေ့အား ညဉ့်သန်းခေါင် ဖုန်းဆက်သော ...ကြောင့် ဖြစ်သည်။ ကေက ဆက်တိုက်မြည်နေသော ဖုန်းအား



www.burmeseclassic.com

www.burmeseclassic.com



နှောင့်ယှက်ရကောင်းလားဟု အနည်းငယ် ဆဲရေးကာ ကောက်ကိုင်လိုက်ခြင်းဖြင့် ခဏတာ နှောင့်ယှက်ခံရခြင်း မဟုတ်တော့ကြောင်း ကေ အဲသည်အချိန်က မသိခဲ့သေးချေ။

"ကေ"

ဟု ခေါ်သံလိုလို၊ အတည်ပြုသံလိုလိုနှင့် စတင်သောတစ်ဖက်လူအား ကေသည် ...

"ဘာလဲ ဘယ်သူ ဆက်တာလဲ၊ အခုပြောနေတာ ကေပဲ၊ ညကြီးအချိန်မတော် ဆက်ရအောင် ဘယ်လောက်များ အရေးကြီးနေလို့လဲ ... ဟင်း"

ဆိုကာ ကေသည် ကေ့သူငယ်ချင်း ယောကျ်ားလေးတွေထဲက တစ်ယောက်အထင်ဖြင့် ကြိုဟောက်ထားနှင့်သည်။

"ကေ ကျွန်တော်ပါ အဓိပတိ ဆက်တာပါ၊ ဆောရီးပဲကေရယ်၊ ကေ အိပ်နေတာကို နှောင့်ယှက်မိသလို ဖြစ်သွားတယ်၊ ကျွန်တော်က မနက်ထိ စောင့်မနေနိုင်လို့ ကျွန်တော့်အလုပ်တွေ ပြီးသွားတဲ့အချိန်ကျမှ ဖုန်းဆက်မိတာ၊ နာရီကိုမှ မကြည့်မိဘဲ၊ အေးလေ ဟုတ်ပါရဲ့ ဆယ့်နှစ်နာရီ ရှစ်မိနစ် ရှိပြီနော်၊ ဆောရီး ... ဆောရီး"

ကေသည် ပါးစပ်မှ ယောင်အော်မသွားမိအောင် မနည်းထိန်းချုပ်လိုက်ရသည်။ လက်ထဲက ဖုန်းကိုတောင် လွှတ်မကျ





တော့မတတ် ကေသည် ဖရိုဖရဲဖြစ်ရပြီ။ မဖြစ်ဘူး ... မဖြစ်ဘူး။ ဒါဟာ ကေ မျှော်လင့်သောလမ်းက သွေဖည်လာတဲ့ နောက်ထပ်လမ်းသစ်တစ်ခုပဲ၊ ကေ အချိန်မီ တားဆီးနိုင်ပါ့မလားကွယ်။ အကြောက်တရား ကေ့အတွက် အမည်မတပ်နိုင်သော အကြောက်တရားတစ်ခုက ခိုဝင်ကိန်းအောင်းလာတော့သည်။

အဓိပတိဟာ ကေ့ကို သည်အချိန်ကျမှ ဘာကြောင့်သတိတရ ဖုန်းဆက်နေသည်လဲဟု ကေ တွေးမရခြင်းအား ပုံပြန်မှုကင်းသော ကေ့ကို ထပ်မံ စကားဆက်သော အဓိပတိကြောင့်ပင် ကေ သိခွင့်ရခဲ့သည်။

"ကေ ကျွန်တော့်ကို ညာခဲ့တဲ့ကိစ္စတစ်ခုကို ရင်ထဲမှာ မျိုသိပ်မထားနိုင်တော့လို့ ဒီအချိန်ကြီးကျမှ ဖုန်းဆက်မိတယ်၊ ကေ ကျွန်တော့်ကို ဘာဖြစ်လို့ ညာခဲ့တာလဲ၊ ကျွန်တော် စဉ်းစားလို့ မရဘူး"

"ကေ ဘာများ ညာမိလို့လဲ"

"ကေ့မှာ ချစ်သူရှိတယ်ဆိုတဲ့ ကိစ္စလေ"

"ဟင့်အင်း ... ကေ မညာပါဘူး၊ ကေ့ချစ်သူက နိုင်ငံခြားမှာ ပညာတော်သင်"

"ဟိုး ... ဟိုး ... တော်တော့ ကေ ... တော်တော့၊ ကြာရင် ကျွန်တော် ရယ်ရလွန်းလို့ အူနာနေတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘုရား ... ဘုရား ကေ့ လိမ်လည်စကားကို သူ ဘယ်ကများ စုံစမ်းသိရှိလာပါလိမ့်။ ပြီးတော့ ကေ လိမ်မှန်းသိတာကို မျိုသိပ်မထားဘဲ တိုက်ရိုက်တုံ့ပြန်ပြီး ကေ့ လိမ်လည်မှုကို လှောင်တာတော့ ဘယ်ကောင်းမလဲနော်။ ကြည့်စမ်း ... အဓိပတိ ဟာ ထင်ထားတာထက် ရဲတင်းလှချည်လား။

"ကျွန်တော် စွဲကို ညနေက မေးကြည့်ပြီးပြီ၊ စွဲကတောင် အံ့သြနေသေးတယ်၊ နောက်ပြီး အရမ်း ရယ်နေခဲ့တယ်၊ ကေ့အကြောင်း အကုန် စွဲ သိသလို စွဲအကြောင်း အကုန် ကေ သိတယ်တဲ့၊ ကေက ကျွန်တော့်ကို တမင်နောက်လိုက်တာတဲ့၊ ကေ ဒီလိုပဲ အတည်ပေါက်နဲ့ နောက်တတ်တယ်လို့လည်း စွဲက ပြောပြခဲ့သေးတယ်၊ မနက်ဖြန်ကျရင် စွဲတော့ ကေ့ဆီလာပြီး မေးတော့မယ်ထင်တယ်၊ ကေက ကျွန်တော့်အတွက် ရယ်စရာဖြစ်အောင် ဖန်တီးတတ်သားပဲ၊ ဒါ ကေ ကြိုတင်ကြံစည်ထားတာ မဖြစ်နိုင်ဘူး၊ ချက်ချင်းလက်ငင်း တန်းပြောတာ မဟုတ်ဘူး။ ဒါကြောင့် စွဲကိုတောင်မှ စည်းရုံးရသေးတာပေါ့၊ နောက်မို့ စွဲက ကေ့ဘက်တော်သားလေ၊ ကေ လိမ်ရင် စွဲကပါ ရောလိမ်ပေးမယ်ဆိုတာ ကျွန်တော် သိပြီးသားဖြစ်လို့ စွဲဆီ ရောက်ရောက်ချင်း မေးလိုက်တာ"





သူ့အသံသည် ရွှင်မြူးတက်ကြွလွန်းသည်။ တစ်စုံတစ်ရာသော အခက်အခဲတစ်ခုမှ လွတ်မြောက်လာသူတစ်ယောက်၏ အသံမျိုး ဖြစ်သည်။ ပြီးတော့ လိုချင်တာကို ပိုင်ဆိုင်ခွင့်ရတော့မည့် အသံမျိုး ဖြစ်သည်။ ကေသည် ခေါင်းကို ကုတ်ဖွပစ်လိုက်ကာ သည်ကမ္ဘာကြီးမှာ ကေ့အတွက် အဓိပတိအားရှောင်ပုန်းစရာ လုံခြုံသော နေရာတစ်ခု မရှိတော့ဘူးလားဟု ရူးကြောင်ကြောင် တွေးမိသေးသည်။

သူ့စကားသံ ဆုံးတာတောင် တော့ဘက်က ဘာတစ်ခွန်းမှ မတုံ့ပြန်ချင်တော့ပါ။ ကေ ဘာ. ·လောက် တုံ့ပြန်ဖိရင် သူ့ဘက် ဆင်ပြလာနိုင်သော စကားကမျိုတလေအား ကေကြားရမှာ မငံရဲသော

"ကေ တစ်ခုခု ပြောဦးလေ"

ဖော တစ်ခုခုတဲ့။ နေစမ်းပါဦး ဘယ်လိုတစ်ခုခုကိုများ ကေ ပြောရမှာပါလိမ့်။ ကေကသာ တစ်ခုခုပြောခဲ့ပါရင် သူ့အတွက် လိုချင်သောအဖြေများ ဖြစ်နေတော့မလား။ ကေသည် ယခုတော့ အနာဂတ်များစွာအား မဝံ့မရဲ ဖြစ်လာရချေပြီ။

"ဇာတ်ဘာသာ လင်းပြီ ကျွန်တော် သိသွားလို့ ရှက်နေဘာလား၊ ဘာဖြစ်လဲ ကေရဲ့၊ တစ်ယောက်က လိမ်လိုက်၊ နောက်တစ်ယောက်က အသိမ်ပေါ်အောင် လုပ်လိုက်နဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ကေနဲ့ ကျွန်တော့်ကြားက ပျော်စရာ ကစားနည်း တစ်ခုပေါ့ ကျွန်တော်တော့ ပျော်တယ် ကေရော"

"မပျော်ဘူး"

ဟု ကေသည် လွတ်ခနဲ အကျယ်ကြီး အော်လိုက်မိတော့သည်။ သူ့ဘက်က တအံ့တဩ တိတ်ဆိတ်သွားချိန်တွင် ကေသည် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချလိုက်ပြီ ဖြစ်သည်။

ကေဟာ ချစ်မိသူထံမှ အမုန်းကို ယောင်လို့တောင် မတောင့်တမိခဲ့ချေ။ တစ်ဖန် အချစ်ကိုလည်း မလိုလားသင့်၍ မလိုချင်ခဲ့ချေ။ ကေ လိုချင်တာက ဖြူစင်သော ခင်မင်မှုပင်တည်း။ ကေ့သဘောက ကိုယ့်ချစ်သူအား အဝေးက ချစ်နေရရင် ကျေနပ်တဲ့ သဘော ရှိခဲ့သည်။

ယခုတော့ ကေသည် ...

"ဒီမှာ ကိုအမိပတိ နေစမ်းပါဦး၊ ရှင်က ကေ့ဆီမှာ ချစ်သူ ရှိတာ မရှိတာနဲ့ ပတ်သက်ပြီး စုံစမ်းစရာ လိုသလား၊ ရှင် သိဖို့ရော လိုသလား၊ အဲဒါကို သေသေချာချာ နဖူးပေါ် လက်တင်ပြီး စဉ်းစားလိုက်ဦး၊ ရှင်ဟာ ကေ့ အချစ်ဆုံး သူငယ်ချင်းရဲ့ ခင်ပွန်းလောင်းအဖြစ် ကေ အစက လေးစားခဲ့ တယ်၊ အထင်ကြီးခဲ့တယ်၊ ပညာတွေ အများကြီး တတ်ခဲ့တဲ့





ကုမ္ပဏီပိုင်ရှင် သူဌေးတစ်ယောက်အဖြစ် သူငယ်ချင်းအစား ဂုဏ်ယူခဲ့တယ်၊ အခုတော့ ရှင့်စိတ်ဓာတ်ကို တဖြည်းဖြည်း သိလာရပြီ၊ ရှင်ဟာ ကိုယ်နဲ့ မသက်ဆိုင်တဲ့ မိန်းမ တစ်ယောက်ကို လိုအပ်တာထက် အရောဝင်လွန်းတယ်၊ ခြယ်လှယ်လွန်းတယ်၊ မလိုအပ်တဲ့ ကိစ္စတစ်ခုမှာ ဝင်ပါ တတ်လွန်းတယ်၊ ဒါဟာ ရှင့်ရဲ့ မရိုးသားသော စိတ်ဓာတ် တစ်ခုဖြစ်ကြောင်း ဖော်ပြနေတာပဲ၊ ဒါကြောင့် ကေ ရှင်းရှင်းပဲ ပြောတော့မယ်၊ ရှင် နောက်ထပ် ကေနဲ့ ပတ်သက်ဖို့ မစဉ်းစားပါနဲ့၊ ဒီဇာတ်လမ်း ဒီမှာတင် ရပ်သင့်ပြီ၊ ရှေ့ဆက်ပြီး ရှင့်ကို ကေ့မိတ်ဆွေတစ်ယောက် လို‌တောင် မဆက်ဆံနိုင်တော့ဘူး ဆိုတာ မှတ်ထားလိုက် စမ်းပါ"

ဟူ၍ မာဆတ်ပြတ်တောက်စွာ ပြောမိပြီ။

သူ့ထံမှ ညည်းညူသံသဲ့သဲ့လိုလိုအား ကြားလိုက်ခြင်း၏နောက်၌ ကေသည် ဖုန်းချလိုက်ပြီး ဖြစ်သည်။ ကေသည် အချိန်အတန်ကြာ ငေးငိုင်နေခဲ့သည်။ ပြီးတော့ ခပ်တိုးတိုး ရယ်လိုက်၏။ ပြီးတော့ ပြီးတော့ပေါ့၊ ၎ကေသည် ကေ့ဘဝ တစ်သက်တာတွင် ငိုဖူးသမျှထဲမှ အပြင်းထန်ဆုံး ငိုကြွေးခြင်းကို ကျေကျေနပ်နပ် လက်ခံလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုလောက်ဆို အဓိပတိသည် သူ့အမှားအား သူ့ယိမ်းယိုင်မှုအား၊ သူ့တွေဝေမှုအား၊ သူ့မရိုးသားမှုအား ဖွင့်ပြောထောက်ပြခဲ့သော ကော့ကို ရက်စိတ်ဖြင့် မုန်းတီးလောက်ပြီ ထင်ပါရဲ့။ ဒါဟာ အကောင်းဆုံးပဲပေါ့။ ကောနဲ့ အဓိပတိဆိုသော ထာဝရ မဆုံနိုင်တော့မည့် လူသားနှစ်ယောက်ကြားမှာ အကောင်းဆုံး ဖြစ်စေရမည်။

စွဲ မသိသော အဖြစ်အပျက်တစ်ခုဟာ စွဲ မျှော်လင့်ထားလိမ့်မည်မဟုတ်သော အခြေအနေကြောင့် ဖြစ်ပျက်သွားခဲ့ရပြီ စွဲရယ်။ ကော သည်လို မရည်ရွယ်ခဲ့ပါဘူး။ ဒါဟာ ကော့အပြစ်လည်း မဟုတ်ပါဘူးဟု ကောသည် အရူးတစ်ယောက်လို တတွတ်တွတ် ရွတ်မိခဲ့သေးသည်။ ထိုညသည် အိပ်မပျော်သော ကော့ကို အိပ်မက်ဆိုးများပေးသော ညလည်း ဖြစ်ခဲ့သည်။

ကောသည် နောက်ထပ်တစ်ဖန် အဓိပတိနဲ့ မျက်နှာချင်းမဆုံမိစေရတော့အောင် ပြောင်ပြောင်တင်းတင်း ရှောင်လွှဲရမည်။ သို့သော် စွဲ မရိပ်မိစေရ၊ ဘယ်သူမှလဲ မသိစေရ။ ကောနဲ့ အဓိပတိသာ သိနိုင်သော ရှောင်လွှဲမှု ဖြစ်စေရမည်။

"အရုပ်ကလေးရယ် နင့်ကို ငါ ဝယ်ကတည်းက ဒါဟာ တစ်စုံတစ်ခုသော နိမိတ်ကို ပြတယ်ဆိုတာ သဘောထားမိဖို့ ကောင်းတယ်၊ ပိုနေတဲ့ အရုပ်ကို ဝယ်မိလို့ ငါ့ဘဝမှာ





ငိုကြွေးရခြင်းတွေ ဆက်တိုက်လက်ခံလိုက်ရတာပဲလား၊ အဓိပတိကိုယ်တိုင် ဝယ်ပေးလိုက်တဲ့ ငိုနေတဲ့ အရုပ်ကလေးမို့ နင်ဟာ ငါ့အရုပ် မဟုတ်တော့ဘူး အဓိပတိရဲ့အရုပ်၊ ဒါပေမဲ့ ငါ့ဆီမှာရောက်နေလို့ အဓိပတိဟာ ငါ့ကို ထာဝရ ငိုကြွေးနေစေဖို့ ဖန်တီးခဲ့ပြီဆိုတာ ငါ လက်ခံလိုက်ရတယ်"

ဟု ကောသည် အရူးတစ်ယောက်လို တစ်ညလုံး စကားတွေ တောက်လျှောက် ပြောမိသေးသည်။

ဟုတ်သည်။ ကောက ကော့အိမ်အရောက် အဓိပတိ ပို့ပေးပြီး ချက်ချင်းပဲ အရုပ်ဖိုး ပိုက်ဆံပေးခဲ့သော်လည်း အဓိပတိက လက်မခံတော့ချေ။

"ယူထားလိုက်ပါ ကောရဲ့၊ ကျွန်တော်နဲ့ စွဲရဲ့ အမှတ်တရ လက်ဆောင်ပေါ့"

ဟူသော စကားဖြင့် ကော့ကို ချည်နှောင်ခဲ့ပြန်သည်။ စွဲကိုယ်တိုင်က အဓိပတိ၏ စကားကို ကျေကျေနပ်နပ် လက်ခံကာ...

"ဟုတ်သားပဲ ကောရယ်၊ နင်ကလည်း သူစိမ်းတွေ ကျနေတာပဲ၊ ခါတိုင်းလည်း စွဲ ပိုက်ဆံတွေ ယူသုံးပြီးရင် ပြန်ပေးသည်း စွဲက ပြန်မယူခဲ့သလိုပေါ့၊ ဒီအရုပ်ဖိုးအတွက် စွဲ ပိုက်ဆံနဲ့ ဝယ်တယ်ပဲ သဘောထားလိုက်ပါ၊ ပြန်ပေးတာကြီးက သူစိမ်းဆန်လွန်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုကာ တားမြစ်ပြန်သည်။

မဟုတ်သေးဘူး ဓွဲရဲ့။ ဒါဟာ ဓွဲ ကိုယ်တိုင် ဝယ်ပေးတာမှ မဟုတ်တာ။ အခ်ိပတိ ဝယ်ပေးတာ၊ အဓိပတိ ဝယ်ပေးတာဟု ကေသည် စိတ်ထဲမှာ အကြိမ်ကြိမ် အဖန်ဖန် ရေရွတ်ရင်း ဓွဲ ရိပ်မိသွားအောင် ငြင်းရန်မသင့်တာနှင့် ကေသည် နောက်ဆုံးတော့ အဓိပတိကို ရှုံးခဲ့ပြန်သည်။

သည်အရုပ်ကိုမြင်တိုင်း ကေသည် သူ့အရုပ်ဟု စိတ်ထဲမှာ မှတ်ယူနေမှတော့ သည်အရုပ်ကို ကေ့ မျက်ကွယ်မှာ ထားသင့်သည်ဆိုတဲ့ ဆုံးဖြတ်ချက်ချခဲ့သော်လည်း အချည်းနှီးတည်း။ ကေသည် ချစ်သူ၏ သက်ဆိုင်မှုကလေးတစ်ခုကို မြင်ချင်နေတာကတော့ ကေ့ရဲ့ အတ္တဖြစ်နေသည်သာပင်။

ယခုတော့ ကေ့ချစ်သူသည် ကေ့ အမုန်းကိုသာ သိခွင့်ရပြီး ကေ့ တိတ်တခိုးအချစ်ကို သိခွင့်မရသူပင် ဖြစ်ခဲ့လေသည်။

❊ ❁ ❊





# ၉

ကေနဲ့ အဓိပတိသည် တစ်ယောက်ကိုတစ်ယောက် မဆုံဖြစ်ကြရန် အသီးသီးရှောင်ကြရင်း ရက်သတ္တပတ် အတော်များများထိ မျက်နှာချင်းဆိုင် မတွေ့ဖြစ်ခဲ့ကြချေ။ ကေက ကေ့စိတ်ကူးနဲ့ကေ ရှောင်သည်။ တစ်ဖန် အဓိပတိသည်လည်း သူ့အရှက်နှင့်သူ ရှောင်နေသည်ဟု ကေ ထင်သည်။ ကေ့ ရှောင်ပုံရှောင်နည်းကတော့ ဓွဲဆီ သိပ်မသွားဖြစ်တာပဲ ဖြစ်သည်။ ဟိုသင်တန်း သည်သင်တန်းနှင့် တမင်ပင် သင်တန်းပေါင်းစုံလျှောက်တက်တော့ အဲဒါမျိုး ဝါသနာမပါသည့် ဓွဲက လိုက်မတက်ဖြစ်တာ။ ကေလည်း အချိန်အားမရှိလို့ မသွားဖြစ်တာနှင့် ကေနဲ့ ဓွဲ အရင်ကလောက် မတွဲဖြစ်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကေက ဒါကို တစ်ခါတလေ ဝမ်းနည်းမိသေးသည်။ စွဲဆိုတာကတော့ အချစ်ဆုံး သူငယ်ချင်းမို့ ကေက စွဲကို ကြာကြာ ခွဲမထားချင်သည့် ဆန္ဒသည် ကေ့ ဆန္ဒအရင်းခံ ဖြစ်လေသည်။ သို့သော် ကေတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ချစ်လက်စနဲ့ သည်လို တဖြည်းဖြည်း ဝေးသွားရခြင်းက အကောင်း ဆုံးတည်း။ ကေနဲ့ အဓိပတိတို့၏ ပဋိပက္ခကို စွဲ မသိသေးခင် ခွဲကြရခြင်းက အကောင်းဆုံးပင် ဖြစ်လိမ့်မည်။

ဒါပေမဲ့ ကေ့အတွက် မလွှဲမရှောင်သာသော နေ့ တစ်နေ့က ရောက်လာခဲ့သောအခါ ကေတို့ ပြန်တွေ့ကြရသည်။

ထိုနေ့သည် အေးမြခြောက်သွေ့သော ဆောင်းရာသီ၏ အနှောင်းပိုင်းကာလ တစ်ရက်ဖြစ်သည်။ ကေသည် နုးညံ့ပျော့ပျောင်းသော ပိုးသားဝတ်စုံ ငွေမင်ရောင်ဝတ်စုံကို ဝတ်ဆင်လျက် ကေ့ ဆံပင်တို့က အလယ်က ဆံညှပ်ကလေးပေါ်အောင် အနောက်ကို လှန်ဖြီးကာ နောက်တွဲဆံထုံးကလေးကို ထုံးထားခဲ့သည်။ သဇင်တို့ ဝေချိန်မို့ ကေ့ ဆံထုံးတွင် သဇင်ခက်များ မြိုင်မြိုင်ဆိုင်ဆိုင် ပန်ထားခဲ့သေးသည်။ (မောင်က ပြောတော့ ထိုနေ့က ယောကျ်ားတော်တော်များများ၏ အာရုံက ကေ့ထံတွင် ရှိနေခဲ့၍ သူက မဆီမဆိုင် ကေ့ကို သဝန်တိုချင်သတဲ့)။





ထိုနေ့ကလေးကတော့ ကေ့အချစ်ဆုံး သူငယ်ချင်း စွဲ၏ စထရင်းဟိုတယ်တွင် ကျင်းပသော စေ့စပ်ပွဲကလေး ဖြစ်သည်။ ရင်းနှီးသော မိတ်ဆွေအယောက်ငါးဆယ်မျှသာ ဖိတ်ကြားသော စေ့စပ်ပွဲကလေး ဖြစ်သည်။ ဖေဖေ မေမေနဲ့ ကေတို့ထိုင်သော စားပွဲကလေးသို့ စွဲတို့ စုံတွဲ လာရောက်နှုတ်ဆက်ချိန်တွင် ကေ့ မျက်လုံးအစုံသည် အဓိပတိအား မကြည့်မိအောင် အတော်ကလေး ဂရုစိုက်ထားရသည်။

စွဲသည် ကေ သူ့မဆီ သိပ်မလာဘဲ အဆက်အသွယ်ဖြတ်ထားခြင်းအတွက် အနည်းငယ် စိတ်ကောက်ဟန်ဖြင့် ...

"အန်တီနဲ့ အန်ကယ်တို့ စားပွဲမှာ ဘယ်သူ ထိုင်နေတာလဲ ဟင်၊ စွဲ တစ်ခါမှ မမြင်ဖူးပါဘူး။ ကေ့ဆီ စွဲ မဖိတ်ဘဲ လာတဲ့ ဧည့်သည်ထင်တယ်"

ဟု စတင် ခနဲ့တော့သည်။

ကေသည် ပေါ့မော့ပါးပါးကလေးပြုံး၍ စွဲ၏ လက်ဖဝါးကို ဆွဲယူ ဆုပ်ညှစ်လျက် စွဲကို ချော့မော့ရသည်။ စွဲကလေးမှာ ဘာမှ မသိရှာသော ပြုံးခင်းလုကလေးဖြစ်၍ ကေသည် ကေ့ဒုက္ခ တစ်စုံတစ်ရာကို တစ်သက် ဖွင့်မပြောဖို့ ဆုံးဖြတ်ထားခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ကျွန်မနာမည် ကေလို့ ခေါ်ပါတယ်ရှင်၊ ဟောဒီ သတို့သမီးလောင်းကလေးရဲ့ အချစ်ဆုံး သူငယ်ချင်းပါ၊ အိမ်ချင်းက အင်မတန်ဝေးလို့ အခုမှ လေယာဉ်ဆိုက်လို့ ရောက်လာရပါတယ်ရှင်"

ဟူ၍ ကေက ရှုတ်နောက်နောက်အပြောဝယ် ...

"ဟင်း ... ကေနော်၊ ငါ့ကို စိတ်ပြေအောင် ရယ်စရာတွေ လာမပြောမနေနဲ့၊ ငါ့ထက် ခင်ရမဲ့လူတွေ တွေ့နေလို့ ငါ့ကို မေ့ထားပြီးတော့၊ တော့်အပြစ်တွေ ဖုံးချင်တာနဲ့ အခုမှ လာမချော့ပါနဲ့နော်၊ မရဘူး လုံးဝ မပျော့ဘူး"

ဟု စိတ်ကောက်ပြေချင်စ အသံဖြင့် တုံ့ပြန်သည်။ ဖေဖေ၊ မေမေနှင့် ကေတို့နှစ်ယောက်သည် အမိပွာယ်မဲ့ ရယ်လိုက်ကြသော်လည်း စွဲနံ့ဘေးမှ တစ်စုံတစ်ယောက်၏ ရယ်သံမပါခြင်းကို ကေတစ်ယောက်သာ သတိပြုမိခဲ့သည်။

ဘာဖြစ်တာလဲ ... ဘာဖြစ်တာလဲ။ တကယ်ဆို လုံးဝမဖြစ်သင့်တာပဲကွယ်။ မိဘသဘောကျ ကိုယ်တိုင်လည်း သဘောကျတဲ့ မိန်းမတစ်ယောက်နဲ့ ဂုဏ်သရေရှိစွာ ဧစ္စပ်ရတာလေ။ သည်လို ထပ်မံ မတွေ့ဝေသင့်တော့ဘူး ထင်တယ်။ တကယ်ဆို ကေ့ထက် ရုပ်ရည်လှပသော၊ ဣန္ဒြေသိက္ခာနှင့် ပြည့်စုံသော ကေကသာ သူ့ရဲ့ဩဇာကို မနာခံရင် ရှိမယ်၊ အမိပတိရဲ့





စကားဟူသမျှ ဩဇာပေးခြင်း ဟူသမျှကို ချစ်စိတ်နဲ့ နာခံမည် ဖြစ်သော "အသည်းစွဲ"လို မိန်းမတစ်ယောက်နဲ့ လက်တွဲကြဖို့ စရန်သတ်တာပဲ။ သည်လောက် တိတ်ဆိတ်မနေသင့်ဟု ကေက စွဲအစား စိတ်ပူပန်မိသည်။

"ကေ မပြန်နဲ့ဦးနော်၊ စွဲတို့ ဓာတ်ပုံတွဲရိုက်ကြဦးမယ်၊ ပြီးတော့ အိမ်ကို တစ်ခါတည်း လိုက်ခဲ့၊ စွဲတို့ စကားတွေ အကြာကြီး၊ မပြောရတာ ကြာပြီ၊ ကေကသာ မလွမ်းတာ၊ စွဲက အရမ်းလွမ်းနေတာ၊ ကေတို့ အိမ်ဘက်လာတိုင်း ကေက အမြဲ အပြင်ထွက်နေလို့ စွဲက စိတ်ညစ်ညစ်နဲ့ အိမ်ပြန်ရတာ၊ ကေ မသနားဘူးလား"

"စိတ်ချ ... စိတ်ချ၊ ကျုပ် ဒီနေ့ သင်တန်းတွေ အကုန်ဖျက်ထားတယ်၊ စွဲရဲ့ ပွဲကလေးကို မဆင်နွှဲလိုက်ရမှာစိုးလို့ သိရဲ့လား၊ ဒေါ်အသည်းစွဲရဲ့"

ဟူ၍ ကေသည် တမင်ပဲ ခပ်ရွှင်ရွှင်ကလေး ပြောပိုက်သည်။ အမိပတိရဲ့အမြင်မှာ ကေသည် သူ့အပေါ် တစ်စွန်းတစ်စလေးမျှ မယိမ်းယိုင်သေးသော မိန်းမ ဖြစ်စေရမည်။ ကေက သူ့ကို အထင်သေးမုန်းတီးနေသည်ဟု ထင်နေစေရမည်။

တကယ်တော့ ကေသည် အို ... ထားပါ။ ဒါတွေ မျက်နှာမှာ မတွေးကြရင်း အားအကောင်းဆုံး ဖြစ်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ကေ ... နင် အရမ်းလှတာပဲ၊ စွဲတို့နှစ်ယောက် မတိုင်ပင်ဘဲ ဝတ်လိုက်တဲ့ ဝတ်စုံက ငွေမင်ရောင်ချင်း အရောင်ဟူနေ တယ်နော်၊ အံ့သြစရာကြီး"

"အေးလေ ဟုတ်ပါရဲ့၊ ကေနဲ့ စိတ်တန်ခိုးချင်း ဆက်သွယ် နေလို့ ဖြစ်မယ်နော် မေ"

မေက "အရူးမ"ဟု ကေ့ခေါင်းကို တစ်ချက်ပုတ် ပေမဲ့ ကေ့ ဘက်တော်သား ဖေကတော့ "ဟုတ်မှာပေါ့ သမီးရဲ့" ဟူ၍ တစ်မျိုးထောက်ခံလေသည်။ ကေသည် သူ့ရှေ့မှာ အစွမ်း ကုန် လိုက်မမီအောင် ရယ်မောရွှင်ပျရခြင်းကို အတော်လေး ခက်ခဲသည်ဟု အဲသည်အချိန်က ခံစားခဲ့ရသည်။ ဘာဖြစ်လို့လဲ ဆိုရလျှင် အဓိပတိက ရှိသင့်တာထက်ကို တိတ်ဆိတ်နေလွန်း၍ ပင်။ ကေသည် သူ့ကို မကြည့်ဘူးဆိုကာ စိတ်တင်းခဲ့သော်လည်း နောက်ဆုံးမှာ သူ့ရဲ့ တိတ်ဆိတ်မှုကို စူးစမ်းချင်လှ၍ ကေ တစ်ချက် ကြည့်မိခြင်းသည် ကေ့ အမှားပင် ဖြစ်တော့သည်။

ကြည့်စမ်း ... ဘယ်လောက် အံ့သြစရာကောင်းလိုက် သလဲဆိုတာ။ တစ်စုံတစ်ခုကို ပိုင်ဆိုင်ရတော့မည့် လူတစ်ယောက် ရဲ့ မျက်နှာမှာရှိသင့်တဲ့ အရိပ်ထက် တစ်စုံတစ်ခုကို ဆုံးရှုံးရတော့ မည့် အရိပ်မျိုးက ကြီးစိုးနေလိုက်တာကွယ်။ ဝေခွဲမရခြင်း၊ တွေ ဝေခြင်း၊ တမ်းတခြင်း၊ တောင်းပန်ခြင်းတွေလည်း ရှိချင်ရှိနေနိုင်မည့်





မျက်ဝန်းသည် ကေ့ကို ညပေါင်းများစွာ နှိပ်စက်တော့မည်။ ဟင့်အင်း ... ကေက မဖြစ်သင့်တာကို မဖြစ်ရအောင် တားမြစ်ခဲ့ တာပါ၊ ရှင့်ကို မမုန်းခဲ့ပါဘူးဟူ၍ ကေ့ နှလုံးသားက ပဲ့တင်ခတ် မှု အော်မြည်နေခဲ့တော့သည်။

ကေသည် ဟန်ဆောင်ရယ်မောနေရာမှ ခေတ္တငိုင် သွားခဲ့သည်။ ပြီးတော့ ကေကတော့ အမူအရာများကို ဖုံးကွယ် ပစ်လိုက်သည်။ သို့သော် ကေ့နှလုံးသားတစ်စုံလုံးအား အဆိပ်ဖြင့် နှောင်ဖွဲ့ခံလိုက်ရသလို တစစ်စစ်နာကျင်လျက် ပြင်းပြသော ဝေဒနာဆိုးက လွှမ်းမိုးနေခဲ့ပြီတည်း။

တစ်နာရီခွဲတိတိသာ ကြာမြင့်သော စေ့စပ်ပွဲကလေး အပြီးတွင် ကေသည် စွဲ၏အလိုကျ ဓာတ်ပုံတွဲရိုက်ခြင်းကို လက်ခံရလေသည်။

အမှန်တော့ ကေ့ သဘောအရ ဆိုလျှင် ဓာတ်ပုံ တွေထဲမှာ ကေ့ပုံ မပါစေချင်။ အဓိပတိဟာ ဓာတ်ပုံကြည့်မိတိုင်း ကေ့ကိုမြင်ပြီး သတိရနေမှာစိုး၍ ဖြစ်သည်။ ဒါပေမဲ့ ငြင်းလို့မရ နိုင်မှန်းသိ၍ ကေသည် ကြိုးစားပမ်းစား ငြင်းမနေတော့ချေ။

"ကေ အရမ်းပြုံးလေဟာ နင်ကလည်း၊ ငါးရှုပြုံးတို့၊ ငါး သလောက်ပြုံးတို့ မေ့နေပြီလား၊ အခုပြုံးတာကြီးက ဘာလဲ၊ မိုနာလီဇာ အပြုံးလား"



www.burmeseclassic.com

www.burmeseclassic.com



စွဲက ကေ့တစ်ယောက်တည်းပုံ လိုချင်သည်ဆို၍ ကေက ဓာတ်ပုံအရိုက်ခံသောအခါ စွဲ နံဘေးမှ အဓိပတိသည် သူ့မျက်လုံးများကို အဝေးသို့ ပို့ထားခဲ့သည်။ ဒီအတွက် ကျေးဇူး ပါပဲရှင်ဟု ကေက ခပ်ရွှတ်ရွှတ် တွေးလိုက်သေးသည်။

"ကေ မပြန်နဲ့နော်၊ စွဲတို့အိမ်ကို လိုက်ခဲ့၊ စွဲတို့ မောင်နှမ တွေ ဒင်နာလုပ်မလို့ စီစဉ်ထားတယ်၊ ကေ ပါမှ ဖြစ်မှာ"

"အေးပါ ငါ့ကို ဒီစကားချည်း ထပ်ခါထပ်ခါ ပြောတာ ဆယ့်တစ်ခါရှိပြီ"

"ဆယ့်တစ်ခါလောက်ပြောမှ ကေက လိုက်မှာမှန်းသိလို့"

ကေသည် စွဲအား ကေ ပြန်လာပါ့မယ်ဟု ကတိပေးပြီး အိမ်ဘက်သို့ ပြန်ဖို့အလှည့်တွင် ကေ့အား ခိုးကြောင်ခိုးဝှက် ကြည့်သော မျက်လုံးအစုံကို မြင်ဖြစ်အောင် မြင်လိုက်သေးတာက တော့ ကေ့အပြစ် ဖြစ်လေသည်။

❋ ❁ ❋





"မိကေ သိချင်းဆိုဟာ၊ ညည်း သိချင်းဆိုဟာ နားမထောင်ရတာ ကြာလှပြီ"

"ဟာ ... မဖြစ်ပါဘူး ကိုကိုကြီးရယ်၊ တော်ကြာ စွဲတို့အိမ်ပေါ် ခဲကျနေပါ့မယ်၊ ကေ့အသံကြီးက [illegible] ဖွယ်မှ မရှိတာ၊ စွဲကို ဆိုခိုင်း"

"အံမယ် ... ကေ၊ ငါ့ကို လွှဲမချနဲ့၊ ကိုကိုကြီးက ကေ့အသံကြားချင်လွန်းလို့ ဖြစ်မှာပေါ့နော်၊ ဟုတ်ရဲ့လားဟေ့"

"ဟေး ဟုတ်တယ် ... ဟုတ်တယ်"

ကေသည် စွဲ၏ ခပ်နောက်နောက်စကားအတွက် ပါတိုင်းလို လွတ်လွတ်လပ်လပ် ရယ်မောပစ်လိုက်သည်။ စွဲတို့ မောင်နှမများထဲတွင် မိဘပေးစားသော မိန်းဇရိုယည်း လက်မခံ၊ ကိုယ်တိုင် စိတ်ကြိုက်ရှာရင်းနဲ့ အခက်ဖြစ်ခဲ့သေးသော ကိုကိုကြီး ဟာ စွဲက ကေနဲ့ သဘောတွေတူကာ အမြဲနောက်ပြောင်တတ် လို စွဲတို့ မောင်နှမတွေကလည်း နောက်ပြောင်နေကျဖို့ မျက်လုံးဝိုင်းနောက်ကြသံတွေ၊ ရယ်သံတွေနှင့် ဆူညံရှေ့ခဲ့သည့် ညစာစားပွဲကလေးပင်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ မကေ ဆိုစမ်းပါ၊ ပရိသတ်က ပွဲတောင်းလှပြီ၊ ပဲမျှားမနေပါနဲ့၊ အရင်ကဆို အမြင်ကတ်စရာ ကောင်းလောက်အောင် ဆိုလွန်းလို့ မနည်းရပ်ခိုင်းရတဲ့ လူကများ"

"မမရဲ့ ပုဂ္ဂိုလ်ကြီး ရှိလို့လား၊ အို ... ခေါက်ထားလိုက်၊ နားငြီးရင် တခြား သွားရှောင်နေလိမ့်မယ်"

"ဟဲ့ ... တိုးတိုး၊ တော်ကြာ ကြားသွားမှ"

စွဲတို့ ဝမ်းကွဲမောင်နှမများ တစ်ယောက်တစ်ပေါက် အသံတို့ကြားတွင် ကေသည် နောက်ဆုံးတွင် အရှုံးပေးလိုက်ရတော့သည်။ ကေ့ လက်စွဲတော် ဟော်လိဂီတာကလေးအား ကောက်ကိုင်လျက် ကြိုးညှိတော့ စွဲ၏ ညီမဝမ်းကွဲလေးက ဘော့စ်လိုက်ပေးဖို့ သူမ၏ ဂီတာကလေးအား အသင့် ကောက်ကိုင်လိုက်သည်။ ကေ့မှာ မောင်နှမဝမ်းကွဲလည်းမရှိ၊ စွဲတို့ မောင်နှမတွေကိုသာ ရင်းရင်းနှီးနှီး ပေါင်းသင်းရသူလည်း ဖြစ်သည်။

"မကေ ဘာဆိုမလဲ"

ကေက သီချင်းနာမည် ရွတ်ပြတော့ စွဲ ညီမဝမ်းကွဲလေးက ကြိုးညှိသည်။ ကေသည် ထိုအခိုက်အတန့်တွင် နောက်ဖေးထမင်းစားခန်းမှ ဧည့်ခန်းဆီ လှမ်းဝင်လာသော အဓိပတိအား မျက်ဝန်းထောင့်မှ မြင်လိုက်သည်။

တစ်နေရာရာမှာ ရိပ်ခနဲ ဝင်ထိုင်လိုက်သော ကိုယ်ဟန်ကို မသိမသာ အကဲခတ်ရင်း ကေသည် သက်ပြင်းတို့ကို မသိမသာ ချလိုက်မိသည်။ တော်ပါပြီ သည်တစ်ခါ သူနဲ့ အချိန်ကြာကြာ ဆုံစည်းရခြင်းက နောက်ဆုံးပါပဲ၊ နောက်ထပ်တွေ့ဖို့မှ မလိုတော့တာ။

"ဒီမှာ ချစ်လိုက်ရတာ မင်းအသိဆုံးပါ မောင့်ရင်ထဲက လမင်းငယ်"

ကေ့အသံအပြင် တခြားသော မောင်နှမတွေ၏ ဝိုင်းပြီး ဟာမိုနီ လိုက်ဆိုသောအသံတို့ဖြင့် ညချမ်းကလေးက လှပနေခဲ့သည်။ ကေသည် ကေ့သူငယ်ချင်း စွဲအတွက် လှပသော ညလေးတစ်ညအဖြစ် ဖန်တီးပေးနိုင်ခဲ့၍ ကြည်နူးရပါသည်။ ကေ့ကို ချစ်ချစ်ခင်ခင် ရှိလှသော စွဲ၏ မောင်နှမတွေသည် ကေ့ရင်တွင်းက ခံစားချက်ကိုများ သိခဲ့လျှင် အို ... ကေ မတွေးသင့်တာကို တွေးမိတာပဲ ဖြစ်သည်။ ကေနဲ့ အဓိပတိကပဲ ဖန်တီးသလား၊ ကေကပဲ ဖန်တီးသလား ကေ မသိချေ။ ဟုတ်သည် ကေ တကယ်မသိချေ။

"မိကေ တော်လှချည့်လား၊ တောက် ... ငါ မေ့သွားတယ်၊ ကက်စက်နဲ့ အသံဖမ်းထားခဲ့ဖို့ကောင်းတာ သိလား မိကေ"

"ဟော့ ... ဟော့ ကိုကိုကြီးတော့ ဖီလင် ... ဖီလင် မလွယ်တော့ဘူး၊ မမ ပြီးရင် ကားဂိတ်မှာ ရပ်ကျန်ပြီး နောက်ကားတွေ ကျော်တက်သွားတာ ခံရတဲ့ ကိုကိုကြီးဆိုတဲ့ ကားပဲ ထင်တယ်"





www.burmeseclassic.com

www.burmeseclassic.com



စွဲတို့ မောင်နှမများ၏ "ဟုတ်ပါတယ်" "ဟုတ်တယ်" ဟူသော အသံတွေကြားထဲတွင် ကေနဲ့ စွဲ၏ ရယ်သံများ နစ်မြုပ်သွားတော့သည်။

အမှန်တော့ ကိုကိုကြီးနှင့် ကေ့ကို တမင်နောက်တာ ဖြစ်သည်။ ကေ စိတ်မဆိုးတတ်မှန်းသိ၍ ကိုကိုကြီးသည် ကေ့ကို ညီမလေးတစ်ယောက်လို ချစ်မှန်းသိ၍ နောက်ပြောင်ကြတာ ဖြစ်သည်။ ဒါကို ကြေမွနေသော အသွင်အပြင်ဖြင့် ကေနဲ့ မတော်တဆ မျက်လုံးချင်းဆုံမိတိုင်း ကြည့်နေတာတော့ ဘယ်ကောင်းမလဲနော်။

ကေသည် ယခုအချိန်အထိ ကေ့ လုပ်ရပ်များကို မှန်ကန်သည်ဟု အမှတ်ပေးနေဆဲ ဖြစ်သည်။ ကေ့ ရင်တွင်းက နှလုံးသားတွေ ကြေမွချင် ကြေမွမည်။ ကေ့ ဆန္ဒအမှန်ကိုတော့ ဘယ်သူမှ မသိစေရဖို့ ကေ ကြိုးပမ်းဆဲ ဖြစ်သည်။ အမှန်က ကေသည် ကံကြမ္မာကို မေ့ထားမိတာပဲ ဖြစ်သည်။ အနာဂတ်ကို မတွေးတတ်၍လည်း ဖြစ်သည်။

တကယ်တော့ ကေသည် အဓိပတိထံမှ မမျှော်လင့်ခဲ့ဖူးသော အချစ်ကို လက်ခံမိခြင်းသည် အဆိပ်ဖြင့် နှောင်ဖွဲ့ခံရတာပဲ ဖြစ်သည်။

❋ ❁ ❋





# အပိုင်း(၂)

# အဓိပတိ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁၀

ရှေ့ကကားသည် ဆက်သွားမလိုပို၊ ပတ်ကင်ဝင်တော့မလိုလို အူကြောင်ကြောင် လုပ်နေခြင်းက စိတ်ပျက်စရာ။ ပါးစပ်မှ အနည်းငယ် ညည်းတွားလိုက်ပြီး နောက်ဆုံးကားကို အေးအေးဆေးဆေး ရပ်စောင့်တာက အကောင်းဆုံးဟု တွေးလျက် ရပ်လိုက်ခြင်းက သူ့အမှားတစ်ခုကို သူ ဖန်တီးမိတာပင် ဖြစ်သည်။ ရှေ့ကကားသည် ထင်သည့်အတိုင်း ပတ်ကင်ဝင်နေခြင်း ဖြစ်သော်လည်း ဘုရားသခင်ဟူ၍ သူယောင်ယမ်း အော်မိတော့မတတ် ဖြစ်ခဲ့ခြင်းက ကားပြတင်းမှ ခေါင်းပြူပြီး ပတ်ကင်ဝင်ရာ နေရာကို လည်ပင်း လိမ်ကြည့်သော မိန်းမတစ်ယောက်ကြောင့် ဖြစ်လေသည်။

"ကေ"





သူ့နှုတ်ဖျားက တမ်းတသံလို ရေရွတ်မိသည်။ သူ တစ်ခါက မြင်ခဲ့ဖူးသော ရှုပ်ရှုပ်ထွေးထွေး သို့သော် ချစ်စဖွယ် အပြင်အဆင်ကလေးများဖြင့် ကေ ဖြစ်နေသည်။ ခေါင်းတစ်ပိုင်းသာ မြင်ရသော်လည်း ကေ့နားဆွဲ အစိမ်းရောင်ရှည်ရှည်၊ ကေ့မျက်ခွံ အစိမ်းရောင်နှင့် ကေ့ နှုတ်ခမ်း ပန်းနုရောင်ဖျော့ဖျော့တို့ကြောင့် သည်နေရာမှာရှိသော ပုရိသတော်တော်များများ၏ အာရုံက ကေ့ထံ ရောက်နေတော့သည်။ ကေရယ် ... ကေရယ်ဟု သူ့ရင်တွင်းက အော်ဟစ်သော်လည်း သူ့နှုတ်ဖျားတို့ကတော့ ဆွံ့အနေဆဲတည်း။

နေစမ်းပါဦး ဒီလမ်းထဲမှာ ဘာသင်တန်းရှိလို့ပါလိမ့်ဟူသော အတွေးဖြင့် လမ်းဘေးတစ်ဖက် တစ်ချက်က တိုက်ခန်းတွေဆီ ဝေ့ဝဲကြည့်တော့ အကသင်တန်းတစ်ခုရှိကြောင်း ဆိုင်းဘုတ်တွေ့ရသည်။ ဪ ... ကေ အကသင်တန်း လာတာပဲ၊ ကေက တစ်ခု ချီးကျူးစရာကောင်းသည်။ ဘယ်သင်တန်းမဆို စိတ်ဝင်တစား မပျက်မကွက် တက်တတ်ပြီး သင်မိရင်လည်း အဆုံးတိုင်အောင် သင်တတ်ကြောင်း စွဲက ပြောပြဖူးသည်။ စွဲစွဲ ဟူသော အမည်နာမတစ်ခု ခေါင်းထဲဝင်လာတာနဲ့ သူက ခုလောလောဆယ် ကေ့ကို ခိုးကြောင်ခိုးဝှက် ငေးမိခြင်းအား လိပ်ပြာမသန့် ဖြစ်မိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မလွယ်ပါလားကွာ အစကတည်းက တစ်ခုခုကို ပိုင်ပိုင်နိုင်နိုင် ရွေးချယ်တတ်ခဲ့ရင် အကောင်းသား၊ ခုတော့ ကေ့ဘက်က တင်းမာမှုတွေကို ပခံမရပ်နိုင်ဖြစ်ပြီး ဒီအခြေအနေထိရောက်အောင် ဓာတ်လမ်းတစ်ပုဒ်ကို ဖန်တီးပြီးမှ ကိုယ် ဘယ်လို အဆုံးသတ်ရမှန်း မဝေခွဲတတ်တော့ဘူး ကေရယ်၊ ကိုယ်က အခုဆို ကိုယ့်ကိုကိုယ် တွေဝေတတ်တဲ့ ယောကျ်ားတစ်ယောက်ဖြင့် နေ့စဉ်အပြစ်တင်ရင်း အသက်ရှင်နေရတာ ကေ မသိဘူး"

ဆိုသော စကားစုကို တစ်ယောက်တည်း ရေရွတ်ရင်း လုပချစ်ခင်ဖွယ်ကောင်းသော ကေကလေး ကားထဲက ထွက်အလာကို ငေးမိပြန်သည်။

ကေသည် သည်နေ့တော့ အစိမ်းရောင် အပွင့်သေးသေးများပါသော အင်္ကျီလက်ရှည် ပွရွရွကလေးနှင့် ဖြစ်သည်။ ကေ့အင်္ကျီ လက်အရင်းက ကားကားကလေး ဖြစ်သည်။ ကေ့လုံချည်ကလေးသည် အင်္ကျီနဲ့အရောင်ဟု အစိမ်းရင့်ရောင် ဖြောင်ဖြင့် ရှူးအပါးကလေးကလည်း အစိမ်းရင့်ဖြင့်။ မြင်သူတိုင်းရဲ့ မျက်စိထဲ စိမ်းမြသွားမည့် အပြင်အဆင်ကလေး ဖြစ်သည်။ ကေက တစ်ခုတော့ အံ့ဩစရာကောင်းသည်။ အဲဒါကတော့ ကေ့ အပြင်အဆင်များသည် ဘယ်လောက်ဆ ...ပြားပါစေ၊ ကေက ယောကျ်ား





တွေကို အထာပေးခြင်းလည်း မရှိ၊ စိတ်ဝင်စားအောင် ရှိုးပြခြင်းလည်း မရှိ၊ သူမ၏ ပကတိ ပြင်ဆင်မှုသာဖြစ်ကြောင်း သူက တဖြည်းဖြည်း သိမြင်လာရပြီ။

အစက သူလည်း ကေ့ အပြင်အဆင်ကြောင့် ကေ့ကို သူ စိတ်ဝင်စားမိသလို ဖြစ်ခဲ့သည်။ သဘောကျသလို ဖြစ်ခဲ့သည်ဟု ကိုယ့်ကိုယ်ကိုယ် အယူအဆ မှားခဲ့ဖူးသည်။ ကေရန်တွေ့သော စကားတချို့မှာ သူ ကျဆုံးခဲ့ရပြီး နောက်ပိုင်းမှာ သူ့ဘဝအတွက် ဖြစ်သင့်တာကိုပဲ ဖြစ်အောင်လုပ်တော့မည် ဟူ၍ ဆုံးဖြတ်ချက် ချပြီးချိန်တွင် သူ့အတွက် အမှားကို စတင်ရင်ဆိုင်ရတော့သည်။

သည်ဆုံးဖြတ်ချက်သည် အင်မတန်မှ မှားယွင်းမှုတွေ များစွာပါဝင်သည့် ဆုံးဖြတ်ချက်ဖြစ်သည်။ သူ့ ဆုံးဖြတ်ချက်ကြောင့် အပြစ်မရှိသော စွဲသည် သူနှင့် သက်ဆိုင်တော့မည့် သူဖြစ်ကြောင်း အများသိအောင် ကြေညာခဲ့ပြီးပြီ။ ပြီးတော့ သူလည်း အမှန်တကယ် ချစ်မိသူ မိန်းမတစ်ယောက်နှင့် ကွေကင်းရတော့မည်။ သူသည် လောကကြီးတွင် ရှိသမျှသော ယောကျ်ားများတွင် အမိုက်မဲဆုံး ယောကျ်ားတစ်ယောက်ပင် ဖြစ်တော့သည်။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com



သူ့အမှားကို စတင် သိခဲ့ရသောနေ့သည် စွဲနဲ့ သူတို့ နှစ်ယောက် ‌စေ့စပ်ရသောနေ့ပင် ဖြစ်သည်။

"ဟယ် ... ကေ လာတယ်၊ ကေ ရောက်နေတယ်တော့ သိလား ကိုအဓိပတိရေ၊ စွဲက ကေ့ကို မတွေ့ရတာ အရမ်းကြာနေလို့ ကေများ စွဲကို စိတ်ကောက်နေသလားလို့ စိုးရိမ်လိုက်ရတာ၊ အခု ကေ စိတ်မကောက်ဘူးတော့၊ စွဲတို့ ပွဲကို လာတယ်"

ဟု စွဲက ဝမ်းသာအားရ သူ့အား တိုင်တည်စဉ် သူသည် သူ မမြင်သေးသော ကေ့ကို လှမ်းကြည့်လိုက်မိသည်။ ကေ့ဟန်ပန်ကလေးက သူ့ကို အတော်လေး ဆွဲဆောင်သော ဟန်ပန်ကလေး ဖြစ်သည်။ ငွေရောင်နားဆွဲရှည်ရှည်၊ ဆံထုံးနှင့် သစင်ပန်းနှင့် ကေ့ကို သူကိုယ်တိုင် ဆုံးဖြတ်ချက်အရ မရွေးချယ်သင့်သော မိန်းမအဖြစ် ဘာဖြစ်လို့များ သတ်မှတ်ခဲ့မိတာပါလိမ့်။





"ကိုအဓိပတိ ကေ့ကို တစ်စုံတစ်ခု အလိုမကျတာတွေ့ရင် စိတ်မဆိုးပါနဲ့နော်၊ ကေက စွဲကို သိပ်ချစ်တာလေ၊ စွဲဒီလို စတင်ခွဲခွာသွားတဲ့အတွက် ကေ့ခမျာ ပြင်းပြင်းထန်ထန် ထိခိုက်ရှာမှာ၊ ဒါကြောင့် စွဲကို အရင်ကလောက် လာမတွဲတော့ဘဲ ရှောင်ဖယ်ဖယ်လုပ်၊ ကိုအဓိပတိကိုလည်း ချေချေငံငံ မဆက်ဆံနဲ့ ကေတစ်ယောက် စွဲကို စိတ်ကောက်ပြီး သဝန်တိုနေတာ၊ ကေက စွဲကို သိပ်ချစ်လွန်းလို့ပါ"

"ကျွန်တော် နားလည်ပါတယ်"

စွဲသည် သူမဘက်က အမြင်ဖြင့် သူ့ကို ကေ့အကြောင်းတွေ ပြောပြခြင်းအား သူက နားလည်ပါတယ်ဆိုသော စကားနှင့် တုံ့ပြန်ခြင်းမှာ တခြားအဓိပ္ပာယ်တွေ များစွာပါဝင်ကြောင်း သူသာ သိသည်။

ကေ့ထံမှ နာနာကြည်းကြည်း ရန်တွေ့သံကို ခုထိ နားထဲမှာ မထွက်သေးချေ။ ကေက အဓိပ္ပာယ်ကောက်လွဲကာ သူ့အရောတဝင် ရှိမှုအား သူမ၏ အနေအထိုင်၊ အပြင်အဆင်တို့ကြောင့် အထင်သေးခဲ့သည်ဟု ယူဆခဲ့သည်။ အမှန်စင်စစ် သူ့ရဲ့ မသိစိတ်သည် လိမ်ညာလို့ မရအောင် ကေ့ကို ချစ်မိနေခဲ့၍ ဖြစ်ကြောင်း သူ မသိခဲ့ချေ။ ကေလည်း မသိခဲ့ချေ။

"ကေ့မှာ ချစ်သူရှိတယ်"

ဟူသော အပြောကို သူ အတော်တုန်လှုပ်သွားရခြင်းကို မဆန်းစစ်မိ။ ကေ့မှာ ချစ်သူမရှိကြောင်း သိရသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးကျေနပ်ရခြင်း၏ အကြောင်းရင်းကိုလည်း ဂရုမထားမိ။ တစ်ဖန် ကော့ဆီမှ ခပ်စိမ်းစိမ်း အမူအရာများအား အမြဲမြင်တွေ့နေချင်သည့် စိတ်ကိုလည်း လိမ်ညာမိ၊ ဒါတွေနှင့် ယခုတော့ သူသည် ကေနဲ့ ဝေးရာကို ရောက်ရတော့မည်။

"ကိုအဓိပတိ လာ၊ ကော့ကို သွားနှုတ်ဆက်ရအောင်"

စွဲက သူ့အား မဝံ့မရဲမေးတော့ သူက "သွားလေ" ဟု ပြန်ဖြေသံမှာ အားတက်သရေများ ဖြစ်နေမလား။

ကော့ကို အဝေးက ခိုးကြည့်နေခဲ့ပြီးမှ ကော့ ရှေ့မှောက်ရောက်တော့ ကော့ကို မကြည့်မိဖို့ အတော်လေး ထိန်းချုပ်ခဲ့ရလေသည်။ ဪ ပင်ပန်းလေစွ။ မကြားရတာ ကြာပြီဖြစ်သော ကော့ အသံ ကြည်ကြည်လင်လင်ကလေးကို သူ မက်မောစွာ နားဆင်လိုပြန်သည်။ ကေက သူ့ကို တမင်ရှောင်နေမှန်း သိသာလွန်းတာကတော့ စွဲဆီ ရောက်တိုင်း ခါတိုင်းမြင်နေကျ ကော့ကို မတွေ့ရတာပဲ ဖြစ်သည်။ တစ်ဖန် သူကိုယ်တိုင်ကလည်း ကော့ကို မျက်နှာချင်းဆိုင်ရမှာ မဝံ့မရဲ ဖြစ်နေတာကြောင့်လည်း စွဲဆီ အရောက်နည်းခဲ့ပြန်ခြင်းဖြင့် တစ်ယောက်ကိုတစ်ယောက် ရှောင်နေခဲ့ကြသည်။ ယခု ပြန်တွေ့ချိန်သည် သူ့ရင်တွင်းမှ လိုအပ်ချက် အစစ်အမှန်ကို ပြသလိုက်သော်လည်း သိပ်များ နောက်ကျသွားပြီလား မသိခဲ့ချေ။

နောက်ဆုံးတော့ သူသည် ကော့ကို ငေးကြည့်ချင်သည့် ဆန္ဒကို မတားဆီးနိုင်တော့၍ ကော့အား တမ်းတစွာ ငေးကြည့်ပါ





ပြန်တော့ ရယ်မောသွက်လက်သည့် ကော့ ဟန်ပန်ကလေးကို သူ့မျက်လုံးက ဖယ်ခွာမရချင်ပြန်။ သူ့အမှားကို ထပ်မံ ဖြည့်ဆည်းခြင်း ခံလိုက်ရတာကတော့ ကော့ မျက်ဝန်းအစုံသည် သူ့ဆီ ဖျတ်ခနဲအကြည့်တွင် ဖြစ်ကြောင်း သိခွင့်ရခဲ့သည်။ ကေသည် တစ်ချက်တော့ ငြိမ်သွားသလိုပင်။ သို့သော် သူ့ကို မုန်းနေခဲ့သော ကေက ချက်ချင်းပင် မူလပုံစံအတိုင်း ရယ်မောသွက်လက်သွားပြန်သည်။

ထိုအချိန်တုန်းက သူ့ရင်ထဲမှာ နာကျင်နေခဲ့သည်။ ဖြစ်နိုင်ရင် သည်နေရာကနေ ခဏ ထွက်ပြေးသွားချင်နေခဲ့သည်။ ကေနဲ့ ဝေးရာကိုပေါ့ ကေရယ်ဟု ဆုတောင်းသော်ငြား လက်တွေ့မှာ သူက အများရှေ့မှာ သတို့သမီးလောင်းနှင့် ရယ်မောနှုတ်ဆက်နေရသူပင်တည့်။

"ကေ သီချင်းဆိုဟာ"

ဟူသော တောင်းဆိုသံတွေ ဆူညံခဲ့သည့် စွဲတို့ ပါသားစုတည်ခင်းသော ညစာစားပွဲကလေးတွင် သူသည် ကေနဲ့ စွဲတို့ မိသားစုဝင်တွေ၏ အကျွမ်းတဝင်ရှိမှုကို သိခဲ့ရပြန်သည်။

ကော့ရယ်သံကလေး တလွင်လွင်ကို သူက ထပ်ခါကာလဲလဲ ကြားလိုလှသည်။ ကော့ သီချင်းသံကလေးများကို တစ်ဦးတည်း နားဆင်လိုလှသည်များကတော့ အဓိပတိ၏ သူမတူသော မက္ခတည်း။

"ဘယ်ပန်းချီရေးလို့ မမှီ ... ချစ်မေတ္တာတွေသည် ခွန်းဆိုဖွဲ့ နွဲ့လို့ရယ်သီ"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော ထာဝရ မပြောင်းသည့် သီချင်းမျိုး။

"ပန်းဝတ်မှုန်ကလေးလို တင်စားတာ အမှန်ဆုံးပဲ ထင်တယ်"

ဟူသော ဘိုဘိုဟန်၏ သီချင်းမျိုးတွေ ပိုင်ပိုင်နိုင်နိုင် ဆိုတတ်သော ကေ့ကို ဖွဲ့ရဲ့ ကိုကိုကြီးဆိုသူ အရေးပေးလွန်းတာကို သူက ကြည့်မရချင်။

တစ်ဖန် မောင်နှမတွေအားလုံးက ကေ့ကို ထိုကိုကိုကြီးဆိုသူနှင့် ယှဉ်တွဲစကြခြင်းအား အမှန်တကယ်များ ဖြစ်နေမလားဆိုသော အတွေးဖြင့် သူ့အသည်းတွေ တစ်စစီ ကြေမွရသလိုပင်။ အားလုံးသော မောင်နှမတွေနဲ့ ဖွဲ့ အပါအဝင်သည် သူ့ကို ရှိနေမှန်းတောင် မေ့လျော့ပြီး ကေ့နံဘေးမှာ ဝိုင်းဖွဲ့ပျော်မြူးနေကြခြင်းကို သူက ကေ့အား မနာလိုဖြစ်ရမည့်အစား ကေဟာ သည်လောက်တောင် လူချစ်လူခင် ပေါလှချည့်လားဆိုတဲ့ အတွေးနဲ့ သူက ကေ့အစား ပီတိဖြစ်တာတော့ သူ့ဘက်က လွန်လွန်းနေမလား။

ကေ့လို မိန်းမမျိုးကို သူ့အတွက် လက်ခံချင်လျက် လက်ခံဖို့ မသင့်ဘူးဟု ဘာဖြစ်လို့များ လိမ်ညာငြင်းပယ်ခဲ့မိပါလိမ့်။

ကေဟာ ဝတ်စားဆင်ယင်မှု၊ ပြင်ဆင်ခြယ်သမှုကို ဝါသနာအရ ဖက်ရှင်ထွင်သူ၊ နားဆွဲရှည်ရှည်များကို နှစ်သက်သဘောကျတတ်သူ၊ ယောက်ျားလေး သူငယ်ချင်းပေါများသူ၊





ဟိုစပ်စပ် သည်စပ်စပ်နှင့် အရည်မရ၊ အဖတ်မရ၊ သင်တန်းပေါင်းစုံ လျှောက်တက်ခြင်းဖြင့် အိမ်မကပ်ဘဲ အချိန်ဖြုန်းတတ်သူ၊ ကိုယ်ပိုင်ကားရှိလျက် ကိုယ်တိုင်လည်း မောင်းတတ်လျက် စိတ်မထင်လျှင် ဘတ်(စ်)ကားစီးပြီး မြို့ထဲကို တစ်ယောက်တည်း လျှောက်သွားချင် လျှောက်သွားနေတတ်သူဟူသော ကေ့ဂုဏ်ပုဒ်များကို သူက ဖွဲ့ဆိုသော စံပြမိန်းမတစ်ယောက်နှင့် ချိန်ထိုးကာ မရွေးချယ်သင့်သော မိန်းမတစ်ယောက် အဖြစ် ကိုယ်တိုင် သတ်မှတ်မိတာ ဖြစ်သည်။

တစ်ဖန် မိဘစကား နားထောင်သူဟူသော သားယေိမ္မာတစ်ယောက်ဘဝကို လိုလားသော အတ္တကြောင့်။ မိခင်ဟာ စံပြမိန်းမဖြစ်မှ မွေးလာသော သားသမီးတွေ စာရိတ္တကောင်းအောင် ထိန်းသိမ်းနိုင်မည်ဟူသော သူ့ရဲ့ တစ်ယူသန် အတ္တကြောင့် ကေ့လိုမိန်းမကို သူ မရွေးချယ်ခဲ့မိတာပဲ ဖြစ်သည်။

တကယ်တော့ သူဟာ နှလုံးသားထဲက အချစ်ဆိုတာအား အဲသည့်တုန်းက မေ့ထားခဲ့၍ပင် ဖြစ်လိမ့်မည်။

ယခုတော့ သူသည် ရူးသွပ်စပြုလာရပြီ။ ကေ့မျက်နှာလေးကို တစ်ချက်သာ မြင်လိုက်ရုံဖြင့် အရူးအမူး တမ်းတကာ ထပ်ဖန်တလဲလဲ မြင်ချင်လာရပြီ။ ဒါဟာ သူ့ဘက်က ပုံမှန်သော ဖောက်ပြန်မှု ဖြစ်ခဲ့ပြီ။

"ကေ့ကို ချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု သူက ခပ်တိုးတိုး ရွတ်ကြည့်မိသည်။ စွဲအား သူ့နှုတ်ဖျားမှ တစ်ခါမှ မပြောဘူးသော စကားတစ်ခွန်း ဖြစ်သည့် "ချစ်တယ်" ဆိုသော စကားသည် အခုတော့ ကေ့အတွက် ဖြစ်ခဲ့ပြီ။

သူသည် အိပ်မက်ထဲတွင် မက်သမျှ ကယောင် ကတမ်း ရေရွတ်မိသူပမာ ...

"ချစ်တယ် ကေ့ကို ချစ်တယ်၊ ကေ့ကို ချစ်ရလို့ ကိုယ့် ဘဝတစ်ခုလုံး ပျက်စီးချင် ပျက်စီးသွားပါစေတော့ ကေရယ်၊ ကေ့ကို ချစ်နေရခြင်းနဲ့ အသက်ရှင်နေပါရစေ"

ထိုစကားကို ထပ်ခါထပ်ခါ ပြောနေမိပြန်သည်။ သူ့အသံက ငိုသံလိုလို၊ ညည်းညူသံလိုလို၊ ဝန်ခံသည့် အသံလိုလို ဖြစ်လိမ့်မည်။

ကေ့၏ အကသင်တန်း ပြီးဆုံးသွားချိန်တွင် ကေ သည် သူမ၏ ကားကလေးဖြင့် အိမ်ပြန်သည်အထိ သူက တစ်နေ ရာမှ စောင့်ကြည့်နေခဲ့သည်။ ဘာဖြစ်လို့ ကေ့အား စောင့်ကြည့် နေခဲ့မိသလဲလို့တော့ အဓိပတိ မဆန်းစစ်ချင်တော့ချေ။

❋ ❁ ❋





၁၁

သူ့အတွက် ကေ့ကို ထပ်မံ ဆုံစည်းစရာ အကြောင်း ..ရှိတော့ဘူးဆိုသော အထင်သည် မှားယွင်းခဲ့ပြန်ကြောင်း သိခွင့် ..ရသည့်နေ့သည် သူ့မိတ်ဆွေတစ်ယောက်၏ ပန်းချီပြပွဲတစ်ခုသို့ ..သွားရောက်ခဲ့သောနေ့ပင် ဖြစ်လေသည်။

ပန်းချီကားတွေ ချိတ်ထားရာ ခန်းမအတွင်းသို့ ..ဝင်ချင်း သူ ပထမဆုံး သတိပြုမိသူမှာ ကေ ဖြစ်နေခြင်းက ..သြစရာ မရှိပါ။ ပန်းချီခန်းမတစ်ခုလုံး လူအနည်းငယ်သာ ..ပကာ မိန်းမဆို၍ ကေတစ်ယောက်သာ ရှိနေခဲ့သလို ကေ ..ဆင်ထားရာ အနီရောင်ရင့်ရင့် ကုတ်အင်္ကျီ၊ အနီရောင်နှားဆွဲ ..ပြောင်လုံချည် အနက်ရောင်တို့က ကေ့ကို တောက်ပစေ ..ည်။



www.burmeseclassic.com

www.burmeseclassic.com



ကေက သည်နေ့တော့ ဆံပင်တွေကို ထုံးဖွဲ့ထား ပြန်သည်။ ကေ စိတ်ဝင်တစား ကြည့်ရှုနေသော ပန်းချီကားက ဘာပါလိမ့်ဟု သူက သိချင်စိတ် ဖြစ်မိသည်။ သူသည် သူ့မိတ်ဆွေအား ဝတ်ကျေတမ်းကျေ သွားရောက်နှုတ်ဆက်အပြီးတွင် ကေနှင့် မလှမ်းမကမ်း ဒါပေမဲ့ ကေ အလွယ်တကူ မမြင်နိုင်သော နေရာမှ ကေ့ကို စောင့်ကြည့်မိသတဲ့။ ပြန်တွေးကြည့်ရင် သူ့လုပ်ရပ်က လူငယ်ဆန်နေသလား မသိပါ။

ကေ ကြည့်နေသော ပန်းချီကားသည် ရှေးခေတ် မင်းသမီးတစ်ပါး၏ စောင်းတီးနေဟန် ပန်းချီကားပင် ဖြစ်သည်။ ကေက ဘာအဓိပ္ပာယ်ပေါက်၍ ကြည့်သည်တော့ မသိ။ ကေ့ မျက်ဝန်းများက ထိုမင်းသမီး၏ မျက်ဝန်းများဆီက မခွာ။ ပန်းချီကားထဲက မင်းသမီးသည် သူမ ထိုင်နေရာမှ ခပ်ပျပျကလေးသာ မြင်ရသော နေပြည်တော်၏ မုခ်ဦးဆီသို့ ငေးငေးကလေး ရှိနေခြင်း ဖြစ်သည်။

"ဟိတ်ကောင် ဘာ စိတ်ဝင်စားနေတာလဲ"

ပခုံးတစ်ဖက်ကို ပုတ်၍ ခေါ်လိုက်သံကြောင့် သူ လန့်သွားပြီး ရှက်ရယ် ရယ်လိုက်သည်။ သူ့မိတ်ဆွေ ပန်းချီ ဆရာက...

"မင်းက ဒီက ကားကို ဘာခံစားရလို့ ကြည့်တာလဲ ပြော ပါဦး၊ မင်း ဒီရှေ့မှာ ရပ်နေတာ တော်တော့်ကိုကြာပြီ"





ဟု မေးမှ သူက တော်ပါသေးရဲ့ဟု တွေးမိကာ သူ့အဖြစ်ကို သူ ရယ်ချင်မိသည်။

"ဘာရယ် မဟုတ်ပါဘူး၊ ကြည့်လို့ကောင်းတယ်ထင်ပြီး ကြည့်တာပဲ၊ မင်းသိရင် ရှင်းပြပါလားကွ၊ မင်းက အနုပညာသမားဆိုတော့ ပိုခံစားတတ်မှာပေါ့"

မိတ်ဆွေ ပန်းချီဆရာသည် လေပစ်ချင်တာနှင့် အတော်ဖြစ်သွားပုံရသည်။ လည်ချောင်းတစ်ချက်ရှင်း၍ ဆရာကြီး လေသံဖမ်းကာ ...

"ဒီလိုကွ ပန်းချီတစ်ခုကိုကြည့်ရင် ဒါဟာ ဘာပုံလို့ ကြည့်တာဟာ အနုပညာမဆန်ဘူး၊ ဒီပန်းချီကားမှာ ပါဝင်တဲ့ ဇာတ်ကောင်ရဲ့ ခံစားချက်ကို သိနိုင်တဲ့ မျက်လုံးတို့ နှုတ်ခမ်းတို့၊ မျက်နှာပေးတို့ကို အဓိကထား ကြည့်ရတယ်၊ ဒါမှ ပန်းချီက ပေးချင်တာ ဘာလဲဆိုတာ မင်း သိမှာ ပေါ့"

ဟူ၍ ပန်းချီကား၏ ဇာတ်ဝင်ခန်းနှင့် ပတ်သက်၍ စတင်လေတော့သည်။

တော်လိုက်တာ ကေရယ် တော်လိုက်တာ။ ဒါကြောင့် ကေဟာ သူမ ကြည့်နေတဲ့ ပန်းချီကားထဲက မင်းသမီးရဲ့ မျက်ဝန်းတွေကို အကြာကြီး စိုက်ကြည့်နေခဲ့တာပေါ့ ဆိုသည့် အတွေး



www.burmeseclassic.com

www.burmeseclassic.com



သည် မိတ်ဆွေပန်းချီဆရာ၏ စကားကြောင့် တွေးမိလိုက်တော့သည်။ ကေဟာ အသိရခက်ခဲတဲ့ မိန်းမဟူ၍ သူက တင်စား ပြောဆိုခဲ့ဖူးသည်။

အမှန်လည်း ကေက အသိရခက်ပါသည်။

ကေ့လို သွင်ပြင်ပုံစံနှင့် မိန်းမတစ်ယောက် အနုပညာကို နက်နက်နဲနဲ ခံစားတတ်သည် ဆိုခြင်းသည် မထင်မှတ်ဖွယ် ရာတည့်။ တကယ်ဆို စွဲလို နုံးညံ့သိမ်မွေ့သည့် မိန်းမဆန်သော မိန်းမတစ်ယောက်မှာ အနုပညာကို မြတ်နိုးစိတ်တွေ ရှိသင့်သည်။

"ဟင့်အင်း ... ကိုအမိပတိ၊ စွဲ မခံစားတတ်ဘူး၊ သီချင်း တစ်ပုဒ်ကို နားထောင်ဖြစ်ရင်လည်း နားထောင်ကောင်းရင် နားထောင် လိုက်တယ်၊ ဒီသီချင်းမှာ အဆိုတော်ရဲ့ ခံစားချက်၊ တေးရေးဆရာရဲ့ ခံစားချက်၊ တီးဝိုင်းရဲ့ တီးချက်တွေကို စွဲက စေ့စေ့စပ်စပ်တွေးပြီး မခံစားမိပါဘူး၊ ကိုအမိပတိ ပြောမှပဲ သိတော့တယ်"

ဟု စွဲနဲ့ တစ်ခါတုန်းက သီချင်းတစ်ပုဒ်အကြောင်း ဆွေးနွေးမိစဉ် စွဲ၏ ခံယူချက်ကို သိရှိစိတ်ပျက်ခဲ့ရဖူးသည်။

သူကိုယ်တိုင်လည်း အနုပညာကို နှစ်သက်သည့်တိုင် စေ့စေ့စပ်စပ် ခံစားတတ်သည်မှာ ရုပ်ရှင်နဲ့ ဂီတသာရှိပြီး ပန်းချီတို့၊ ကဗျာတို့၊ ပန်းပုတို့ကို ကြည့်တတ်ရုံသာ ရှိသည်။





ဘယ်လိုခံစားရမှန်း မသိချေ။ ဒါပေမဲ့ သူသည် သူလက်တွဲသော ပါရမီဖြည့်ဖက် မိန်းမတစ်ယောက်ကိုတော့ အနုပညာဆန်စေချင်သည်။ အနုပညာကို ခံစားတတ်စေချင်သည်။ ကဲ ... စဉ်းစားသာ ကြည့်တော့။

အမြင်နဲ့ ရွေးချယ် ဆုံးဖြတ်ခဲ့မိသော မိန်းမထံမှာ အနုပညာခံစားစိတ် လုံးဝ ရှိမနေဘူးဆိုမှတော့ ကေ့ကို မရွေးချယ်မိခြင်းအတွက် နေ့စဉ် ထပ်ခါတလဲလဲ ယူကျုံးမရ ဖြစ်ရတော့မည်။

ကြည့်စမ်း သူ ဘာတွေ တွေးနေမိပါလိမ့်။ သည်လို တွေးမိခြင်းမှာ သူဟာ ယောကျ်ားမပီသသော စိတ်ဓာတ်ပိုင်ရှင် အဖြစ်သို့ တဖြည်းဖြည်း ရောက်ရှိနေပြီထင်ရဲ့။

"ဟော ဟော့ကောင်၊ ဟို ... အမျိုးသမီးကလေး ကို ကြည့်စမ်း၊ အဲဒီ ကားရှေ့မှာရပ်ပြီး အကြာကြီး စိုက်ကြည့်နေလိုက်တာ၊ သူ့မျက်လုံးတွေက ဒီပန်းချီကားရဲ့ ပေးချင်တဲ့ အကြောင်းအရာကို သိလာရလို့ ကျေနပ်ရိပ်တွေ ဝေလာတာ မင်း တွေ့လား၊ အေး အဲဒါ အနုပညာကို မြတ်နိုးသူတိုင်းမှာရှိတဲ့ ခံစားချက်ပဲ၊ ကိုယ်သိချင်တဲ့ အကြောင်းအရာရဲ့ အနက်ကို ရှာတွေ့သွားတဲ့အခါ ခံစားရတဲ့ ခံစားချက်က ဘာနဲ့မှ နှိုင်းယှဉ်လို့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ ... သည်ကောင်ဟာ ပန်းချီဆရာ ကြောင် တစ်ကောင်ဟု သတ်မှတ်ထားခဲ့ပေမဲ့ သူ့ထက် လူကဲခတ် တော် လှချည်လား။ အဓိပတိသည် မှားပြီးရင်း မှားနေသော လူ တစ်ယောက် ဖြစ်မှန်းမသိ ဖြစ်လာရချေပြီ။

"မင်း အဲဒီ အမျိုးသမီးကို အပြင်ပန်းကြည့်ပြီး ဘယ်လို သုံးသပ်မလဲ"

သူက သူ့အမြင်နဲ့များ တူနေလိမ့်မလားဟု သွေးတိုး စမ်းမိသည်။ ပန်းချီဆရာက ရယ်လျက် ...

"ဘာ သုံးသပ်စရာ လိုလဲကွာ၊ လူတစ်ယောက်ရဲ့ အပြင် ပန်းသဏ္ဌာန်နဲ့ အတွင်းစိတ်ဆိုတာ တစ်ထပ်တည်း ရှိမယ် လို့ ဘယ်သူကများ ပုံသေနည်းရေးခဲ့လို့လဲ၊ တစ်ခုတော့ ပြောစရာရှိတယ်၊ အဲဒီ အမျိုးသမီးလေးဟာ အင်မတန်လှတဲ့ မိန်းမတစ်ယောက် ဆိုတာပဲ"

သိပ်မှန်တာပေါ့ကွာ၊ ကေဟာ စွဲနဲ့ယှဉ်ရင်သာ စွဲ လောက် မလှသူဖြစ်ရင် ဖြစ်မယ်။ ကေ တစ်ယောက်တည်း ရပ် နေလျှင် အားလုံးက ငေးကြည့်နေချင် ထိုင်ငေးချင်လောက်အောင် လှပသူ ဖြစ်သည်။

သူ့မျက်လုံးများသည် ကေ့ထံမှ မခွာချင်အောင် ငေးကြည့်နေမိတာသာ ကြည့်တော့။ ကေနဲ့ စတင်ဆုံစည်းရချိန် တုန်းကလည်း သည်အတိုင်းပင် ဖြစ်သည်။





စွဲထက် ကေ့ကို သူက မကြာခဏ ကြည့်နေချင် သော စိတ်ကို အတော်လေး ချိုးနှိမ်ထားခဲ့ရဖူးသည်။ ကေနဲ့ စွဲကို တွဲတွေ့တိုင်း ကေ့ထက်လှပ၍ ကြည့်ချင်စဖွယ် ရုပ်ရည်ရှိသော စွဲကို ငေးသင့်သည်ထက် ကေ့ကို ငေးနေချင်တာကတော့ သူ့ရဲ့ မရိုးသားမှုဖြစ်ကြောင်း သူကိုယ်တိုင် ဝန်မခံရဲခဲ့ချေ။

တစ်ဖန် တစ်ခါတုန်းက စွဲနဲ့ ကေတို့ အတန်းတက် ရာဆီ သူ ရောက်သွားဖူးသည်။ ထိုစဉ်က ကေ့ထံမှ လွှတ်လပ် ပေါ့ပါးသော ရယ်မောဟန်ကို သတိလက်လွတ် ငေးမိပြီး ကေ့ ဆီမှ မျက်ဝန်းအကြည့်တစ်ချက်ကြောင့် သူ ရှက်ရွံ့အားနာခြင်း ဖြစ်ခဲ့ရဖူးသည်။ သို့သော် ထိုနေ့ကတော့ အပြင်အဆင်ကလေးသည် သူ့ကို စတင် ယိမ်းယိုင်စေတော့မတတ် ဆွဲဆောင်ခဲ့ကြောင်း သူက ဝန်ခံချင်သေးသည်။

"ဟော့ကောင် အဓိပတိ ... ဘာရပ်လုပ်နေတာလဲ၊ .ကား အကြောင်း ပြောပြီးပြီလေကွာ၊ မင်း ဘယ်ကားကို ကြည့်ချင် သိချင်သေးလဲ၊ ငါ လိုက်ပြပေးမယ်၊ မင်းက ကတ် တလောက်ကိုင်ပြီး ဘာကြည့်ရမှန်းမသိ ဖြစ်နေရတယ် လို့ကွာ"

သူက လုပ်စရာအလုပ်မရှိ၍ ကတ်တလောက်ကို တဖျပ်ဖျပ် လှန်နေခြင်းအား ပန်းချီဆရာက ကြည့်မရဟန်ဖြင့် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး ... မင်းပဲ လိုက်ပြတော့ကွာ"

"ဒါဆိုရင် လာခဲ့၊ ဟိုအမျိုးသမီးကြည့်တဲ့ ကား သွားကြည့်ရအောင်၊ အဲဒီ ကားက နန်းတွင်းမင်းသမီးရဲ့ အလွမ်းကို မျက်လုံးမှာ ရှာဖွေတွေ့နိုင်တဲ့အကြောင်း မင်းကို ပြောပြမယ်"

"ခဏနေဦးကွာ၊ သူ ပြီးမှ သွားကြည့်ရအောင်၊ တော်ကြာ ငါတို့က သွားရောတယ် ထင်နေဦးမယ်"

"မင်းကလည်း ဟိုမှာ ကြည့်ပြီးလို့ တခြားကား ပြောင်းကြည့်ဖို့တောင် ခြေလှမ်းပြင်နေပြီ၊ အဲဒီလောက် အတွေးခေါင် မနေပါနဲ့ကွာ"

ပန်းချီဆရာက ရှေ့က သွားနှင့်သည်။ သူက သူ့ကို ကေတော့ မတွေ့နိုင်ကောင်းရဲ့ဟုသော အတွေးဖြင့် ပန်းချီဆရာ၏နောက်က ခပ်လေးလေး လှမ်းခဲ့သည်။

ကေသည် သူနဲ့ ပန်းချီဆရာကို လှည့်တောင်မကြည့်လောက်အောင် သူမ ကြည့်ရှုနေရာ ပန်းချီကားဆီမှာ စိတ်အာရုံကို စူးနစ်ထားလေသည်။

သူက ပန်းချီဆရာ၏ ပန်းချီကားအပေါ် သုံးသပ်ချက်ကို နားထောင်ဟန်၊ စိတ်ဝင်စားဟန် ပြသရသော်လည်း သူ့ မျက်ဝန်းများက ပန်းချီကားထံ ရောက်မနေ။ ကဲ ... ပန်းချီကားထံ ရောက်မနေဘူးဆိုတော့ ဘယ်သူ့ဆီ ရောက်နေမလဲ။





စဉ်းစားသာကြည့်။ ကေသာ မတော်တဆ လှည့်ကြည့်မိရင် သူ့မျက်ဝန်းများနဲ့ ဆုံမည်မှန်းသိလျက် သူက စိတ်ဆန္ဒ၏အလိုကို လိုက်နေမိပြန်သတဲ့။

ကေ့ကို ငေးကြည့်နေရင်းက မဖြစ်ဘူး ကေ၊ မဖြစ်တော့ဘူး။ သည်ပုံအတိုင်းသာ ဆက်သွားရင် ကြာရင် မလွယ်တော့ဘူး။ စွဲနဲ့ လက်ထပ်ပြီးတာတောင် ကေ့ကို တမ်းတနေမိမယ်ဆိုရင် သူက ဖောက်ပြန်တဲ့ ယောကျ်ားတစ်ယောက်ဘဝကို အလိုလို ရောက်သွားရလိမ့်မည်။

ဇနီးမယားအပေါ် သစ္စာပျက်ရာ ရောက်မည်။ အိမ်ထောင်ရေးမှာ အဖုအထစ်တွေ ဖြစ်လာလိမ့်မည်။ ဘယ်လိုလုပ်ရမလဲ ကေရယ်။ ကေ့ကို မတမ်းတမိအောင် ကိုယ့်စိတ်တွေက ထိန်းချုပ်လို့မှ မရတော့တာ။

သူသည် ထပ်ခါတလဲလဲ အော်ဟစ်နေသော ရင်တွင်းက အသံများကြောင့် ရှေ့ဆက်ရမည့် အနာဂတ်တစ်ခုကို ကြောက်ရွံ့လာတော့သည်။

လူကြီးတွေကို ဖွင့်ပြောပြီး စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းခဲ့လျှင်။ အိုး ... လုံးဝမဖြစ်သင့်သော ကိစ္စတစ်ခုပင်။ သူ့ကြောင့် တစ်ဖက်မိသားစု အရှက်ရမည့်ကိစ္စ၊ မိဘချင်းမျက်နှာပျက်ရမည့်ကိစ္စ။ တကယ်ဆို အစကတည်းက သည်အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေအထိ မရောက်ခင် ငြင်းခဲ့ဖို့ သူ ဘာကြောင့် မတွေးခဲ့မိတာပါလိမ့်။

သူ့တစ်ကိုယ်လုံးသည် သည်အတွေးတို့ကြောင့် ချွေးစေးများဖြင့် ရွှဲနစ်လာတော့သည်။

ထိုနေ့က ပန်းချီပြပွဲတွင် သူ့အတွက် ကံကောင်းခြင်း တစ်ခုကတော့ ကေသည် သူ့ကို မြင်တွေ့မသွားခြင်းတည်း။ ဒါဟာ ကေ့ရဲ့စိတ်ဓာတ်ကို တစ်စွန်းတစ်စ လှစ်ဟပြသလိုက်ခြင်း ဖြစ်မည်။

ဘယ်ယောကျ်ား တစ်ယောက်တလေကိုမှ စိတ်ဝင်တစား လှည့်ကြည့်ခြင်း၊ လှမ်းကြည့်ခြင်း၊ သတိပြုမိခြင်း ဟူသော စိတ်ဓာတ်မျိုး ကင်းရှင်းကြောင်း သိသာလွန်းခဲ့သည်။

အိုး ... သူက အရာရာကို မှားယွင်းစွာ တွေးတောမိခဲ့လေစွ။

❋ ❁ ❋



BURMESE CLASSIC .com



# ၁၂

တတိယအကြိမ်မြောက် တွေ့ဆုံခြင်းသည် သူ့အတွက် ပြင်းပြင်းထန်ထန် ထိခိုက်နာကျင်စေခဲ့သည်။ ပြီးတော့ ထိုတွေ့ဆုံခြင်းအပြီး၌ သူ့အတွက် ပြောင်းလဲမှုများ စတင်ခဲ့သည်ဟု ဆိုရမည်။

ထိုနေ့သည် ပူပြင်းသော နေရောင်ခြည်များ အစဉ်အမြဲ တွေ့ရတတ်သည့် နွေရာသီ၏ နေ့တစ်နေ့ ဖြစ်သည်။

သို့သော် သူနှင့် မိတ်ဆွေတစ်ယောက်ကတော့ အေးမြသော ပတ်ဝန်းကျင်ကို ဖန်တီးထားသည့် လေအေးစက်၏ အအေးဓာတ်ရှိရာ မှန်လုံခန်းအတွင်း၌ ရှိနေခဲ့သည်။ ထိုနေရာသည် Snacks and Drink ဆိုင်တစ်ခု ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေနှင့်သူက အလုပ်အကိုင်အကြောင်း ဆွေးနွေးနေရင်း နေ့လယ်စာ Snacks စားနေစဉ် ကေ့ကို မမျှော်လင့်ဘဲ ထပ်မံ တွေ့ဆုံရလိမ့်မည်ဟု မထင်ခဲ့ချေ။

ငြိမ့်ညောင်းသော Slow Rock များ ဖွင့်ထားရာ ဆိုင်အတွင်းသို့ ဆူဆူညံညံအသံများ၊ ကျယ်လောင်စွာ စကားပြောသံများ၊ မကြာခဏကြားရသော ရယ်သံခပ်ကျယ်ကျယ်များဖြင့် ဝင်လာသော လူငယ်တစ်စုကို သူက ယောင်လို့တောင် မကြည့်မိ။ သူ့မိတ်ဆွေကသာ တစ်ချက်ကြည့်ကာ တစ်စုံတစ်ယောက်ထံတွင် ခပ်ကြာကြာ စိုက်ကြည့်နေကြောင်း သူက ရိပ်မိလိုက်ရုံအပြင် ပို၍ စိတ်မဝင်စားခဲ့ချေ။

တကယ်တော့ သူ့မိတ်ဆွေ၏ အာရုံကို ဖမ်းစားနိုင်ခဲ့သူမှာ ကေ ဖြစ်ကြောင်း သူ မသိသေး၍ ဖြစ်မည်။

ထိုလူငယ်အုပ်စုသည် အနည်းဆုံး ဆယ်ယောက်လောက် ရှိမည်။ သူနှင့် မျက်နှာချင်းဆိုင်ဖြစ်သော စားပွဲမှာ အသီးသီးဝင်ထိုင်ခြင်းအား ရိပ်ခနဲ တွေ့ရသည်။

သူ့မိတ်ဆွေကတော့ တစ်စုံတစ်ယောက်အား လည်ပြန်အောင် ထပ်မံ ငေးကြည့်ပြန်သဖြင့် ...

"ဘယ်သူ့ကို တွေ့လို့လဲ၊ အသိပါလာလို့လား ကိုဝဏ္ဏ"





ဟု သူက မေးမိသည်။ ကိုဝဏ္ဏသည် လူမိသွားဟန်ဖြင့် တစ်ချက် ရယ်လိုက်သေးသည်။

ပြီးတော့ ...

"ကိုယ့်လူ တယ်ရိုးတာကိုးဗျ၊ အဲဒီအုပ်စုထဲမှာ သူငယ်မယ် အလှကလေးတွေ ပါနေတယ်လေဗျာ၊ အားလုံးထဲမှာ ကိုယ် မျက်စိအကျဆုံး တစ်ယောက်ကတော့ မဟူရာမင်းသမီးလေးပဲ၊ ခင်ဗျား ကံကောင်းတယ်၊ ခင်ဗျားနဲ့ မျက်နှာချင်းဆိုင်ခုံမှာ နေရာယူထားတယ်ဗျ၊ ကိုယ်ကတော့ နောက်ပြန် လှည့်ကြည့်မှ မြင်ရတယ်"

ဟု၍ ဝန်ခံလေသည်။ ကိုဝဏ္ဏ၏ အကျင့်က အမြဲသည်အတိုင်း ဖြစ်သည်။ ဘယ်နေရာသွားသွား လှပသော မိန်းမတစ်ယောက်ကို မတွေ့တွေ့အောင် လိုက်ရှာပြီး ရသမျှ အချိန်ကလေးမှာ မျက်စိစားပွဲ ထိုင်လိုသောအကျင့် ဖြစ်သည်။

"ဟော့လူ ကြည့်လိုက်စမ်းပါဗျ၊ ခင်ဗျားကိုတောင် လှမ်းကြည့်လိုက်သေးတယ်၊ နံပါတ်ချိတ်ပြီးသား ဆိုပေမဲ့ မိန်းမချောချောကို ခဏလေး ငေးတာလောက်တော့ လုပ်သင့်ပါတယ်ဗျာ"

"ကဲပါ ... ကိုဝဏ္ဏ သိပ်သဘောကျနေတယ်ဆိုရင် ကျွန်တော်နဲ့ နေရာလဲမလား၊ ကျွန်တော့်အဖို့ သိပ်မထူးခြားတော့တာမို့ မကြည့်တာပါ၊ တစ်မျိုးမထင်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... သိပ်လှတဲ့ မိန်းမတစ်ယောက်ကို ပိုင်ဆိုင်ထားရပြီပဲ"

သည်စကားကို ပြောထွက်သော ကိုဝဏ္ဏ၏ မေးရိုးဆီ လက်သီးဖြင့် ပစ်ထိုးလိုက်ချင်သည်။ အဲသည် မိန်းမရဲ့အလှနဲ့ ဂုဏ်သိက္ခာတွေကို အထင်ကြီးမိလို့ အခုတော့ ချစ်ရသူကို လက်လွှတ်ရတော့မယ် ဆိုတာမှ ခင်ဗျား မသိတာဟု အော်ပစ်လိုက်ချင်သည်။

BURMESE CLASSIC .com

"နေရာလဲမလား ကိုဝဏ္ဏ"

"ဟာ ... မဟုတ်တာဗျာ ကလေးတွေပါ၊ ကိုယ်က ခဏတာ ရှုးသွပ်မှုကလေးကို ခံစားချင်တာပါ"

တစ်ဖက်ဝိုင်းမှ ကောင်လေးတစ်ယောက်က တစ်စုံတစ်ခုကို အာပေါင်အာရင်းသန်သန်ဖြင့် ပြောဆိုနေပုံကို ပီပီသသကြားရသည်။ တဝါးဝါး တဟားဟား တွေလည်း ဆူညံနေသည်။

"မရသေးဘူးလားဗျို့၊ မှာထားတာ ဒီနေ့စားဖို့နော်၊ မနက်ဖြန် နေ့လယ်စာ မဟုတ်ဘူး"

ဟု တစ်မျိုးထအော်သူက အော်သည်။ ကိုဝဏ္ဏက တစ်ဖက်ဝိုင်းမှ ပြောဆိုရယ်မောသမျှကို လိုက်နားထောင်က ကျိတ်ရယ်နေပြန်သည်။





သူ့ရဲ့ ခပ်တည်တည် အမူအရာကိုလည်း လှောင်သလိုလို ကြည့်၏။ ဘာဖြစ်သလဲ ခင်ဗျားကြည့်စေချင်တဲ့ မိန်းမကို မကြည့်ရလို့ ဘာမှမဖြစ်သွားဘူး။

တကယ်၍ ကေ့ကိုသာ ခိုးကြည့်၊ ချောင်းကြည့်ခွင့်မရတော့ဘူးဆိုလျှင် အို ... မတွေးတာပဲ ကောင်းမည်ထင်ပါရဲ့။

ကေက သူ့ရဲ့အချိန်တိုင်းကို စိုးမိုးထားသည်။ သူ့အာရုံတွေမှာ ကေ တစ်ယောက်သာ ရှိသည်။ ကေ့ သီချင်းသံလေးများကို ပြန်လည်ကြားယောင်နေမိခဲ့သလို ကေ့ လှုပ်ရှားမှုသွင်ပြင်တိုင်းကိုလည်း ရုပ်ရှင် အနေးပြကွက်လို ပြန်တွေးတိုင်း မြင်ယောင်ကြည်နူးရခြင်းကို ပီတိဖြစ်နေဆဲပင်။ ဒါဟာ အဓိပတိ ပိုင်ဆိုင်နေသော ကမ္ဘာတစ်ခုတည်း။

"ဟော့ ... ကေ ... ကော၊ နင် ဒီနေ့ Introduciton Programme မှာ ပြောသွားတာ ရယ်စရာကြီးဟာ၊ ဥက္ကတည်းက ဒီနေ့ ပြောရမယ်မှန်းသိလို့ ကျိတ်စဉ်းစားထားခဲ့တာလား ကော၊ ဟဲ့ ... ကေ ပြောလေဟာ၊ ဘာငြိမ်နေတာလဲ"

"ကေ" ဟူသော နာမည်ခေါ်သံတစ်ခုကြောင့် သူ့ခေါင်းက ဆတ်ခနဲဖြစ်ကာ သူ့ခန္ဓာကိုယ်တစ်ခုလုံး တောင့်တင်းများကာ သူ့မျက်ဝန်းများသည် အမိန့်မရသေးပါဘဲ တစ်ဖက်ကပွက်ညံလှသော စားပွဲဆီ ကြည့်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကေ ချစ်ရသော ကေကလေးသည် သူ့မျက်နှာချင်းဆိုင်ဖြစ်သော နေရာမှာ ကိုဝဏ္ဏ အမည်ပေးထားသည့် မဟူရာမင်းသမီးလေး ဖြစ်နေပါရောလား။

ကေသည် သူမ၏အမည်ကို ကျယ်ကျယ်လောင်လောင် ခေါ်လိုက်သော ကောင်ကလေးအား မျက်စောင်းထိုးလျက် သူရှိရာဆီ ဝေ့အကြည့်တွင် သူ့မျက်ဝန်းများနှင့် ဆုံခဲ့ချိန်တွင် ကေသည် တည်တင်း ခက်ထန်သွားတော့သည်။ ကေ့ထက် ကေဟာ သူ့ကို ကြိုမြင်နှင့်ပြီး သူမကို သူ မြင်မှာ စိုးရိမ်နေခဲ့ပုံရသည်။

ယခုတော့ သူနဲ့ ကေတို့ တစ်ယောက်ကိုတစ်ယောက် မကြည့်ဘဲနှင့်တောင် မတော်တဆ မြင်နိုင်သောနေရာမှာ ရှိနေခဲ့ချေပြီ။

"သတိုးတော့ ပြာကျတော့မယ်၊ ဒီနေ့တစ်နေ့ထဲ ကေ့ မျက်စောင်းကို ခဏခဏ ရနေတယ်ဟေ့"

ကေ့နံဘေးက ကောင်မလေးတစ်ယောက်က ဝင်ပြော သည်။ ကြည့်ရတာ သတိုး ဆိုသော ကောင်လေးသည် ကေ့ကို ကြိုးစားနေပုံရသည်။ ကေကလည်းကွာ စုစုပေါင်း ဆယ်ယောက် လာတယ်။

ကေနဲ့ တခြားသော မိန်းကလေး နှစ်ယောက်သာ ပါဝင်သော ယောကျာ်းလေးချည်း ခုနစ်ယောက် ပါဝင်သော





အုပ်စုနဲ့ လာရတယ်လို့။ အမှန်ဆို ကေ မလာသင့်ဘူး။ ဖြစ်နိုင်ရင် ချက်ချင်း ထသွားကာ ကေ့ လက်ကို ဆွဲခေါ်ပြီး သည်အုပ်စုထဲက ဆွဲထုတ်သွားချင်သည်။

ယောကျာ်းလေးသူငယ်ချင်းတွေနှင့် ကေ ဘယ်အချိန်ကစပြီး သည်လို ပေါ်းလားဝါးလား လုပ်တတ်တာပါလိမ့်။ သူက အမေရိကားက ပြန်လာပြီး ခေတ်နောက်ကျတယ်ပဲ ပြောချင်ပြောပါစေ။

မိန်းမတစ်ယောက်အနေနှင့် ဣန္ဒြေသိက္ခာနဲ့ နေဖို့သင့်သည်။

ယောကျာ်းလေးတွေနဲ့ နောက်ပြောင် ရယ်မောနေဖို့ ဖလိုဟု ယူဆသူ ဖြစ်သည်။

"ဒီမှာ သတိုးရဲ့၊ ကေ လူတိုင်းပြောသလိုကြီး ကျွန်မ ဘယ်သူဘယ်ဝါ၊ ဘာလုပ်၊ ဘယ်မှာနေ တွေကို ကြားရတာ ရိုးသွားမှာစိုးလို့ ရယ်စရာတွေ ညှပ်ပြောလိုက်တာ၊ ပြီးတော့ Idiomတွေ အများကြီးသုံးတော့ ဆရာမသဘော တွေကျသွားတာ ဖြစ်မယ်"

"တော်ပါပေ့ ကေရယ်၊ ဒါကြောင့် ဒီနေ့ ကျူရှင်မှာ စတား (Star)ဖြစ်လာတဲ့ ကေ့ကို အတင်းခေါ်ညှဉ်းဆဲရတာ၊ ကေတော့ စိတ်မှန်းနဲ့ တွက်ပြီး ရင်တုန်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... ရတယ် ဇစ်တာရေ၊ ပိုက်ဆံမလောက်ရင် လူပေါင်ခဲ့မယ်၊ ပြီးမှ လာရွေးလို့ ရတာပဲနော် သတိုး"

ကေသည် သတိုးဆိုသော ကောင်လေးကို တစ်လှည့်၊ ဇစ်တာဆိုသော ကောင်လေးကို တစ်လှည့် ရယ်ရယ်မောမော စကားတွေ ဆက်ပြောပြန်သည်။

ကေ့တို့ဝိုင်း၏ ဆူညံမှုကို တချို့တလေ နှာခေါင်းရှုံ့ကြသည်။ တချို့က ကေတို့ကို ကဲ့ရဲ့ချင်ဟန် ကြည့်ကြသည်။ တချို့ကတော့ မသိလိုက် မသိသလိုပင်။

အများစုကတော့ မိန်းကလေး သုံးယောက်သာပါသော အုပ်စုကြီးကို စူးစမ်း အတင်းပြောချင်ကြတာ များသည်။

ကေရယ် ဘာလို့ သည်လိုမျိုး ရှိရတာလဲ။ ယောကျ်ားလေး သူငယ်ချင်းကို မထားနဲ့လို့ မတားမြစ်ပါဘူး၊ ထားပါ။ ဒါပေမဲ့ သည်လို အော်ကြီးဟစ်ကျယ် ရယ်မောနေတာမျိုးတော့ မလုပ်သင့်ဘူး။ နောက်ပြီး ကိုယ့်ကို သဘောကျနေတဲ့ ယောကျ်ားလေးတစ်ယောက်ကို အရောတဝင် မနေသင့်ဘူး ကေဟု သူ့မျက်လုံးများကတစ်ဆင့် ကေ့ကို ဆုံးမသည်။

ကေက သူ့အား ရှိတယ်လို့တောင် မထင်ဟန်။ သူ့အား သိရှိဟန်မျှပင် မပြချေ။ ကေ့မျက်လုံးများက သူ့စိမ်းသလို လွန်းလှသည်။





ကေသည် သည်နေ့တော့ ကိုဝဏ္ဏ ပြောရလောက်အောင် မဟုရာ မင်းသမီးဟု အမည်ပေးရလောက်အောင် အနက်ရောင်ဝမ်းဆက် ဆင်မြန်းထားပြန်သည်။

အနက်ရောင် လက်ရှည်အင်္ကျီဖားဖားနှင့် အနက်ပေါ်တွင် အဖြူအကွက်သေးသေးများပါသော ဝတ်စုံဖြစ်သည်။ ကေ့နားဆွဲသည် အနက်ရောင် ကော်ပြားကြီးကြီးဖြင့် ပြုလုပ်ထားပုံရသည်။

သို့သော် ကေက နှုတ်ခမ်းအရောင်ကိုတော့ နီနီရဲရဲ ဆိုးထားပြန်သည်။ ကေဟာ ဘာဖြစ်လို့ ဒီလို ပုပုလောင်လောင် ပြင်ဆင်မှုတွေကို နှစ်သက်ရတာပါလိမ့်။ လူတကာ ချက်ချင်း သတိပြုမိရသော ပုံစံကို ဖန်တီးထားတာပါလိမ့်။

ဒါပေမဲ့ ကေ့မျက်လုံးကလေးများနှင့် မျက်နှာဟန်ပန်တို့ကတော့ ရိုးသားသည့် သွင်ပြင်ကလေး ဖြစ်သည်။

"ဘယ်လိုလဲ ကိုအဓိပတိ၊ အစက မကြည့်ဘူးဆို၊ အခုတော့ ခဏခဏကြည့်လွန်းလို့ အဲဒီဝိုင်းက ကောင်လေးတွေတောင် ပြုံးစိစိ ဖြစ်လာကြပြီ"

သူက ရှက်ရှက်နှင့် မေ့လ်ရိုတ်ကို မော့ချမိသည်။ ကိုဝဏ္ဏသည် သူ့အား မခံချိမခံသာဖြစ်အောင် လှောင်ရယ်သံသဲ့သဲ့ကို ပြု၏။



www.burmeseclassic.com

www.burmeseclassic.com



သည်လူဟာ သည်အကျင့်မျိုးကို သိပ်ခံမင်တတ်လွန်းသည်။ သူဟာ လှတယ်လို့ ပြောသော မိန်းမကို မတော်တဆ ေးကြည့်မိ၊ ဂရုပြုမိရင် အဓိပ္ပာယ်မရှိ လျောင်ရယ်ရယ်တတ်သူ ဖြစ်သည်။

တစ်ခုပဲ ရှိသည်။ ကိုဝဏ္ဏက သူ့အတွက် အားကိုးရသော လုပ်ဖော်ကိုင်ဖက်ကောင်း ဖြစ်နေ၍ သူက အခုထိ လက်တွဲနေခြင်းပင်။

"ကေတော့ ဒီနေ့ မဟာကံထူးရှင် ဖြစ်နေတဲ့၊ ကံစမ်းမဲတွေ ဆက်တိုက် ပေါက်နေတယ်ဟေ့"

"ဟုတ်ပ ... ဟုတ်ပ၊ ဘတ်(စ်)နက်စ်မန်း(Business Man) ကို ရွေးမလား၊ တက္ကသိုလ်ကျောင်းသားလေး သတိုးကို ရွေးမလား စဉ်းစားတော့"

သတိုး ဆိုသော ကောင်ကလေးက ရယ်ကျဲကျဲလုပ်နေရင်း သူ့ကို မလိုတမာ လှမ်းကြည့်တာ သူ မြင်လိုက်ရသည်။ ကေက မျက်မှောင်ကြုတ်ကာ ...

"စေတနာ သိပ်ထားတယ်ပေါ့လေ၊ ဘတ်(စ်)နက်စ်မန်းရဲ့ မယားသီတော့ မဖြစ်နိုင်ဘူး၊ ကီပင်ပဲ ဖြစ်မယ်ဆိုတာ မတွေးမိကြဘူးလား"





ဟု သူ့ရင်ထဲတွင် စူးခနဲ နာကျင်သွားရမည့် စကားတစ်ခုကို ပြောသည်။ ထင်ရက်လိုက်တာ ကေရယ်။ ကေ့ကို သည်သဘောနဲ့ အရောဝင်တာ မဟုတ်ခဲ့ပါဘူး။ ကိုယ် သည်လောက် အောက်တန်းမကျပါဘူး။ ,မဟုတ်သေးပါဘူး ကေရယ် ကေ့ အယူအဆတွေ မှားပြီး ကိုယ့်ကို မုန်းနေတာတော့ ကိုယ် မခံပါရစေနဲ့ ဟူ၍ သူ့ကို တုံ့ပြန်ခွင့် မရမှန်းသိလျက် တုံ့ပြန်ချင်သေးသည်။

ထိုနေ့က ကေသည် သူ့ထံ မျက်လုံးမရောက်မိစေဖို့ ကြိုးစားရှောင်ဖယ်ခဲ့သလောက် သူကတော့ ကိုဝဏ္ဏ ပြောယူရလောက်အောင်• ကေ့ သူငယ်ချင်း ကောင်လေးတွေ ရန်လိုချင်လောက်အောင် ကေ့အား မခွာတမ်း စိုက်ကြည့်မိခဲ့ခြင်းအတွက် နှောင်တမရချေ။

ကိုဝဏ္ဏ၏ 'အလုပ်ကိစ္စတစ်ခု ရှိသေးတယ် ːː ရအောင်' ဆိုသော စကားကြောင့် ကေ့ကို ထားရစ်ကာ ဆိုင်ထဲက ထွက်လာခဲ့ရသော်လည်း သူ့စိတ် ဝိညာဉ်တို့ကတော့ ကေ့ထံပါးတွင် ကျန်ရစ်ခဲ့ရပြီ။

ဒီနေ့မှာ သူ့အတွက် ပြင်းပြင်းထန်ထန် နာကျင်ထိခိုက်ရသော စကားတစ်ခွန်းကို ကေက ပေးခဲ့၍ သူသည် တစ်သက်လုံး မတွေးခဲ့ဖူးသော ပြောင်းလဲမှု တစ်ခုကို စတင်ဖို့ ံးဖြတ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟူရာမလေးက ကျွန်တော်တို့ကို ရေရေလည်လည် နှက်တဲ့စကား ပြောခဲ့တယ်၊ ခင်ဗျား ရိပ်မိလိုက်လား ကိုအဓိပတိ"

ကိုဝဏ္ဏက အလိုက်ကမ်းဆိုးမသိ သူ့ကို အစ်အောက်သေးသည်။ သူက ခပ်တည်တည်ဖြင့် ခေါင်းညိတ်ရုံသာ တုံ့ပြန်ခဲ့သည်။

မင်း သိစေရမယ် ကေ၊ ကိုယ်ဟာ မင်းထင်သလို အပျော်မယား ထားတတ်တဲ့ ယောကျ်ားမဟုတ်ဘဲ ချစ်သူကို မြတ်နိုးတတ်တဲ့ ယောကျ်ားတစ်ယောက်ဆိုတာ မင်း သိစေရမယ် ဟူ၍ ကေ့ကို သူက စိန်ခေါ်လိုက်လေသည်။

✻ ❀ ✻



## ၁၃

"ကေ လာသားပဲ"

"ရှင်က အကျပ်ကိုင်တဲ့စကား ပြောထားမှတော့ မလာဘဲ နေလို့ ရမလား၊ ရှင့်လောက် အကြံပက်စက်တဲ့လူ လောက မှာ မတွေ့ဖူးသေးဘူး"

"အခု တွေ့သွားပြီပဲ ကေရယ်၊ မထူးဆန်းတော့ဘူး မဟုတ်လား"

"တော်တော့"

ကေသည် သတိလက်လွတ် တစ်ချက်အော်ပစ်လိုက်တော့ သူက သဘောတကျ ရယ်လိုက်သည်။ စိတ်ဆိုးနေဟန် အထင်းသားနှင့် ကေ့မျက်နှာကလေးကို တွေ့ချင်လွန်းလို့ တမင် ချိန်းခဲ့တာပင်။



www.burmeseclassic.com

www.burmeseclassic.com



မနေ့က ကော့ကို ဆိုင်မှာတွေ့ခဲ့ပြီးသော ညတွင် သူက ကော့ဆီ ဖုန်းဆက်ချိန်းခဲ့သည်။ ကောက အစတော့ အံ့သြသည်။

နောက်တော့ ဒေါသတကြီး ဖုန်းချမလို့ ပြင်စဉ် သူက တမင် ရွေးချယ်ထားသော ...

"ဖုန်းမချနဲ့ ကော၊ ကော ဖုန်းချလိုက်လည်း ကျွန်တော်က ထပ်ခေါ်မှာပဲ၊ ဒါမှမဟုတ် ကော မသိစေချင်တဲ့ ကျွန်တော်တို့ရဲ့ ပဋိပက္ခကို စွဲ သိအောင် ပြောရလိမ့်မယ်၊ ဘယ်လိုလဲ ကော"

ဟူသော စကားများဖြင့် ကော့ကို ချည်နှောင်တော့ ကောသည် တောက်ခေါက်လိုက်သေးသည်။ တစ်ဖန် မနက်ဖြန် နေ့လယ်မှာ သည်နေ့ဆုံခဲ့ရသော ဆိုင်ကိုလာဖို့ သူက ချိန်းတော့ ကောက မလာဘူးဟု ထင်ထားသည့်အတိုင်း ငြင်းပြန်သည်။ သူက ...

"ဒါဆို ကောနဲ့ ကျွန်တော့် ပဋိပက္ခကို စွဲတော့ သိသွားရရှာတော့မှာပေါ့"

ဟူ၍ ထပ်မံ ခြိမ်းခြောက်ပြန်လျှင် နောက်ဆုံးတော့ ကောသည် သူ့အား ရန်တွေ့၍ရသော စကားလုံးပေါင်းစုံဖြင့် ရန်တွေ့ကာ သူ့ချိန်းဆိုချက်ကို လက်ခံလိုက်ရတာပင် ဖြစ်သည်။





ယခုတော့ သူ့ထံမှ ချစ်ခြင်းဟူသမျှကို ပိုင်ဆိုင်သွားခဲ့ပြီ ဖြစ်သော ကောကလေးက သူ့ရှေ့မှာ ဒေါသမျက်ဝန်းများဖြင့် ရှိနေခဲ့ပြီ။ မဟုတ်ဘူး ကော၊ ကော့ကို အကျပ်ကိုင်မလို့၊ ခြိမ်းခြောက်မလို့ မဟုတ်ဘူး၊ ကိုယ်က ကော့ အထင်လွဲမှုတွေကို ဖြေရှင်းချင်နေလို့။ သူက မီနူးကို ကော့ဆီ လှမ်းပေးတော့ ကောက ရိုင်းပျသော ဟန်ပန်ဖြင့် တွန်းထုတ်သည်။ ဒါဟာ ကော့ရဲ့ တိုက်ခိုက်မှုနည်းကလေးလား ကော။

"ကော ဘာသောက်မလဲ"

"ဘာမှ မသောက်ဘူး"

ကော့အသံ မာဆတ်ဆတ်အား နားဝင်ချိုလှစွာ သူက ကျေနပ်လျက် ထပ်ရယ်မိပြန်တော့ ကော့မျက်နှာ ပိုမိုတည်တင်းသွားတော့သည်။ အပြာရောင်ဖက်ရှင်ကလေး ဝတ်ထားတဲ့ ကောက ငြိမ်းချမ်းရမဲ့အစား ပူလောင်နေလိုက်တာ ကောရယ်ဟု သူက နောက်ပြောင်ချင်ပေမဲ့ ကော့ကို အထင်သေးသည် ထင်မှာစိုး၍ မနောက်ပြောင်ခဲ့ပါ။

"ဘယ်ဟုတ်မလဲ ကောရယ်၊ ကော့ရင်တွေ ပူနေတယ် မဟုတ်လား၊ ရင်အေးသွားအောင် တစ်ခုခုတော့ သောက်မှပေါ့၊ စတော်ဘယ်ရီ သောက်မလား ကော၊ အင်း... စတော်ဘယ်ရီပဲ ကောင်းပါတယ်၊ ကျွန်တော်လည်း ဒါပဲ သောက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကိုအဓိပတိ၊ ကော့ကို ဒီလိုခေါ်တွေ့ရခြင်းရဲ့ လိုရင်းကို အရင်ပြောပါ၊ ကေ စတော်ဘယ်ရီသောက်ဖို့ လာတာမဟုတ်ဘူး"

"ပြောမှာပါကွာ၊ ကေ ရောက်ရောက်ချင်း အမောပြေသွားအောင် စကားတွေ လျှောက်ပြောနေတာပါ"

"ဘယ်တော့မှ အမောပြေမှာ မဟုတ်ဘူးရှင့်၊ ရှင့်စကားတွေ ကြားနေရသမျှ ကေ အမောဆို့နေရလိမ့်မယ်"

ပြောတော့ ကေရယ်၊ ကေက တလွဲတွေတွေးပြီး ဒေါသကြီးနေခဲ့တာမို့ ကိုယ်က ခွင့်လွှတ်ပါတယ်။ ကေနဲ့ မနက်ဖြန် တွေ့ရတော့မယ်ဆိုတာ ညက တစ်ညလုံး အိပ်မပျော်ခဲ့ တာ ကေ မသိပါ။ တစ်ဖန် အသည်းစွဲဟုသာ အမည်သိရ၊ ခေတ်ပုံမြင်ဖူးရုံရှိသော မကြာခင် ဇာစပ်ရမည့် မိန်းမတစ်ယောက်နဲ့ သွားတွေ့ရမည်ဟု သိခဲ့ရသော ညက ဘာမှမခံစားခဲ့ရ။ ရင်မခုန်ခဲ့ရသည်ကိုလည်း စွဲ မသိခဲ့ပါ။

ပြီးတော့ ကေနဲ့ ဆုံရစဉ် ရင်ခုန်ရသလောက် ဖွဲ့ကိုလှပသော မိန်းမတစ်ယောက်နဲ့ ဆုံရစဉ်မှာ ဘာမှ ထူးထူးခြားခြား ရင်ခုန်ရခြင်း မရှိခဲ့သော သူ့အဖြစ်ကို ဧက မသိခဲ့ပါ။ ကိုယ်က သစ္စာမဲ့သော၊ ကတိမတည်သော၊ တစ်ကိုယ်ကောင်ဆန်သော ယောကျ်ားတစ်ယောက် ဖြစ်ချင်ဖြစ်တော့။ ချစ်ရသူကို လက်မလွှတ်ချင်လို့ အခုတော့ အရာရာကို ပြောင်းလဲပစ်ခဲ့ပြီ။





"ကိုအဓိပတိ ပြောစရာရှိတာ မြန်မြန်ပြောပါ၊ ကေနဲ့ ဒီလိုထိုင်နေတာ တစ်ယောက်ယောက်က မြင်သွားရင် ကေ သိက္ခာကျတယ်ဆိုတာလည်း ထည့်စဉ်းစားပါဦး"

"ကဲပါ ... ကဲပါ၊ ကေ ဒီလောက် ပြောစေချင်ရင် ကျွန်တော် ပြောပါ့မယ်၊ ဒီလိုပါ ကေ၊ ကေ ကျွန်တော့်ကို အထင်လွဲနေတဲ့ ကိစ္စကို ဖြေရှင်းချင်လို့ပါ"

"ဘာ အထင်လွဲတာလဲ၊ ရှင်နဲ့ ကော့ကြားမှာ ဘာမှ မရှိဘူး"

"ရှိတာပေါ့ ကေရယ်၊ ဟိုတစ်ခါ ကော့မှာ ချစ်သူရှိတယ်ဆိုတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့နှစ်ယောက် စတင်ပြီး အမြင်တွေမှားကုန်တဲ့ ကိစ္စလေ"

"အို ... အဲဒါ ပြီးခဲ့ပြီ၊ ကေ အကုန်လုံးကို မေ့ထားလိုက်ပြီ၊ ရှင်ပဲ လိုက်အစဖော်နေ"

ကေသည် သူမ၏ ရန်တွေ့စကားအတွက် သူ့ကို ရင်ဆိုင်ဖြေရှင်းရမှာ ခက်ခဲနေပုံရသည်။ အထင်မလွဲနဲ့ ကေ၊ ကိုယ်က သည်အတွက် ကော့ကို အပြစ်တင်မလို့ မဟုတ်ဘူး။ ကိုယ့်ရင်ထဲက အမှန်တရားကို ပြောမလို့။ သူသည် ကော့ မျက်လုံးကည့်ဘည့်ကို စိုက်ကြည့်ကာ ခပ်မှန်မှန် အသံတို့ဖြင့် ကော့ကို ။တင် ပြောပြရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကေက ကျွန်တော့်ကို ပြောခဲ့တယ်၊ ကျွန်တော်ဟာ မိန်းမတစ်ယောက်ကို အရောဝင်လွန်းတယ်၊ ခြယ်လှယ်လွန်းတယ်၊ မလိုအပ်တဲ့ ကိစ္စတစ်ခုမှာ ဝင်ပါတတ်လွန်းတယ်တဲ့၊ ကျွန်တော် တစ်လုံးမကျန် မှတ်မိနေသေးတယ်၊ အစက ကျွန်တော် ဒီစကားကြောင့် ကိုယ့်ကိုယ်ကိုယ် ရှက်သွားမိပြီး ကေ့ကို မျက်နှာချင်းဆိုင်ရမှာ မရဲခဲ့ဘူး၊ အမှန်က ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်နေမှန်း မသိသေးခဲ့လို့ပါ၊ ဒါပေမဲ့ ကျွန်တော် အခုတော့ သိခဲ့ပြီ၊ ကျွန်တော်ဟာ ဘာဖြစ်လို့ ကေ့ရဲ့ သက်ဆိုင်မှုမှန်သမျှ ဝင်ပါနေရသလဲ ဆိုတဲ့ မေးခွန်းရဲ့ အဖြေက ကျွန်တော့်ဆီမှာ အဆင်သင့် ရှိလာပြီလေ"

သူ့စကားကို တစ်ဝက်တစ်ပျက် ဖြတ်တောက်ခံလိုက်ရခြင်းမှာ ကေ့ကြောင့်ပင် ဖြစ်သည်။ ကေက "တော်တော့" ဟု တစ်ချက် ဖြတ်အော်လျက် ...

"အဲဒီအဖြေကို ကေ မသိချင်ဘူး၊ ကေ့ကို မပြောပါနဲ့တော့ ကိုအစိပတိ၊ ဒီအဖြေက ဘာမှ ထူးခြားမှုမှ မရှိနိုင်ဘူး"

ဟု ခပ်တိုးတိုး အသံဖြင့် ပြောသည်။ ကေရယ် ... ကေ မကြားချင်ပေမဲ့ ကိုယ် ပြောပါရစေ ဟူသော သဘောပါသည့် မျက်လုံးများဖြင့် ကေ့အား ပြန်ကြည့်လျက် ...





"မဟုတ်ဘူး ကေ၊ ကျွန်တော် ပြောမှ ဖြစ်မယ်၊ ကျွန်တော်ဟာ မိန်းမတိုင်းကို ဒီလို အရောဝင်တာ မဟုတ်ဘူးဆိုတာလည်း ကေ သိစေချင်တယ်၊ ငှက ထင်သလို ကေ့ကို အပျော်တွဲဖို့ စိတ်ကူးနဲ့ အရောဝင်တာ မဟုတ်ဘူး ဆိုတာလည်း ကေ သိစေချင်တယ်၊ ကေရယ် ... ကေ့ကို ကျွန်တော်က အင်း ... ကျွန်တော်က ချစ်မိသွားခဲ့လို့ပါ၊ အစကတည်းက ဒီအဖြေကို ရခဲ့ဖို့ကောင်းလျက် ကျွန်တော့်ရဲ့ တွေဝေတဲ့ စိတ်ကြောင့် အခုလောက်ထိ အခြေအနေတွေရောက်မှ သိခဲ့ရတယ် ကေ၊ မင်းဟာ တကယ်တော့ ကိုယ့်ဘဝမှာ မဖြစ်ပေါ်ဖူးသေးတဲ့ အချစ်ကို အရင်ဆုံးရရှိသွားတဲ့ မိန်းမပါ"

သူ့အား ခပ်ကြောင်ကြောင် မျက်ဝန်းများဖြင့် ကေက စိုက်ကြည့်သည်။ ပြီးတော့ နှုတ်ခမ်းကို ကွေး၍ ခပ်မဲ့မဲ့ ပြုံးသည်။ လှောင်ပြုံးလား ကေ။ ကိုယ် အမှန်တွေ ပြောခဲ့တာ ကေ မယုံသေးဘူးလား။ အေးလေ သူကလည်း ယုံကြည်ချင်စရာ ကောင်းတဲ့ လူတစ်ယောက်ဖြစ်ရအောင် ပြုမူခဲ့ပြီးပြီပဲ ဟူ၍ ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်ရပြန်သည်။

သူ့ဘဝမှာ အရှုံးအရှုံး တမ်းတမိသော မိန်းမသည် ကေ ဖြစ်သည်။ ဒါကို ကေ သိစေဖို့ သူက အစွမ်းကုန် ကေ့ကို ယချင် ခယပါစေတော့ ဆိုသည့် မာနကင်းသော အတွေးများပင် တွေးမိခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကေ ကိုယ် တကယ်ပြောနေတာပါ၊ ကေ့ကို ကိုယ် အရမ်းချစ်မိခဲ့ပြီဆိုတာ သိခဲ့တဲ့အချိန်က နောက်ကျခဲ့တယ် ကေ၊ အဲဒီအချိန်က ကိုယ် စေ့စပ်ရတဲ့အချိန် ဖြစ်နေခဲ့ တယ်၊ ကိုယ် အရာရာအတွက် ဆင်ခြင်ပြီး ကိုယ့်ကိုယ်ကိုယ် ထိန်းကွပ်ခဲ့သေးတယ်၊ ဒါပေမဲ့ ကေ၊ ကေ့ကို မနေ့ကလို ယောကျ်ားလေးသူငယ်ချင်း တစ်သိုက်ကြီးနဲ့ ဆိုင်တစ်ခုထဲ မှာ ဟေးလားဝါးလား လုပ်တာမျိုးကို ကို မြင်လိုက်ရ တော့ ကေ့ကို ချက်ချင်းဆွဲခေါ်သွားချင်တဲ့စိတ်တောင် ဖြစ်မိတာ၊ မနည်းထိန်းချုပ်ခဲ့ရတယ်၊ နောက်ပြီး ကေ့ကို သဘောကျနေတဲ့ ကောင်လေးပါတဲ့ အုပ်စုနဲ့ ကေနဲ့ ရင်းရင်းနှီးနှီးဖြစ်တာ ကိုယ် သဝန်တိုမိတယ်၊ ကိုယ် မနေ့က အတော့်ကို ထိန်းချုပ်ခဲ့ရတယ်၊ အဲဒီ့ရဲ့နောက်ပိုင်း နာရီတချို့ကို ကိုယ်က ကိုယ့်ဆုံးဖြတ်ချက် မှန်၏ မမှန်၏ ကို သေသေချာချာ စဉ်းစားပြီး ကေ့ကို ဆက်သွယ်ခဲ့တာ ပါ၊ ကဲ ... ကေ ဘာမှ တလွဲတွေးမနေနဲ့တော့၊ ကိုယ့်ရဲ့ ဆုံးဖြတ်ချက် အမှန်က ကေဟာ ကိုယ် လက်ထပ်ရ မိန်းမ ဆိုတာပဲ"

"အို ... သေလိုက်စမ်းပါ၊ ကေ အရူးမဟုတ်ဘူး၊ ယောကျ်ား တစ်ယောက်ရဲ့ သွေးရူး-သွားတန်း စကားတွေကို ယုံလွယ်တဲ့





မိန်းမ မဟုတ်ဘူး၊ ယောကျ်ားတစ်ယောက်အတွက် အချစ် ဆုံး သူငယ်ချင်းနဲ့ လင်လုဖက်အဖြစ်ခံမဲ့မိန်းမ မဟုတ်ဘူး၊ သိရဲ့လား"

"ကေရယ်"

ငိုညည်းသံလိုလိုဖြင့် သူက ရေငှတ်ကာ စားပွဲပေါ် တံတောင်ထောက်ထားသော လက်ဖဝါးနှစ်ဖက်ထဲ မျက်နှာကို နှစ်၍ စက္ကန့်များစွာ ငြိမ်သက်နေခဲ့မိသည်။ မလွယ်ပါလား ကေ။ ကေ့ကို ယုံအောင် ပြောရမဲ့ကိစ္စက တကယ် မလွယ်ပါလား။ ဒါပေမဲ့ ကိုယ် စိတ်မပျက်ပါဘူး။ ကေ ယုံသည်အထိ ကြိုးစား ရမည်။ သူ့ထံမှ ချစ်ခြင်းမှန်လျှင် ကေ တစ်နေ့ သူ့ကို ယုံလာ စေရမည်။ ကေ သူ့ကို မမှန်ဘူးဆိုတာ သူ ယုံသည်။ သည်ယုံ ကြည်ချက်ဖြင့်သာ သူ မျှော်လင့်နေရသူ ဖြစ်သည်။ ကေက သူ့အား အထင်လွဲ၍ သူ့အမှုအရာများအား နာကြည်းရုံကလေး သာ ဖြစ်မည်။

စွဲ ... စွဲကို ဘယ်လိုပြောရမလဲ။ သူ့ဘက်က ပြောင်းလဲချက်ကို စွဲ မသိသေးချေ။ အကယ်၍ စွဲကို ဖွင့်ပြောလျှင် ကေနဲ့ စွဲတို့ကြားတွင် အမြင်မှားတာ မမှားတာထား၊ စွဲက သူ့ ကို မုန်းတီးသွားမှာကိုလည်းထား၊ သူ့တို့ စေ့စပ်ပွဲကို ကြိုတင် ဖျက်သိမ်းထားနိုင်လျှင် ကေက သူ့ကြောင့်အဖြစ် ထပ်မံ တင်းမာ



www.burmeseclassic.com

www.burmeseclassic.com



ဦးမည်။ သူ့ကို ပို၍ သူစိမ်းဆန်ဦးမည်။ အိုး ... လောကကြီးဟာ သူ့တစ်ယောက်တည်းကို စိတ်ရှုပ်စရာတွေ စုပေးခဲ့တယ် ထင်ရဲ့။

"ကိုအဓိပတိ စိတ်တွေ မမှန်တော့ဘူးထင်တယ်၊ ကိုယ့်လုပ်ရပ်ကို ထပ်ပြီး သေသေချာချာ စဉ်းစားပါဦးလို့ ကေ အကြံပေးချင်တယ်"

ကေက ထရပ်ရင်း သူ့ကို ထပ်ပြောသည်။ သူက ကေနဲ့ အတူ လိုက်ရပ်ရင်း နာကျင်ပြင်းပြစွာ တစ်ချက်ရယ်လျက် ...

"မလိုတော့ဘူး ကေ၊ ကိုယ်က ကိစ္စတစ်ခုကို လုပ်တော့မယ်လို့ စိတ်မဆုံးဖြတ်ခင်ကတည်းက အထပ်ထပ် စိစစ်တတ်တဲ့လူ၊ ဒါကြောင့် ကိုယ့်ကို ထပ်စဉ်းစားဖို့ အကြံမပေးနဲ့တော့"

"ရှင်ဟာ အရူးပဲ"

ဟုတ်တယ် ကေ၊ ကိုယ်က အရူးတစ်ယောက်။ ကေ့ကို ချစ်မိတဲ့စိတ်နဲ့ ရူးသွပ်ရတဲ့ လူတစ်ယောက်ပေါ့။ တစ်သက်လုံး မိဘစကားကို နားထောင်လာတဲ့လူ၊ အရှက်သိက္ခာကို ထိပါးခံရမှာ စိုးတတ်သူ၊ ကတိသစ္စာမတည်သူအဖြစ် အထင်ခံရမှာ မလိုလားသူဟာ အခုတော့ ဒါတွေကို လျစ်လျူရှုခဲ့ပြီ။





အသည်းစွဲနဲ့ စေ့စပ်ထားလျက် အသည်းစွဲရဲ့ သူငယ်ချင်း ကေ့ကို အတိအလင်း ရွေးချယ်လိုက်ကြောင်းသာ အများသိကြည့်၊ ဘယ်လောက် ကဲ့ရဲ့ခံလိုက်ရမလဲ၊ ဝေဖန်ခံလိုက်ရမလဲ၊ အပြစ်တင်ခံလိုက်ရမလဲ။ သူလည်းအသိ ကေလည်း သိနှင့်မည်။

သို့သော် အဓိပတိသည် အချစ်၏ စေစားရာကို လိုက်ပါသရုပ်ဆောင်ရသော ဇာတ်ကောင်တစ်ယောက် ဘဝအား ကျေကျေနပ်နပ် ခံယူလိုက်သည်။

"ကေ့ကို ချစ်တယ်"

ကေက သူမကားထဲ ဝင်ထိုင်ရင်း စက်နှိုးလျှင် သူသည် ကားပြတင်းကို လက်ထောက်လျက် ပြောဖြစ်အောင် ပြောလိုက်သေးသည်။ ပါးစပ်မှ တစ်ခုခု ရေရွတ်လိုက်ခြင်းသာ တွေ့ရပြီး ကေ ဘာပြောလိုက်သလဲ မကြားရအောင် တိုးလျသော ကေ့အသံယဲ့ယဲ့အတွက် ကျေနပ်မိပြန်သတဲ့။ အဓိပတိသည် ရူးသွပ်မြင်းကို ခုံမင်သွားပြန်တော့သည်။

⁂



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁၄

ကေ့အား သူမ၏ သူ့အပေါ် အထင်လွဲမှုကို ဖြေရှင်းပြီးသောအခါ သူတို့နှစ်ယောက် အချိန်တော်တော်ကြာ မတွေ့ရတော့ချေ။ သို့သော် ညစဉ်ညတိုင်း ကေ့ဆီ ဖုန်းဆက်ခြင်း အမှုကိုတော့ သူက အမြဲပြုလုပ်ဆဲ။ ကေသည်လည်း သူ ဖုန်းလာမည့် အချိန်ကို မှတ်ထားပုံရသည်။ ဖုန်းခေါ်လိုက်တိုင်း အရင်ဆုံး ဖုန်းကိုင်သူမှာ ကေပင် ဖြစ်သည်။ ကေနဲ့သူ ဖုန်းပြောခြင်းမှာ များသော အားဖြင့် သူ့ဘက်က သာ ပြောခြင်းဖြစ်သည်။ ကေက နားထောင်ရုံ၊ တစ်ခါတစ်ရံ သူ့အား ရန်တွေ့ရုံ။ တစ်ခုတော့ ရှိသည်။ ကေသည် သူ့အား အရင်ကလောက် မတင်းမာတော့ ခြင်းပင်။ ကေ ဘယ်လောက်ပင် အော်ငေါက်ပါစေ သူက ဖွင့်လွှတ်တတ်သည်မှာ အဓိပ္ပာယ်ပတိရဲ့ ချစ်ခြင်းတည်း။





သူက ကေ့အား ပြောသော စကားများသည် အများအားဖြင့် သူ့အလုပ်အကိုင် အကြောင်း၊ အမေရိကားမှာ နေခဲ့စဉ်က အကြောင်း၊ မိဘတွေရဲ့ အကြောင်း၊ သူ့မှာ ရှိခဲ့ဖူးသော ရည်းစားဟောင်းတွေရဲ့အကြောင်း။ (နောက်များမှာ ကေ ပြောခဲ့သည်ကတော့ အဲဒါ မောင် တမင် ကေ့ကို သဝန်တိုပြီး ရန်တွေ့ရုံပြောမှန်း ကေ သိသားပဲ၊ ဒါကြောင့် ကေ အဲသည်အကြောင်းနဲ့ ပတ်သက်၍ ရန်မတွေ့ခဲ့ဘူးဟု ပြောပြသည်) တွေဟာ ပြောခြင်းဖြစ်သည်။ ကေ့ကို တစ်ခုခု ပြောခိုင်းရင်တော့ ဒကက ...

"လဲသေလိုက်"

ဟု ဆဲရေးပြီး ဖုန်းကို ပစ်ချတတ်ကြောင်း ပထမဆုံးဖုန်းပြောစဉ်မှာ ကြုံဖူးခဲ့၊ နောက်တစ်ကြိမ်လည်း သူပြောသမျှငြိမ်နားထောင်နေတတ်ပြီး သူ့ဘက်က ကေ့ကို စကားပြောခိုင်းရင်သည်လိုပဲ ဖုန်းချနဲ့ သုံးကြိမ်မြောက် ကြုံခဲ့သောအခါ နောက်ပိုင်းတွေမှာ သူက ဘယ်တော့မှ ကေ့ကို 'စကားမပြောခိုင်းတတ်ပါ။

ကေ စိတ်လိုလက်ရရှိသော နေ့မျိုးမှာ ဝင်ပြောမှသာ ကေ့အသံကို ကြားရခွင့်ရပြီး သူနဲ့ ကေ၏ ဖုန်းပြောခြင်းကိစ္စသည် သူတစ်ယောက်တည်း ပြောခြင်းသာ ဖြစ်နေတတ်သည်။ ပြောရပါးမည်။ ကေနဲ့ သူရဲ့ ဖုန်းပြောချိန်သည် ညဆယ့်တစ်နာရီမှာ စတင်တတ်ပြီး မနက်သုံးနာရီ လေးနာရီအထိ ကြာတတ်သည်။ ဒကက တစ်ခါတလေ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုအဓိပတိ ကေ ဒီနေ့ အရမ်းအိပ်ချင်နေတယ်၊ နည်းနည်းလောက် ပြောပြီးရင် ကေတို့ ဖုန်းပြောတာ ရပ်ရအောင်နော်"

ဟု ကြိုတင်မှာထားတတ်လျှင် ညဆယ့်နှစ်နာရီမှာ စတင်သော ဖုန်းပြောခြင်းသည် ည၃တစ်နာရီတွင် သူက မပြီးချင်ပြီးချင်နှင့် အဆုံးသတ်ရသည်။

ကေ့ကို ဖုန်းထဲမှာ စကားပြောဆိုရာဝယ် သူ ပြောသော စကားများထဲ၌ ကေ့ကို ချစ်ကြောင်း တစ်စွန်းတစ်စမှ ထပ်မံပြောဆိုခြင်း မပါ၊ ကေ့ကို ဖြားယောင်းသော စကားများ မပါ၊ ကေ့ကို သိမ်းသွင်းသောစကားများ မပါ၊ အင်မတန့်ကို မိတ်ဆွေဆန်သော စကားများ ဖြစ်သည်။ သူ့ဆန္ဒက ကေသည် သူ့အပေါ် ချစ်တာ မချစ်တာ အပထား၊ ကေ့ အမုန်းကို မရလိုတာပဲ ဖြစ်သည်။

သို့သော် သူသည် ထိုသို့ ကေ့ကို ဟာစ်ဖက်သတ် ချစ်နေရခြင်းကို ကြာရှည် သိုဝှက်ခွင့် မရခဲ့ချေ။ အကြောင်းကတော့ ကေ့ကို သတိုးဆိုသော ကောင်လေးအပါအဝင် တခြား ကောင်လေးနှစ်ယောက်ဖြင့် ထပ်မံ တွေ့ခဲ့ရပြန်သောကြောင့် ဖြစ်သည်။





ထိုနေ့က သူ့မိတ်ဆွေတစ်ယောက်၏အိမ်သို့ လာလည်ပြီး အပြန်မှာ တွေ့ခြင်း ဖြစ်သည်။ ကားသော့ကို ငုံ့ဖွင့်နေစဉ် သူ့နံဘေးမှာ ကျယ်ကျယ်လောင်လောင်ရယ်၍ ဖြတ်သွားသော လူငယ်တစ်စုကို သူက ထုံးစံအတိုင်း လှည့်တောင်မကြည့်မိချေ။ ဒါပေမဲ့ ကားထဲဝင်ထိုင်ပြီး စက်နှိုးစဉ်တွင် ကားရှေ့မှန်မှ တစ်ဆင့် မြင်ရသော မြင်ကွင်းထဲတွင် ခုနက သူ့ဘေးက ဖြတ်သွားသော လူငယ်တစ်စု၏ နောက်ကြောကို မြင်ရချိန်တွင် သူ့ဒေါသတို့ ရှန်းကြွလာတော့သည်။

"ကေ"

ဟူ၍ သူ့နှုတ်ကတောင် ယောင်အော်မိသည်။ ကေ ကေဟာ ယောကျ်ားလေးသုံးယောက်နဲ့ ယှဉ်တွဲသွားလာရဲတဲ့ မိန်းကလေးပါလား။ နောက်ကြောက မြင်ရရုံဖြင့် ကေဟု သူက အတပ်ပြောနိုင်၍ ချက်ချင်း ကားတံခါးကိုဖွင့်ပြီး ဆင်းလိုက်သည်။

ကေရယ် ကိုယ် မကြိုက်မှန်းသိလျက်နဲ့ ဘာလို့ သည်လို တွဲသွားရတာလဲ ဟူ၍လည်း ထပ်ခါတလဲလဲ ဟာစ်ကြွေးချင်မိသည်။ ခြေလှမ်းသွက်သွက်တို့နှင့်အတူ ကေ့ကို ဆုငေါက်ပစ်ချင်သည့် ဒေါသတို့က တလိပ်လိပ် တက်လာခဲ့ပြီ။ ကေသည် သည်နေ့ အဝါရောင်တီရှပ်ပွပွရှည်ရှည်နှင့် လုံချည်က အဝါရောင်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်ကလေးနှင့် ဖြစ်သည်။ ပင်ဆယ်လ်ဟီးကိုလည်း ဝတ်ဆင်ထားသေး၍ ကေ့ အရပ်က နဂိုမြင့်ရတဲ့အထဲ အတော့်ကို မြင့်မြင့်မားမားကလေး ဖြစ်နေသည်။ သည်ကြားထဲမှာ ကေ့ကို ဝိုင်းပြီး စကားတွေ ရေပက်မဝင်အောင် ပြောနေသော ကောင်လေးသုံးယောက်ရဲ့ စကားတွေကိုလည်း လိုက်ရယ်ပေးနေသေးသည်။

ကေတို့အုပ်စုနှင့် ရင်ပေါင်တန်းလျှောက်၍ ဘေးမှ ဖျတ်ခနဲ ကျော်တက်ကာ ပိတ်ရပ်လိုက်တော့ ကေကလွဲရင် ကျန်တဲ့ ကောင်လေးသုံးယောက် တည်တင်းခက်ထန်သွားကြသည်။

"ကေ ဘယ်သွားမလို့လဲ"

ကောင်လေးများက ကေ့အား တအံ့တဩ လှည့်ကြည့်သည်။ ကြည့်ရတာ ကေ့ မိတ်ဆွေယောကျ်ားကလေးများထဲတွင် သူ့အရွယ်တစ်ယောက်မှ မပါပုံရသည်။

"သူငယ်ချင်းတွေနဲ့ Speaking တက်ပြီး ပြန်လာတာ"

"အဲဒါဆို အိမ်ပြန်ပါလား၊ ကားကော မပါဘူး ထင်တယ်"

"မပါလို့ လမ်းလျှောက်နေတာပေါ့"

"ဒါဆို ကိုယ် လိုက်ပို့မယ် ... လာ"

ကေသည် သူ့အား ပေကတ်ကတ် မျက်လုံးများဖြင့် ကြည့်သည်။ ကေ့ဟန်ပန်က ယခုတော့ သူစိမ်းဆန်လွန်းနေသည်။ ဖုန်းနှင့် စကားပြောကြတာ နှစ်ပတ်တိတိ ကြာခဲ့ပြီလေ ကေရဲ့။





ကိုယ်တို့က မိတ်ဆွေရင်းချာတွေပဲ၊ ကေ ဘာဖြစ်လို့ ချက်ချင်းပြောင်းလဲပစ်ချင်တာလဲ ဆိုသော စကားများကို ပြောပစ်ချင်သည်။

"ကေ ဘယ်လိုလဲ နင့်ကိစ္စ ကြာဦးမှာလား၊ မလိုက်ရင် မြန်မြန် စကားစဖြတ်လိုက်တော့"

ထိုစကားကို ပြောသူမှာ သတိုးဆိုသည့် ကေ့ကို ပိုးပန်းနေသည့် ကောင်လေးဖြစ်ကြောင်း သူက ချက်ချင်း မှတ်မိသည်။

"ကေ မလိုက်တော့ဘူး၊ သူငယ်ချင်းတွေနဲ့ သွားစရာရှိတယ်၊ ပြီးမှ အိမ်ပြန်မှာ"

"ဒီလို လျှောက်သွားနေတာ ကိုယ် မကြိုက်ဘူး၊ ယောကျ်ားလေးတွေနဲ့ ဟေးလား ဝါးလားလုပ်တာ ကိုယ် မကြိုက်ဘူးလို့ ကေ့ကို ပြောထားပြီးပြီလေ ကေ၊ ဘာဖြစ်လို့ အရွဲ့တိုက်ချင်ရတာလဲ"

သူသည် စိတ်ပေါက်ပေါက်နှင့် ပြောချမိပြီးမှ သူ့စကားဟာ အတိုင်းအတာတစ်ခုထက် လွန်သွားကြောင်း သတိပြုမိတော့သည်။

ကဲ ... ပြောမိတော့ ဘာဖြစ်သလဲကွာ၊ ကေ့ကို မကြာခင်မှာ သည်လို ပိုင်ပိုင်နိုင်နိုင် ပြောဆိုခွင့်ရှိအောင် ကြိုးစားရတော့မှာပဲဟု သူက အတွေးကြီးပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟ ... ကေ ဘာတွေလဲ၊ အမိန့်ပေးလုချည့်လား၊ ငါတို့ရဲ့ ကေက ရေလည်သန့်သန့်ကလေးနေတာ ဒီလို အမိန့်ပေးတဲ့ လူမျိုး မရှိပါဘူး"

ဟု၍ တခြား ကောင်လေးတစ်ယောက်က သူ့အား လှောင်သလိုလို ပြောပြီး စကားအဆုံးတွင် ...

"အိုး ... ဟိုးဟိုး"ဟု ရယ်သံအကျယ်ကြီး ရယ်ပြန်သည်။

သူသည် ရှက်စိတ်ကြောင့် မျှင်းခနဲ ဖြစ်သွားသည်။ သူ့လို လူကြီးလူကောင်းတစ်ယောက်ကို လှောင်ရဲသော လူငယ်ကလေးအား တစ်ချက် ခပ်တည်တည် စိုက်ကြည့်လျက် ...

"ကေ ဘယ်လိုလဲ၊ ကိုယ် ဒီလို အေးအေးဆေးဆေး ခေါ်တာကို ကေ့ သူငယ်ချင်းတွေက လှောင်တာဟာ ကိုယ့်သိက္ခာကို ချလိုက်တာပဲ"

ဟု ကေ့အား ပြောလိုက်သည်။ ကေသည် ဂရုမစိုက်ဟန်ဖြင့် ခပ်မဲ့မဲ့ ပြုံးသည်။ နံဘေးမှ ဖြတ်သွားသော လူတချို့က ပဋိပက္ခလေးကို ရိပ်မိပြီး လှည့်ကြည့်သွားကြသည်။

သူတို့ရပ်နေရာ လမ်းတစ်ဖက်တည်းတွင်ရှိသော တိုက်ခန်းများမှ လူတချို့ ထွက်၍ အကဲခတ်ကြသည်။





သူသည် တဖြည်းဖြည်း ချွေးစေးများပင် ပြန်ချင်သလိုလို ဖြစ်လာတော့သည်။ ကေ့ကို ချစ်မိခြင်းကြောင့် သူ့ဘဝတွင် မလုပ်သင့်သည်များကိုတောင် လုပ်မိခြင်းအား နောင်တမရချင်သေးသော အဓိပတိသာတည့်။

"ကေ လာခဲ့၊ ကိုယ်တို့ သွားရအောင်"

သူက ဖျတ်ခနဲ ကေ့လက်ကို လှမ်းဆွဲတော့ ကေက ရုတ်ခနဲ ရှောင်သည်။ သို့သော် ကေက နောက်ကျသွားသူဖြစ်သည်။

"ဟင့်အင်း ... ကေ မပြန်သေးဘူး၊ သွားစရာ ရှိသေးတယ်လို့ ကေ ပြောပြီးပြီပဲ၊ ကေ့ လက်ကို လွှတ်ပါ"

"ကိုယ် လိုက်ပို့မယ်လို့ ပြောပြီးပြီ ကေ၊ ကေ ဘယ်သွားသွား ကိုယ် လိုက်ပို့ဖို့ ဆုံးဖြတ်ထားတယ်၊ ကဲ ဘယ်လိုလဲ ကေ၊ ကိုယ်က ဆွဲခေါ်သွားဖို့ ဝန်မလေးဘူးနော်"

"ရှင် အဲဒါ တမင် ကေ့ကို အနိုင်ကျင့်တာ"

ကေ့ အော်သံကြောင့် ကေ့ သူငယ်ချင်း ကောင်ကလေးများက သူ့အား ရန်မူတော့မည့် ဟန်ပန်တွေနှင့် ဝန်းရံသွားကြတော့ ကေက လန့်သွားပုံရသည်။

ပြန်လည်၍ အေးဆေးငြိမ်သက်ကာ ...

"ဗစ်တာ့ နင်တို့ မပါကြနဲ့နော်၊ ဒါ ကေ့ကိစ္စ ကေပဲ ရှင်းမယ်၊ နင်တို့အရှေ့မှာ သွားရပ်စောင့်နေကြ"



www.burmeseclassic.com

www.burmeseclassic.com



လေသံအေးအေးဖြင့် တည်ငြိမ်စွာ ပြောလိုက်သည်။ သတိုးကတော့ သိပ်ကျေနပ်ဟန် မပြချေ။ သို့သော် အားလုံးက ကေ့ စကားကို နားထောင်ကာ ခပ်လှမ်းလှမ်းက ဗာဒံပင်အောက်မှာ သွားရပ်ကြသည်။

"ဒီမှာ ကိုအဓိပတိ၊ ကေ့ကို ရှင် ဘာမှ အဒိန့်ပေးစရာ မလိုဘူး၊ ရှင်နဲ့ ဘာမှ မပတ်သက်တဲ့ ကေ့ကို တမင် ချုပ်ချယ်တာ၊ ကေ အရင်ကတည်းက ဒီလို လျှောက်သွားနေကျ။ ဒါဟာ အကျင့်စာရိတ္တနဲ့ မဆိုင်ဘူး၊ ကေ့ဘာသာ ဘယ်သူနဲ့ တွဲသွားပါစေ၊ ကေ့ စိတ်ထဲမှာ ရှင်းရင် ပြီးတာပဲ၊ ကေက ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး"

"အေး ... ဒါပေမဲ့ ကိုယ်က ဂရုစိုက်တယ်လေကွာ၊ ကေ့ကို ဒီလိုသွားတာ မကြိုက်ပါဘူးလို့ ကိုယ် ခဏခဏ ပြောပြဖူးရဲ့သားနဲ့ ကေရယ်"

"အို ... ရှင်ပြောတာက ပြောတာပဲ၊ ကေက လိုက်နာပါ့မယ်လို့များ ကတိ ပေးမိလို့လား၊ ကေ ဒီလို လျှောက်သွားတာ အရှက်မကွဲဘူး၊ ရှင် ဒီလိုလာပြီးရမ်းမှ ကေ့ အပေါင်းအသင်းတွေနဲ့ ပြဿနာတက်ပြီး ကေ အရှက်ကွဲမှာ နားလည်ရဲ့လား"





ကေ့ စကားကြောင့် သူသည် ကေ့လက်ကို လွှတ်ပေးမိလျက်သား ဖြစ်ခဲ့သည်။ စကားတတ်လှချည်လား ကေ၊ ကိုယ်ပဲ အရှုံးပေးရတာပါပဲ။ နောက်ပြီး ကိုယ့်ကို ချက်နဲ့လက်နဲ့ ပြန်ပြောပြီး အနိုင်ယူတဲ့သူဟာလည်း ကေ တစ်ယောက်တည်းပါပဲ။

"ဒါဆို ကေက ကိုယ်နဲ့ မလိုက်ဘူးလား"

သူက မေးဖြစ်အောင် မေးလိုက်သေးသည်။ ကေက တစ်ချက်ပြုံးလျက် ခေါင်းခါကာ ...

"ကေ့ဘာသာပဲ ပြန်မယ်၊ ကေ အခုသွားနေတာလည်း သူတို့နဲ့ လျှောက်သွားနေတာ မဟုတ်ဘူး၊ ဟိုနားက တိုက်ခန်းမှာ ဖွင့်ထားတဲ့ Sıpeakingသင်တန်းလာတက်ပြီး ပြန်ဆင်းလာတာ၊ သူတို့က ကေ့ ကားရပ်ထားတဲ့ နေရာကို အတူတူ လိုက်လျှောက်လာတာ၊ အဲဒါကို ရှင်က အတင်း လိုက်ဟောက်နေတော့ ကေက အမြင်ကတ်ပြီး တွေ့ကရာတွေ ပြောမိတာပေါ့၊ အမှန်တော့ ကေ့မှာ ကားပါလာပြီးသား၊ ဟိုနားက ပတ်ကင်ပြည့်နေလို့ တခြားနေရာမှာ သွားရပ်ထားတာ"

ဟူ၍ သူ့အား အေးအေးဆေးဆေး ရှင်းပြသည်။ သူသည် ကမူးရှူးထိုးဖြင့် အမှားတွေ လုပ်မိမတတ် ဖြစ်ခဲ့သည့် ကိုယ့်ကိုယ်ကိုယ် အတော်လေး ရှက်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မထူးတော့ချေ။ အခုတော့ ကေသည် သူ့ရဲ့ တစ်ဖွတ်ထိုးဆန်သော အပြုအမူများကို ရိပ်မိနေလောက်ပြီ။ တစ်ခါသာ ဖွင့်ပြောဖူးသည့် ချစ်ခြင်းစကား တစ်ခုကို ကေလည်း မမေ့။ သူလည်း မမေ့။ သိသိကြီးနှင့် တခြားစကားတွေကို ညစဉ် ဖုန်းပြောရခြင်းကို ငြီးငွေ့လှပြီ။ သေချာတာတစ်ခုကတော့ သူသည် ကေ့ဆီမှ အဖြေကို မရရအောင် တောင်းဆိုရတော့မည် ဆိုတာပဲ ဖြစ်သည်။

ကေ့ သူငယ်ချင်း ကောင်ကလေးများက သူ့ကို ကေ့ ချစ်သူအဖြစ် သတ်မှတ်စေချင်ပြီ။ သတိုးကိုလည်း ဟန့်တားချင်သည်။

အဓိပတိသည် နောက်ထပ် နေ့သစ်တစ်ခုကို မျှော်လင့်မိတော့သည်။

❊ ۞ ❊





# အပိုင်း(၃)

## ကေ

www.burmeseclassic.com

www.burmeseclassic.com



## ၁၅

ကေသည် အဓိပတိ မကြိုက်မှန်းသိသော "ဈွဲ့ ဘယ်တော့ လက်ထပ်တော့မှာလဲ" ဟူသော စကားအား တမင် မေးလိုက်သည်။

ရယ်မောရွှင်ပျနေရာမှ သူ့မျက်နှာသည် ရုတ်ခြည်း တည်ငြိမ်သွားတော့သည်။ ကေက အနိုင်ရသွားဟန်ဖြင့် ဟန်ဆောင် လိုက်ရသော်လည်း ရင်ထဲမှာ နာကျင်နေသားပင်။

"ကေက ကိုအဓိပတိနဲ့ ဈွဲ လက်ထပ်မဲ့နေ့ကို စိတ်ကူးယဉ် နေတာ၊ ကေ့ကို သတို့သမီးအရန် လုပ်ခိုင်းထားတယ်လေ"

ကေ့ကို ချစ်တယ်ချည်း ထပ်ခါတလဲလဲ ရေရွတ် လိုသော ယောကျ်ားတစ်ယောက်အား ကေ့ထံမှ တုံ့ပြန်မှုများက သည်နည်းအတိုင်းသာ ဖြစ်သည်။





ကေသည် သူ့ကို ချစ်နေလျက် ဇွတ်မိုတ်ငြင်းဆန်ခြင်း၊ မသိကျိုးကျွန် ပြုရခြင်းကို တစ်ခါတစ်ရံ ရှောင်လွှဲချင်သည်။ ဖြစ်နိုင်ရင် ဘာပဲဖြစ်ဖြစ် ချစ်သူကို ခဏလေးလောက် ချစ်ခွင့်ရချင်သည်။

ဈွဲလည်း မသိ။ ဘယ်သူမှလဲ မသိစေရ။ အို ... အားလုံးသော လူတွေလည်း မသိစေချင်။ သို့သော် ကေ့မှာ သတ္တိ အလုံအလောက်ရှိမှ ဖြစ်မည်။

ကေက ယခုတော့ ဆုံးဖြတ်ပြီးသား ဖြစ်သည်။ အဲဒါကတော့ ကေသည် အဓိပတိ၏ အချစ်ကို လက်ခံမည်။ ကေတို့ ချစ်သူဘဝကို တည်ဆောက်မည်။ အရာအားလုံးအား ခဏ မေ့ထားမည်။

စိတ်ကူးနဲ့ပင် ပျော်ချင်စရာကောင်းသေးတော့။

ကေ့ကို ချစ်တယ်ပြောသော အဓိပတိအား ကေက သည်နေ့တွင် အဖြေပေးပါ့မည်ဟု ကတိပေးခဲ့ပြီ။ သို့သော် ကေက နည်းနည်းလေးဖြစ်ဖြစ် ကလိချင်သေးသည်ကွယ်။

"ကေ ဒီနေ့ ပေးရမဲ့အဖြေက အဲဒါ မဟုတ်ဘူး ကေ မှားနေပြီ"

သူက ခပ်ညစ်ညစ် ပြန်ပြောသေးသည်။ ကေသည် ။သိလိုက်သလို မကြားလိုက်သလိုလုပ်ကာ စားပွဲပေါ် လက်



www.burmeseclassic.com

www.burmeseclassic.com



တံတောင်ထောက်ကာ လက်ဝါးထဲ မေးစေ့တင်ရင်း အဝေးကို ငေးနေခဲ့သည်။

"မင်းဆီက မျက်ဝန်းအကြည့်တစ်ချက်နဲ့ ပထမဆုံး ဆုံခဲ့ရချိန်မှာ ကိုယ့်ရဲ့ နှလုံးသားဟာ လျှပ်စစ်ဓာတ်တစ်ခုနဲ့ပဲ ထိတွေ့လိုက်ရသလို၊ ဒါမှမဟုတ် အပူစီးကြောင်းတစ်ခုကပဲ စီးဝင်လာသလို၊ ဒါမှမဟုတ်ပြန်ရင်လည်း အေးစက်ကျင်ခဲသွားသလို ဝေခွဲလို့မရ၊ ခွဲခြားလို့မရတဲ့ မရေမရာ ခံစားချက်တစ်ခုနဲ့ စတင် မိတ်ဆက်ခြင်း ခံလိုက်ရတော့တာပါပဲ။ မင်းဟာ ကိုယ့်ကို ကောင်းကောင်းကြီး ဒုက္ခပေးနိုင်မဲ့ မိန်းမတစ်ယောက်ဆိုတာ အဲဒီ့ကတည်းက သိခဲ့ဖို့ ကောင်းတယ်"

ဘုရား ... ဘုရား ကေ့ကို တင်စားနေလိုက်တာ။ ကေက အဲသည်လောက် အစွမ်းထက်ပြန်သတဲ့။ အံ့သြဖွယ်ကောင်းစွ။ ကေက မနေနိုင် မထိုင်နိုင် ထပ်မံ စကားဆက်မိပြန်သည်။ သူ့ဆီက ဘာတွေများ ရင်ဖွင့်ဦးမလို့ပါလိမ့်ဟု ကေက ထပ်မံ ညစ်ကျယ်ကျယ် လုပ်မိပြန်သည်။

"အမှတော့ နှောင်တတွေ တစ်လှေကြီးနဲ့ပေါ့နော်"

"ကျွတ် ... ဘယ်က နောင်တရစရာရှိလို့တုန်း ကေရယ်၊ ကိုယ်က ဒီဒုက္ခကို ကျေကျေနပ်နပ် မြတ်နိုးမိတယ်"





"ဟင် ... မြတ်နိုးတာပဲ မကျေမနပ် မြတ်နိုးတာကော ရှိသေးလား၊ အံ့သြစရာကြီးပဲတော်"

"ဟော့ ... ကေ၊ ရယ်စရာတွေ လျှောက်ပြောမနေနဲ့၊ ကိုယ့်ကို ကေ ဒီနေ့ အဖြေပေးရမှာ၊ ကေ့ဆီက တိကျတဲ့ အဖြေတစ်ခုရမှသာ ကိုယ်က ရှေ့ဆက်ရမဲ့ ခရီးကို ရင်ဆိုင်ဖို့ ပြင်ဆင်ရမှာကွ"

"နေဦး ... နေဦး ကေ မေးရဦးမယ်၊ ကေ့ဆီက မျက်ဝန်းအကြည့်တစ်ချက်က ဘယ်တုန်းက ကြည့်မိတဲ့ အကြည့်ပါလိမ့်၊ ကေ မသိလို့"

"ကေနဲ့ စွဲတို့ ကော်ဖီခွက်တွေ လာချတုန်းကပေါ့၊ အဲဒီ့တုန်းက ကေ ကိုယ့်ကို မလိုတမာကြည့်လိုက်တာ မဟုတ်လား"

လှမိသွား၍ ကေက ခပ်ရှက်ရှက်ဖြင့် နှုတ်ခမ်းကို လက်ချောင်းများနှင့်ကွယ်ကာ ရယ်လိုက်သည်။ ကေနှင့် အဓိပတိတို့သည် ဖုန်းဖြင့် စကားပြောနေကျဖြစ်၍ အတော်အတန် ရင်းနှီးနေဟန် ရှိခဲ့သည်။

ဟိုတစ်နေ့က ကေနဲ့သူ ရန်ဖြစ်ရသော အဖြစ်အပျက်ကလေးကြောင့် ကေတို့ ယခုလို ထပ်မံဆုံဖို့ ချိန်းခဲ့တာပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကေသည် မိုက်မဲသော မိန်းမအဖြစ်၊ အချစ်ကို ကိုးကွယ်သော ခပ်ညံ့ညံ့ မိန်းမအဖြစ်၊ သူငယ်ချင်းအပေါ် သစ္စာဖောက်သော မိန်းမအဖြစ် လက်ခံကာ အဓိပတိဆိုသော ကေ့ချစ်သူအား သူမထံမှ ချစ်ခြင်းတချို့ အကြောင်းပြောပြတော့မည်။ အကြိမ်ကြိမ်အခါခါ တွေးတောဆုံးဖြတ်ခဲ့သော အဖြေဖြစ်သည်။

အဓိပတိက ကေ့ကို ချစ်သည်။ ကေက အဓိပတိကို ချစ်သည်။ တစ်ယောက်ကိုတစ်ယောက် ချစ်တယ်ဆိုတာ အပြန်အလှန် သိရုံကလေးကို ကေက လိုလားသည်။

"ကေ အဖြေပေးလေ၊ ကေပဲ ညက ဒီနေ့ အဖြေပေးပါမယ်ဆိုလို့ ကိုယ် တစ်ညလုံး အိပ်မပျော်ခဲ့ဘူး၊ ကေ့ဆီက အဖြေဟာ ကိုယ်ရဲ့ အိပ်ဆေးပေါ့ ဟား ... ဟား၊ ကိုယ့်စကားတွေ အတော့်ကို ကဗျာဆန်နေပြီလား၊ ဒါမှမဟုတ် ဝတ္ထုဆန်နေပြီလား ဟာ၊ ကေ ခိုးရယ်မနေနဲ့ ကိုယ်မြင်တယ်"

"ကေ ကတိတစ်ခုမက တောင်းရဦးမယ်၊ အဲဒီ ကတိတွေကို တည်ပါမယ်ဆိုမှ ကေက ရှင် လိုချင်တဲ့ အဖြေပေးမယ် ဘယ်လိုလဲ"

"အိုကေ"





ကေသည် သူ့ထံမှ သဘောတူညီချက်ကို လက်ခံရရှိပြီးသောအခါ ကေ ဖြစ်ချင်သော ဆန္ဒများကို တင်ပြရန် အားယူရသည်။

သည်ဆန္ဒတွေကို ကေ့ ရင်တွေနာကျင်ခဲ့ပြီးမှ အတည်ယူခဲ့တာဆိုတာ သူ မသိသေးချေ။

"တကယ်လို့ ကေနဲ့ ကိုအဓိပတိတို့ ချစ်သူဖြစ်သွားကြမယ်ဆိုရင် အဲဒီအကြောင်းကို ဘယ်သူမှ မသိစေရအောင် ကိုအဓိပတိ ဟန်ဆောင်ထားနိုင်ပါ့မလား"

"ဘာ ... ဘာလဲ ကေရယ်၊ ချစ်သူဖြစ်မှတော့ အားလုံးကို ဖွင့်ပြောပြီး အကျိုးသင့် အကြောင်းသင့် ရှင်းပြရမှာပေါ့၊ လက်မခံရင်လည်း ဘာဖြစ်သေးလဲ၊ ကေနဲ့ ကိုယ်တို့ လက်ထပ်လိုက်ရင် ပြီးတာပဲ"

သိတယ် ... သိတယ်။ ရှင် ဒီလိုပြောလိမ့်မယ်ဆိုတာ ကေက သိပြီးသားကွယ့်။ ဒါပေမဲ့ မရဘူးလေ၊ ကေ ဖြစ်စေချင်တာ ဒါမျိုးမှ မဟုတ်ခဲ့တာ။

"ဟင့်အင်း ... ကေက စွဲကို သနားတယ်၊ လူကြီးတွေကို ရင်မဆိုင်ရဲဘူး၊ အို ... အားလုံးကို ရင်ဆိုင်ရမှာ ကေကြောက်တယ်၊ ဒါကြောင့် ခုလောလောဆယ် အဲဒါကွ ခဏမေ့ပြီး ကေတို့ရဲ့ တိုးတိုးတိတ်တိတ် ချစ်သူဘဝကို ဖြတ်သန်းကြဖို့ ကေက အကြံပေးတာ ကိုအဓိပတိ လက်



www.burmeseclassic.com

www.burmeseclassic.com



မခံရင်၊ ကတိမပေးရင် ကေကအဖြေမပေးတော့ဘူး၊ ပြီးတော့ ကိုအဓိပတိက ဒီအကြောင်းတွေ စွဲတို့ကို ပြောရင် ကေက ဒီပတ်ဝန်းကျင်နဲ့ ဝေးတဲ့ တစ်နေရာကို ထွက်ပြေးသွားတော့မယ်"

အဓိပတိသည် အတွေးရခက်ဟန်ဖြင့် မျက်မှောင်တွေကြုတ်ကာ ရှုပ်ရှုပ်ထွေးထွေးတွေ ဖန်တီးသော ကေ့ကို ဖျောင်းဖျချင်ပုံ ရသည်။ ဟင့်အင်း မရဘူးကွယ်။ ကေ့က အစကတည်းက ခပ်ရှုပ်ရှုပ် ပုစ္ဆာကို အဖြေမှားပြီမှန်း သိလျက်နဲ့ ဆက်တွက်ခဲ့တဲ့ လူတစ်ယောက် ဖြစ်သည်။

"ဒါဆို စွဲနဲ့ လက်ထပ်ရရင် ဘယ်လိုလုပ်မလဲ"

"အဲဒီအခါကျရင်လည်း လူကြီးတွေ မျက်နှာမပျက်ရအောင် လက်ထပ်လိုက်ပေါ့၊ ကေတို့နှစ်ယောက်ကြားမှာ အချစ် ဆိုတာ ရှိခဲ့ဖူးတယ်၊ ပြီးတော့ ကေနဲ့ ကိုအဓိပတိဟာ ဘယ်လောက်ဝေးဝေး တစ်ယောက်ကိုတစ်ယောက် ချစ်နေ ရတာ ကျေနပ်တယ် ဆိုရင် အချစ်ဟာ ပြီးပြည့်စုံတာပဲ ပေါ့၊ ကေက အဲဒီလို ယုံကြည်တယ်၊ ကေ့အတွက် အချစ်ဆိုတာ နှစ်ယောက်ဆုံစည်းရမှ မဟုတ်ပါဘူး"

"နေဦး ကေ၊ ကေက ဒီအကြောင်းတွေ ပြောရတာပ ကိုယ့်ကိုပေးမဲ့ အဖြေက ကိုယ့်အချစ်ကို လက်ခံတဲ့အပြ ဖြစ်နေလို့ပဲ မဟုတ်လား၊ ဟုတ်တယ် မဟုတ်လား ေ"





အရေးထဲမှာ အဖြေကို သိချင်ပြန်ပြီကွယ်။ ဤလုသားကလေးဟာ လူကြီးဟန်ပန် ဖမ်းနေရသော်လည်း တစ်ခါတစ်ရံ ဇွတ်တရွတ်ဆန်တတ်။ တစ်ခါတစ်ရံ ကလေးဆန်တတ်နဲ့။ ကေသည် တဖြည်းဖြည်း ခေါင်းညိတ်အပြဝယ် သူ့မျက်နှာသည် ဝင်းပကြည်လင်ကာ အို ... ကေ ချစ်လိုက်တာ။

ခုနက ဆွေးနွေးပွဲကလေး ခဏရပ်တန့်ကာ ကေတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် အကြာကြီး စိုက်ကြည့်မိကြသည်။

သူ့မျက်ဝန်းထဲတွင် ကြည်နူးရွှင်ပျမှုများ အပြည့်ရှိသည်။ ကေ့ မျက်ဝန်းထဲတွင် စွန့်စားလိုက်ရသော တစ်စုံတစ်ရာအတွက် ပီတိဖြစ်ရခြင်းနဲ့အတူ မျက်ရည်ကြည်များ ရစ်သိုင်းလာသောအခါ သူကတော့ လက်ဖဝါးတို့ကို ဆုပ်ကိုင်ဖြေသိမ့်ခဲ့သည်။

"ကေက စကားပြော တယ်ညံ့တာပဲ၊ ကိုယ်တောင် ကေ့အဖြစ်ကို ရိပ်မိလာရတယ် ဟား ... ဟား ကေတော့ ဒုက္ခပဲ၊ အဖြေပေးလိုက်ရပြီ ကိုယ့်ကို ညစ်လို့ မရတော့ဘူး"

"ဟော့ ... လှလည်ကျမနေနဲ့၊ ကေ ပြောတဲ့ ကိစ္စကို မမေ့ထားနဲ့ဦး၊ ရှင် စဉ်းစားကြည့် ကေ့ကို ဝိုင်းကဲ့ရဲ့ကြမဲ့ ကိစ္စကြီးတော်"

"တော်တဲ့လား စကားပြောတာကလည်း ဆန်းပါ့၊ ကဲပါ ... ကဲပါ၊ ခုလောလောဆယ် ကိုယ် သည်ကိစ္စကို မစဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



သေးဘူး၊ တစ်ခုတော့ ကတိပေးမယ်၊ ကေ မသိစေချင်တဲ့ ကိုယ်တို့နှစ်ယောက်ရဲ့ အကြောင်းကို မသိစေရပါဘူး ဆိုတာပဲ၊ နောက်ကျန်တဲ့ ကိစ္စတွေ နောက်မှ ဆက်ရှင်းကြတာပေါ့ကွာ၊ ကိုယ်တို့လည်း လက်မထပ်ရသေးပါဘူး၊ ဒီသီတင်းကျွတ်မှ လက်ထပ်ရမှာ ထင်တယ်"

"ဘယ်လို သတို့သားလောင်းပါလိမ့်၊ ကိုယ့် လက်ထပ်ရမဲ့ နေ့တောင် မသိရဘူး"

"ကေ တော်တော့ကွာ၊ ကိုယ်တို့နှစ်ယောက်ကြားမှာ ဒီအကြောင်းတွေ မေ့ထားရအောင် ခုလောလောဆယ် ကိုယ် အလိုအပ်ဆုံးက ကေ့ဆီက အချစ်"

သို့သော် ထိုစကားပြောသော သူ့မျက်နှာပြင်တွင် ရှေ့အနာဂတ်ကို ကြိုတင်မှန်းဆကာ ရင်မဆိုင်ချင်ဟန် ရှိသည်။ ကေက ကိုယ်ချင်းစာပါသည်။

ကေ ကိုယ်တိုင်တောင် နှလုံးသားရဲ့ အလိုကို လိုက်ကာ သူ့ကို မျက်စိမှိတ် ချစ်မိပြီ။ သူလည်း ကေ့ကို မျက်စိမှိတ် ချစ်ခဲ့ပြီ။ ကေနဲ့ သူသည် ဘဝတူကလေးတွေ ဖြစ်သည်။

စွဲရေ ငါ့ကို ခွင့်မလွှတ်နဲ့ သိလား။ နင့်အတွက် ရှိရမဲ့ အချစ်တစ်ခုကို လုယူတာ မဟုတ်ပါဘူး။ ဒါပေမဲ့ နင် စိတ်မချမ်းသာအောင် ကေ ဘယ်တော့မှ လုပ်မှာမဟုတ်ဘူးဟု ကေက စွဲအား တိတ်တခိုး တောင်းပန်မိပြန်သည်။





ကေနဲ့ သူသည် တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် နှစ်သိမ့်ခဲ့ကြသော်လည်း အသီးသီး ကြေကွဲနေကြခြင်းကို ဖုံးကွယ်လျက် ရှိခဲ့သည်။

ကေ၏ နှစ်သိမ့်မှုက သူ့အား ကေ အင်မတန် နှစ်သက်သည့် နာမ်စားကလေး တစ်ခုဖြစ်သော "မောင်"ဟု ခေါ်သံကလေးဖြင့် ဖြစ်လေသည်။ သူ့ရဲ့ နှစ်သိမ့်မှုကတော့ ခပ်သဲ့သဲ့ ရယ်မောလျက် ...

"ကျေးဇူးတင်လိုက်တာ ကေရယ်"

ဟူ၍ တုံ့ပြန်ခြင်း၊ ပြီးတော့ ကေ့ ခေါင်းကလေးအား သူ့ရင်ဘတ်ထဲမှာ ဆွဲကပ်ထားခြင်း ဖြစ်သည်။

ပြီးတော့ ကေတို့ အဓိပ္ပာယ်မဲ့ ရယ်ကြသေးသည်။ အင်း ... မောင်မသိအောင် ပြောရဦးမည်။ ကေက နည်းနည်း မျက်ရည်ကျမိ၍ မောင့် အင်္ကျီရင်ဘတ်ဖြင့် ခိုးသုတ်ခဲ့တာပဲ ဖြစ်သည်။ ဒါဟာ ကေတို့ရဲ့ ချစ်သူဘဝ ပထမဆုံး နေ့ကလေး အဖြစ် အမှတ်တရလေးပေါ့နော်။

* ❋ *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁၆

ကေနဲ့ မောင်တို့၏ ချစ်သူဘဝသည် ပျော်စရာလည်း ကောင်းပါသည်။ လူမသိအောင် ခိုးတွေ့ရသောဘဝမို့ ရင်ထိတ်စရာလည်း ကောင်းပါသည်။ အမှန်ပြောရရင် ကေ့အတွက် မမက်ခဲ့ဘူးသော အိပ်မက်များကို မက်နေရသကဲ့သို့ဟု ကေက တင်စားခဲ့ချင်သည်။

နေ့စဉ် အပြင်ထွက်သော ကေ့အတွက် မောင်နဲ့ တွေ့ရန်က မခဲယဉ်းချေ။

ကေက ကားယူမသွားရုံ၊ ခိုးကြောင်ခိုးဝှက် ရပ်ထားလေ့ရှိသော မောင့်ကားပေါ် တက်လိုက်သွားရုံ။

တစ်ခါတလေ မောင် မအားတဲ့ နေ့တွေမှာသို ညတည်းက ကြိုတင်ဖုန်းဆက်ထားနှင့်သည်။





ထိုအခါမျိုးမှာ ကေက စစ်လား ဆေးလား ကလေးတော့ လုပ်ချင်သေးသည်။ မောင်က ...

"ကေ မနက်ဖြန် ကွန်ပျူတာ သင်တန်းကို ကိုယ် လိုက်မပို့တော့ဘူး၊ လာကြိုဖြစ်ချင်မှလည်း ကြိုဖြစ်မယ်၊ ကိုယ်တို့ ကုမ္ပဏီမှာ နိုင်ငံခြားဧည့်သည်တွေနဲ့ ဆွေးနွေးစရာရှိလို့ကွာ"

ဟု စတင်လျှင် ကေက မယုံသင်္ကာဟန်ပန် လေသံတွေဖြင့် ...

"ဟုတ်ရဲ့လား မောင်၊ ဘယ်အတွဲနဲ့သွားဖို့ ချိန်းထားလို့လဲ"

ဟူ၍ ညစ်ကျယ်ကျယ် ပြောရသည်။

ကေက တမင် နောက်ပြောင်ခြင်းကို မောင် သိပ်မသိချေ။ ပျာပျာသလဲ လေသံတွေနှင့် ...

"ဟာ ... မဟုတ်ဘူး ကေရာ၊ ကိုယ်တို့ တကယ် အလုပ်ရှိလို့ပါ၊ နောက်မို့ ကိုယ်က ကေ့ကို တစ်ရက်ကလေးတောင်မှ မတွေ့ရရင် မနေနိုင်တဲ့ သူပဲ၊ မဖြစ်ဖြစ်အောင် လာတွေ့မှာပေါ့၊ ညကျရင် ထုံးစံအတိုင်း ကိုယ် ဖုန်းဆက်ပါ့မယ် ကေရယ်၊ အထင်တွေလွဲပြီး စိတ်ကောက်မနေနဲ့ကွာ"

ဟု ချော့မော့တတ်သည်။ ထိုသို့ မောင်က တစ်ရက်ကလေးတောင်မှ မတွေ့ရရင် မနေနိုင်ဘူး ဆိုလျှင် ကေ အင်မတန်



www.burmeseclassic.com

www.burmeseclassic.com



ထိခိုက်ရသည်။ ဘာဖြစ်လို့လဲဆိုရင် ကေတို့က နောက်ဆို အမြဲ မတွေ့ကြရတော့ဖို့က သေချာနေခဲ့ပြီကွယ်။

သို့သော် မောင်က ဒါကို သိပ်အလေးအနက် မထားချင်။ ကေက ပြောမိလျှင် မောင်သည် တမင်ပင် စကားတွေ လွှဲပစ်သည်။

သဘောက ကေ့ဘာသာ စိတ်ကူးပဲ ငဉ်နေသလို။ မောင်က ကေတို့နှစ်ယောက် ပေါင်းရအောင် မဖြစ်ဖြစ်တဲ့နည်းနဲ့ လုပ်ချင်လုပ်လိမ့်မည်။

ဒါတော့ ကေက ဘယ်အခွင့်အရေး ပေးပါ့မလဲ။ ကေကလည်း ကေ့စိတ်ကူးနှင့် ကေ ဖြစ်သည်။

ကေတို့ရဲ့ ချစ်သူဘဝက ဒီလိုမျိုး လျှို့ဝှက်ကြဲစည်မှုများလည်း ပါဝင်သည်။

"မောင်တို့ ကုမ္ပဏီမှာ ကောင်မလေးတွေက စကတ်က ဘယ်လောက် တိုထားလဲ"

ဟု ကေက တစ်ခါတလေ မေးသေးသည်။ ကေ့လို အကွေ့အကောက် စကားတွေ သိပ်မတတ်ကျွမ်းသော မောင်က ရိုးရိုးသားသားကလေး ပြန်ဖြေတတ်လေသည်။

"ဒူးဖုံးလောက်တော့ ရှည်ပါတယ် ကေရဲ့"

ကေက မကျေမနပ်လေသံတွေ ပြောင်းဖြစ်ကာ ...





"ဟင် ... ဒါဆို လှပရှည်သွယ်တဲ့ သူမတို့ရဲ့ ခြေသလုံးသားလေးတွေကိုတော့ တွေ့ရမှာပေါ့နော်၊ သူမကလေးတို့ ခြေသလုံး လှကြလားဟင်"

ဆိုကာ ဆူအောင့်အောင့်ပြောတော့ မောင်က အနည်းငယ်ကလေး သဘောပေါက်ကာ ကေ့ကိုကြည့်၍ တဟားဟား ရယ်တော့သည်။

ထိုအခါ ကေသည် မခံချင်လှစွာ မောင့်ကားထဲက ကက်ဆက်ကို အသံကုန်ဖွင့်၍ မောင့်ရယ်သံကို အနိုင်ယူတတ်သည်။

တစ်ခါတလေတော့ မောင်နဲ့ ကားထဲမှာ အတူတူ ထိုင်နေရာမှ အပြင်ဘက်ထွက်ကာ မောင့်ရယ်သံ မကြားနိုင်သော နေရာလောက်မှ မောင့်အား ရပ်ကြည့်ကာ ပြန်အနိုင်ယူပြရသည်။

တစ်ခါတလေတော့ နားနှစ်ဖက်ပိတ်ကာ မောင့် ရယ်သံ မကြားပါဘူးဟု အကျယ်ကြီးအော်ကာ အနိုင်ယူရသည်။

ကေ လုပ်နေကျ အမူအကျင့်များဖြစ်၍ မောင်က အတော်လေး သဘောပေါက်ကာ ကေ မကြားကြားအောင် အတင်းလိုက်ရယ်တတ်သေးသည်။ များသောအားဖြင့် ကေပဲ နိုင်တတ်သည်။ ကေ ရှုံးသောအခါများလည်း ရှိသေးသည်။ အဲဒါကတော့ မောင်နဲ့အတူ ဟမ်ဘာဂါ ဘယ်သူ အရင်စား၍ ပြီးမလဲ ဟု လောင်းကြေးစားကြေးဖြင့် စားကြရသော အခါမျိုး၌ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်က ဆိုင်မှာ သွားဝယ်လျှင် ကေက ကားပေါ်မှာ ထိုင်စောင့်ကျန်ခဲ့ရသည်။ ပြီးတော့ ကေတို့ ကားထဲမှာ ထိုင်ရင်း အစားပြိုင်ပွဲ စတင်ရလေသည်။ ဆိုင်ထဲမှာတော့ မောင်လည်း မလုပ်ရဲ၊ ကေလည်း မလုပ်ရဲဘူးပေါ့နော်။ ဆိုင်ထဲမှာဆို ရယ်စရာကြီးတွေ ဖြစ်ကုန်လိမ့်မည်။

"ကဲ ... ကဲ စမယ်၊ ရယ်ဒီ"

ဆိုတာနှင့် ကေက တမင်ညစ်ကာ ကြွတင် ကိုက်စားနှင့်သည်။ မောင် ဝယ်လာကတည်းက ဘယ်ဟာ သေးသလဲ ဟူ၍ အရွေးလွန်ရသူမှာ ကေ၊ မောင့်ကို မနိုင်မှာ စိုးရသူမှာ ကေ။ မောင်က ...

"နိုင်မှာလည်း မဟုတ်ဘဲနဲ့၊ ကလေးမ စိတ်လျှော့လိုက်"

ဟု စကတည်းက တတွတ်တွတ် ကလိတတ်လျှင် ကေက နိုင်မှာ ကြည့်နေနှင့် အပြောကြီး၊ နောက်တော့ မောင်သာ နိုင်တတ်သည်။

ဟမ်ဘာဂါကို ပြိုင်၍စားစဉ် ကေ့မှာ မျက်လုံးတွေပြူး၊ လည်ပင်းတွေ့နှင်၊ ပါးစပ်ကြီးဖောင်းနှင့် လူရယ်စရာကြီး ဖြစ်သလောက် မောင်က အင်မတန် အေးအေးဆေးဆေး စားပြတတ်သည်။ ကေ ဘယ်တော့မှ မနိုင်ဖူးသော ယှဉ်ပြိုင်ပွဲကလေး ဖြစ်သည်။





"မောင့် ပါးစပ်က ပိုကြီးလို့ နေမှာပေါ့၊ မောင့်သွားတွေက ရှည်ရှည်တွေဆိုတော့ နိုင်မှာပေါ့၊ မောင်က နှုတ်ခမ်းနီမှ မဆိုးထားတာ၊ ကေ့လို ဟန်လုပ်စားမနေရတော့ နိုင်မှာပေါ့"

တွေနှင့် ကေက ရှုတ်ချရသေးသည်။

ကေ ရှုံးသော အခါမျိုးတွင် မောင့်ရဲ့ ဝတ်ပြီးသား လျှော်ရန်ရှိသော ရှပ်အင်္ကျီများထဲမှာ တစ်ထည်ကို လျှော်ပေးရတာပဲ ဖြစ်သည်။ မောင်က ထိုပြိုင်ပွဲရှိသော နေ့မျိုးဆို တမင် ယူလာတတ်ပြီး ကေ မြင်အောင်လည်း တပြပြ လုပ်တတ်လျှင် ကေက ...

"အဲဒါ မောင် တမင်ညစ်တာ၊ ကေ့ကို ရှုံးအောင် ယူလာတာ၊ မောင် လူလည်ကြီး"

ဟု စိတ်ကောက်ရသေး။ သို့သော် ကေကိုယ်တိုင်က ရှုံးမယ်မှန်းသိလျက် တမင်ပြိုင်ခဲ့၏။ ဒါက ကေ့ လျှို့ဝှက်ချက်ကလေးဖြစ်၍ မောင် မသိချေ။

မောင့် အင်္ကျီကလေးကို ကေ လျှော်ပေးချင်၍ ဖြစ်သည်။ အမှန်လည်း ကေ ရှုံးမည်မှန်းသိ၍ အမြဲ ပြိုင်ရခြင်းမှာ မောင့် အင်္ကျီကလေးကို လေ့လက်နဲ့ လျှော်ခွင့်ရချင်၍ ဖြစ်သည်။ ပြောရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



သည်လို လျှော်ပေးပြန်လျှင် အဝတ်လျှော်စက် မသုံးဘဲ ကိုယ်တိုင် ဆပ်ပြာတိုက်၍ လျှော်ပေးရမည်ဟူသော စည်းကမ်းရှိ၍ပင်။

မောင်အင်္ကျီကို လျှော်တာလည်း ခိုးကြောင်ခိုးဝှက် နိုင်ပါသည်။ တစ်ဦးတည်းသော သမီးလေးမို့ ကိုယ့်အဝတ်တောင် ကိုယ့်ဘာသာ မလျှော်ရတာ ကေကသာ အဝတ်လျှော်ကြည့် မေမေ ဆူတာနှင့် အိမ်က ကောင်မလေးတွေ ကေ့ကို ကျိန်ဆဲ ချင်လိမ့်မည်။

ဒါကြောင့် လူလစ်မှ ရေချိုးခန်းထဲ ခိုးဝင်ပြီး ရေချိုးခန်းတံခါးပိတ်ကာ စိမ်ပြေနပြေ လျှော်ရသည်။ မေက မေးလျှင် ခေါင်းလျှော်တာ ရေချိုးတာနှင့် အကြောင်းပြပြီး တကယ်လည်း ရေချိုးပြရ ခေါင်းလျှော်ပြရ။

ရေချိုးခန်းအပြင် ပြန်ထွက်လာလျှင် ခြုံပို့ယူသွားတဲ့ မျက်နှာသုတ်ပဝါကို မခြုံဘဲ စုကိုင်ချင်ဟန်ဆောင်ပြီး မောင့် အင်္ကျီကို လျှို့လျှို့ဝှက်ဝှက် ကေ့ အခန်းထဲ ယူသွားရသည်မှာ ရင်ခုန်စရာ။

ပြီးတော့ ကေ့ အခန်းထဲမှာ အင်္ကျီချိတ်ဖြင့် ချိတ် လျက် လှန်းရသည်။ မောင့်အင်္ကျီလေး ကေ့ အနားမှာ ရှိနေတယ် ဆိုရင် ကေက မောင်ပဲ အနားမှာ ရှိနေသလို ဝမ်းသာပီတိ ဖြစ် ရသည်။





မိုးပူပြန့်ပြန့်ကလေးဖြစ်အောင်တိုက်ကာ မောင် သုံး နေကျ ရေမွှေးကလေး အတော်အတန် ဆွတ်ပေးကာ မောင့်ဆီ ပြန်ပို့သော နေ့ဆိုလျှင် ...

"သိပ်သန့်တဲ့ အင်္ကျီကလေးပဲ၊ ဒီအင်္ကျီ ဝတ်ပြီး နောက်ထပ် အတွဲအသစ်ကလေးတစ်ယောက် ရှာဦးမှ"

ဟု မောင်က ကေ့ကို စိတ်ဆိုးအောင် စတတ်သေး သည်။ ကေက မောင် တမင် စမှန်းသိလျက် မောင် စိတ်ချမ်းသာ အောင် စိတ်ကောက်ပြရသေးသည်။

ဤကဲ့သို့သော ကြည်နူးမှုကလေးများရှိသလို တစ်ခါ တစ်ရံ ကေသည် ကေ့ လျှို့ဝှက်စိတ်ကူးများကို တွေးမိနေသည့် အခါမျိုးမှာတော့ နာကျင်ကြေမွရပြန်သည်။

ထိုအခါများတွင် ကေသည် မောင့်နံဘေးတွင် ခပ် ငူငူထိုင်ကာ အဝေးကို ငေးနေတတ်သည်က များသည်။ အမြဲ ရွှင်လန်းတက်ကြွနေတတ်သော ကေက ငေးနေပြီ ဆိုလျှင် မောင်သည် မရမက မေးတတ်သည်။

"အနာဂတ်ကိုတွေးပြီး စိတ်ညစ်နေတာပါ မောင်၊ ကေတို့ ဒီလို ချစ်သူဘဝ ရောက်နေတယ်ဆိုတာသာ စွဲတို့၊ မေမေ မေမေတို့၊ စွဲ မိဘတို့၊ တခြား ပတ်ဝန်းကျင်တို့က သိရင် ကေတို့ကို ဘယ်လောက်များ ရှုတ်ချလိုက်မလဲဆိုတာ၊



www.burmeseclassic.com

www.burmeseclassic.com



ကော ဘာဖြစ်လို့ မောင့်ကို မချစ်ဘဲ နေလို့မရခဲ့တာလဲ မသိဘူး"

ဆိုကာ ကေက တိုင်တည်မိသည်။ မောင်သည် ကေ့ငယ်ထိပ်မှာ သူ့ပါးစပ်ဖြင့်အပ်လျက် ...

"ကေရယ် ကိုယ် အဲဒါကြောင့် ပြောတာပေါ့၊ အခုအခြေအနေကို ဖွင့်ပြောပြီး ဇာစပ်တာကို ဖျက်သိမ်းလိုက်ရင် ရသားပဲ ကေ၊ ကေက အဲဒါကို ခေါင်းမာနေတာ၊ ကိုယ့်ကို ခြိမ်းခြောက်နေတာနဲ့ ကိုယ့်မှာလည်း တနုံ့နုံ့ ဖြစ်နေရပြီ၊ ကေဟာ ဘာအတွေးတွေနဲ့ ဒီလို တားနေတာလဲတော့ ကိုယ်မသိဘူး၊ ကိုယ့်ဘက်ကလည်း မလှုပ်ရှားရဲဘူး၊ ကေက ကိုယ်နဲ့ ဝေးရာနေရာကို ထွက်ပြေးသွားမယ်ဆိုပြီး ကိုယ့်ကို အကျပ်ကိုင်ထားသေးတယ်"

ဟု အပြစ်တင်သံဖြင့် ဆူပူတတ်သည်။

သြော် .. မောင်က ကေ့ကို အပြစ်တင်တယ် ဆိုသော အတွေးဖြင့် ကေက အင်မတန် စိတ်ထိခိုက်ရသည်။ တကယ်တော့ ကေ ရူးသွပ်ခဲ့တာပါ မောင်၊ ကေ အမှန်တကယ်ကို မဖြစ်နိုင်တာတွေကို ကြိုတင် သိလျက်နဲ့ ရူးသွပ်ခဲ့တာပါ။

"တကယ်တော့ ကေသာ အစကတည်းက မှားနေမှန်းသိတဲ့ ပုစ္ဆာတစ်ပုဒ်ကို အဖြေရအောင်အထိ မိုက်မိုက်ကန်းကန်း





ကြိုးစားတွက်ချက်မိခဲ့တဲ့ လူတစ်ယောက်ပါ၊ ဒါပေမဲ့ ဒီပုစ္ဆာ မှားကြီးကို ထိတွေ့ ဖြေရှင်းခဲ့ရလို့ ကိုယ့်ကိုယ်ကိုယ် အပြစ်မတင်တဲ့အပြင် ကိုယ့်ရဲ့ လုပ်ရပ်အတွက် ကျေနပ်ပီတိဖြစ်နေမိတယ်ဆိုတာကတော့ ကေ့ရဲ့ အတ္တဆန်သော ရူးသွပ်မှုပေါ့ မောင်၊ ကဲ ... မောင်ကကော ကေ့ကို အပြစ်ရှိသူလို့ သတ်မှတ်ဦးမလား"

ဟူ၍ ကေက ဝမ်းပန်းတနည်း ရေရွတ်မိပြန်လျှင် မောင်က "အဓိပ္ပာယ်မရှိတာတွေ တွေးမနေနဲ့ကွာ" ဟု ထပ်မံချော့မော့ဖြေသိမ့်ရသည်။

"ကေ မမှားပါဘူး၊ ကေက ပတ်ဝန်းကျင်ကို ဂရုစိုက်နေတာပါ"

"မဟုတ်ဘူး ကေက မှားတယ်ဆိုပြီး ဝမ်းနည်းနေတာ မဟုတ်ပါဘူး မောင်၊ ကျေနပ်နေမိသေးတယ်လို့ မောင့်ကို ပြောထားတယ်လေ၊ မောင် အပြစ်တင်တာကို ကေက မလိုလားတာ"

ကေသည် ထိုသို့သောစကားကို အဆုံးသတ်ပြီးလျှင် မောင့် ရင်ဘတ်ကို ကပ်ကာ ငိုမိပြန်သေးသည်။ မောင့်ထံမှ "အင်မတန် မျက်ရည်များတဲ့ မိန်းကလေး" ဆိုသော အသံဖြင့် ကေ့ကို ကျီစယ်၍ စိတ်ပြောင်းပေးတတ်သော်လည်း ကေသည်



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်မိပြီဟု နှောင်တရလျက် အငိုတိတ်သော်လည်း ထိုသို့သောနေ့မျိုးမှာ ကေရောမောင်ရော နိုး၍ ငေးငိုင်တတ်သေးသည်။

ကေကလည်း မောင် ငေးငိုင်တာကို သိသည်။ မောင်ကလည်း ကေ ငေးငိုင်တာကို သိသည်။ သို့သော် မသိချင်ဟန်ဆောင်ကြလျက် ဖုံးကွယ်ရသော အချိန်ကလေး ဖြစ်သည်။

တကယ်တော့ ကေဟာ မောင့်ကို ချစ်မိမှ ငိုတတ်လာပါတယ် မောင်။ မျက်ရည်လွယ်တဲ့ မိန်းမတစ်ယောက် ဖြစ်လာရတယ် မောင်ဟု ပြောပြချင်သေးသည်။ တစ်နေ့တော့မောင့်ကို ပြောပြဖြစ်မည် ထင်သည်။

မောင့်ကို ချစ်ခွင့်ရခြင်းသည် ကေ့ဘဝအတွက် လှပဆန်းကြယ်သော အိပ်မက်တစ်ခုကို မက်ခွင့်ရခြင်းဟူ၍ ကေက တင်စားသတဲ့။ မောင်က ဒါမလုပ်ရ၊ ဘယ်မသွားရ၊ ဘယ်သူနဲ့ အပေါင်းအသင်း မလုပ်ရ၊ ယောကျ်ားလေးတွေနဲ့ ဆိုင်ထိုင်ပြီး ဟေးလားဝါးလား မလုပ်ရ၊ တစ်ယောက်တည်း လျှောက်မသွားရတွေနှင့် ပညတ်သော စည်းကမ်းတွေကို ကေက ကျေကျေနပ်နပ်လိုက်နာရခြင်းကို မြတ်နိုးသတဲ့။ အရင်ကတော့ ကေ့ ခြေလှမ်းတွေကို ဆုံးဖြတ်ချက် မှန်ကန်သူတို့ရဲ့ ခြေလှမ်းဖြစ်ရမယ်လို့ ကေက ကြွေးကြော်ခဲ့သော်လည်း ယခုတော့ ကေသည် ကေ့





ခြေလှမ်းတွေက ဘာခြေလှမ်း ညာခြေလှမ်းတောင် သတိမရတော့ချေ။

ကေ့ ဘဝတစ်ခုလုံးသည် မောင့်ဆီက ရရှိသော အကြင်နာများစွာဖြင့် ရှင်သန်လှုပ်ရှားနေရသကဲ့သို့ပင် ကေကအရာရာကို မေ့ထားတော့သည်။

အင်း ... ကေက မိုက်မဲခဲ့လေစွ။

❋ ◎ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၁၇

ဧပြီလ တစ်ရက်နေ့သည် ကော့ဘာသာဆို အမေ့မေ့ အလျော့လျော့ ဖြတ်သန်းမြဲဖြစ်သည်မှာ နှစ်စဉ်နှစ်တိုင်းပင်။ ရယ်စရာတစ်ခု ပြောရဦးမည်။

ဧပြီလမှာ ကေ မှတ်မှတ်ရရ ရှိတာဆိုလို့ သင်္ကြန် ရက်တွေဖြစ်ပြီး ဒီဇင်ဘာလ ဆိုရင်တော့ ခရစ္စမတ်နေ့ ဇန်နဝါရီလ တစ်ရက်ကတော့ နှစ်သစ်ကူးသည့်နေ့ သည်လောက်သာ မှတ်ထား တတ်သော ကေပင်တည်း။

သို့သော် မောင်နှင့် ချစ်သူဖြစ်ခဲ့ရသော သည်နှစ် ရဲ့ ဧပြီလ တစ်ရက်နေ့သည် ကေ့ကို အမှတ်တရ ဖြစ်စေခဲ့သည် မှာ မောင့်ရဲ့ နောက်ပြောင်မှုကလေးကြောင့် ဖြစ်သည်။





ကေက ထိုနေ့ကလေးဟာ မောင် ပြောမှသာ သိခဲ့ရ သော ဧပရယ်ဖူးလ် နေ့ကလေးမှန်း သိခဲ့ရသူဖြစ်သည်။ ထိုနေ့ မရောက်ခင် ညဉ့်ဆယ့်နှစ်နာရီတွင် ဖုန်းဆက်သောအခါ မောင်က ...

"ကေ မနက်ဖြန် မောင် မအားဘူးကွာ၊ ကေ့ဆီ လာမကြို နိုင်ဘူး၊ ကေ့ဘာသာ သွားတော့နော်၊ ဪ ... နောက်ပြီး ဘတ်(စ်)ကားနဲ့ မသွားနဲ့၊ ကားယူသွား၊ တော်ကြာ ဘတ်(စ်)နဲ့သွားရင် အရင်တစ်ခါကလို အိတ်ကို အခွဲခံ ရရင် အကြောင်းမဟုတ်ဘူး၊ ကေက မတော်တဆ သိသွားရင် ပါးစပ် အငြိမ်မနေဘဲ အော်မိရင် ကေ့ကို ခါးပိုက်နှိုက်က ဓားနဲ့ ထိုးသွားမှာ သိလား၊ ကိုယ်က အဲဒါတွေလည်း ကြိုပြီး စိတ်ပူတယ်"

ဟု မနက်ဖြန် မလာနိုင်ကြောင်းကို ရှည်ရှည်ဝေးဝေး ငြီကာချဲ့နေသေးသည်။ ကေသည်လည်း ခါတိုင်းလိုပင် မယုံသင်္ကာ ဟန်ဖြင့် ...

"ဟုတ်ရဲ့လား အချစ်ကလေးနဲ့ လျှောက်လည်မလို့ ဆိုတာ လည်း မဖြစ်နိုင်ဘူးလား"

လို့တောင် မေးခဲ့သည်။ မောင်က 'ကိုယ်နဲ့ လျှောက် လည်ရမဲ့ အချစ်ကလေးက ကေပဲ ရှိတယ်'ဟူ၍ ကေ့ကို အတော် လေး ညှို့ယူသော အသံကလေးဖြင့် ညှို့ငင်နေခဲ့သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကေ ဘယ်လောက် အသလဲဆိုရင် ကေ့ကို မောင် တမင် ဖန်တီးထားတာတွေ ပြောနေမှန်း မသိအောင် ကားကို ဘယ်နေရာမှာရပ်၊ ကားမှန်ကို သေသေချာချာပိတ်၊ ဖေဖေ့ ကားကို မောင်းမလာနဲ့၊ ကိုယ့်ကားကိုယ်ပဲ မောင်း၊ ဒါမှ ကေက အထာသိပြီးသားမို့ အန္တရာယ်မဖြစ်မှာတွေနှင့် အဓိပ္ပာယ်မရှိတာ တွေ လျှောက်ပြောရင်း ကျိတ်လည်း ရယ်သေးသည်။

ထိုနေ့က ကေသည် မောင့်ကွယ်ရာတွင် မောင့်စကား ကို နားထောင်ကာ ကေ့အတွက် ဝယ်ပေးထားသော ကားကိုပဲ မောင်းပါသည်။

ခါတိုင်းဆို ကေက စည်းကမ်းမရှိဘဲ ဖေဖေ့ကားကို တမင် ယူမောင်းတတ်သည်။

ဖေဖေ အင်မတန် စိတ်ဆိုးမှန်း သိလျက် ဖေဖေနဲ့ ရန်ဖြစ်ရတာကို ပျော်တတ်သော ကေက အမြဲ ခိုးမောင်းတတ် သည်။

သည်နေ့မှာတော့ ကေသည် ဖေဖေ့ကား ရပ်ထား လျက် ယောင်လို့တောင် မကြည့်။ ဖေဖေ့ ကားသော့ကို ဖေဖေ့ အကျီထဲက ခိုးဖို့တောင် သတိမရစွာ မောင့်စကားကို နားထောင် ခဲ့သော ကေ ဖြစ်သည်။





နောက်ပြီး ကေသည် မရည်ရွယ်ဘဲ ဝတ်လိုက်သော အဝတ်အစားနှင့် အပြင်အဆင်ကလေးသည် မောင့်ကို စတင် ယိမ်းယိုင်တော့မတတ် ဆွဲဆောင်ကြောင်း မောင် ဝန်ခံခဲ့သော ဝတ်စုံကလေး ဖြစ်သည်။

အကျီဖြူလက်ရှည် ပန်းမြင့်မြင့်၊ ဆံပင်ကလေးအား မြင်းမြီးသဏ္ဌာန် ချည်နှောင်သော အပြင်အဆင်က တစ်ခါတုန်း က မောင် ကေတို့ကျောင်း လာလည်စဉ်က ဝတ်ဆင်ထားသည့် အတိုင်းပင်။

ကေသည် Speakingသင်တန်းကိုလည်း စိတ်မပါဘဲ မောင် လာမကြိုသောရက်များတွင် ကေ ခံစားနေရသည့် လွမ်း ဆွတ်မှုများအတိုင်း မောင့်ကို သည်နေ့ကလေးမှာလည်း လွမ်းဆွတ် မိပြန်သည်။

ကေတော့ မလွယ်ဘူး မောင်၊ အကြာကြီးခွဲဖို့ မပြောနဲ့ တစ်နေ့လေး ခွဲရရင်တောင် မနေတတ်ပြန်ဘူး။ မောင့် ကိုတောင် ကိုယ်ချင်းစာခဲ့ရတယ်တွေနှင့် တစ်ယောက်တည်း စိတ်မှန်းဖြင့် မောင့်ကို စကားပြောကြည့်လိုက် ...

"I miss you ... I miss you"

ဟူသော စကားလုံးတွေကို ဗလာစာအုပ်ထဲ ချရေး နေမိလိုက်ဖြင့် ကေသည် အတော်လေး ရှုးသွပ်ခဲ့သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်က မောင် ဖန်တီးသော ပေရယ်လ်ဖူးလ် (ပြေအရှူး) အဖြစ် ကေက မကြုံခဲ့သေးခင် သည်အချိန်လေးမှာ ကေ စတင် အရူး ဖြစ်ရတာပါပဲ မောင်။

ပြီးတော့ မောင် ဖန်တီးတီထွင်သော ပေရယ်ဖူးလ် ကလေး ဖြစ်ခဲ့တာပေါ့ မောင်။

သတိုးတို့ ကေ့ကို စကားလိုက်ပြောပြီး ရောတာ တောင် ကေသည် မောင့်စကားကို တစ်သဝေမတိမ်း နားထောင် ကာ ပြန်စကားမပြောဘဲ ဘယ်မှလဲ လျှောက်မသွားဘဲ အိမ်ပြန်ဖို့ ကားဆီ လျှောက်လာခိုက်မှာ ကေ့အတွက် မောင့်ရဲ့ ဖန်တီးမှုကို သိခွင့်ရတော့သည်။

ကေသည် ကားတံခါးသော့ ဖွင့်မလို့ပြင်စဉ် တံခါးက သော့ဖွင့်ပြီးသား ဖြစ်နေ၍ ကေ ရင်တွေတုန်ကာ အလန့်တကြား ကားထဲ စစ်ဆေးတော့ ...

"ဝုတ် ... ဝုတ်"

ဆိုသော အသံဖြင့် ကားနောက်ခန်းမှ တစ်စုံတစ်ရာ က ကေ့အား နှုတ်ဆက်တော့သည်။

"ဟင် ... ခွေးကလေးတော့် ချစ်စရာလေး၊ ဘယ်လိုလုပ် ကားထဲ ရောက်နေတာလဲ၊ ဒါကြောင့် သော့က ဖွင့်ပြီးသား ဖြစ်နေတာ၊ ဘယ်သူလာနောက်ထားတာပါလိမ့်"





ကေသည် တအံ့တသြ ရေရွတ်လျက် ကေ့အား စူးစမ်းသော မျက်လုံးများဖြင့် ကြည့်နေသော မွေးပွ ခွေးပုကလေး အား လက်ဖျောက်တီးလျက် မြူလိုက်လျှင် တဝုဝု အသံဖြင့် ကေ့ကို အသိအမှတ်ပြုလေသည်။

"အံမယ် နင်က အလည်လေးပဲ၊ ပြောစမ်း နင် ငါ့ကားထဲ ဘယ်လို ရောက်နေတာတုံး၊ လာစမ်းပါဦးကွယ်"

ကေက တယုတယ ပွေ့ချီစဉ် ခွေးကလေး၏ သားရေလည်ပတ်ကလေးမှ စာရွက်ခေါက်ကလေးအား မြင်လိုက် သည်။ ဆဲလ်လိုတိပ်(ပ်)နှင့် ကပ်ထား၍ အလွယ်တကူ ခွာကြည့် တော့ ...

"ဒီခွေးကလေးကို လာထည့်ထားတဲ့ ပိုင်ရှင်ကို သိချင်ရင် မဟာဗန္ဓုလပန်းခြံလမ်းက သံစဉ်သစ် တေးသံသွင်းဆိုင်ကို လာခဲ့ပါ၊ သင့်အတွက် အများကြီး အကျိုးရှိလိမ့်မယ်"

သင့်မိတ်ဆွေ

ဟု ရေးထားလေသည်။

ကေသည် အတော်လေး စိတ်ဝင်စားသွားတော့သည်။ ပေါ့ အကျင့်စရိုက်ကိုက သိချင်တာရှိရင် သိလိုက်ရမှ၊ လုပ်ချင်တာ ရှိရင် လုပ်လိုက်ရမှ ကျေနပ်တတ်သူဖြစ်၍ ကေသည် ချက်ချင်း ကားစက်နှိုးကာ ထိုတေးသံသွင်းဆိုင်သို့ သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မကေလား"

ဆိုသော စကားသံဖြင့် ဆီးကြိုသည့် ကောင်မလေးသည် ခွေးတစ်ကောင်ပိုက်ကာ ဝင်လာသော ကေ့အကြောင်းကိုတင် သတင်းရကားဟန်ဖြင့် မေးမြန်းသည်။

"ဟုတ်တယ်၊ ဒီကောင့်ကို ကေ့ ကားထဲ လာထည့်သွားတာ ညီမလား"

ကောင်မလေးက ရယ်လျက် ...

"မဟုတ်ပါဘူး မကေ၊ မကေရဲ့ မိတ်ဆွေတစ်ယောက်ပါပဲ၊ အခုလည်း မကေကို စောင့်ခိုင်းထားလို့ ညီမ စောင့်နေတာပါ၊ ဒီမှာလေ မကေအတွက် လက်ဆောင်သီချင်းခွေတွေ ပေးခိုင်းထားလို့"

ဟု ကေ့အတွက် တွေးတောစရာ များပြားလှသော စကားကို ဆိုပြန်သည်။ ကေက မယူသေးဘဲ ...

"သူ ဘယ်သူလဲဟင်"

ဟူ၍ မေးလိုက်သည်။ ကောင်မလေးက ခေါင်း ခါသည်။

"ဟင့်အင်း၊ မကေကို နာမည် မပြောရဘူး မှာသွားလို့ ညီမ ပြောခွင့်မရှိဘူး၊ အခုလောလောဆယ် ညီမ လုပ်ရမှာက မကေကို ဒီကက်ဆက်ခွေတွေ ပေးပြီးရင် (......)





လမ်းက ပန်းချီပြပွဲကို လာခဲ့ဖို့ မှာခိုင်းထားတယ်၊ အဲဒီကျမှ မကေ သိချင်တဲ့ မကေနဲ့ မိတ်ဆွေကို သိပါလိမ့်မယ်လို့တော့ အင်း ... ထင်တာပဲရှင့်"

ကေသည် အင်မတန်မှ ရှုပ်ထွေးပွေလီသော ကိစ္စကြီးကို ဖန်တီးသည့် ကေ မသိသေးသော မိတ်ဆွေအား အနည်းငယ် ဆဲရေးလိုက်မိသည်။

ဆောရီး မောင်၊ အဲ့သည်တုန်းက မောင်လို့မှ မသိခဲ့သေးတာ) ကေသည် ကားကို အမြန်ဆုံးမောင်းလျက် ကေတို့လို ပန်းချီဝါသနာရှင်တွေသာ သိတတ်သည့် ပန်းချီပြခန်းကလေးရှိရာ လမ်းသို့ သွားမိပြန်သည်။

ကားမောင်း၍ ကက်ဆက်ခွေတွေကို တစ်ခုချင်းကြည့်သောအခါ ကေ အမြဲတစေ နားထောင်လေ့ရှိသည့် Bryan Adam, Smokie, Bonny Tylar UB (40), Air Supply တို့ရဲ့ အခွေများအပြင် မြန်မာသီချင်းထဲက ရွေးကူးပေးထားသော သီချင်းများသည် ကေ နှစ်သက်သော အဆိုတော်များ၏ သီချင်းများဖြစ်နေပြန်သည်။

ကေ့ ဒီလူဟာ ကေနဲ့ အဝေးကလေး ရင်းရင်းနှီးနှီး ခင်မင်ခဲ့ဖူးသော သူငယ်ချင်းဟောင်းများလား တွေးကြည့်ပြန်တော့ ကေ့ အရင်းနှီးဆုံး သူငယ်ချင်းသည် ဖွဲတစ်ယောက်သာ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ ... ဖွဲ့များ ဖြစ်နေမလား။ ကေက ဖွဲ့နဲ့ မတွေ့အောင် ရှောင်နေခဲ့ပြီး ခုတော့ တကယ်လို့ တွေ့ခဲ့မည်ဆိုရင် ကေတော့ 'လိပ်ပြာပသန့်တော့ဘဲ အင်မတန့်ကို ဟန်ဆောင်ဖုံးကွယ်ရလိမ့်မည်။

ပန်းချီပြခန်းထဲသို့ ခွေးတစ်ကောင်ပိုက်ကာ ဝင်လာသော ကေ့ကို ပန်းချီကား ကြည့်နေသူ တချို့တလေက သာမန်ကာလျှံကာ လှည့်ကြည့်ရုံကလွဲရင် ဘာမှ ထူးဆန်းစွာ လေ့လာမနေခဲ့ချေ။

"မကေ ရောက်လာပြီလား"

ကေ မသိသော လူတစ်ယောက်သည် ပန်းချီကားတစ်ချပ်အား ကြည့်နေရာမှ ကေ့အား မြင်သောအခါ လာရောက်မေးမြန်းတော့ ကေသည် စိတ်တိုတိုနှင့် ...

"ဟုတ်တယ် ကေဆိုတာ ကျွန်မပါပဲ၊ ကဲ ... ဘယ်လိုလဲ၊ ကျွန်မကို ရှင် ဒီလို အရူးလုပ်တာတော့ မကောင်းဘူးပေါ့ ရှင် ... ကျွန်မ"

"ဟိုး ... ခဏလေး ... ခဏလေး၊ ကျွန်တော့်ကို အထင်လွဲပြီး ရန်တွေ့မနေနဲ့ မကေ၊ ကျွန်တော်လည်း မကေကို ပေးစရာ ပစ္စည်းတစ်ခု အပ်နံတာ လက်ခံထားရလို့





အပင်ပန်းခံပြီး စောင့်နေရတာ၊ ဒီကိစ္စကို ကျွန်တော် ဘာတစ်ခုမှ မသိဘူးခင်ဗျ၊ ကျွန်တော့်ကို လူတစ်ယောက်က မကေ လာလိမ့်မယ်၊ အဖြူရောင် ခွေးပုလေးတစ်ကောင် ကိုင်ချင်ကိုင်လာလိမ့်မယ်၊ မကေ ဘယ်လို ဝတ်စားထားတယ်ဆိုတာကအစ ပြောပြပြီး ကျွန်တော့်ကို မကေ ဓာတ်ပုံ ပေးသွားတယ်၊ ဒီမှာကြည့်"

ဘုရားရေ ... သည်ဓာတ်ပုံဟာ ကေသည် သူမ ဒီနေ့ ဝတ်ဆင်ထားသည့်အတိုင်း ကြည်လင်ပြတ်သားစွာ ရိုက်ထားသော ဓာတ်ပုံကလေးအား အပြန်ပြန်လှန်လှန်ကြည့်ကာ ဒါဟာ သေချာပါတယ်။

အခုလေးတင်ရိုက်ပြီး ပေးလိုက်တဲ့ ဓာတ်ပုံပါ။ နိုင်ငံခြားမှာသုံးတဲ့ ရိုက်ပြီးပြီးချင်း ဓာတ်ပုံ ချက်ချင်းထွက်တဲ့ ကင်မရာနဲ့ ရိုက်ထားတဲ့ ပုံစံမျိုးဟု ကေက ချက်ချင်းသိလိုက်သည်။

"ကျွန်တော်က ပြပွဲလာကြည့်တဲ့ ဝါသနာရှင် တစ်ယောက်ပါ၊ ဒီလို ပျော်စရာ ကစားတဲ့ပွဲကလေးတွေကိုလည်း ဝါသနာပါလို့ အဲဒီလူကို ကူညီလိုက်တာ၊ ဒီမှာ မကေ အတွက်တဲ့၊ ကျွန်တော့်ကို ပေးသွားလို့"

"ကျေးဇူးပဲ အဲဒီလူပုံစံကို ရှင် ပြောပြနိုင်မလား"



www.burmeseclassic.com

www.burmeseclassic.com



"သူက ကျွန်တော့်ကို မပြောခဲ့လို့ မှာသွားတယ်၊ ကျွန်တော် လည်း ပြောဖို့ ရည်ရွယ်ချက် မရှိပါဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ မကေ မကြာခင်မှာဖြစ်ဖြစ် သိရမှာပဲ"

ကေသည် မေးလည်း မထူးတော့ပြီမှန်းသိ၍ စိတ်ရှုပ် ဇွာစွာ ထိုလူပေးသော ပန်းချီကားဟု အတပ်သိနိုင်သည့် စက္ကူ ဖြင့် ပတ်ထားသော ပစ္စည်းကို လက်ခံလိုက်ရပြန်သည်။

ခွေးတစ်ကောင်၊ ကက်ဆက်ခွေ တစ်ဒါဇင်ခန့်နှင့် ဘာပုံမှန်း ဖွင့်မကြည့်ရသေးသော ပန်းချီကားကို ပေးသူသည် ဘာကိစ္စ ကေ့ကို အရူးလုပ်ရတာပါလိမ့်။

ပန်းချီကားသည် ကေ ဟိုတစ်လောက တမေ့တမော ရပ်ကြည့်မိ၍ သဘောကျခဲ့ရသော စောင်းတီးနေသည့် နန်းတွင်း မင်းသမီးလေး၏ အလွမ်းကိုပြသသော ပန်းချီကား ဖြစ်သည်။

တန်ဖိုး သောင်းဂဏန်း အထက်မှာရှိ၍ ကေ မဝယ်နိုင်ခဲ့သော ပန်းချီကားကလေးကို ဝယ်ပေးခဲ့သူမှာ ကေ၏ မောင်ပင် ဖြစ်ကြောင်း ညဘက် ဖုန်းဆက်ချိန်တွင် သိခဲ့ရသည်။

မောင်က ဖုန်းစပြောလျှင်ပဲ ...

"ဘယ်လိုလဲ ကေ ဒီနေ့ တော်တော်လေး စိတ်မောလှ... ဖြစ်သွားခဲ့တယ် မဟုတ်လား၊ နည်းနည်းပါးပါးရော ကျိန်... လိုက်သေးလား"





ဟု စကားစတော့သည်။

ကေက အစတော့ ခပ်ကြောင်ကြောင် ဖြစ်မိပြီး သတိရသွားကာ မောင့်ကို ကေ ဘယ်လို အရူးဖြစ်ခဲ့ရကြောင်းတွေ ပြောမိတော့ မောင်က တဟားဟား လိုက်ရယ်တော့သည်။

"ဘာလဲ မောင်၊ ကေ့ကို ဘာလို့ ရယ်တာလဲ၊ ကေ အခု ဒီမှာ ခွေးတစ်ကောင်ရယ်၊ ကက်ဆက်ခွေရယ်၊ ပန်းချီ ကားရယ်ရလို့ ဝမ်းသာရမဲ့အစား အီလည်လည်ကြီး ဖြစ် နေပြီကွ၊ မရယ်ပါနဲ့"

"ကေ့အတွက် ဖတ်စ်ပေရယ်လ် အမှတ်တရပေါ့ ပေ့ရယ်လ် ဖူးလ် ကလေးရယ်"

"ဘာလဲ မောင်၊ ဖတ်စ်ပေရယ်လ် (First April) ပေရယ်လ် ဖူးလ် (April Fool) ဆိုတာ"

"ကေ့ကို အဲဒီလိုဖြစ်အောင် ကိုယ် တမင်စီစဉ်ထားခဲ့တာ ပေါ့ ကေ၊ ကေ မသိဘူးလား ပေရယ်လ် တစ်ရက်နေ့က ပေရယ်လ်ဖူးလ် လုပ်ရတဲ့ နေ့လေကွာ"

"ကြည့်စမ်း မောင်၊ ကေ့မှာတော့ အရူးဖြစ်လိုက်ရတာ မောင် ဘာအလုပ်မှ အရေးမကြီးဘဲ ကေ့ဆီ မလာတာ ဒီအကြံအစည် ရှိလို့ပေါ့ ဟုတ်လား၊ မောင်ဟာလေ တစ်ခါတလေ သိပ်ကလေးဆန်တာပဲ၊ ကေ့မှာ မောင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရတဲ့ နေ့ကလေးအဖြစ် လွမ်းမလို့တောင် ကောင်းကောင်း မလွမ်းလိုက်ရဘူး၊ ဟိုပြေး ဒီပြေးနဲ့"

"ကေ အားလုံးကြိုက်တယ် မဟုတ်လား၊ အဲဒါလေးတွေက ကိုယ့်ရဲ့ ပေရယ်လ်ဖူးလ်မှာ ပါဝင်သရုပ်ဆောင်ရတဲ့ ကေ့အတွက် လက်ဆောင်"

ကေနှင့် မောင်တို့သည် မိနစ်များစွာ မရပ်မနား ရယ်ကြသည်။ ပြီးတော့ မောင်က နှစ်စဉ်နှစ်တိုင်း မရိုးရအောင် ပေရယ်လ်ဖူးလ် လုပ်မည့်အကြောင်း ကေ့ကို သတိပေးတော့ ကေက ရှေ့ကို ကြိုတွေးပြီး၍ အနည်းငယ် ကျိတ်ငိုရသေးသည်။

မောင်က ကေ့ ဓာတ်ပုံကလေးကို သူ့ဆီမှာ ဟိုလူ့ထံမှ ပြန်ယူထားကြောင်း ပြောတော့ ကေက ခွင့်ပြုလိုက်သည်။ ကေက တောင်းယူဖို့ မေ့ကျန်ခဲ့ပေမဲ့ မောင်က မမေ့ချေ။

"ကေ့ ဓာတ်ပုံကို ကေ့ဆီက မတောင်းချင်ဘူး၊ ဒီလို ခိုးရိုက်မလို့ ကြံစည်ထားတာလေ၊ ဒီနေ့အတွက် ရည်ရွယ်ပြီး ကိုယ် ရိုက်မဲ့ ဓာတ်ပုံကလေးမှာ ကေက အလိုက်တသိနဲ့ ကိုယ် မြတ်နိုးရတဲ့ အပြင်အဆင်ရယ်၊ ဝတ်စုံကလေးရယ်၊ ဝတ်ထားခဲ့တယ် ကျေးဇူးပဲ ကေရယ်"

"မောင်ကလည်း ကေ့မှာ လုံတာပတ ဖြစ်အောင်တောင် ရှိုးမထုတ် ရသေးတဲ့ ပုံကြီးကိုများ တခြားပုံ ယူပါလား"





"ရတယ် ကိုယ့်ကားထဲက ခိုးရိုက်ထားရတဲ့ပုံမို့ ပိုချစ်မိတယ် ကေ"

ကေသည် မောင့်ကို သည်လောက်ထိ စိတ်ကူးယဉ်တတ်မှန်း မခန့်မှန်းမိခဲ့ချေ။ ခုတော့ မောင်က စိတ်ကူးယဉ်တတ်၊ အမှတ်တရတွေ ရှာကြံတတ်နှင့် ကေနဲ့ အတော်ကလေး စရိုက်တူလှသည်။

ကေ့ အကြိုက်ရယ်လို့ ပြောပြဖူးသော သီချင်းဟူသမျှကို သေသေချာချာ အလေးအနက်ထားတတ်သောကြောင့် မောင့်ကို ကေက သနားချင်လာသည်။

ကေက အင်မတန်ဆိုးတဲ့မိန်းမပါ မောင်ရယ်၊ မောင့်ကို ဝေဒနာတွေ ပေးမဲ့သူပါ။ မောင့်ကို ဒုက္ခတွေ လက်ဆောင်ပေးမဲ့ မိန်းမပါ။ ကေ့ကို မောင် ဘာဖြစ်လို့ ချစ်ခဲ့တာလဲ မောင်ရယ်။

မောင့် အချစ်က ကေ့ကို အဆိပ်နဲ့နှောင်ဖွဲ့ခံလိုက်ရသလို အဆိပ်သင့်ခဲ့ပြီ။ ကေ့ အချစ်ကတော့ မောင့်ကို အဆိပ်ဖြင့် နှောင်ဖွဲ့ခြင်းကင်းပါစေ ဟု ကေသည် မောင့်အတွက် ဆုတောင်းပေးမိသည်။

*:* ❋ *:*



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁၈

စွဲထံမှ သံသယတချို့ကို ရရှိသောနေ့တွင် ကေ၏ ပေရယ်လ်ဖုးလ်ကို ကြုံခဲ့ရသောနေ့၏ နောက်တစ်နေ့တွင်ဖြစ်သည်။

ထိုနေ့က ကေသည် မောင်နဲ့ အကြာကြီး လျှောက်လည်ပြီး ပြန်လာသောနေ့ ဖြစ်သည်။

မနေ့က အဖြစ်အပျက်တွေ ပြန်ပြောရင်း ကေဝါ့ ခါတိုင်းထက် နည်းနည်းပိုကြာအောင် တွေ့ခဲ့သောနေ့အဖြ ကေ အတော်လေး နောက်ကျမှ အိမ်ပြန်ရောက်သည်။

အဲသည်မှာ ကေ့အတွက် စွဲ၏ သံသယများ ရှိနေ ပြီဖြစ်ကြောင်း မှန်းဆခွင့် ရတော့သည်။

ကေက အိမ်ထဲ ဝင်လိုက်လျှင်ပဲ တဝုတ်ဝုတ်အား ဖြင့် ပြေးလာကြိုသော မောင့်လက်ဆောင် ခွေးပုကလေး မစ်ကီ၏ ဆီးကြိုမှုနှင့်အတူ ...





"ဩော် ... ပြန်လာသေးတယ်နော်"

ဟု စွဲ၏ ခနဲ့တဲ့တဲ့ ဆီးကြိုသံက ကေ့အား စတင် နှုတ်ဆက်တော့သည်။ ကေသည် အနည်းငယ် ရင်ထိတ်သွားသော်လည်း အလျှင်အံမြန် ထိန်းသိမ်းလိုက်ပြီး ...

"ဟယ် ... စွဲ နှင်ရောက်နေတာ ကြာပြီလား၊ စာမေးပွဲ ပြီးကတည်းက ကေလည်း သင်တန်းပေါင်းစုံ လျှောက်တက်နေတာနဲ့ စွဲနဲ့ မတွေ့ဖြစ်တာ ကြာပြီ၊ နှင်ရောက်လာတာ အတော်ပဲ၊ ငါတို့ စကားတွေ အများကြီး ပြောကြရအောင်"

ဟူ၍ စွဲအား လိမ်လည်မှုကို စတင်ရပြန်သည်။ စွဲသည် ကေ့အား စိတ်ကောက်ဟန်ဖြင့် မျက်စောင်းထိုးသည်။

ကေသည် စွဲကို ရင်မဆိုင်ရဲသော ကိုယ့်အပြစ်နှင့် ကိုယ်မို့ စွဲအား အကြာကြီး ရှောင်နေမိပြီး ယခုလို စွဲတစ်ယောက်၏ ဝမ်းပန်းတနည်းဖြစ်ရခြင်းကို မြင်ပြန်လျှင် ခံနိုင်ရည် မရှိချေ။

"ဘာလို့ မျက်ရည်ဝဲနေရတာလဲ စွဲရယ်၊ ကေ နင့်ဆီ မလာလို့လား၊ ကေက စွဲကို မချစ်လို့ မဟုတ်ပါဘူး၊ စွဲနဲ့ နောက်ဆို အကြာကြီးခွဲရမှာ ကြိုသိလို့ အကျင့်ဖြစ်အောင် ကြိုတင် ခွဲနေတာပါ"

"အို ... ခွဲရတာက နောက်မှပါ၊ အခုကတည်းက ကြိုပြီး မတွေ့ဘဲနေတာတော့ ဘယ်ကောင်းမလဲ ကေရဲ့၊ စွဲက



www.burmeseclassic.com

www.burmeseclassic.com



နင့်လိုလည်း လျှောက်ပြီး သင်တန်းမတက်ချင်မှန်းသိလို့ ကေ တမင် သင်တန်းတွေ လျှောက်တက်တာ မဟုတ်လား၊ အခုဆို စွဲက နေ့တိုင်း ကေ့ကို မျှော်နေရပြီ၊ တစ်နေ့သာ ကုန်သွားတယ် ကေက ရောက်မလာဘူး။ နေ့တိုင်း ကေ့ကို မျှော်နေတာ ကေ သိရဲ့သားနဲ့ ဒီလိုပစ်ထားတာတော့ ဘယ်ကောင်းမလဲ၊ စွဲတို့က သာမန်ရိုးရိုးခင်ကြတဲ့ သူငယ်ချင်းတွေမှ မဟုတ်တာ၊ အချစ်ဆုံး သူငယ်ချင်းတွေလေ၊ ကေရဲ့ အချစ်ဆုံး သူငယ်ချင်းတွေ"

ကြည့်စမ်း ... ကေဟာ ဘယ်လောက်မိုက်မဲတဲ့ မိန်းမလဲ။ အခုတော့ ကေ့ကြောင့် ကေ ချစ်ရသော စွဲကလေး ငိုရသတဲ့။

ကေက ကိုယ့်အတွက်သာ သိတတ်တဲ့ မိန်းမများ ဖြစ်နေမလား။ ကေသည် တဖြည်းဖြည်းနဲ့ တုန်လှုပ်ချောက်ချား လာတော့သည်။

ကေ့ဘာသာ ထင်တိုင်းကြံနေတုန်းက စွဲကို မေ့လျော့လို့။ စွဲကို လိပ်ပြာမသန့်စွာ ရှောင်တိမ်းနေရတာကို အဟုတ်မှတ်လို့။

တကယ်ဆို ခုလောလောဆယ်မှာ ကေက အနိုင်ရသူ၊ စွဲက အရှုံးနဲ့ ရင်ဆိုင်ရသူလို့ အကြမ်းဖျင်း သတ်မှတ်လို့ ရနေပြီပဲ။





နောက်တော့ ကေက စွဲကို အရှုံးပေးပါ့မယ် စွဲရယ်။

"ကဲပါ စွဲရယ်၊ ကေ နောက်ဆို စွဲကို ပစ်မထားတော့ပါဘူး၊ စွဲဆီ အရင်ကလို မဖြစ်ဖြစ်တဲ့နည်းနဲ့ တစ်နေ့တစ်ခေါက် ရောက်အောင် ကြိုးစားပါ့မယ်၊ တို့နှစ်ယောက် အခု ဆုံတုန်းလေးမှာ စကားတွေ အများကြီး ပြောကြရအောင်နော်"

"ပြောလိုက်ရင်တော့ အချွဲကောင်းလေးတော်၊ ကျုပ်ပဲ အရှုံးဖြစ်ပြီ"

ကေက တမင် ခေါင်းစဉ်ပြောင်းလိုက်သော အကြောင်းအရာကလေးတစ်ခုဆီ စွဲကလေး မသိလေစွ။ လိုက်ပါစိတ်ဝင်စားတော့မလို့ ဖြစ်လာချိန်တွင် မစ်ကီကြောင့် ဇာကာ ထပ်မံ အနေခက်ရပြန်ပြီ။

မစ်ကီသည် ကေ့ကို ပွတ်သပ်၍ တဝုတ်ဝုတ် လာဟောင်လျှင် စွဲ၏ အာရုံတွေက မစ်ကီဆီ ရောက်သွားလေသည်။

ကေ သိလိုက်ပြီ။ စွဲတော့ မစ်ကီအကြောင်း မေးတော့မည်။ ကေ ထပ်မံ လိမ်လည်ရဦးမည်။ ကေသည် လိမ်ပြီးရင်း လိမ်နေရသော မိန်းမတစ်ယောက်တည်း။

"နေစမ်းပါဦး ဒီခွေးကလေးကို ကေ ဝယ်မွေးတာလား၊ စွဲကိုတောင် မတိုင်ပင်ဘဲ ကိုယ့်စိတ်ထင်တာတွေ လုပ်နေတယ်ပေါ့လေ၊ ကေတော့ တစ်ခုခု မှားယွင်းနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



အရင်ကဆို စွဲကို တိုင်ပင်တယ်၊ စွဲနဲ့သာ ဝယ်စရာရှိတာတွေ သွားဝယ်တတ်၍ အခုတော့ ကေ့ လစ်ကွက်၊ ဟာကွက်တွေလည်း များခဲ့ပြီကွယ်။

"လက်ဆောင်ရတာပါ ကေ မဝယ်ပါဘူး"

"ဘယ်သူပေးတာလဲဟင်၊ ချစ်စရာလေး စွဲက ရောက်ကတည်းက အန်တီ့ကိုမေးတော့ ကေ့ ခွေးလေးဆိုတော့ ဝမ်းသာသွားတယ်၊ ကေ့ဆီက ခဏငှားပြီး စွဲဆီ အလည်ခေါ်မလို့လေ"

ဘယ်သူပေးတာလဲဟူသော စကားကို စွဲသည် သိပ်အလေးအနက်ထားခြင်းမရှိ၍ ကေသည် မသိချင်ဟန် ဆောင်သော်လည်း မရခဲ့ချေ။

"ဟင် ...ကေ့ရဲ့ ဘယ်သူ ဝယ်ပေးတာတုန်း၊ ကေ့ကြကေတော့ လက်ဆောင်ဝယ်ပေးမဲ့ လူတွေတောင် ရှိနေပြီထင်တယ်၊ ပြောပါဦး စွဲ သိချင်တယ်"

"စွဲ မသိတဲ့ လူတစ်ယောက် ပေးတာပါဟာ၊ ကေ့ကို ပိုးပြီးပေးတာ၊ ကေက မယူပါဘူး၊ ကေ့တံခါးကို ခိုးဖွင့်ပြီး ကားထဲ လာထည့်ထားတော့ ပြန်ပေးလို့မှ မရတော့တာဟာ၊ စိတ်ရှုပ်ရှုပ်နဲ့ ယူထားလိုက်ရတာပေါ့၊ တိရစ္ဆာန်မှာ အပြစ်မရှိဘူးဆိုပြီး သနားတာနဲ့ မွေးလိုက်ရတယ်"





"ပန်းချီကားကြီးကရော ကေ ဝယ်လာတာလား၊ ကေ တယ်ထောနေပါလား၊ ပန်းချီကားတောင် ဝယ်နိုင်နေပြီ"

ဟူသော စကားအဆုံးတွင် စွဲသည် မယုံကြည်လှဟန်ဖြင့် "ဟင်းဟင်း".ဆိုသော ရယ်သံအစွန်းကလေး ထည့်ပြန်လျှင် ကေသည် မလုံမလဲ ဖြစ်ရပြန်သည်။

စွဲ မယုံချင်တော့ဘူး၊ စွဲ မယုံချင်တော့ဘူး။ ဒုက္ခပါပဲ ကေ ဘယ်လို ဖြေဖြန်းရပါ့။ ကေကိုယ်တိုင် မသိစေချင်သော အဖြစ်အပျက်တစ်ခုကို မောင့်ထံမှ မပေါက်ကြားဘဲ ကေ့ထံမှ ပေါက်ကြားခဲ့ရင် မကောင်းပါ။ ကေလည်း ရင်မဆိုင်ရဲသေးပါ။

ကေသည် ရင်တွေပဲ ပူလာသလိုလို၊ ချွေးစေးတွေပဲ ပြန်လာသလိုလို၊ ခေါင်းတွေပဲ ထိုးကိုက်လာသလိုလိုနှင့် သည် ပန်းချီကားအတွက် အတော်လေး စိတ်ကျဉ်းကျပ်ရလေသည်။

"ကေ ဝယ်တာတော့ မဟုတ်ဘူး ထင်တယ်၊ ဘယ်သူ ပေးပြန်တာလဲ၊ ကေဟာ လက်ဆောင်တွေချည်း စွတ်လက်ခံနေရင် ဘယ်ကောင်းမလဲ"

"ကောင်းပါတယ် စွဲရယ်၊ သိပ်ကောင်းပါတယ်၊ ဒီကားကိုလည်း ကေ မသိတဲ့ လူတစ်ယောက်က တစ်ဆင့်လှုကြွပါးလိုက်လို့ လက်ခံထားရတာပါ၊ ကေ ပြောတာတွေ စွဲ မယုံချင်နေပါ၊ ကေ့ကို မယုံပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကေ့ကို မယုံတာတော့ အမှန်ပဲ၊ ကေဘာလို့ ပြောင်းလဲသွားသလဲဆိုတာ စွဲ သိပ်သိချင်တယ်၊ ကေဟာ စွဲကို လျှို့ဝှက်ထားတာတွေလည်း ရှိနေတယ်လို့ စိတ်ထဲမှာ သိနေတယ်"

အပြစ်ရှိနေသော ကေက ငြိမ်သက်နေဖို့ ဝန်မလေးခဲ့ချေ။ ကေ့အနေနဲ့ စွဲ အပြစ်တင်သမျှ ငြိမ်တိတ်နေခြင်းက အကောင်းဆုံး ဖြစ်မည်။

အမှန်က ကေ့ဘက်ကသာ မှန်နေခဲ့မည်ဆိုလျှင် ကေသည် ကေ့ချစ်သူဟု စွဲက သတ်မှတ်နေသော တစ်စုံတစ်ယောက်ကို စွဲအား ရဲရဲဝံ့ဝံ့ ပြောပြနိုင်မည်ပင်။

အခုတော့ ကေသည် ကဲ ... မတွေးမိတာဘဲ ကောင်းပါသည်။

မောင့်ကိုချစ်သော၊ မောင်က ချစ်သော ကေသည် အမှားများကို ဆက်တိုက်ကျူးလွန်ရင်း ကျဆုံးနစ်မြုပ်၍ မရေမရာ ဘဝတစ်ခုတည်းမှာ ရောက်နေခဲ့ပြီ။

ကေတို့ အတန်ကြာ ငြိမ်သက်ပြီး တစ်ယောက်ကို တစ်ယောက် စကားမပြောဘဲ အတွေးကိုယ်စီနဲ့ ငေးနေကြသေးသည်။





ကေ့အခန်းထဲတွင် အင်မတန့်ကို တိတ်ဆိတ်လွန်းသောအခါ မစ်ကို့အသံလေး တအီအီသည်သာ အသံအဖြစ်ရှိနေတော့သည်။

မသိပါနဲ့၊ မသိလိုက်ပါနဲ့ စွဲရယ်။ ကေ့မှာ ချစ်သူရှိတယ်။ ကေက ပြောမပြဘူးဟုသာ စိတ်ဆိုးနေလိုက်ပါ စွဲရယ်။ ကေ့ ချစ်သူဟာ ဘယ်သူဆိုတာ စွဲ မသိပါနဲ့ကွယ်။

စွဲဟာ ကေတို့နှစ်ယောက်ရဲ့အကြောင်းကို ဘယ်တော့မှ မသိစေရ။ စွဲနဲ့ မောင်တို့ တည်ဆောက်ကြမည့် အိမ်ထောင်ရေးသည် အဖုအထစ်ကင်းရှင်းသော အိမ်ထောင်ရေး ဖြစ်စေရမည်။

ကေ့ကြောင့် တစ်စုံတစ်ရာ အနှောင့်အယှက် မရှိစေရပါ။ ကေက မောင့်ကို တိတ်တိတ်လေး ချစ်နေပြီး စွဲဟာ ပိုင်ရှင်အစစ်အမှန်မို့ ကေ နောက်ဆုတ်ပေးမည်။

မောင့်ကို အကျပ်ကိုင်ခြင်းဖြင့် နားဝင်အောင် ဖျောင်းဖျရမည်။ မောင်နဲ့ စွဲတို့၏ လက်ထပ်ပွဲကလေး ဖြစ်ကိုဖြစ်စေရမည်။

"ဆောရီး ကေ၊ စွဲ မှားသွားတယ်၊ ဒါဟာ ကေ့ ကိုယ်ရေးကိုယ်တာပဲ၊ စွဲက ဝင်စွက်လို့ ဘယ်ဖြစ်မလဲနော်၊ ကဲပါ ... ကဲပါ ဒါတွေ ခဏထားပါ၊ စွဲတို့ တခြားအကြောင်းတွေ ပြောရအောင်နော်"



www.burmeseclassic.com

www.burmeseclassic.com

စွဲသည် နောက်ဆုံးတော့ စိတ်ပြေသွားဟန်ဖြင့် ကေ့အား တောင်းပန်သည်။ ကေက စွဲ စိတ်ဝင်စားမည့် စကား တစ်ခု ဖြစ်သည့် ...

"စွဲတို့ ဘယ်တော့လောက် လက်ထပ်ကြမလဲ"

ဟူသော စကားကို စတင်ရလေသည်။ စွဲက ခေါင်းခါလျက် ဖြေ၏။

"စွဲတို့ဘွားဘွား ကျန်းမာရေး အခြေအနေက သိပ်စိုးရိမ်နေရတယ် ကေရဲ့၊ အစက မေ၊ ဗွန်လောက် စီစဉ်မလို့ဘဲ၊ ဘွားဘွားရဲ့ အခြေအနေကို စိတ်မချလို့ သီတင်းကျွတ်ပြီးလောက်မှ လုပ်ဖြစ်တော့မယ်၊ ဘယ်အချိန်ဆိုတာက အရေးမကြီးပါဘူး၊ အရေးကြီးတာက"

"ပြောလေ စွဲ၊ ကေ နားထောင်နေပါတယ်"

"အရေးကြီးတာက ကိုအဓိပတိ စွဲကို ချစ်လာဖို့ပဲ"

ကေသည် ရင်တွေ ဒိန်းခနဲ စောင့်ခုန်လေတော့သည်။ ဒါပေမဲ့ စွဲ မသိနိုင်ပါဘူး။

စွဲဟာ မောင့်အချစ်ကို ရနေသူမှာ ဘယ်သူဆိုတာ စွဲ မသိနိုင်ပါဘူးဟု တွေးမိတော့ အနည်းငယ် စိတ်အေးသော်ငြား ကေက မကောင်းမှု ကျူးလွန်ထားသူဖြစ်၍ မလုံမလဲ ဖြစ်နေချင်သားပင်။





"သူက စွဲကို မချစ်ဘူးဟ၊ သူ့အမူအရာက လက်ထပ်ရမဲ့ ဇနီးလောင်းဆိုတဲ့ အမူအရာမျိုးတောင် အခု သူ့မှာ ရှိမနေဘူး၊ ဝတ္တရားရှိလို့ လာတွေ့ရ၊ လာစကားပြောရတဲ့ ပုံစံမျိုး ဖြစ်နေပြီ၊ စွဲ ထင်နေတယ်၊ သူ့မှာ ချစ်ရမဲ့သူများ တွေ့နေပြီလား မသိဘူး၊ စွဲဟာ ကံမကောင်းခဲ့ပါလား ကေရယ်"

"အို ... ဒါပေမဲ့ တစ်နေ့ သူ လက်ထပ်ရမဲ့လူက မိဘ အသိအမှတ်ပြုထားတဲ့ စွဲပါ"

စွဲသည် ထိုစကားကို မကြားချင်လှဟန်ဖြင့် ကေ့ကို လှမ်း၍ လက်ကာပြလျက် ခေါင်းခါလိုက်သည်။

"မဟုတ်သေးဘူး ကေ"ဟု အနည်းငယ် ထပ်ခါ တလဲလဲ ရေရွတ်သည်မှာ ကေတောင် အလိုလို သနားလာရသည်။

"မကြာခင်မှာ ကိုယ်နဲ့ လက်ထပ်ရတော့မဲ့ ယောကျ်ား တစ်ယောက်ဆီမှာ ကိုယ့်အတွက် ချစ်ခင်မှု၊ မြတ်နိုးမှု နှစ်သက်မှု ဆိုပြီး လုပ်ဆန်းကြံယ်အောင် ဖွဲ့ဆိုထားတဲ့ စကားလုံးတွေနဲ့ ထုံလွှမ်းတဲ့ ချစ်ခြင်းမေတ္တာတစ်ခုက အဆင်သင့်မှ ရှိမနေခဲ့တာ၊ ဒါဆိုရင် စွဲရဲ့ လက်ထပ်ခြင်း ဆိုတာကြီးက ဘယ်လိုလုပ် အဓိပ္ပာယ်ရှိနိုင်ပါ့မလဲ၊ စွဲက


www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးယဉ်တဲ့ မိန်းမတစ်ယောက်လို့ ဝေဖန်ချင် ဝေဖန်တော့ စွဲရဲ့အဓိက ခံယူချက်က 'ချစ်ခြင်း'နဲ့ 'လက်ထပ်ခြင်း' ကို ခွန်တွဲနေချင်တဲ့ ခံယူချက်ပဲ"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ စွဲရယ်၊ သူက တစ်နေ့တော့ စွဲကို ချစ်လာမှာပါ"

"ဟင့်အင်း စွဲ သိပါတယ်၊ သူ့မှာ ချစ်သူဆိုတာ ရှိနေမှတော့ စွဲဟာ နောက်လူပဲ၊ စွဲကို ဇနီးမယားတစ်ယောက် ဆိုတဲ့ သံယောဇဉ်လောက်သာ ထားမှာပါ၊ စွဲကသာ ချစ်ရတာ၊ ရူးလိုက်ရတာ သူက စွဲကို ချစ်မလာဘူးနော်"

ဘုရား ... ဘုရား ကေတော့ နေရာတင် လဲသေလိုက်ချင်ရဲ့။ စွဲတစ်ယောက် လိုချင်တောင့်တနေတဲ့ အချစ်ကို မောင်က ဘာဖြစ်လို့များ ဟန်ဆောင်ကလေးတောင် မပေးခဲ့ရတာလည်းကွယ်။ အခုတော့ အဖုအထစ်ကင်းတဲ့ အိမ်ထောင်ရေးသာ ဖြစ်စေချင်သော ကေ့ဆန္ဒတော့ တလွဲတချော်များ ဖြစ်တော့မလား။

အို ... မဖြစ်စေရ၊ လုံးဝမဖြစ်စေရပါ။ ကေ ချစ်သော မောင်နဲ့ ကေ့ဆီက ခင်မင်မှုဟူသမျှ အပိုင်ပေးခဲ့သော စွဲတို့ တစ်သက်လုံး စိတ်မချမ်းမသာ မဖြစ်စေချင်၍ ကေ အတတ်နိုင်ဆုံး မောင့်ကို စည်းရုံးဖျောင်းဖျပါမည်။





မောင့်ကိုတွေ့လျှင် စွဲကို "ချစ်တယ်" ဟူသော စကားလေး တစ်ခွန်းတစ်စလောက် ပြောပေးဖို့ ကေက တိုက်တွန်းမည်။

အမှန်ပြောရရင် ကေသည် အချစ်ကို ခွဲဝေချင်သော မိန်းမ မဟုတ်ချေ။ အင်မတန် သဝန်တို၊ အူတိုသော မိန်းမတည်း။

သို့သော် ယခု ကေ လိုလိုလားလား ခွဲဝေသူမှာ ကေ့ချစ်သူကို အရင်ဆုံး ပိုင်ဆိုင်ခွင့်ရခဲ့ရက် နောက်ကျခဲ့ရှာသော ကေ့သူငယ်ချင်း စွဲ ဖြစ်ခဲ့၍ပင်။

❊ ❊ ❊


www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁၉

ကေ လိုချင်သော အဖြေကို မပေးသေးသော မောင့်ကို ကေက စိတ်ကောက်ခြင်းဖြင့် တောင်းဆိုရလေသည်။ မောင်သည် မဟုတ်သေးပါဘူးကွာဟု တတွတ်တွတ် ရေရွတ်လျက် ကေ့ကို ချော့မော့ဖို့ မစဉ်းစားဘဲ တစ်စုံတစ်ခုကိုသာ ကြံစည်တွေး တောနေတော့သည်။

မရဘူး မောင်၊ ကေ့ကို အနိုင်ယူဖို့ မစဉ်းစားနဲ့ ကေက ချစ်လွန်းလို့ အသက်ပင် သေသွားပါစေ။ ဖြစ်သင့်တဲ့ ကိစ္စတစ်ခုကို မောင် သတိရဖို့ပြောတာ။

မောင်သာ တွေဝေနေတာ။ ကေက မတွေဝေဘူး။ မောင်ပဲ စဉ်းစားကြည့် ဘယ်သူ တွေဝေသလဲ။ အစကတည်းက မောင် မတွေဝေခဲ့ဘူးဆိုရင် ကေတို့ သည်လိုအဖြစ်မျိုးကို ဘယ် ကြုံရပါ့မလဲကွယ်။





ကေသည် မောင့်ကို စိတ်ထဲမှ ရန်တွေ့လျက် ငြိမ်သက် စိတ်ကောက်ရသည်။

"ကိုယ်က မချစ်နိုင်တဲ့ မိန်းမတစ်ယောက်ကို ချစ်တယ်လို့ ညာပြောရမှာတော့ မခဲယဉ်းဘူးပေါ့၊ ဒါပေမဲ့ တခြားလူတွေ အတွက်တော့ မသိဘူး၊ ကိုယ်က သိပ်တန်ဖိုးထားတယ်၊ စွဲကို မြင်လိုက်ကတည်းက ကိုယ့်ရင်ထဲမှာ ချစ်လို့မရသေး မှန်းသိလို့ ချစ်တယ်ဆိုတာပြောဖို့ တမင် မေ့ထားခဲ့တယ်၊ ကိုယ့်ဘဝမှာ ချစ်တယ်ဆိုတဲ့ စကားကို တကယ်ချစ်မိတဲ့ သူမှ ပြောခဲ့တယ်၊ အဲဒါဆို ကေ့ကို ကိုယ် ဘယ်လောက် ချစ်တယ်ဆိုတာ သိမှာပါ၊ ကေကလည်းကွာ မဖြစ်နိုင်တာ ကို တောင်းဆိုရတယ်လို့"

ကေသည် ကြည်နူးရမဲ့အစား ကေ့ကို ဖြားယောင်း သိမ်းသွင်းဟန်ရှိသော မောင့်စကားတွေကို အပြစ်မြင်ပြန်သည်။

မောင့်ကို ကေ့အား မောင် ဘယ်လောက် ချစ်ကြောင်း ဝန်ခံခိုင်းတာ မဟုတ်ဘူး မောင်။

"စွဲ သနားပါတယ်၊ ကေက သူ့ဆီကလည်း လုယူသေး တယ်သာ သိရင် ဘယ်လောက် ကြေကွဲရှာမလဲ"

"မဟုတ်သေးပါဘူးကွာ"

"လာပြန်ပြီ ဒီ'မဟုတ်သေးပါဘူးကွာ'ကြီး ခဏခဏ မရွတ်နဲ့ မောင်၊ အဲဒီလောက် စကားလုံး ရှားသလား"



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး ကေ၊ ဒီဘာမဟုတ်တဲ့ ကိစ္စလေးနဲ့ ကိုယ်တို့ ရန်ဖြစ်ကြရမှာလား၊ ကေလည်း ကိုယ့်ကို နားမလည်တဲ့ လူတွေထဲမှာ ပါနေပါလားကွာ၊ ကေနဲ့ ကိုယ် ချစ်နေတာ ဘယ်သူမှ မသိအောင် လျှို့ဝှက်ထားရမယ်ဆိုလို့ ကိုယ်က ကေ့ စိတ်ကြိုက် လျှို့ဝှက်ပေးခဲ့တယ်၊ အခုလည်း ကိုယ့်စိတ်ကြိုက် မဟုတ်ပေမဲ့ ကိုယ့်ဆန္ဒတစ်ခုကိုတော့ အတင်းပြောင်းပြန်ကြီး လိုက်လုပ်မနေနဲ့ပေါ့ကွာ၊ တစ်ယောက်ကို တစ်ယောက် နားလည်မှုဆိုတာ ထားသင့်တယ်"

"အို ... ကေ မသိဘူး၊ ကေ သိတာ မောင် ကေ့ဆန္ဒကို ဖြစ်အောင် ဖြည့်ဆည်းပေးဖို့ပဲ သိတယ်"

"ကေက ဘယ်လိုလဲ၊ ကိုယ့်ချစ်သူကို သဝန်မတိုတဲ့အပြ ဝေမျှပေးချင်နေတယ်ပေါ့၊ အေးလေ ကေက ကိုယ့်လော မှ မချစ်တာ၊ ကိုယ်ကစပြီး ချစ်ရတဲ့လူ ဆိုတော့လည်း"

မဟုတ်ဘူး ... မဟုတ်ဘူး မောင်။ ကေက မောင့် အရင်ချစ်တာ။ ကေက ဒါတွေ ကြိုမြင်လို့ နာကျင်ကြေ ဝေဒနာနဲ့ အရင်ဦးဆုံး ကြိုရှောင်နင့်တာ။ မောင့်ကို မုန်း ဟန်ဆောင်ခဲ့ရပေမဲ့ တစ်နေ့ထက်တစ်နေ့ ပိုလာတဲ့ ချစ်ခြင်း၊ လမ်းခြင်း၊ တမ်းတခြင်းများနဲ့ သူငယ်ချင်းအပေါ် သစ္စာမဲ့ခြင်း တစ်ပြိုင်တည်း ပြုလုပ်ခဲ့မိအောင် မိုက်မဲခဲ့တာ။ ဒါတွေ မသိဘူး။ ဟုတ်တယ် မောင် မသိဘူး။





မောင့်ဘက်က ကေ့ကို ငဲ့ညှာပြီး စဉ်းစားကြည့်ဦး။ ကေက မောင့်ကို ချစ်ခဲ့ခြင်းမှာ စွန့်စားမှုများစွာ ပါဝင်ခဲ့တယ်ကွယ့်။

မိဘတွေမတော်တဆသိခဲ့ရင် ဆူပူတာက အကြောင်းမဟုတ်။ မိဘမျက်နှာ အိုးမဲသုတ်တဲ့ သမီး ဖြစ်ရဦးမည်။ စွဲတို့မိသားစု အသိုင်းအဝိုင်းက ကြောင်တောင်နိုက်တယ်၊ ဖြတ်ခုတ်သွားတယ်ဆိုသော နှစ်နာလောက်သော စကားတွေနှင့် ကေ့ကို ပြောကြဦးမည်။

ကေနဲ့ စွဲတို့ရဲ့ သက်ဆိုင်ရာအသိုင်းအဝိုင်းက ကဲ့ရဲ့ကြမည်။

စွဲက ကေ့ကို မုန်းမည်။ ကဲ ... ကေ့မှာ ဒါတွေ ကြိုတွေးမိတိုင်း ချောက်ချားရလျက် မောင့်ကို ရူးမိုက်စွာ ချစ်ခဲ့မိတာပါ မောင်။

မောင် အထင်လွဲရက်တယ်။ ကေဟာ မောင့်ကို အရင်တည်းက ခါးခါးသီးသီး ရန်တွေ့ပြီး စကားပြောတာ။ ဟမင် မောင် ရှက်သွားအောင် ပြောခဲ့တာတွေကို မောင်က မှတ်ထားတယ်လား။

ကေ့ကို အထင်လွဲနေတယ်လား။ ကေဟာ အဝတ်အစား အပြင်အဆင်သာ ဆန်းပြားမယ်၊ အချစ်တစ်ခုတည်းကိုပဲ မျိုးရိုးစင်းစင်း မြတ်နိုးနေတဲ့သူပါ မောင်။



www.burmeseclassic.com

www.burmeseclassic.com



"ကေ တစ်ခုခုပြော"

မောင်သည် ကေ့ တိတ်ဆိတ်မှုကို ဖျက်ဆီးကာ အမိန့်သံဆန်ဆန် ကေ့ကို ပြောသော်လည်း ကေက ဇွေမယူရက်ပြန်။ ကေက မောင့်ဆီမှာ ဝင့်ကြွေးတစ်ပုံတစ်ပင် ရှိခဲ့သည်နှော်။

"ကေ ပြောတဲ့စကားက ဒါပဲရှိတယ်"

"ကောင်းပြီ ကိုယ်တို့ အပေးအယူ တစ်ခုခုလုပ်ဖို့ ကိုယ် စဉ်းစားမိဘယ်၊ ကေ့ဆန္ဒလည်း ပြည့်အောင်၊ ကိုယ့်ဆန္ဒလည်း ပြည့်အောင် မျှမျှတတရှိတဲ့ အစီအစဉ်ပါ၊ ဘယ်လိုလဲ ကေ စိတ်ဝင်စားရဲ့လား"

"ကဲ ... ကဲ ပြောပါ မောင်ရယ်၊ ဂေက မောင် ပြောတာ ဘယ်တုန်းကများ စိတ်မဝင်စားဘဲ နေလို့လဲ"

"ကေ ဖြစ်ချင်တဲ့ဆန္ဒက စွဲကို ကိုယ်က ချစ်တယ်ဆိုတဲ့ စကား ပြောရမှာမို့ ကိုယ်က လုပဆန်းကြယ်တဲ့ စကားတွေ စကားတွေသုံးပြီး ပြောပါ့မယ်၊ ကဲ ... ကေ ကျေနပ်ပြီလား"

"တကယ်လား မောင်၊ မောင့်ကို ကျေးဇူးတင်ပါတယ်၊ ကေက စွဲကို အနိုင်ကျင့်ထားသလို ဖြစ်နေလို့ လိပ်ပြာ မသန့်လို့ပါ"

ကေ့အတွက် အပြည့်အဝ ကျေနပ်ခွင့်မရခဲ့ချေ။ မောင့်ထံမှ မောင့်ရဲ့ ဆန္ဒတစ်ခုကြောင့် ဖြစ်သည်။ ကေသည်





ကြားခါစက တအံ့တသြဖြင့် ဘာစကားမှတောင် မပြောနိုင်ခဲ့ချေ။ ကေ့ကို မောင်က ကွက်ကျော်ရိုက်သွားတာပဲ ဖြစ်သည်။

"ဟော့ ... ဟော့ အပြည့်အဝ ကျေးဇူးမတင်နဲ့ဦးလေ၊ ကိုယ့်ဘက်က တောင်းဆိုချက် ကျန်သေးတယ်၊ နားထောင်လိုက်ပါဦး"

"ဘာလဲ မောင်၊ ပြောလေ"

"ကေ ကိုယ့်ကို လက်ထပ်ရမယ်"

ဘုရားရေ ... ဟု ကေ ရွတ်လိုက်မိသည် ထင်ပါရဲ့။ မောင်သည် အနိုင်ရဟန်ဖြင့် ကေ့ကို ပြုံးပြသည်။ ဟင့်အင်း မောင်။ ကေ ဒီလို အခြေအနေအထိဖြစ်အောင် မလိုလားခဲ့တာ အမှန်ပဲ။

"ထပ်ပြောရဦးမလား ကေ၊ ကေ ကိုယ့်ကိုပဲ လက်ထပ်ရမယ်၊ ကိုယ်နဲ့ စွဲတို့ဟာ ဘယ်တော့မှ ဆုံစည်းရမဲ့ လူတွေ မဟုတ်ဘူး၊ ကေက ကိုယ်ရဲ့ လက်တွဲဖော်ပဲ၊ ကိုယ် လူကြီးတွေကိုဖွင့်ပြောပြီး အားလုံး ရင်ဆိုင်လိုက်မယ်"

"အို ... ဒါဆို စွဲကို ချစ်တယ်ဆိုတဲ့ စကားကြီးက ဘာ ပြောစရာလိုတော့တုံး၊ မောင် တမင်လုလည်ကျတာ၊ ကေ့ကို အနိုင်ကျင့်တာ"

"ဟ ... ဘာအနိုင်ကျင့်တာလဲကွာ၊ ကိုယ့်ချစ်သူကို လက်ထပ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင် လောကကြီးမှာ ကေ မသိသေးတာတွေ အများကြီးဆိုတာ လက်ခံလိုက်ပါပြီ။

မောင်ဟာ ကေ့ထက် ဉာဏ်ကောင်းပြီး ကေက မောင့်ကို ရှုံးမြဲ ရှုံးလျက်ပင်။ နောက်ဆုံးတော့ မောင့်ကို လက်ထပ်ရမှာ မလိုလားသော ကေ အရှုံးပေးပြီး စွဲကို ချစ်တယ်ဆိုသောစကား ပြောခိုင်းသည့် ကိစ္စကြီးသည် နှစ်ဖက်အပေးအယူ မမျှ၍ ပြီးဆုံးသွားရတော့သည်။

"ကိုယ်က ကေ့ကို လက်မထပ်ရလည်း စွဲကို လက်ထပ်မှာ မဟုတ်ဘူး၊ အိုကွာ ... ရှင်းရှင်းပြောမယ်၊ ကေကလွဲရင် ဘယ်မိန်းမမှ လက်ထပ်မှာ မဟုတ်ဘူး၊ ကေ သိထားဖို့က ကိုယ်က အားလုံးကို ဖွင့်ပြောပြီး ငြင်းပစ်မယ်ဆိုတာပဲ။ အချိန်မကျသေးလို့ စောင့်နေခဲ့တာ၊ တကယ်လို့ပေါ့၊ အခုလောလောဆယ် စွဲတို့အဘွား ကျန်းမာလာရင် စီစဉ်ပုံ လက်ထပ်ပွဲကို ကိုယ်က ကိုပ့်သဘောနဲ့ကိုယ် ဖျက်သိမ်းရမှာပဲ"

စိတ်အား ထက်သန်စွာ ကေ့ကို တိုင်တည်ပြန်သေးသည်။ ကေသည် ခေါင်းတွေ တစစ်စစ်ထိုးကိုက်လာကာ နောက်ဆုံးတော့ ကေဟာ ကိုယ့်ဓာတ် ကိုယ်မနိုင်တဲ့ ဓာတ်ကောင် ဖြစ်ရပြီ။





ကေ မှားပြီ၊ မောင့်ကို ပြန်မချစ်ခဲ့ရင် ကောင်းသားတွေနှင့် ချာချာလည်သော အတွေးတွေဖြင့် ပြည့်နှက်ခဲ့ပြီ။

ဖျတ်ခနဲ နောက်ထပ် စိတ်ကူးတစ်ခု ကေ့ ခေါင်းထဲမှာ ပေါ်လာသေးသည်။ အဲဒါကတော့ ကေသည် စွဲတို့ရဲ့ လက်ထပ်ပွဲဟာ ကေ့ကြောင့် ပျက်ရတယ်ဟု အမည်မတွင်စေချင်ခဲ့ပါ။ ကေ့ ရာဇဝင်မှာ ကေသည် သူငယ်ချင်းအပေါ် စောင့်စည်းသစ္စာရှိသော မိန်းမ ဖြစ်ချင်သည်။ ကေ့ မိဘတွေရဲ့ သမီးကောင်း ဖြစ်ချင်သည်။ ထို့ကြောင့် ကေသည် မောင် ဖန်တီးသော အပေးအယူကဲ့သို့ ဆင်ဆင်တူသော နောက်ထပ် အပေးအယူတစ်ခုကို ကြံစည်လိုက််မြပြန်သည်။

ကေသည် ဘဝတစ်သက်တာတွင် မောင်နဲ့ တွေ့ချိန်ကစ၍ မှားပြီးရင်း မှားခဲ့သူပင် ဖြစ်သည်။

"ခဏလေး မောင်၊ ကေ့မှာလည်း အပေးအယူကိစ္စ တစ်ခု ထပ်ပေါ်လာပြီ၊ ကေ ပြောပြပါရစေ"

"ပြောလေ"

"ဒီလိုပါ မောင်"

ကေ့ ဖန်တီးမှု အပေးအယူကို မောင် တအံ့တသြ ယိုက်လံ့နားထောင်ခဲ့သည်။ ထိုစကားဆုံးသောအခါ ကေက



www.burmeseclassic.com

မောင့်ကို အကဲခတ်တော့ မောင်သည် ရုတ်တရက် ဆုံးဖြတ်မရဟန်ဖြင့် တွေဝေတော့သည်။ ကေ့ကို မောင်က တစ်မျိုးထင်ချင်ထင်မည်။ ကေဟာ ဘဝကို ရေစုန်မျှောချကာ ဒီလိုအဖြစ်မျိုး ဖန်တီးရဲ၍ပင်။

"မောင် ရုတ်တရက် ဆုံးဖြတ်လို့မရရင် နောက်မှ ဆုံးဖြတ်ပါ၊ ကေ အချိန်ပေးပါတယ်၊ တစ်ဆိတ် အကြံပေးချင်တာက ကေ့ အစီအစဉ်ထက်ကောင်းတဲ့ အစီအစဉ် မရှိတော့ဘူး ဆိုတာပါပဲ မောင်၊ ကဲ ... ကေတို့ အိမ်ပြန်ကြရအောင်"

အိမ်အပြန်လမ်းတွင် မောင်သည် အရင်ကနဲ့မတူ စကားနည်းကာ ကေ့ အစီအစဉ်အား အသည်းအသန် စဉ်းစားနေခဲ့ရသည်။ ကေကတောင် မောင့်ကို "ကား သတိထားပြီး မောင်းနော် မောင်" ဟူ၍တောင် ကေ့ အိမ်နားကလမ်းမှာ ကေ့ကို ထားရစ်စဉ် စိုးရိမ်တကြီး သတိပေးရတာသာ ကြည့်တော့။

ကေသည် တစ်သက်လုံး စိတ်တောင် မကူးခဲ့မိသော ဘဝတစ်ခုကို ဖန်တီးမိသော ကိုယ့်ကိုယ်ကိုယ် မှားမှန်းသိလျက်။ နိမ့်ကျမှန်းသိလျက် မိုက်မဲနေချင်သားပင်။





# အဆိပ်ဖြင့် ရွှေခင်ဖြူသော

www.burmeseclassic.com



## ၂၀

တုန်ယင်သော လက်ချောင်းတို့က ဘောလ်ပင်န်ကို မနည်းငြိမ်အောင် ထိန်းကိုင်ရခြင်းက ပင်ပန်းခက်ခဲလေစွ။ အပြည့်အဝ ကြည်နူးမှုကို မတွေ့ရသော မောင့်မျက်နှာပြင်ကို ကေသည် မကြည့်မိဖို့ အတော်လေး ကြိုးစားရလေသည်။

ကေ့ကို မောင် အထင်သေးချင် သေးတော့ကွယ်။ ကိုယ်ခင်းတဲ့ဓာတ်ကို မနိုင်တော့တဲ့ ကေဟာ ကေ့ဘဝတစ်ခုလုံး' ကို အဆိပ်သင့်ခံပါ့မယ်။

အဆိပ် ဘုရားရေ ... ဟုတ်ပါရဲ့၊ ဟုတ်တယ်။ ဒီအဆိပ်နဲ့ စတင်နှောင်ဖွဲ့တာကို ကျေကျေနပ်နပ် လက်ခံခဲ့ပြီးပြီပဲ။ ဒီအဆိပ်ဟာ ပျံ့နှံ့နေခဲ့ပြီပေါ့။

ဒါကို ဘာလို့များ အလန့်တကြား ဖြစ်သွားရတာလဲ။ ကျွတ် ... မဟုတ်သေးပါဘူး၊ တစ်ခုခုများ မှားယွင်းနေခဲ့လို့လား၊





အဆိပ်သင့်မယ်မှန်း သိနှင့်တာကို အခုမှ ကြောက်လန့်တာတော့ ဘယ်ကောင်းမလဲ။

အစကတည်းက ကြောက်လန့်ပြီး ရှောင်ခဲ့ဖို့ သင့်တယ်။ နေစမ်းပါဦး၊ ဘာလို့ အခုမှ ကြောက်လန့်မိတာပါလိမ့်။

သိပြီ ... သိပြီ၊ မောင့်ကိုချစ်လို့ ဟုတ်တယ်၊ မောင့်ကို ချစ်လို့ဟု ရေရွတ်သော်ငြား ဟုတ်ရောဟုတ်ပါ့မလား ဆိုသော အတွေးက လှုံ့ဆော်နေဆဲ ဖြစ်နေသားပင်။

ဟုတ်တာ မဟုတ်တာ ထားတော့။ လောလောဆယ် ကေ အဆိပ်သင့်နေတာတော့ တကယ်ပဲ မောင်ရယ်။ ဒါပေမဲ့ မောင် မသိစေရ။ အဆိပ်သင့်ခြင်းကို ကေသည် ဘဝတစ်ခုလုံးအတွက် လက်ခံရဦး ဖြစ်သည်။ ဩော် ... မိုက်မဲလေစွ။

"ကေ လက်မှတ်ထိုးလေ"

"ဟုတ်ကဲ့ မောင်"

လက်မှတ်တဲ့လား၊ ဒါဟာ ကေ့ဘဝတစ်ခုလုံး မှောင်အတိကျသွားတာ မဟုတ်ဘူးလားဟင်။

အို ... ဒါက မောင့်အတွက်လေ။ မောင် စိတ်ချမ်းသာဖို့ မောင့် လိုလားချက်ကို ဖြည့်ဆည်းပေးခဲ့တာ။ ကေ့ရဲ့ လူမသိစေချင်သော အချက်တစ်ခုအကြောင်းကို ဖုံးကွယ်ပစ်တာ။

မောင်နဲ့ သူ့လိုလားချက်၊ ကေ့ လိုလားချက်တွေကို အပေးအယူလုပ်ခဲ့တာ။ ကေ့ရဲ့ ဘဝတစ်ခုကို ကျေကျေနပ်နပ် မြှုပ်နှံပစ်လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ကေ ကျေးဇူးတင်ကြောင်း ပြောလိုက်ဦးလေ"

"ရှင် ... ရှင် ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်"

တရားသူကြီးနှင့်အဖွဲ့အား နှုတ်ဆက်ပြီးသည်အထိ ကေသည် အိပ်မက်မက်၍ လမ်းလျှောက်နေရသူပမာ ယောင်နန ဖြစ်နေဆဲပင်။

မောင်က ကေ့ လက်ဖဝါးကို ယုယုယယ တွဲခေါ်သည်။ ကေက မောင့် လက်တွဲခေါ်ရာကို လိုက်ပါမယ် မောင်။ မောင်သည် သည်နေ့တော့ တိုက်ပုံအင်္ကျီအဖြူ ရှပ်လက်ရှည်လည်ကတုံး အဖြူဖြင့် ခရမ်းရင့်ရောင် ယောပုဆိုးနှင့်ဖြစ်ပြီး ကေက အပြာရောင်ဖျော့ဖျော့ ခပ်ရိုးရိုး ဝတ်စုံကလေးနှင့် ဖြစ်သည်။

အမှန်ဆို သည်နေ့ဟာ ကေ့အတွက် မင်္ဂလာယူရမဲ့နေ့မို့ ကေက ကျေနပ်ဝမ်းသာရမဲ့အစား တာဝန်ဝတ္တရားတစ်ခုပမာ ဆောင်ရွက်မိခြင်းအတွက် ကိုယ့်ကိုယ်ကိုယ် အံ့သြမဆုံးချေ။

ကေသည် လက်မှတ်တစ်ခုကလေးဖြင့် ဆုံးဖြတ်သော လက်ထပ်ခြင်းအား မောင့်ထံမှာ ပေးအပ်ခဲ့ပြီ။ ခုထိ မှားသည်၊ မှန်သည် အတွေးတွေနှင့် ရှုပ်ထွေး ရှုးသွပ်ဆဲ ဖြစ်သည်မှာ ကေ့အပြစ်တည်း။

"ကေ တစ်ခုခု စားဦးမလား"

"ဟင့်အင်း ကေ အိမ်ပြန်မယ်၊ မောင်လည်း သွားစရာရှိတာ သွားပါ၊ ညနေ ဧည့်ခံပွဲကို မမီဘဲ နေဦးမယ်၊ ကေတို့





ကိစ္စက ပြီးပြီပဲ မောင်၊ ကေတို့နှစ်ယောက်က အခု အနီးဆုံး ရှိနေကြပြီ မဝေးရတော့ပါဘူး၊ မောင် စိတ်ချမ်းသာတယ် မဟုတ်လား"

"အပြည့်အဝ စိတ်ချမ်းသာခွင့်ကိုတော့ ကေမှ မပေးချင်ခဲ့ဘာ၊ တကယ်ဆို ကေ လုပ်နေပဟာတွေကို ပြန်စဉ်းစားသင့်ဘယ်၊ ကိုယ်က ကေ့ကို ခွင့်လွှတ်လိုက်လျှောနေတာဟာ ကေ့ကို ချစ်လွန်းတဲ့စိတ် တစ်ခုကြောင့်ပါ၊ အမှန်တော့ ကေဟာ ကိုယ့်ဘဝ သူများဘဝကို ပိုပြီး ငဲ့နေသလားလို့"

"ပြီးသွားပါပြီ မောင်ရယ်၊ အားလုံး ပြင်မရတော့ဘူး၊ မောင် လိုလားတဲ့ ကေ့ကို လက်ထပ်ချင်တဲ့ ဆန္ဒပြည့်ပြီလေကွယ်၊ ကေ လိုလားတဲ့ စွဲနဲ့ မောင် လက်ထပ်ဖို့ပဲ ကျန်တော့တယ်၊ မောင် တစ်ဆိတ် ကျေးဇူးပြုပြီး စွဲနဲ့ ညံနေမှာ လက်ထပ်မဲ့ မင်္ဂလာပွဲကို မဖျက်ဆီးလိုက်ပါနဲ့နော်၊ မောင် ဖျက်ဆီးမယ်ဆိုရင် ကေက မောင်နဲ့ဝေးတဲ့ နေရာတစ်ခုကို ပြေးသွားရလိမ့်မယ်ဆိုတာ မောင် မြဲမြဲ မှတ်ထားပါကွယ်"

ကြည့်စမ်း ... လောကကြီးဟာ အံ့သြစရာ ကောင်းလိုက်တာကွယ်။ ဘယ်လောက် ထူးဆန်းလိုက်သလဲ ဆိုတာ။ ကေဟာ သည်နေ့မနက်ပိုင်းမှာ မောင်နဲ့ လက်ထပ်ရသော သတို့သမီးကလေး ဖြစ်ခဲ့ပြီး သည်နေ့ရဲ့ ညပိုင်းမှာ ကေဟာ ချစ်



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း စွဲနဲ့ ကော့ရဲ့မောင်တို့ လက်ထပ်ရသော အင်းလျားကန် ဟိုတယ်ရဲ့ ခန်းမကြီးမှာ သတို့သမီး အရန်ကလေးတဲ့လေ။

ကေဟာ တန်ဖိုးမဲ့ခဲ့တဲ့ မိန်းမ ဖြစ်ခဲ့ပြီ။ ဖုံးကွယ် လိမ်ညာတဲ့ မိန်းမ ဖြစ်ခဲ့ပြီ။ လူသိမခံဝံ့တဲ့ အခြေအနေတစ်ခုတည်းက မောင့်ရဲ့ မယားပြိုင် မိန်းမ ဖြစ်ခဲ့ပြီ။

စွဲ မသိစေရအောင်၊ မိဘတွေ မသိစေရအောင် ဖုံးကွယ်လိမ်ညာတဲ့ မိန်းမ ဖြစ်ခဲ့ပြီ။ ကေဟာ မိန်းမကောင်း စာရင်းဝင် မဟုတ်တော့ဘူး မောင်ရဲ့။

မီးကို ပူမှန်းသိလျက် ဆုပ်ကိုင်ကြည့်မိတဲ့ လူနုံ၊ လူအတစ်ယောက်ပါ မောင်ရယ်။

ကော့ဘဝတစ်ခုလုံးကို မြှုပ်နှံပစ်လိုက်တာပါ မောင်။ ကော့ကို အပြစ်မတင်ပါနဲ့၊ အပြစ်မတင်လိုက်ပါနဲ့ မောင်ရယ်။ ကေဟာ အမှားကို စတင်ပြီးမှ မှန်အောင်ပြင်ရင်း ပြင်ရင်းနဲ့ ဆက်တိုက် မှားယွင်းခဲ့မိတာပါ။

မေမေ မေလို့ ကေက ခေါ်တဲ့ မေမေ။ မေ သိခဲ့ ရင် ... မေ သိခဲ့ရင်။

"မိုက်လိုက်တဲ့ သမီးလေးရယ်၊ ဒီလောက် မိုက်ရလား ဖြစ်ရလေ"

ဟု ယူကျုံးမရ ဖြစ်ရှာမည်။ အရှက်တရားကြောင့် မေ ရင်ကွဲရလိမ့်မည်။ ဟင့်အင်း မေ မသိရဘူး၊ မေ မသိစေရဘူး။ ကော့ အပြစ်တွေ ကေ တစ်ယောက်တည်းပဲ စုပြုံခံပါ့မယ်။





ဖေဖေ ဖေလို့ ကေက ချစ်စနိုးခေါ်လျက် အမြဲကဲစ ရန်ဖြစ်နေကျ ကေတို့ သားအဖလေးရဲ့ဘဝ။ ဘယ်လောက် အေးချမ်းခဲ့သလဲ။

ကေဟာ ခုတော့ ... ခုတော့ ဖေ့ကို လူကြားထဲ တောင် မျက်နှာမပြရဲအောင် ဖန်တီးပေးလိုက်မိပြီ။

အို ဖေလည်း မသိစေရပါဘူး။ ကော့ အကြောင်းတွေ ဖေ တစ်ခုမှ မသိစေရပါဘူး။

ကေ အခု သေသွားရင် ကောင်းမယ်၊ ဒါမှမဟုတ် ရူးသွားရင် ကောင်းမယ်။ ကေ မောင့်ဆီက ထွက်ပြေးရင်လည်း ဘာများ ထူးမှာမို့လို့လဲ။ ကော့ မိဘတွေဟာ အရှက်ကွဲရခြင်းကသာ အဖတ်တင်မည်။

အခု ကေ သေချင်နေပြီ။ ကေ အရာရာကို ရင်မဆိုင် ရဲတော့ဘူး၊ မပျော်ရဲတော့ဘူး။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

"ကေ ဘာဖြစ်နေတာလဲ၊ ပြုံးလိုက်စမ်းပါဟာ၊ စွဲရဲ့ သူငယ်ချင်းလေး ကေ့ကို အားလုံးက သတို့သမီးအရန်လေး ကေက သိပ်လှတာပဲ ပြောတာကို ဂုဏ်ယူလွန်းလို့ စွဲတော့ သွားတွေအကုန်လုံး ဖော်နေမိတာ၊ ကေက မပျော်သလိုပဲ၊ စွဲကို စိတ်ကောက်နေတာလား"

"မဟုတ်ပါဘူး ကေ ခေါင်းတွေ အရမ်းကိုက်နေပြီ စွဲရေ၊ ညနေ ငါးနာရီစမ့်ပွဲအတွက် နေ့လယ်လောက်ကတည်းက အလှပြင်ရ၊ ဆံထုံးထုံးရနဲ့ တစ်ချိန်လုံး လှုပ်ရှားနေရလို့ ဖြစ်မယ်၊ ကေ ညဘက်လည်း အိပ်ရေးပျက်တာများနေလို့ စွဲရဲ့"

"ကေ့ကို ကေ့ ပုဂ္ဂိုလ်ကြီးကြောင့်လား"

သိပ်ဟုတ်တာပေါ့ မောင့်ကြောင့်ဟု ကေက စိတ်ထဲ၌ ညည်းတွားလျက် မောင့်ကို အကဲခတ်တော့ မောင်သည် စိတ်တခြား လူတခြား ဖြစ်နေပုံရသည်။





မောင်လည်း သူ့အဖြစ်ကိုသူ အံ့သြနေလိမ့်မည်။ မနက်ဆယ်နာရီခန့်တွင် ကေနဲ့ တရားရုံးမှာ လက်ထပ်ရသောကြောင့် သတို့သား တစ်ခါဖြစ်ခဲ့ပြီး ညနေငါးနာရီမှာ မိဘသဘောတူထားပြီးသား စွဲနဲ့ လက်ထပ်ရသောကြောင့် နောက်တစ်ခါ သတို့သားဖြစ်နေသော မောင်သည် တကယ်တော့ ကေ့ကို မောင် ချစ်ပါသည်။

ကေ့ ကြိုးဆွဲရာကပြနေသော ရုပ်သေးရုပ်ကလေးလိုမျိုးပေမဲ့ တစ်ခါတစ်ရံ သူ့ဆန္ဒတွေကို မရမက တောင်းယူတတ်သော ဇွတ်တရွတ်လူသားလေး ဖြစ်သည်။

စွဲသည် ဘာပဲဖြစ်ဖြစ် မောင့်အချစ်ကို ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ချစ်သူကို ပိုင်ဆိုင်ခွင့်ရ၍ အတိုင်းအတာ တစ်ခုအထိတော့ ကျေနပ်ရလိမ့်မည်။

ကေ့မှာသာ ကေ့မှာသာ ချစ်သူကို ပိုင်ဆိုင်ခွင့်ရသော်လည်း ကေသည် ပွဲတက်မယားမဟုတ် မောင့်ရဲ့ တိတ်တိတ်ပုန်း မယားတစ်ယောက် ဖြစ်ခဲ့ရပြီ။ ကေ နောက်ထပ် တစ်စုံတစ်ခုတော့ ထပ်မံစိတ်ကူးမှပါ။

ကေဟာ မောင့်ကို ဒီဘဝမျိုးနဲ့ ကြာကြာပိုင်ဆိုင်ခွင့် မရချင်ပါ။ ကေ လိုချင်တာက မောင့် အချစ်များသာ ဖြစ်ပြီး မောင့် ဇနီးမယားဘဝမှ မဟုတ်တာ။ မောင့်ကို မပိုင်ဆိုင်ရရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



နေတော့ မောင့်ကို ချစ်ခွင့်ရခြင်းကို ကျေနပ်နေမယ်။ ဟုတ်တယ် ကေ ကျေနပ်နေတတ်ရမယ်။

"ကေ သမီးလေး ငြိမ်လှချည်လား နေမကောင်းဘူးလား သမီး"

"ရှင် ကောင်းပါတယ် အန်တီ၊ ကေ ခေါင်းနည်းနည်းလေး တော့ ကိုက်နေလို့ပါ"

"အေး အေး ... ဒါဆိုလည်း ထိုင်နေကွယ် အန်တီတော့ သမီးလေးကို စိတ်တိုင်းကျဖြစ်အောင် လုပ်ပေးနိုင်ခဲ့လို့ စိတ်အေးသွားရပြီ၊ သမီးတို့ ဘွားဘွားကလည်း အိပ်ရာ ထဲသာလဲနေတာ ဒီကိစ္စမမေ့ဘူး၊ သူ့ကို ငုံ့မှနေနဲ့ ကလေး တွေကို စေ့စပ်ထားပြီး အကြာကြီးအချိန်ဆွဲတာ မကောင်းဘူး လက်ထပ်ပေးကြတော့လို့ တစ်ချိန်လုံး ပြောနေခဲ့တာ၊ သမီး သည်းက ခေါင်းမာတယ် အစက အင်တင်တင်နဲ့ မောင်အမိပတိကလည်း ခပ်အေးအေးနဲ့ နှစ်ယောက်သား ဒီကိစ္စကို မေ့ထားလိုက်ကြတာ လူကြီးတွေ အတင်းဆွပ္ပ တိုက်တွန်းတော့မှ ဒီပွဲဖြစ်မြောက်တော့တယ်"

"ဟုတ်ကဲ့ ကေလည်း ဝမ်းသာပါတယ်"

ညည့်ခံပွဲသည် လူရှင်းသွားပြီမို့ ပစ္စည်းသိမ်းသူသိမ်း နှင့်နေပြီး ကေတို့လို သတို့သမီး အရန်တချို့က ဓာတ်ပုံရိုက်နေ





ကြသည်။ ကေကသာ စိတ်ညစ်ညူးနေခဲ့သူဖြစ်၍ ချောင်အကွယ် က ခုံတစ်ခုံမှာ ဝင်ထိုင်ပုန်းကွယ် နေခဲ့သော်လည်း စွဲ၏မိခင်က ကေ့ဆီလာ၍ စကားလက်ဆုံကျနေတော့သည်။

ခပ်လှမ်းလှမ်းက မဂ်လာစင်မြင့်ပေါ်တွင် မောင်နဲ့ စွဲတို့ ဓါတ်ပုံရိုက်နေသလို ရယ်မောရွှင်ပျ၍ တက်ကြွနေသော စွဲ့ဘဝက အားကျစရာ၊ ကေက ဘယ်တော့မှ မောင်နဲ့တွဲပြီး ဒီစင်မြင့်မှာ တင့်တယ်ခမ်းနားစွာ၊ ဂုဏ်သရေရှိစွာ ထိုင်ခွင့်မရ ချေ။

ကေသည် စိတ်လိုက်မာန်ပါတွေ လျှောက်လုပ်ပြီး အခုတော့ ကိုယ့်ဘဝကိုယ် အားငယ်လာရတော့သည်။

ကေ့ဘဝ ဟုတ်တယ် ကေ့ဘဝထဲမှာ ကေ့ကို အားပေးနှစ်သိမ့်မဲ့ အဖော်တစ်ယောက်မှ မရှိပါလား။

ကေ့မှာ တိုင်ပင်ဆွေးနွေးစရာ အရင်းနှီးဆုံး အဖော် လေးပေါ့။ ကေ့ ခံစားချက်တွေ၊ နာကျင်ချက်တွေ၊ မှားယွင်းမှုတွေ၊ မျိုသိပ်ခဲ့ရမှုတွေ၊ ကံဆိုးမှုတွေ အို ... အားလုံးပဲပေါ့။ ကေက ဖွင့်ဟတိုင်တည်ဖို့အဖော်၊ အရင်းနှီးဆုံးအဖော် ကေ့မှာ ရှိမနေဘူး။

ကေ အားငယ်လိုက်တာ၊ ငိုချင်လိုက်တာ၊ အဝေး ကြီးကို ထွက်ပြေးချင်လိုက်တာ။ ဒါပေမဲ့ ဒီအဝေးတစ်နေရာမှာ ကေ တစ်ယောက်တည်း နေလို့ရပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



လူဆိုတာ တိုင်ပင်ဖို့ အဖေါ်တစ်ယောက်တော့ လိုစမြဲပဲ။ ကေသည် ထိုအဖေါ်ဆိုသော ဝေါဟာရကို ရှေ့စွတ်စဉ် မောင့်ကိုလည်း စိတ်ကူးထဲမှာ အဖော်အဖြစ်မမြင်၊ ကိုယ့်အရိပ်ကို ကိုယ့်အဖော်အဖြစ်လည်း မမြင်၊ စွဲဆိုတာ ဝေးရော၊ ဖေဖေနဲ့မေမေ ဆိုတာ တွေးပင်မတွေးရဲခဲ့ချေ။

ကေ တစ်ခုခုတော့ လုပ်မှဖြစ်မယ်။ ကေရဲ့ မွှမွှကြေ ခဲ့ရသော နှလုံးသားတစ်ခုနှင့်တကွ ပြိုပျက်ခဲ့ရသော ဘဝတစ်ခု အကြောင်း သေသေချာချာ သိခွင့်ရမှ အဖော်ကလေးပေါ့။

"သမီး ကေ အန်တီမေးတာ မကြားဘူးလား၊ သမီးက နှံ့နှံ့စပ်စပ်ရှိတော့ သိမလားလို့ မေးထားရတာ ပြောပါဦး"

"အန်တီ ဘာမေးတာလဲ ကေ မကြားလိုက်ဘူး"

"မောင်အဓိပတိဟာ သမီးသည်းနဲ့ လက်မထပ်ခင် မိန်းမ တစ်ယောက်နဲ့ တွဲခဲ့သေးတယ်ဆိုတာ တချို့က ပြောသံ ကြားတယ် ဟုတ်မဟုတ်တော့ မသေချာဘူး၊ သမီးရော မြို့ထဲ ခဏခဏသွားနေတော့ မြင်များမြင်မိလားလို့"

ဘုရား ဘုရား ကေသည် စွဲ၏မိခင်ကို စေ့စေ့စောင် မကြည့်ရဲတော့အောင် ကြောက်ရွံ့ခြင်းက ကြီးမိုးလာရပြီ။ ကြည့်စမ်း အမှန်တရားဆိုတာ ဖုံးကွယ်လို့ကို မရဘူးဆိုတာ လက်တွေ့ပြသ နေပြီ။ သေချာတာ တစ်ခုကတော့ ကေ ဖုံးကွယ်လိုသော ပြဿနာတစ်ခုဟာ မကြာခင် ဘူးပေါ်သလို ပေါ်တော့မည်။





ကေလည်း အရှက်သိက္ခာ ဟူသမျှ အဖတ်ဆယ် မရအောင် ဖြစ်တော့မည်။ စွဲက ကေ့ကို မမုန်းစေချင်သော ကေသည် စွဲ၏အမုန်းကိုရတော့မည်။

မဖြစ်ဘူး၊ လုံးဝမဖြစ်တော့ဘူး။ ကေ လုပ်သင့်တာကို အမြန်ဆုံးလုပ်မှ ဖြစ်တော့မယ်။ မောင့်ကိုထားရစ်ပြီး ကေ အဝေးကြီးကို ထွက်ပြေးဖို့ ဆုံးဖြတ်ဖို့သင့်ပြီ။

ကေသည် စွဲ၏မိခင်အား မုသားတချို့ဖြင့် ရင်ဆိုင် ရပြန်သည်။ စွဲ၏မိခင်က သတင်းသဲ့သဲ့လောက်သာ ကြားထားပုံ ရသည်။ ဘယ်သူဘယ်ဝါဆိုတာ သိသေးပုံမရ။ သို့သော် မကြာခင် သိချင်သိသွားနိုင်သည်။

မင်္ဂလာညှော်ခံပွဲက ပြီးသွားခဲ့သော်လည်း ရင်းနှီးသူ မိတ်ဆွေတချို့အား မန်းစားသောက်ဆိုင်တွင် မင်္ဂလာညစာစားပွဲကို ကျင်းပပြန်၍ ကေ့အတွက် ဝဋ်ဒုက္ခကို ဆက်လက်ခံစားရပြန်သည်။

စွဲက ပျော်နေသလောက် ဒီပွဲဟာ သူနဲ့ နည်းနည်းမှ မဆိုင်လေဟန် အနေအထားဖြင့် ငေးငေးငိုင်ငိုင်ရှိလှသော မောင့်ကို ကေနဲ့ မတော်တဆ မျက်လုံးခြင်းဆုံကြလျှင် ကေက မျက်ရိပ်ပြ ရသည်။

ကေနဲ့မောင်သာသိသော အမှုအရာတချို့အား တစ်ယောက်ကို တစ်ယောက် ခိုးကြည့်လျက် ကေသည် မောင့်



www.burmeseclassic.com

www.burmeseclassic.com



အပေါ် နှောင်ဖွဲ့မိသော သံယောဇဉ်ကို ကြိုးစားဖြတ်တောက်နေပြန်သတဲ့။

ကော့ကို အာရုံစိုက်သော ယောကျ်ားတချို့အား 'မောင် မလိုတမာကြည့်တတ်ခြင်းကို ကေသည် သဘောပေါက်ရင်းရင်မောရပြန်သည်။

"ဟော့ ... ကိုယ်တို့ရဲ့ အဓိပတိကြီးနဲ့ ဒီည အရက်ပြိုင်သောက်ကြမယ်ဟော့၊ သဘောတူကြလား ဒီညပြီးရင် ဒီအခွင့်အရေးရတော့မှာ မဟုတ်ဘူး၊ ဓနီးချောက မကြည်မလင်ဖြစ်မှာစိုးပြီး ကိုယ်နဲ့ပြိုင်သောက်တော့မှာ မဟုတ်ဘူး၊ ကဲ ... ရယ်ဒီ စမယ်"

အို ... မောင်ဟာ တမင်များ သည်ပွဲကိုငြင်းလျှင်ရလျက် လက်ခံယှဉ်ပြိုင်လိုက်တာလား။ တစ်ခွက်ပြီးတစ်ခွက်သောက်နေသော အရက်ခွက်ကို ကေက ပိတ်တွန်းပစ်ချင်သည်။

မောင် သိပ်မသောက်နဲ့ဟု တားမြစ်ချင်သည်။ ရီဝေသော မောင့်မျက်ဝန်းများသည် ကော့ကို တစ်စုံတစ်ခု ပြောနေခဲ့လေသည်။

မပြောချင်ပါနဲ့ မောင်။ ကော့ကြောင့် မောင် သည်လိုအရက်တွေ အရမ်းသောက်မိပါတယ်လို့ မပြောလိုက်ပါနဲ့ မောင်။ စွဲဟာ သည်ကိစ္စကို ဘာလို့မတားခဲ့တာလဲ။ မောင်နဲ့အောင်များ





အရုပ်တစ်ရုပ်လိုထိုင်လျက် ခုနတုန်းက ပျော်ရွှင်ခြင်းတွေပျောက်ကွယ်လုလု ဖြစ်လာတဲ့ စွဲရဲ့အသွင်အပြင်ဟာ ကော့ကိုခြောက်လှန့်တော့သည်။

ကော့ကြောင့် စွဲဟာ မသာယာမှဲ့ အိမ်ထောင်ရေးကိုစတင် တည်ဆောက်ရပြီဆိုတာ စွဲ တစ်နေ့သိခဲ့ရင် ကော့ကိုသတ်ပစ်ချင်လောက်အောင် မုန်းတော့မှာ။

ကေသည် သည်နေ့ဟာ ကေရဲ့ မင်္ဂလာဦးနေ့အဖြစ်တိုက်ဆိုင်သွားခဲ့သော ကံကြမ္မာအတွက် ယခုတော့ အံ့သြဖို့တောင်မေ့လျော့ခဲ့တော့သတဲ့။

ထိုညချမ်းတွင် ကေသည် အိပ်စက်ဖို့ကို မေ့လျော့၍ပြတင်းပေါက်မှတစ်ဆင့် မြင်ရသော ကောင်းကင်မှောင်မှောင်ကြီးအား ငေးကြည့်နေခဲ့သည်။

ကောင်းကင်ပြင်တွင် အတောက်ပဆုံးသော ငွေလမင်းက နေရာယူထား၍ တဖျပ်ဖျပ် တောက်ပသော ကြယ်ရောင်ကလေးတွေရဲ့ အရောင်က မှေးမှိန်နေတာပဲဖြစ်မည်ဟု ခပ်ကြောင်ကြောင် တွေးမိပြီး ကော့ဘဝဟာ တောက်ပသော လရောင်ကြောင့်မှေးမှိန်ခဲ့ရတဲ့ ကြယ်ရောင်လိုလို၊ မှောင်အတိကျသော ကောင်းကင်လိုလိုဖြင့် အိပ်မက်ဆိုးတွေလည်း မက်ခဲ့သေးသည်။



www.burmeseclassic.com

## [illegible] ၂၁ [illegible]

စူးရှသော နေရောင်တချို့က မျက်လုံးများအဖွင့်ဝယ် အလျှင်အမြန် မိတ်ဆက်ကြ၍ ကျိန်းစပ်သွားရသော မျက်လုံးအစုံအား စုံမှိတ်မိတော့သည်။

ဦးခေါင်းတစ်ခုလုံး ခဲလုံးကြီးတစ်ခုက ဆွဲထားသလို လေးပင်နေလျက် နားထင်က အကြောကြီးတွေ ထောင်ထနေသည်ဟု ယူဆကာ လက်ချောင်းများဖြင့် နားထင်စပ်အား ဖိနှိပ်ထားစဉ် ...

"ကို ခေါင်းကိုက်နေပြီလားဟင်"

လှပသော သံစဉ်ကလေးတစ်ခုက သူ့နားစည်ကို ညင်သာစွာ ဝင်ရောက်လာခဲ့သည်။

နေစမ်းပါဦး ငါ ဘယ်ရောက်နေတာလဲ။ ငါ့ကို ဘယ်သူက 'ကို'လို့ ခေါ်လိုက်တာလဲ။



ကေက၊ ချစ်သောကေက 'မောင်'တဲ့။ နေစမ်းပါဦး ငါဟာ အခု ဘာကောင်ပါလိမ့်။

သိပြီ သိပြီ၊ မနေ့ကမှ လက်ထပ်ပြီးတဲ့ ယောကျ်ားတစ်ယောက်လေ။ ကေနဲ့လက်ထပ်တာ ကေနဲ့လက်ထပ်ရင် ကေက အခုလို 'ကို'ဟူသော ခေါ်သံကို ခေါ်ပါ့မလား။ ကေ့သဘောကျ 'မောင်'ဆိုတဲ့ ခေါ်သံကလေး သူ့က ထပ်ဖန်တလဲလဲ ကြားချင်သော ခေါ်သံကလေး ဘယ်ကိုရောက်သွားပြီလဲ။

ဒါဆို သူ့ဇနီးဟာ ကေ မဟုတ်လို့ပေါ့။ ကေဆို သူ့ကို 'မောင်'လို့ ခေါ်တတ်တာ။ ကေ သူ့ဇနီးဖြစ်နေပြီ။ မနေ့က သူနဲ့ကေတို့ လက်မှတ်ထိုးခဲ့ကြလို့ တရားဝင် ဇနီးမောင်နှံ ဖြစ်ခဲ့ပြီလေ။ ကေ ဘယ်ရောက်သွားပြီလဲ။

"ကို ခေါင်းကိုက်ရင်သောက်ဖို့ ကော်ဖီကြမ်းနဲ့ သံပရာသီး စိတ် အဆင်သင့် စီစဉ်ထားတယ် ကို၊ အခု သောက်တော့မလား ကို၊ စွဲ သွားယူလိုက်မယ်"

စွဲတဲ့။ ဟုတ်သားပဲ သူ လက်ထပ်ထားတဲ့ မိန်းမဟာ အသည်းစွဲဆိုတဲ့ မိန်းမတစ်ယောက်ပဲ သူ့ဇနီးကလေးပေါ့။ ကေ... ကေကလည်း သူ့ဇနီးပဲ။

ဒါပေမဲ့ ကေဟာ သူနဲ့အချိန်တိုင်း တွေ့နေခွင့်ကို စွဲလို မရခဲ့တဲ့ သူ့ဇနီးပေါ့။ အတွေးနဲ့ သူ့နံဘေးမှာ အချိန်ပြည့်

www.burmeseclassic.com



အတူတွဲနေခွင့်ရသော အသည်းစွဲ ဆိုသော မိန်းမကို မှန်းတီးပစ်လိုက်သည်။

ဆတ်ခနဲ အိပ်ရာမှ ကုန်းထကာ စွဲ ဆိုသော မိန်းမဆီ တစ်ချက်မှ မကြည့်ဘဲ ရေချိုးခန်းဆီ ဟောက်လျှောက် ဝင်သွားလိုက်သည်။

အေးမြသော ရေစက် ရေပေါက်တို့ကြောင့် နောက်ကျိနေသော ဦးနှောက်တစ်ခုလုံး အတန်ငယ် ရှင်းသွားသလို ရှိသော်လည်း "ကေ"ဆိုသော မိန်းမသားကလေး တစ်ယောက်၏ ဘဝကို တွေးမိတော့ ပြန်လည် နောက်ကျိလာသည်။

သူကိုယ်တိုင်က သူ့လိုအင်ဆန္ဒကို ကေ့ဘက် မငဲ့ကွက်ပဲ တောင်းဆိုမိတာ။ သူဟာ အတ္တကြီးတဲ့လူ၊ ကေ့ကို မညှာတာတဲ့လူ၊ ကေ့ကို ချစ်ရာမရောက်ပဲ ကေ့ဘဝကလေးကို နစ်မွန်းအောင် လုပ်မိတဲ့လူ။

သို့သော် သူက ချစ်တဲ့သူကိုပဲ ပိုင်ဆိုင်ချင်သူဖြစ်သည်။ ဒါကို သူ့ချစ်သူကလေးက နားမလည်ခဲ့ချေ။ သူက သူ့ရဲ့အချစ်တွေကို ကေ့ကိုပဲ တစ်ဦးတည်းမှုပိုင် အပ်နှံထားချင်သည်။

ကေက ဒါကိုခွင့်မပြု၊ လောကကြီးမှာရှိတဲ့ လူတွေကို ဂရုစိုက်တယ်တဲ့။





ဟား ဟား ဟား အခုတော့ အားလုံးက ပြင်မရတော့ဘူး။ အမှားကြီး မှားသွားခဲ့ပြီ။ သူလည်း ကေ့ကို လက်ထပ်မိပြီးပြီ။ စွဲကိုတော့ ကေ့ဆန္ဒအရ လက်ထပ်လိုက်ရပြီ။ ကဲ ... ဘာများ တတ်နိုင်တော့မှာလဲ။

ရေချိုးခန်းကအထွက်တွင် စွဲသည် သုံ့အတွက် မျက်နှာသုတ်ပဝါတစ်ထည် အဆင့်သင့်ကိုင်လျက် ရပ်စောင့်နေတာ တွေ့တော့ အတော်လေး စိတ်ပျက်ရပြန်သည်။

သွားစမ်းပါ၊ သည်လိုအပြုအစုတွေနဲ့ ငါ့ရဲ့အချစ်ကို ယူဖို့ မစဉ်းစားနဲ့။ သူက စွဲကို မျက်နှာချင်းမဆိုင်ဘဲ မှန်တင်ခုံရှေ့ ရပ်ကာ ကေ့ကို သတိရမိပြန်သည်။

ကေလေး သည်အချိန်ဆို နိုးရောပေါ့။ အမှားတစ်ခု အတွက် ကြေကွဲနေပြီပေါ့။

၊ ကေ့ဆီ ချက်ချင်း အပြေးသွားပြီး ကေ့ ခေါင်းကလေးကို ထွေးပွေ့ကာ ချော့မော့ချင်လိုက်တာ ကေရယ်။

"ကို ခေါင်းအရမ်းကိုက်နေရင် ဆေးသောက်လိုက်ပါလား၊ စွဲ ဆီမှာ အက်(စ်)ပရင် ရှိတယ်၊ သောက်မလားဟင်၊ ကို့ကို ကြည့်ရတာ မျက်နှာမလန်းဘူး၊ ခေါင်း အရမ်းကိုက်လို့ မဟုတ်လား"

သူ့ကို သည်နေ့မှ ပြောင်းခေါ်သော "ကို" ဟူသော အခေါ်တစ်ခုကို နားဝင်မချိုတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် အချိုမြဆုံး ခေါ်သံကလေးကိုပဲ လွမ်းဆွတ်နေချင်သတဲ့။

"ကို ဒီနေ့ အလုပ်မသွားဘူး မဟုတ်လား"

အင်မတန် အလိုက်ကမ်းဆိုးမသိစွာ သူ့ကို တတွတ်တွတ် မေးနေသော စွဲအား စိတ်ပျက်ဟန်ဖြင့် လှည့်ကြည့်၍ ခပ်ရွဲ့ရွဲ့ ဖြေလိုက်သည်။

"မသွားလို့ ဘယ်ဖြစ်မလဲ၊ ကျွန်တော် မသွားရင် ကုမ္ပဏီမှာ လစ်ချင်တဲ့လူကလစ်၊ ရည်းစားနဲ့ ဖုန်းခိုးပြောတဲ့လူက ပြော၊ ဖြစ်ချင်ဖြစ်လိမ့်မယ်၊ ဒါမှမဟုတ် နိုင်ငံခြားကုန်သည်တွေဆီက ရုတ်တရက် ဝင်လာတဲ့ဖုန်းတွေ လွတ်သွားရင် လုပ်ငန်းကို ထိခိုက်နိုင်တယ်၊ အိမ်မှာ နေလို့ကတော့ ဘာမှ အကျိုးမရှိနိုင်ဘူး"

"ဟင် ကိုတို့ ကုမ္ပဏီမှာ ရုံးလစ်တဲ့လူ ရှိတယ်လား"

"ရှိတာပေါ့၊ ရှိတာပေါ့"

အမှန်က သူမရှိလည်း သူ့လို အုပ်ချုပ်နိုင်တဲ့လူတွေ အများကြီးပင်။ သို့သော် စွဲကို ခပ်ချဉ်ချဉ်ဖြစ်တာနှင့် တမင်ပြောလိုက်ခြင်း ဖြစ်သည်။

ဘာထူးမှာလဲ မချစ်မနှစ်သက်သော မိန်းမတစ်ယောက်နားမှာနေလို့ ကြည်နူးမှု တစ်စုံတစ်ရာမှ မရနိုင်တာ။ အပြင်ထွက်တာ အကောင်းဆုံး ဖြစ်မည်။





ကြာရင် စကားတွေ အငေါ်တူးမိတာနှင့် စွဲနဲ့ ရန်ဖြစ်ရကိန်း မြင်သည်။

"ကို ဘာဟင်းစားချင်လဲဟင်၊ စွဲ ဈေးတော့ မသွားတတ်လို့ မသွားဘူး၊ မေမေ ထည့်ပေးလိုက်တဲ့ အဒေါ်ကြီးကို ဈေးသွားခိုင်းရမှာ၊ ဒါပေမဲ့ စွဲက ဟင်းတော့ ချက်တတ်ပါတယ်ကို"

"ချက်ချင်တာ ချက်ပါ၊ ကျွန်တော် အိမ်ပြန်ပြီး ထမင်းစားဖို့ အချိန်ရမယ် မထင်ဘူး"

"ညနေစာရော"

"ညှိခံပွဲတွေရှိနေရင် စားဖြစ်မှာ မဟုတ်ဘူး၊ ကျွန်တော် မာမီတို့နဲ့ နေကတည်းက အိမ်က ထမင်းဟင်း စားခဲ့ပါတယ်၊ စွဲဘာသာ ကြိုက်တာ ချက်စားပြီး စိတ်ချမ်းသာသလို နေပါ၊ ကျွန်တော့်ကို ဒီလောက်ကြီး ဝတ္တရားကျေစရာ မလိုပါဘူး"

"ရှင်"

တအံ့တဩဖြင့် ရေရွတ်သံနှင့်အတူ သောက်လက်စ ကော်ဖီခွက်ကို ချလိုက်၍ ပန်းကန်ပြားနှင့်ခွက် ထိခတ်သံတို့သည် သူတို့နှစ်ဦးကြားတွင် ဖြစ်ပေါ်သော တိတ်ဆိတ်မှု၏ နောက်ဆုံး အသံပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငုံ့၍ ကော်ဖီခွက်ကို အဓိပ္ပာယ်မဲ့ စိုက်ကြည့်နေသော စွဲကို လုံးဝ ချော့မော့ဖို့ သတိမရဘဲ ကျောခိုင်းခဲ့သည်။

.မတတ်နိုင်ဘူး စွဲရေ၊ မင်းဟာ အစစအရာရာ အသာစီးရနေတဲ့ မိန်းမပါ။ ကေက အရာရာကို ရှုံးနိမ့်နေရသူပြီးတော့ ငါ့ချစ်သူ။

"ကို စွဲကို လက်ထပ်လိုက်ရလို့ ကိုယ့်ကိုယ်ကိုယ် ယူကျုံးမရ ဖြစ်နေပြီလားဟင်၊ အဲဒီ့အတွက် စွဲ စိတ်မကောင်းပါဘူး၊ ကိုယ့်ချစ်သူနဲ့ ပေါင်းခွင့်မရအောင် စွဲက ကာဆီးနေလို့ စွဲကိုလည်း မုန်းနေခဲ့မှာပေါ့"

"ချစ်သူ ဟုတ်တယ်၊ ကျွန်တော့်ချစ်သူ ရှိခဲ့တယ်၊ စွဲ သိလား"

"စွဲ အနည်းအကျဉ်းတော့ ရိပ်မိပါတယ်၊ ဒါပေမဲ့ ဘယ်သူလဲတော့ မသိခဲ့ပါဘူး၊ သူများအပြောနဲ့ သိခဲ့ ကြားခဲ့တာပါ"

"သိရင်လည်း ပြီးတာပါပဲကွာ၊ ကဲ ... ကျွန်တော် သွားတော့မယ်"

ကျောခိုင်းထားရစ်သော စွဲကို တစ်စက်လေးမှ မသနားမိသော သူ့ကိုပင် အပြစ်မတင်မိချေ။ ကေ့ကို ဒုက္ခပေးမိသောကြောင့်သာ ယူကျုံးမရ ဖြစ်နေဆဲ။





စိတ်မကောင်းပါဘူး အသည်းစွဲရယ်။ အကယ်၍ပင်သူမှထက် အရင် ဇနီးတစ်ယောက် သူ့မှာ ရှိနေခဲ့တယ်။

ထိုဇနီးဟာ သူမကို လက်ထပ်သော နေ့တွင် သူမထက် နာရီများစွာစော၍ လက်ထပ်ခဲ့သော သူမ၏ အချစ်ဆုံးသူငယ်ချင်း ကေ ဖြစ်နေတယ်။

ထိုဇနီးထံမှာ သူ့အချစ်တွေ အကုန်အပ်နှံပြီးခဲ့ပြီဆိုတာတွေများ သိခဲ့ရင် သူမ ဘယ်လောက်များ သူ့ကို နာကြည်းလိမ့်မည်လဲ။

ကုမ္ပဏီရုံးခန်း ရောက်ရောက်ခြင်း သူ ပထမဦးဆုံးလုပ်သော အလုပ်မှာ ကေ့ကို ဖုန်းဆက်ခြင်း ဖြစ်သည်။

သို့သော် သူ့အတွက် ကေ့အသံကို ကြားခွင့်မရခဲ့ချေ။

"သမီး ကေကလေးက ဒီနေ့ သိပ်နေမကောင်းလို့ ဘယ်မှမသွားသလို ဘယ်သူ့ဖုန်းမှလဲ နားမထောင်နိုင်ပါဘူး၊ ဘယ်သူဆက်တယ်လို့ ပြောပေးရမလဲ"

ကေ့ အမေထံမှ တုံ့ပြန်မှုသာ သူ ကြားခွင့်ရခဲ့သည်။ ကိစ္စမရှိဘူး ကေ၊ ကေနဲ့ ကိုယ်နဲ့သာ ပိုင်ဆိုင်သော ဖုန်းဆက်ချိန်ကလေးမှာတော့ ကေ့အသံကို ကိုယ် ကြားရမှာပါ။

ကေ့ကို ဖျောင်းဖျဆွေးနွေးစရာတွေ အများကြီးရှိတယ် ကေ။ ဒီတစ်ခါတော့ ကိုယ့်စကားကို နားထောင်မှဖြစ်မယ်။



www.burmeseclassic.com

www.burmeseclassic.com



စားပွဲအံဆွဲထဲမှ ဓာတ်ပုံ မှန်ပေါင်ကလေး တစ်ခုကို ဆွဲယူလိုက်သည်။ ဓာတ်ပုံထဲမှာ ကေသည် ခပ်တည်တည်မျက်နှာကလေးနှင့် သူမ၏ ကားဆီ လျှောက်လာနေသော ပုံစံကလေးနှင့် ဖြစ်သည်။

ဧပရယ်ဖူးလ်နေ့က သူ့ကားထဲက ခိုးရိုက်ခဲ့တဲ့ ဓာတ်ပုံကလေးကို သူ့ အလုပ်ချိန်အတွင်း စားပွဲ အံဆွဲထဲ အမြဲလိုလို ထည့်ထားကာ မကြာခဏ ထုတ်ကြည့်တတ်သော သူ့ အဖြစ်ကို ကေ့ မသိချေ။

ကေနဲ့သာ ဝေးရရင် ရှင်လျက် အသက်မဲ့နေရသူ တစ်ယောက်လို ဖြစ်နေမိမယ် ကေ။ ကိုယ်က ကေ့ကို အဲသည့် လောက်တောင် ချစ်ခဲ့မိ၊ မြတ်နိုးခဲ့မိ၊ စွဲလမ်းခဲ့မိတယ် ကေကလေး။

❋ ⊛ ❋





## အခန်း ၂၂

အရင်ကလို သပ်ရပ်မှုတွေ အတန်ငယ် လျော့နည်းကာ စိတ်ရှုပ်ဟန်တွေ အထင်းသား မြင်နေရသော မောင့်သဏ္ဌာန်အား ကေသည် သတိထားမိသည်။

မောင့်ကို ရက်အနည်းငယ် ရှောင်ခဲ့မိ၍ မောင်သည်လို စိတ်ဆင်းရဲရတယ်ဆိုရင် ကေ့ကို ခွင့်လွှတ်တော့ မောင်ရယ်။

ကေ ညတိုင်း ဖုန်းဆက်တဲ့ မောင့် ဖုန်းကို နားမထောင်ဘဲ ကေ ရှောင်လွှဲနေမိတာကိုလည်း ခွင့်လွှတ်ပါ မောင်။ ကေ့အတွက် အချိန်တိုင်းမှာ အရာရာအတွက် စဉ်းစားချင့်ချိန်ပြီး ဖြစ်သင့်တာကိုဖြစ်ဖို့ ကေ ဆုံးဖြတ်နေလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"မောင် ဆံပင်တွေ ပွနေတယ်၊ ကေ ခေါင်းဖြီးပေးမယ် နော်၊ မောင်ကလည်း လူကြီးလူကောင်းတစ်ယောက်ဖြစ်ပြီး ခေါင်းက ဆံပင်တွေ ပွနေရင် ဘယ်ကောင်းပါ့မလဲကွယ်"

ကေက ကေ့ ဘီးကလေးဖြင့် မောင့် ဆံပင်တွေကို သေသေသပ်သပ်ဖြစ်အောင် ဖြီးပေးပြီးသောအခါ မောင်သည် ကေ့ကို ညင်သာစွာ ထွေးပွေ့လိုက်သည်။ ပြီးတော့ မွမွကြေသော အသံဖြင့် ...

"ကေ ကိုယ်တို့ တစ်ခုခု ထပ်စီစဉ်ကြရအောင်ကွာ၊ ကိုယ် တွေးမိတိုင်း ကေ့ကို ဒီဘဝနဲ့ မထားချင်ဘူး၊ ကေဟာ ဘာပဲဖြစ်ဖြစ် ကိုယ့်ချစ်သူ၊ ရှင်းရှင်းပြောရရင် စွဲထက်အရင် ကိုယ်နဲ့ လက်ထပ်ခဲ့ရလို့ ကိုယ့်ရဲ့ အရင်ဆုံး ဇနီးမယားပဲ၊ ဒါတွေထားပါ ကိုယ်က ပထမဇနီး၊ ဒုတိယဇနီးတွေနဲ့ စိတ်ရှုပ်ရမဲ့ ဘဝမျိုးကို တစ်ခါမှ မမှန်းဆဖူးတဲ့ ကိုယ့်ကိုယ် ကိုယ် အံ့ဩရုံတင် မကဘူး၊ စွဲကို မြင်တိုင်း ကေဟာ အင်မတန် သနားဖို့ကောင်းတဲ့၊ ကံမကောင်းတဲ့ ကိုယ်ရဲ့ ချစ်သူလေးအဖြစ် သတိရပြီး တဖြည်းဖြည်း စွဲကို မုန်းတီး လာရပြီ ကေ၊ ကိုယ် ဘာဆက်လုပ်ရမလဲ၊ ကြာရင် မလွယ်တော့ဘူး ကေ၊ ကိုယ်တို့နှစ်ယောက်ကြားမှာ ပေါက် ကွဲတော့မဲ့ဆဲဆဲ ဗုံးတစ်လုံးက ရှိနေပြီ၊ စွဲဟာ သူ့နည်းသူ့





ဟန်နဲ့ ကိုယ်ရဲ့ချစ်သူလို့သာ သိထားတဲ့ မိန်းမတစ်ယောက် ကို စုံစမ်းနေပြီ ကေ"

"မောင် ဘာလုပ်ချင်သလဲ၊ ကေတို့က အပြင်ပန်းမှာ လက်ထပ်ထားပေမဲ့ အခုထိ ချစ်သူတွေပဲ မောင်ရယ်၊ မောင် ကေ့ကို ပြန်ပြီး ကွာရှင်းပေးလိုက်ပါလား၊ မောင်လဲ အဆင်ပြေသွားမယ်၊ ကေလည်း သိက္ခာမကျတော့ဘူးပေါ့၊ ဘယ်သူမှ သိတဲ့ကိစ္စမှ မဟုတ်တာ၊ ဟို ... တရားသူကြီးနဲ့ သက်သေလုပ်ပေးတဲ့ တရားရုံးက အကူအညီတောင်းဖူးတဲ့ လူနှစ်ယောက်က လွဲရင်ပေါ့၊ ကေက မောင် စိတ်မချမ်း သာတာကို မကြည့်ရက်ဘူး"

မောင်သည် ကေ့ကို သူ့ရင်ဘတ်ကျယ်ကျယ်ထဲမှ ဆွဲခွာကာ ကေ့မျက်လုံးတွေ တည့်တည့်စိုက်ကြည့်ရင်း ...

"မပြောနဲ့ ကေ၊ ဒီစကားကို မပြောနဲ့၊ ဘယ်တော့မှ မပြောနဲ့"

ဟူ၍ ကြိမ်ဖန်များစွာ ရေရွတ်ကာ ကေ့ပခုံးတွေကို နာကျင်အောင် ဆုပ်ချေလျက် ခါယမ်းပစ်သည်။

ကေသည် 'နာတယ် မောင်ရဲ့၊ ကေ့ပခုံးတွေ နာ ကုန်ပြီ'ဟု အော်မိမှသာ ပြန်လည်သတိဝင်လာသူပမာ မောင်သည် ကေ့ပခုံးတွေကို လွှတ်ပေးတော့တာသာကြည့်။



www.burmeseclassic.com

www.burmeseclassic.com



မောင် ဘယ်လောက် သတိလက်လွတ် ဖြစ်သွားရသလဲဆိုတာ မောင်က သည်စကားကို အတော်လေး နှာကျင်သွားခဲ့သတဲ့။

ဟင်း … အတွေးရခက်ဖို့ပင် ကောင်းသေးတော့။ မောင်သည် ကေ့ကို တစ်ဖန် ပြန်လည်သိမ်းဖက်ကာ ကေ့ငယ်ထိပ်စွန်းကလေးမှာ ပါးကပ်လျက် …

"ကိုယ် ကေ့ကိုပဲ ချစ်တယ်၊ ကေဟာ ကိုယ့်ဇနီး၊ စွဲကို ကိုယ် အကုန်လုံးဖွင့်ပြောပြီး ကွာရှင်းလိုက်တော့မယ် ကေ၊ ကိုယ်တို့ ပတ်ဝန်းကျင်ကို မေ့ထားလိုက်ပြီးတော့ပေါ့၊ ကေ ကိုယ့်ဘက်က ရပ်တည်ပေးပါ၊ ကိုယ်တို့ သတ္တိရှိကြရအောင် ကေ၊ ကိုယ်က အရင်ကတည်းက သတ္တိရှိပြီးသားပါကေရယ်၊ ကိုယ်က ကေ့ဘက်က လာရပ်ကည်နေခဲ့ပြီပဲ"

တတွတ်တွတ် ထပ်ပြောပြန်လေသည်။ ကေသည် မောင့် ရူးသွပ်မှုကို အတော်လေး စိတ်ပင်ပန်းရသည်။

မောင်ဟာ ကေ့ကို တော်တော်ချစ်တာပါလားလို့လည်း တွေးမိကာ အခက်အခဲကြားမှ ဂုဏ်ယူကြည်နူးချင်သားပင်။

"ကေ လက်မခံလည်း နေတော့၊ ကိုယ့်ကို ကေ လုံးဝမဆက်သွယ်တဲ့ ကိုယ်က ဆက်သွယ်တာကို လျစ်လျူရှုခဲ့ကဲ့ နေ့ရက်တော်တော်များများမှာ ကိုယ် နေလို့ထိုင်လို့မရအောင်





ကေ့ကို လွမ်းရကတည်းက ကိုယ် ဒီအကြံအစည်ကို ရခဲ့တာပဲ၊ ကိုယ် ကေ့ကို ဒီလို နိမ့်ကျသေးသိမ်တဲ့ ဘဝထဲမှာ မထားချင်ဘူး၊ ကေ့ကို ချစ်ရာမရောက်ဘူး၊ နှစ်ရာရောက်တယ် ကေ၊ ကေ နောက်တစ်နေ့ကျရင် ကိုယ် စွဲကို သွားတွေ့ပြီး ကွာရှင်းဖို့ စီစဉ်တော့မယ်"

"မရဘူး မောင်၊ ကေ ဒီကိစ္စ လက်မခံဘူး၊ ကေ ရှက်တယ် မောင်ရဲ့၊ ကေ့ မိဘတွေလည်း အရှက်ကွဲရမယ်၊ မောင် ကိုယ်ချင်းစာပါ"

"ကိုယ်ချင်းမစာလို့ မဟုတ်ဘူး ကေ၊ ကေ့ကို ချစ်လို့ ကေ့ကို ချစ်လို့၊ ကိုယ့်အတွက် ခုလောလောဆယ် ဘယ်သူ့အတွက်မှ တွေးမပေးချင်ဘူး၊ ကေ့ကို သိပ်ချစ်တာပဲ တွေးနေချင်တယ်၊ ကိုယ် အလိုအပ်ဆုံးက ကေနဲ့ အချိန်တိုင်း မခွဲဘဲအတူတကွ တည်ဆောက်ကြရမဲ့ လှပတဲ့ ဘဝကလေး တစ်ခုပဲ ကေ"

မောင် … မောင် ဘယ်လိုဖြစ်သွားတာလဲ၊ ကေ့စကားတွေကို တစ်ခုမှ နားမဝင်တော့ပါလား။

ကေ မှားပြီ … ကေ မှားပြီ။ မောင်က ကေ့ကို ပိုင်ချည်နှောင်ပြီးမှ တဖြည်းဖြည်းနဲ့ သူ ဖြစ်ချင်တာတွေကို ဖြစ်အောင် လုပ်ယူနေခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူး ... မဖြစ်ဘူး။ ကေ မောင့်ဘဝထဲက ထွက်ပြေးမှ ဖြစ်တော့မယ်။

ကေ့ ဆုံးဖြတ်ချက်အရ သတိတွေလည်း အတော် အတန် ရှိခဲ့ပြီမို့ ကေ အရင်က ကြိမ်းဝါးခဲ့သလို မောင်နဲ့ ဝေးရာ ကို ပြေးပါရစေ။

"တော်တော့ မောင်၊ မောင်က သိပ်တစ်ကိုယ်ကောင်း ဆန်တာပဲ၊ ကေ မောင့်ကို ချစ်လိုက်မိတာ၊ ယုံလိုက်မိတာ မှားပြီ၊ အင်မတန်မှ မှားသွားတဲ့ ဆုံးဖြတ်ချက်တစ်ခုကို လည်း ချခဲ့မိပြီ၊ မောင့်ကို ခွင့်မလွှတ်တော့ဘူး သိလား ... သိလား"

"ခွင့်မလွှတ်နဲ့ ကေ၊ ရတယ် ကိုယ်ကလည်း အရာရာတိုင်း အတွက် ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်ဘူး"

"တော်ပြီ မောင်နဲ့ စကားတွေ ဆက်ပြောရင် ကေ ဒီ့ထက် မက စိတ်ဆင်းရဲစရာ စကားတွေ ကြားရတော့မယ်၊ ကေ ပြန်မယ်"

"မပြန်နဲ့တော့ ကေ၊ ကေ့ကို ကိုယ် ပြန်မလွှတ်တော့ဖို့ အစကတည်းက ရည်ရွယ်ပြီး ဒီအိမ်မှာ စကားပြောဖို့ ခေါ်လာတာ"





"အို ... ကေ ပြန်မှ ဖြစ်မယ်၊ ဖေနဲ့ မေက ကေ့ကို အိမ် ပြန်မလာရင် စိတ်ပူမှာပေါ့၊ နောက်ပြီး ကေ ဒီလိုမျိုး ဘယ်တုန်းကမှ မသွားဘူးလို့ ကေ့ကို သံသယဖြစ်ကြမှာ၊ မောင် အနိုင်မကျင့်နဲ့"

ကေသည် မောင့်စကားကို ယုံလိုက်မိတာ မှားပြန် ပြီ။ မောင်နဲ့ အရင်ကလို စကားတွေ ပြောမည်ဟုလောက်သာ ထင်ပြီး မောင့် ချိန်းဆိုမှုကို လက်ခံခဲ့သည်။

ပြီးတော့ အရင်ကလို ဆိုင်ကလေးတစ်ဆိုင်မှာဖြစ် ဖြစ်၊ အင်းလျားကန်နံဘေးမှာဖြစ်ဖြစ်၊ မောင့်ရဲ့ ကားထဲမှာဖြစ်ဖြစ် စကားပြောမည် ထင်ခဲ့သော်လည်း မောင်က "ကိုယ်တို့က အရင်လိုမှ မဟုတ်တော့တာ ကေ၊ တစ်ယောက်ယောက် မြင်သွား လို့ စွဲကို ပြန်ပြောရင် မကောင်းဘူး" ဆိုသော ခြိမ်းခြောက်မှု ကို ကြောက်ရွံ့ပြီး ကေသည် မောင် အကြံပြုသော နေရာတစ်ခုသို့ သွားရန် အလွယ်တကူ လက်ခံမိခဲ့သည်။

သည်နေရာကလေးက မောင့် ကိုယ်ပိုင်ခြံငယ်ကလေး နဲ့ အိမ်ကလေးတစ်အိမ်အဖြစ်သာ မောင် ပြောပြပြီး ကေ့ကို လိမ်ညာဖြားယောင်းပြီး ခေါ်လာတာ အခုမှသာ ကေ သိခွင့်ရ တော့သည်။

ကေက အဲသည်လောက်တောင် နုံခဲ၊ အ,ခဲ့ပြန်သော မိန်းမ။ မောင့်ကို ယုံလွယ်သော မိန်းမ ဖြစ်ခဲ့ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကေ ကိုယ်နဲ့ ကေတို့က ချစ်သူတွေ မဟုတ်ဘူးလေ၊ ကေက ကိုယ့်ဇနီး ဖြစ်နေပြီ၊ ကိုယ့်ရဲ့ ဇနီးကလေး ကေ့ကို ကိုယ် ဒီအိမ်မှာ နေခိုင်းပြီး မိဘအိမ် ပြန်ခွင့်မပြုတာ တရားပါတယ်၊ အနိုင်ကျင့်တာလည်း မဟုတ်ဘူး၊ ကေ့မိဘတွေက ကေ့ကို မပိုင်တော့ဘူး ဆိုင်ရုံကလေးတင်၊ ကိုယ်က ကေ့ကိုပိုင်တဲ့ ကေ့ ယောကျာ်းလေကွာ၊ ကေ မေ့နေပြီလား၊ ကေနဲ့ကိုယ်က လက်ထပ်ပြီးပြီလေ"

"အို ... မသိဘူး၊ ကေ ဘာမှ မသိဘူး၊ ကေ ပြန်မယ် မောင် တံခါးဖွင့်ပေးပါ"

ကေသည် ဘာဂျာတံခါးမှ သော့ခလောက်ကို ကိုင်လျက် မောင့်ကို သော့ဖွင့်ခိုင်းတော့ မောင်က ခေါင်းတခါခါဖြင့် ငြင်းဆန်သည်။

"ကိုယ် မယားနှစ်ယောက်ကို တစ်ပြိုင်တည်းထားတဲ့ လူတစ်ယောက် မဟုတ်ဘူး၊ ကိုယ် စွဲဆီလည်း မပြန်တော့ဘူး၊ ကေ့ကိုပဲ ကိုယ့်ဇနီးအဖြစ် သတ်မှတ်တယ်၊ နောက်တစ်နေ့မှာ စွဲကို ကိုယ် ဖုန်းဆက်ပြီး ကွာရှင်းခွင့်တောင်းတော့မယ် ကေ၊ ကိုယ် ဘာကိုမှ ဂရုမစိုက်တော့တာသိလား၊ ဘာကြောင့်လဲလို့ ကေ သိလား၊ ကေနဲ့ ဒီလောက်ကြီး ရက်ကြာကြာ တစ်ယောက်ကိုတစ်ယောက် မခွဲစဖူး ခွဲလိုက်ရချိန်မှာ





ဘာအလုပ်မှ လုပ်လို့မရအောင် ကေ့ကို လွမ်းရလို့၊ တမ်းတရလို့၊ ကိုယ့်ရင်ထဲမှာ နာကျင်ရဲလို့ ကိုယ် ဒီလို ဖန်တီးပစ်လိုက်တာ"

"မောင် ကတိမတည်တဲ့ ယောကျာ်း၊ ကေ့ကို အယုံသွင်းပြီး မောင် ဖြစ်ချင်တာတွေ အကုန်ဖြစ်အောင် လုပ်ခဲ့တယ်၊ မောင်က ကေ့ကို မညှာဘူး၊ ကေ့ကို မသနားဘူး"

မေလ အစောပိုင်းဖြစ်သော်လည်း ဒီနှစ် မိုးကျတာစော၍ အပြင်ဘက်တွင် တဖွဲဖွဲရွာနေရာမှ ပိုမိုသည်းထန်လာသော မိုးရေစက်တို့နှင့်အတူ ကေ့ မျက်ရည်တို့သည် သွန်ကျလာသည်။

မောင်က ကေ့ကို ချော့မော့နှစ်သိမ့်ဟန်ဖြင့် ကေ့ပခုံးအား ဆုပ်ကိုင်ဖျစ်ညှစ်လျက် ကေ့ မျက်ရည်များကို လက်မကလေးဖြင့် သုတ်ပေးသည်။

ကေက ခေါင်းကို တိမ်း၍ရှောင်သော်လည်း မောင့်လက်တွေက မြဲမြဲလွန်းသည်။

"ကိုယ့်ကို မုန်းသွားပြီလား ကေ"

မောင်သည် စိုးရိမ်တကြီး ဒီတစ်ခွန်းကိုတော့ မေးဖြစ်အောင် မေးလိုက်သေးသည်။ ဟင့်အင်း မမုန်းခဲ့ပါဘူးကွယ်။ ကေဟာ မောင့်ကို ဘယ်တော့မှ မုန်းလို့မရတဲ့ ခပ်ညံ့ညံ့ မိန်းမတစ်ယောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကေ ကိုယ့်ကို မမုန်းဘူး၊ ကျေးဇူးပါပဲ ကေ၊ ကိုယ်က ကေ့ကို သိပ်ချစ်ရလွန်းလို့ပါ၊ ကေ ဂရုစိုက်နေတဲ့ ပတ်ဝန်းကျင်ဟာ နောက် ဆယ်နှစ်ကြာရင် ကိုယ်တို့အကြောင်းကို မေ့သွားကြမှာပါ"

"ဟုတ်ရဲ့လား မောင်ရယ်၊ ကေ့ကို နှစ်သိမ့်တာလား"

"ကေ မယုံရင် စောင့်ကြည့်လေ၊ လူတွေဟာ သူများအကြောင်းကို ကိုယ့် အကြောင်းထက် ပိုစိတ်ဝင်စားပေမဲ့ လွယ်လွယ်ကလေး မေ့သွားတတ်ကြတယ် ကေရဲ့၊ အဲဒီစကားကတော့ ကိုယ် လိမ်ညာတဲ့ စကားမဟုတ်ဘူး၊ တကယ်ပြောနေတာ"





## ၂၃

မောင်

အိပ်ရာကနိုးနိုးချင်း ကေ့ကို မောင် လိုက်ရှာမှာပဲနော်။ နောက်တော့ ကေ့ကို မတွေ့တဲ့အခါ မောင့်ဆီက ထွက်ပြေးသွားပြီလို့ မောင် နားလည်ချင်လည်း နားလည်လိမ့်မယ်၊ ဒါမှမဟုတ် ကေ့ မိဘတွေဆီ ပြန်တယ်လို့လည်း ထင်ချင်ထင်မယ်၊ ကေ ထားခဲ့တဲ့ စာတစ်စောင်ကို မြင်မှ မောင် အခု အကြောင်းစုံ သိလိမ့်မယ်၊ ကဲ ... မောင်ရေ ကေတော့ မောင့်ကို အကြိမ်ကြိမ်အဖန်ဖန် ခြိမ်းခြောက်အနိုင်ယူခဲ့ဖူးသလို အခုတော့ တကယ်ပဲ မောင်နဲ့ အဝေးဆုံးနေရာတစ်ခုကို ကေ ထွက်သွားခဲ့ပြီ။ မောင် လိုက်ရှာလည်း တွေ့မှာ မဟုတ်ပါဘူး၊ ကေက အင်မတန့်ကို ဝေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



နေရာတစ်ခုမှာ ရှိနေပြီ၊ မောင့်လိုပဲ ကေလည်း မောင်နဲ့ မတွေ့အောင် ရှောင်နေတဲ့ ရက်တွေတုန်းက အကြံအစည် တစ်ခုကို ရခဲ့တယ် မောင်၊ အဲဒီ အကြံအစည်ကတော့ မောင်နဲ့ နောက်ဆုံးတစ်ခေါက်ကလေး တွေ့ပြီးရင် ကေ့ကို ကွာရှင်းခိုင်းမယ်၊ မောင်က ခွင့်မပြုရင် ကေက ကြိုတင် စီစဉ်ထားတဲ့ နေရာတစ်ခုကို ထွက်ပြေးမယ်ဆိုတာပဲ ...

ကေ့ မိဘတွေအတွက် တစ်ဦးတည်းသော သမီးတစ်ယောက် ပျောက်ဆုံးသွားရလို့ ကြေကွဲရသလို မောင့်အတွက် ချစ်သူကလေး ကေ ဆုံးရှုံးရလို့ နာကျင်ကျိုးပဲ့ရမှာပေါ့၊ ဒါပေမဲ့ မောင် ပြောသလို နောက်ဆယ်နှစ်လောက်ကြာရင် ကေဆိုတဲ့ မိန်းမတစ်ယောက်ကို မေ့သွားကြမှာပါ ...

မောင် တစ်ဆိတ် ကျေးဇူးပြုပြီး စွဲကို ဒီအဖြစ်အပျက်တွေ မပြောပါနဲ့နော်၊ ပြီးတော့ စွဲကို မကွာရှင်းပါနဲ့နော်၊ မောင့်အတွက် စွဲဟာ အိမ်ရှင်မကောင်း၊ ဇနီးကောင်းတစ်ယောက်ပါ၊ သူက မောင့်ကို အတော့်ကို ချစ်ရှာတာ၊ ကေ အသိဆုံးပဲမောင်၊ ကေက စိတ်အလိုလိုက်ပြီး မောင့်ကို စွဲ သိပ်ချစ်မှန်း သိသိကြီးနဲ့ ပြန်ချစ်မိခဲ့တာ ...

လူတွေအားလုံးကတော့ ထူးဆန်းစွာ ပျောက်ဆုံးသွားတဲ့ ကောင်မလေးတစ်ယောက်အကြောင်းကို အနုလောလော





ဆယ်တော့ စိတ်ဝင်တစား ရှိနေကြလိမ့်ဦးမယ် ထင်ပါရဲ့၊ မောင် ကေ တောင်းထားတဲ့ ကတိကို တည်ပါနော်။ စွဲကို မကွာရှင်းပါဘူးလို့ မောင် ကတိပေးလိမ့်မယ်လို့ ကေ့အပေါ် မောင့်ချစ်ခြင်းနဲ့ တွက်ဆပြီး ယုံကြည်မျှော်လင့်ပါရစေ၊ ကေ့ကို ချစ်တယ်ဆိုရင် ဒီကတိလေးကို ကေ ကြားခွင့် မရပေမဲ့ မောင် ပေးတယ်လို့ ယူဆပါရစေ၊ မောင် ဒီတစ်ခါလေးတော့ ကတိတည်ပေးပါနော် ...

မောင်ကပြောခဲ့ဖူးတယ်၊ ကိုယ်က အရင်စပြီး ချစ်ခဲ့ရသူတဲ့၊ "ကေက ကိုယ့်အချစ်ကို မမီပါဘူး"တဲ့၊ ကေ့ကို မောင် စွပ်စွဲတာတွေလေ၊ အမှန်တော့ ကေက မောင့်ထက် အရင်ဆုံး မောင့်ကို ချစ်မိတဲ့ လူပါ၊ မောင့်ကို ဘယ်တုန်းကတည်းက ချစ်တာလည်း မောင် သိလား၊ စွဲကို လာတွေ့တဲ့ ခင်ပွန်းလောင်းအဖြစ် စတွေ့တဲ့ နေ့ကတည်းကပဲ မောင်၊ နောက်ပြီး ကေ ကျိန်ပြောရဲပါတယ်။ မောင့်ထက် မလျော့တဲ့ အချစ်နဲ့ ကေ ချစ်ခဲ့ပါတယ် ...

မိန်းမတန်မဲ့ ကန့်ဖိုးကျ မယ်မှန်း သိလျက်နဲ့ ဒီဘဝကို ကျေကျေနပ်နပ် လက်ခံခဲ့တာ မောင့်ကို ချစ်စိတ်နဲ့ မောင် စိတ်ချမ်းသာစေချင်ခဲ့လို့၊ ကေက အရာရာကို တွက်ဆကာ မှားခဲ့တယ် မောင်ရယ် ...



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ကေဟာ အမှားရဲ့ဒဏ်ကို ကောင်းကောင်းကြီး ခံစားနေရပြီ၊ ကေ့ဘဝတစ်ခုလုံးလည်း မောင်ပေးခဲ့တဲ့ အချစ်တစ်ခုကြောင့် အဆိပ်ဖြင့် နှောင်ဖွဲ့ခံရသလို အဆိပ်သင့်ပါပြီ ...

ကေ အခုတော့ ဆုတောင်းတယ်၊ ကေ့မှာ အဖော်ကလေးတစ်ယောက် ရှိချင်တယ် ဆိုတာပဲ၊ အဲဒီအဖော်ကလေးဟာ ကေနဲ့ အရင်းနှီးဆုံး ဖြစ်ရမယ်။ ကေ့ ဘဝအကြောင်းတွေအကုန် ကေက ယုံယုံကြည်ကြည် ဖွင့်ဟရဲသူဖြစ်ရမယ်၊ သူက ကေ့ကို အထင်မလွဲတတ်ရဘူး၊ ကေ့ရဲ့ တစ်စိတ် တစ်ပိုင်းကလေး ဖြစ်စေရမယ်။ အဲဒီ အဖော်ကလေးကို ကေ စိတ်ကူးယဉ်မိတာ ကြာပါပြီ၊ ဘယ်သူ့ရယ်လို့ ကေ ပုံဖော်မရခဲ့ဘူး ...

ကေ့ အဖော်ဟာ အချစ်ဆုံးသူငယ်ချင်း စွဲ မဟုတ်ဘူး၊ မောင်လည်း မဟုတ်ဘူး၊ ကေ့ရဲ့ မိတ်ဆွေသစ်လည်း မဟုတ်ဘူး၊ ကေ့ရဲ့ အရိပ်လည်း မဟုတ်ဘူး၊ တစ်ယောက်ယောက်ပေါ့၊ ကေ အရမ်းလိုချင်ခဲ့တယ် ...

အခုတော့ ကေ့ဆီမှာ အဲဒီ အဖော်ကလေး ပါလာခဲ့ပြီလို့ ကေ ထင်ပါရဲ့၊ ကေ့ဆီမှာ အဲဒီအဖော်ကလေး ရောက်လာပါစေလို့ ကေ မျှော်လင့်ပါရဲ့၊ မောင် သဘော





ပေါက်ရဲ့လား၊ အဲဒီ အဖော်ကလေးဟာ ဦးအဓိပတိနဲ့ ဒေါ်ကေတို့ နှစ်ယောက်ရဲ့ ကိုယ်ပွားကလေးပေါ့ ...

သူဟာ ယောကျ်ားလေး ဖြစ်မယ်ဆိုရင် မောင်နဲ့ ချွတ်စွပ်တူသော သားဆိုတဲ့ အဖော်ဖြစ်ပါစေ၊ မိန်းကလေး ဖြစ်ခဲ့ရင် ကေနဲ့ ချွတ်စွပ်တူသော သမီးဆိုတဲ့ အဖော်လေး ဖြစ်ပါစေလို့လည်း ကေ ဆုတောင်းတယ် ...

ဖြစ်နိုင်မယ် မဖြစ်နိုင်မယ်တော့ မသိဘူးပေါ့ကွယ်၊ ကေ့ရဲ့ရှူးသွပ်မှုကလေးကို မောင် သိအောင် ပြောပြခဲ့တာပါ၊ နောက်ပြီး အဲဒီအဖော်ကလေးကို သားဆိုရင် အဓိပတိလို့ နာမည်ပေးပြီး သမီးဆိုရင် ကေလို့ နာမည်ပေးပါရစေ။

မောင်ရဲ့

ကေ (K)

* P.S မောင့်ဓာတ်ပုံတွေ ထည့်ထားတဲ့ အယ်လ်ဘမ်ကို ကေ ယူသွားပါတယ်။

ထိုသို့ ရှည်လျားသော စာတစ်စောင်နှင့်အတူ ပျောက်ချင်းမလှ ပျောက်သွားခဲ့သော "ကေ" ဆိုတဲ့ မိန်းကလေးအား အဓိပတိသည် အရူးတစ်ယောက်ပမာ အချိန်ရှိသရွေ့ ရှာခဲ့သော်လည်း အချည်းအနှီးတည်း။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးပါ ဟု ဘယ်သူများပြောခဲ့သလဲ။ အခုတော့ အဓိပတိအတွက် ကမ္ဘာကြီးက ကျယ်ပြောလှ၊ ကေ ပုန်းနေနိုင်လောက်အောင် လုံခြုံသောနေရာတွေက ပေါများလှလေစွ။

လူတော်တော်များများက တအံ့တသြ ပြောဆိုကြသော ပျောက်ဆုံးသွားသည့် "ကေ" အကြောင်းသည် နှစ်အနည်းငယ်ကြာသောအခါ ဒဏ္ဍာရီသဖွယ် ဖြစ်ခဲ့သည်။

သို့သော် အဓိပတိအတွက် ထာဝရ မေ့မရသော အဖြစ်အပျက်တစ်ခု ဖြစ်ခဲ့ပြီး လူသိမခံစေချင်သော ကေကြောင့် မျိုသိပ်ခံစားခဲ့ရသော ဘဝတစ်စိတ်တစ်ပိုင်းတည်း။

အတော်အတန် ရိပ်မိနေသော ဖွဲ့သည် ဖွင့်မေးချင်လျက် မမေးရက်ခဲ့ချေ။ ဒီလိုမှန်းသိရင် အစကတည်းက ဖွဲ့ကို ဖွင့်ပြောပါလား ကေရယ်ဟု တစ်ခါတစ်ရံ တစ်ယောက်တည်း ညည်းတွားတတ်သည်။ အဓိပတိက မပြောချင်မှန်းသိ၍ တိုက်ရိုက်မမေးခဲ့သော်လည်း မျက်လုံးများမှတစ်ဆင့် တစ်ယောက်၏ ခံစားချက် တစ်ယောက် သဘောပေါက်ကာ သူစိမ်းဆန်သော အိမ်ထောင်တစ်ခုက တည်မြဲနေခဲ့သည်မှာ ဘယ်သူ့ကြောင့်ပါလိမ့်။

❋ ◎ ❋





## နောက်ထပ်
## ရှစ်နှစ်ကြာသောအခါ

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ဧည့်သည်တစ်ယောက်က တွေ့ချင်လို့တဲ့၊ ဝင်ခွင့်ပြုလိုက်ရမလား"

"အေး ခွင့်ပြုလိုက်"

အပေါက်ဝ မှန်တံခါးဘက်ကို ဆံုလည်ကုလားထိုင်ကိုလှည့်၍ ကျောပေးကာ ဓာတ်ပုံတစ်ခုကို စိတ်ဝင်တစားကြည့်ရှုနေသော သူ့ကို အလုပ်သမားလေးက ရို့ရို့ကျိုးကျိုးမေးသည်။

သူက လှည့်မကြည့်ဘဲ ဖြေလိုက်မိပေမဲ့ လက်ထဲက ဓာတ်ပုံမှန်ပေါင်ကလေးဆီက အာရုံကို မခွာခဲ့ပါ။ သူ့ အလုပ်စားပွဲအံဆွဲထဲမှာ အမြဲတစေ ထည့်ထားတတ်တဲ့ အပြာရောင်မှန်ပေါင်နဲ့ ဓာတ်ပုံကလေးပေါ့။

မှန်တံခါးတွန်းဖွင့်သံအကြားတွင် သူက စိတ်မှန်းဖြင့် သူ့ဆီ ရောက်လာနိုင်သော ခြေလှမ်းကို ရေလျက် အချိန်မှန်း





ပြီး ဆံုလည်ကုလားထိုင်ကို လှည့်လိုက်ချိန်တွင် သူ့အတွက် ဖရိုဖရဲဖြစ်သော အခြေအနေတစ်ခုကို ရင်ဆိုင်ရလေသည်။

ဘုရား ... ဘုရား ဒါဟာ။ ဆတ်ခနဲ အလန့်တကြားထရပ်ကာ လက်ထဲမှ ဓာတ်ပုံကလေးက သူ့လက်ထဲတွင် ဆုပ်လျက်သား။ မှန်ထဲမှာ သူ့ရုပ်ကို သူ ပြန်မြင်ရသလို။ သူငယ်ငယ်က မာမီ ဝတ်ဆင်ထားပေးသည့်အတိုင်း ရောင်စုံအရုပ်ကလေးတွေပါသည့် စပို့ရှပ်လက်တို အဝါကလေးနှင့် ပခုံးနှစ်ဖက်တွင် သိုင်းကြိုးပါသည့် ဘောင်းဘီတို အနက်ကလေးနှင့်၊ လမ်းလျှောက်ဖိနပ်အဖြူ အပြာကြားနှင့်။

နေစမ်းပါဦး ခုန မောင်သန်းပြောတော့ ဧည့်သည်ဆိုတာ သည်ကလေးကို ပြောတာလား။

ကလေးရဲ့ မိဘတွေကို ပြောတာလား၊ ကလေးနောက်မှ ဘယ်သူတွေများ ဝင်လာဦးမလဲဟု လှမ်းကြည့်ပေမဲ့ တစ်စုံတစ်ဦး၏ အရိပ်အယောင်ကိုမျှ မတွေ့ရချေ။

ကလေးသည် သူ့ငယ်ငယ်တုန်းက ပုံစံအတိုင်း ဘောင်းဘီရဲ့ ပခုံးသိုင်းကြိုးတစ်ဖက်ကို လက်မတစ်ဖက်ဖြင့် ချိတ်လျက် သူ့အား အကြောက်အလန့်မရှိ စူးစိုက်ကာ ရပ်ကြည့်လိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ့စားပွဲရှေ့မှာ ချထားသော ကုလားထိုင်ပေါ် တက်သည်။

ပြီးတော့ သူ့နှုတ်က “ဘုရားရေ့”ဟု ယောင်အော်မိ မတတ်ဖြစ်စေသော အပြုအမူတစ်ခုကို ထပ်မံပြုလုပ်ပြန်၏။

သူ့စားပွဲပေါ်သို့ စားပွဲရှေ့မှ ကုလားထိုင်ပေါ်တွင် ခြေထောက်ချလျက် တစောင်း ဝင်ထိုင်လိုက်တာပဲ ဖြစ်သည်။

ဒါဟာ ... ဒါဟာ သေချာပါ့မလားဟု တွေးရင်း မေးဖို့ စကားလုံးတွေ ပျောက်ကွယ်နေခဲ့သည်။

သူငယ်ငယ်ကလည်း သည်ပုံစံအတိုင်း ဒယ်ဒီ ရုံးခန်းကိုသွားပြီး ဒယ်ဒီ စားပွဲမှာ သည်ကလေးထိုင်သော ဟန် အတိုင်း တစ်ပုံစံတည်း ထိုင်တတ်သည်ကို သူ ကောင်းကောင်း မှတ်မိဆဲ ဖြစ်သည်။

ကေ ... ကေ ပြောသလိုများ ဖြစ်နေခဲ့ပြီလား။

“ကျွန်တော့်နာမည် အဓိပတိပါ ဖေဖေ၊ ကျွန်တော့်ကို မေမေ လွှတ်လိုက်တာပါ၊ ဖေဖေ့ နာမည်ကလည်း အဓိပတိ ပဲနော်”

နားစည်တစ်ခုလုံး ပွင့်ထွက်သွားမတတ် ဖြစ်သွား စေရသော သာမန် အသံတစ်ခုကို သူသည် ပဲ့တင်ထပ်၍ ထပ်ခါ တလဲလဲ ပြန်ကြားနေတော့သည်။





“ဖေဖေ့ကို ကျွန်တော် တစ်ခါမှ မမြင်ဘူးပေမဲ့ ဖေဖေ့ အရွယ်အတိုင်း ပြောင်းလဲသွားတဲ့ သွင်ပြင်တွေကို ကျွန်တော် ဓာတ်ပုံကြည့်ရလို့ သိနေပါတယ်၊ မေမေ ဘယ်ကရလာတဲ့ ဓာတ်ပုံတွေလဲတော့ မသိဘူးဗျ၊ ကျွန်တော် ငယ်ငယ်ကလေး တည်းက မေမေ ပြခဲ့တဲ့ ဓာတ်ပုံတွေဟာ ဖေဖေ ငယ်ငယ်က ပုံစံကအစ အခု ကျွန်တော် မြင်ရတဲ့ ပုံစံအထိပဲ၊ နောက်ပြီး တော့ ဖေဖေနဲ့ မေမေ အကြောင်းတွေအကုန် ကျွန်တော့်ကို မေမေက အမြဲပြောပြနေလို့ အဟဲ ... ဟဲ ဘယ်လိုပြောရမလဲ၊ အပ်ကြောင်းထပ်နေတဲ့ ဓာတ်ပြားဟောင်းကြီး ဖြစ်နေပြီ”

စိတ်ကို တည်ငြိမ်အောင် အတတ်နိုင်ဆုံး ထိန်းလျက် တုန်ယင်သော အသံတို့ကို ကြိုးစားဖုံးကွယ်ကာ တစ်လုံးချင်း မေးလိုက်သည်။

“ကေ ဘယ်မှာလဲ”

“မေမေ မပါလာတော့ဘူး ဖေဖေ၊ မေမေက ဖေဖေ့အတွက် စာတစ်စောင်ရယ်၊ ကျွန်တော့်ကိုရယ် လက်ဆောင်ပေးလိုက် တယ်တဲ့၊ ဒီမှာ ဖေဖေ”

ဘောင်းဘီအိတ်ထဲမှ စာတစ်စောင် ဆွဲထုတ်၍ သူ့ထံ ကမ်းပေးတော့ သူက ဣန္ဒြေမရစွာ လှမ်းယူလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကေရယ် ဟိုး ... အရင် ရှစ်နှစ်တုန်းက ဒီလို စာတစ်စောင်နဲ့ ကိုယ့်ကို ချန်ရစ်ခဲ့တယ်။

အခုလည်း စာတစ်စောင်နဲ့အဆူ့ သားကို လွှတ်လိုက်တယ်တဲ့လား။

မောင်

ကေ ဒီလို ခေါ်တာ နောက်ဆုံးပါပဲ မောင်၊ ဘာဖြစ်လို့လဲဆိုတော့ မောင် ဒီစာကို ဖတ်ရချိန်မှာ ကေဟာ ဒီလောကထဲမှာ မရှိတော့ဘူး။

ဟူသော စာကြောင်းအရောက်တွင် သူ့မျက်စိတွေ ပြာဝေသွားရတော့သည်။ ကေ... ကေ မရှိတော့ဘူးလားဟု သွေးရူးသွေးတန်း ရေရွတ်မိသေးသည်။

"ဒီလောကထဲမှာ မရှိတော့ဘူးဆိုလို့ မောင် လန့်မသွားပါနဲ့၊ ကေက တခြားလောကတစ်ခုကို ခြေချလိုက်ပြီ မောင်၊ အဲဒီ လောကက ငြိမ်းချမ်းတယ်၊ တိတ်ဆိတ်တယ်၊ လောဘမောဟ ဒေါသဆိုတဲ့ အရာတွေ ကင်းတယ်၊ ချစ်ခြင်း မုန်းခြင်းတွေလည်း မရှိဘူး၊ ရှင်သန်ခြင်းနဲ့ သေခြင်းကိုလည်း ဖြစ်ပျက်လို့ ရှုမြင်သုံးသပ်ကြတဲ့ လောကတစ်ခုပေါ့၊ ကေက လူ့ဘဝကို စွန့်လွှတ်လိုက်ပြီ၊ ကေ အခု





တွေးမိရင် မတော်တဆ ပြောမိတာတွေ တစ်ခါတလေ တကယ် ဖြစ်တတ်ပါလားလို့ အံ့ဩမိတယ်၊ မောင်တော့ မသိဘူးပေါ့၊ ကေ့ကို တခြား သူငယ်ချင်းတွေက တစ်ခါတုန်းက မောင်နဲ့ ဈွဲတို့အကြောင်း ပတ်သက်ပြီး စပ်စုဖူးတယ်၊ အဲဒီတုန်းက ကေ့ကို 'ကေရော ဘယ်လိုလဲ'ဆိုတော့ ကေလည်း သီလရှင် ဝတ်မလားလို့ စဉ်းစားနေတယ်ဆိုပြီး တမင် ပြောခဲ့ဖူးတာလေ၊ အခု ကေ တကယ်ပဲ သီလရှင် ဝတ်လိုက်ပြီ မောင်၊ မောင့်ဆီ သားရောက်ချိန်ဆို ကေ သီလရှင်ဘဝကို အပြီးအပိုင် ကူးပြောင်းပြီးချိန်ပေါ့။

ကေ ... ကေရယ် ဘယ်လောက် အသည်းမာလိုက်တဲ့ မိန်းကလေးလဲ။ ဆုံးဖြတ်ချက်ကို မပြင်ခဲ့တဲ့ မိန်းကလေး ...ည်း။ အခုတော့ အားလုံးကို တကယ် ကျော်ခိုင်းသွားတာပါလား။

"သားက သိပ်နားလည် သိတတ်တဲ့ ကလေးပါ မောင်၊ မောင့်မှာ သားသမီးတွေ ရှိနေပြီဆိုရင် သားကို မောင် လက်ခံနိုင်မှာ မဟုတ်ဘူးဆိုတာ တွေးမိပါတယ်၊ ဒါကြောင့် ဖေနဲ့ မေ့ဆီ အရင် လွှတ်လိုက်တယ်၊ မောင့်ဆီကို ဖေနဲ့ မေက လိုက်ပို့ပေးဖို့ ကေ ခွင့်တောင်းခဲ့ပြီးပြီ၊ ကေ ဘယ်မှာလဲလို့ မောင့်သားကို မေးနိုင်ပါတယ် ...



www.burmeseclassic.com

ဒါပေမဲ့ သားက ကေ့ကို သိပ်နားလည်တဲ့ အဖော်က လေးမို့ မောင်တို့ကို ဘယ်တော့မှ ပြောပြမှာ မဟုတ်ဘူး၊ အဲဒီ့ အတွက် သားကို ခွင့်လွှတ်ပါလို့ သားရဲ့အစား ကေ တောင်းပန်ပါတယ်၊ ကေ မှားခဲ့တဲ့ အမှားအတွက် ကေ လုပ်သင့်တာ ကေ့ မိဘတွေကို စိတ်ဆင်းရဲရအောင် လုပ် မိလို့ အကြွေးဆပ်သင့်တာဟာ ဒီနည်းက အကောင်းဆုံးလို့ ကေ ယူဆပါတယ် မောင်၊ သားကတော့ ကေတို့ရဲ့ အပြစ်ဟူသမျှကို ခံလိုက်ရတဲ့ သားကလေးပေါ့"

မောင့်ရဲ့

ကေ (K)

ကေသည် လွန်ခဲ့တဲ့ ရှစ်နှစ်ကအတိုင်း စာရှည်ကြီး တစ်စောင်ဖြင့် သူ့ကို ထပ်မံ နှုတ်ဆက်သွားပြန်ပြီ။ မင်း သိပ်ရက်စက်တယ် ကေ သိပ်ရက်စက်တယ်။ ကေ့ လုပ်ရပ်ဟာ မှန်သလား မှားသလား သူက ဝေဖန်မနေချင်တော့ပါ။ ကေသည် သူ့လို မတွေ့ဝေဘဲ အရာရာကို ဆုံးဖြတ်ရဲသော ကေပင် ဖြစ်သည်။

"သား မင်း မေမေ ဘယ်မှာ သီလရှင်ဝတ်တာလဲ၊ မင်းတို့ သားအမိ ဘယ်မှာ နေခဲ့တာလဲ၊ ဖေဖေ့ကို ပြောစမ်း"





"ကျွန်တော့်ကို ခွင့်လွှတ်ပါ ဖေဖေ၊ မေမေက မပြောနဲ့လို့ မှာထားခဲ့ပြီးပြီဖြစ်တဲ့ ကိစ္စတစ်ခုကို ကျွန်တော်က ဘယ်သူ့ မေးမေး မပြောတတ်ပါဘူးခင်ဗျာ"

သားရယ် အရွယ်ကလေးနဲ့ မမျှအောင် သိတတ်လွန်း လိုက်တာ။ မင်း ဆုတောင်းပြည့်ခဲ့တယ် ကေ။ မင်းရဲ့ ခံစားချက် ဟူသမျှ အင်မတန့်ကို သိတတ်နားလည်ပေးတတ်တဲ့ အဖော် တစ်ယောက်အဖြစ် သားက ရှိနေပေးခဲ့တယ်နော်။

"အခု မင်းကို ဘယ်သူ လိုက်ပို့လဲ"

"ဘိုးဘိုးနဲ့ ဘွားဘွားက လိုက်မပို့ပါဘူး၊ သွားချင်ရင် ကိုယ့်ဘာသာသွားဆိုပြီး အိမ်က ဒရိုင်ဘာ ဦးလေးကြီး မောင်းပို့ခိုင်းပြီး ဖေဖေ့ဆီ လာခဲ့ရတာ"

သည်အဖြစ်အပျက်၏ အဓိကတရားခံအဖြ ကေ့ မိဘတွေဟာ မမြင်မတွေ့ချင်လောက်အောင် နာကြည်းကြမည်။ နှစ်ပေါင်း ရှစ်နှစ်လောက်ကြာအောင် ထူးဆန်းစွာ ပျောက်ဆုံးခဲ့ ရသော သမီးတစ်ယောက်ဟာ သူ့ကြောင့် ထွက်ပြေးတိမ်းရှောင် သွားရတယ်ဆိုတာ အခုတော့ သိခဲ့ပြီပေါ့။

"ဖေဖေ"

သူသည် သားကို မေ့လျော့သွား၍ သားက သူ့ အား ချစ်ခင်မြတ်နိုးစွာ အသံလေးဖြင့် ခေါ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း ... ငါဟာ ဖခင် ဝတ္တရားမကျေတဲ့ လူ တစ်ယောက်။ ကေ့ကို ဒုက္ခတွေ တစ်လှေကြီး ပေးရက်တဲ့ လူ တစ်ယောက်။

သားဟာ ကေ့ ပြောဆိုဆုံးမမှုအောက်မှာ လိမ္မာယဉ်ကျေးစွာ နေထိုင်၍ သူ့ကို နားလည်ခဲ့သူတစ်ယောက်မို့ သူ့ကို မုန်းနေခဲ့ဟန်မတူ။ သူ့မျက်နှာကို တကြည့်ကြည့်ဖြင့် ပီတိဖြစ်နေခြင်းက ရင်နင့်စရာ။

သား မင်းဟာ မင်း မေမေ အားကိုးယုံကြည်လောက်တဲ့ သားပါ။ မင်း မပြောချင်တဲ့ကိစ္စကို ဖေဖေ မမေးတော့ပါဘူး။

ဟူသော စကားတွေ ပြောခဲ့ချင်လျက် ပြောမထွက်ပြန်။ သားကို ပွေ့ချီတော့ သားသည် သဘောတကျရယ်လျက် သူ့လည်ပင်းကို သိုင်းဖက်ကာ သူ့ပါးတစ်ဖက်အား နှာခေါင်းကလေးမြုပ်အောင် နမ်းရင်း တစ်ခစ်ခစ်ရယ်သည်။

"ဖေဖေ့ကို အခုမှ သေသေချာချာ နမ်းကြည့်ရတော့တယ်၊ အရင်ကဆို ဓာတ်ပုံထဲမှာပဲ နမ်းရတာ၊ ကျွန်တော် အဲဒီလို နမ်းရင် မေမေက ရယ်လည်းရယ်တယ်၊ မျက်ရည်လည်း ကျတယ်ဗျ၊ မေမေက သားကို ချစ်တယ်၊ ချစ်တယ်နဲ့





တတွတ်တွတ် ပြောတာ ကျွန်တော့်ကို လိုက်ပို့တဲ့ အဒေါ်ကြီးတောင် သံယောဇဉ်ပြတ်လိုက်တဲ့ မိန်းကလေးဆိုပြီး ငိုရတဲ့အထိ၊ မေမေက သူ ကောင်းတဲ့အလုပ် လုပ်တာကို နောက်ဆံတင်းအောင် မတားပါနဲ့ သားရယ်ဆိုလို့ ကျွန်တော်လည်း မတားရဲပါဘူး၊ ဒါပေမဲ့ မေမေ့ ကွယ်ရာမှာတော့ ခိုငိုရတာပေါ့ဗျာ"

ကံကြမ္မာရဲ့ ဖန်တီးချက်မှာ တကွဲတပြားစီ ဖြစ်ခဲ့ရသော သူတို့ရဲ့ ဘဝကလေးတစ်ခုအတွက် သူ ဘာများ လုပ်ပေးနိုင်ဦးမလဲ။

အရွယ်ကလေးနဲ့ မလိုက်စွာ သိတတ်သော၊ ပြောတတ်ဆိုတတ်သော၊ လူကြီးတစ်ယောက်လို နားလည်သော သားကို သူ့လက်ထဲက လွတ်သွားမှာ စိုးသည့်အလား တင်းကျပ်စွာ ဖက်ထေးမိသည်။

ကေ့ကိုတော့ သည်လို ထွေးပွေ့ထားခဲ့သည့်ကြားမှ သူ့ဘဝထဲက ကေ ထွက်ပြေးသွားခဲ့သည်။

သားကိုတော့ သူ့ဘဝထဲကနေ ဘယ်သူမှ ဆွဲခေါ်မသွားစေရ။ သားသည် သူနဲ့ ကေတို့ရဲ့ သားကလေး ဖြစ်သည်ဆိုတာ ကြေညာပစ်လိုက်မည်။



www.burmeseclassic.com

www.burmeseclassic.com



"သား ... မင်းကို ဖေဖေ ချစ်တယ်၊ ဖေဖေနဲ့ လိုက်နေပါလား သားရယ်၊ ဖေဖေ့မှာ ဘယ်သားသမီးမှ မရှိဘူး၊ သားရှိရင်၊ ဖေဖေ့ဘဝမှာ မင်း မေမေ မရှိစဉ်တုန်းက အသက်ရှင်လျက် သေခဲ့ရသလို ဖြစ်မှာ မဟုတ်တော့ဘူး သားရယ်၊ သားဟာ ဖေဖေ့ ဘဝပါပဲ"

ဟု ကလေး နားလည်လည် နားမလည်လည် မသိချေ။ ခပ်တိုးတိုး တိုင်တည်မိပြန်သည်။

အပြင်ဘက်မှ မောင်သန်းက မှန်တံခါးမှတစ်ဆင့် မြင်ရသော သူတို့နှစ်ယောက်အား တအံ့တသြ ရပ်ကြည့်နေတော့သည်။

အို ... ဘာဖြစ်သလဲ။ ကြည့်စမ်းပါစေ၊ ဒါဟာ ငါ့သား ငါ့ရဲ့ သားအရင်းကွ၊ ကေက သူ့အတွက် ပေးခဲ့တဲ့ ထာဝရ လက်ဆောင်ကလေးပေါ့။

"ဘိုးဘိုးနဲ့ ဘွားဘွားကို အိမ်ရောက်ရင် ပြန်မေးလိုက်ဦးမယ် ဖေဖေနော်"

သားသည် သူ့ကို မခွဲချင်ဟန်ဖြင့် စောင်းကန်း စောင်းကန်း လှည့်ကြည့်ကာ ကားထဲမှာ အပြင်သို့ ကိုယ်တစ်ပိုင်း ထွက်ပြီး မျက်စိတစ်ဆုံးအထိ လက်ပြနှုတ်ဆက်ကာ ဒါတွေကို





သူသည် ရုပ်ရှင်အနေးပြကွက်တွေလို တစ်ကွက်ချင်း မြင်ယောင်ရင်း မျက်ဝန်းတွေထဲမှာ ဝေဝေဝါးဝါး ဖြစ်လာတော့သည်။

ကေ မင်းပြောခဲ့တာ မင်းဟာ အဆိပ်နဲ့ နှောင်ဖွဲ့ခံလိုက်ရသလို ဘဝတစ်ခုလုံး အဆိပ်သင့်ခဲ့တယ်တဲ့။ တကယ်တော့ ကိုယ်လည်း အဆိပ်နဲ့ နှောင်ဖွဲ့ခံခဲ့ရပါတယ် ကေ။ ဟုဘ်တယ် ကိုယ်လည်း အဆိပ်သင့်ခဲ့ရတယ်ဆိုတာ သားသိအောင် ပြောပြရဦးမည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





ရှင်မိုး

(ဆေးတက္ကသိုလ်)

4; 05 P . M,

Wednesday,

22 nd March. 1995.


www.burmeseclassic.com

www.burmeseclassic.com

# ရင်မိုး

(ဆေးတက္ကသိုလ်)

## အာဆီပီဖြင့်နှောင်ဖွဲ့ခြင်း



BURMESE CLASSIC .com

Graphic Design PoeDeLon

www.burmeseclassic.com